THEINGI SARPAY

ရွှေငါးလေး

# အဓိပ္ပါယ်ရှိသော နေ့စွဲလေး

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်ထုတ်လုပ်သူ | - | သီဂီဝင်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၁၈ |
| အုပ်ရေ | - | ၅၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - | MOE Z DZAI |
| တွန်းပွားတာစာစီ | - | ထူး |
| ထုတ်ဝေသူ | - | ဒေါ်သီဂီဝင်း၊ သီဂီစာပေ (၀၂၁၉၉)<br>အမှတ်-၈၀၊ ၅-လွှာ၊ ၁၂၃လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မိုးချစ်၊ ဇော်မိုးချစ်ပုံနှိပ်တိုက် (၀၁၃၈၃)<br>အမှတ်-၂၃၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | မျိုးမြန်မာစာပေ<br>အမှတ်-၂၃၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။<br>ဖုန်း-၀၁-၂၉၇၁၁၆၊ ၀၉-၅၀၆၃၆၆၀၊ ၀၉-၇၉၄၀၈၀၂၉၂ |
| တန်ဖိုး | - | ၂၀၀၀ကျပ် |


# ဒဏ်ရာရှိသော နေ့စွဲလေး

## အပိုင်း(၁)

*အမှတ်တရဆိုတာ....*

*ငါကပဲမှတ်မိနေပြီး ငါ့ရင်ထဲ အနာတရဖြစ်နေတဲ့ ဒဏ်ရာတစ်ခုပါ... ချယ်ရီ*

***14 February 2017***

စာတိုလေး၏ အောက်တွင် ရက်စွဲတပ်နေရင်း သက်ပြင်းတွေအခါခါချနေမိသည်။

February 14(ချစ်သူများနေ့) ဆိုသည့်အသိသည် သူ့ရင်ကို တဆစ်ဆစ် နာကျင်စေသည်။

ပျော်ရွှင်စွာ ဆုံစည်းပေါင်းဖက်ကြသူများအဖို့ ဤနေ့သည် ငွေရတု ရွှေရတု နှစ်ပတ်လည် နေ့လေးတစ်နေ့ ဖြစ်ပါလိမ့်မည်။ မဆုံစည်းလေသော ချစ်သူကို တမ်းတနေသူအဖို့တော့ ဤနေ့သည် နာကျင်ဆွေးမြေ့ဖွယ် နေ့လေးတစ်နေ့ပဲ ဖြစ်သည်။

အသက်သုံးဆယ်ကျော် အတော်အသင့် ရင့်ကျက်နေပြီ ဖြစ်သော ယောကျ်ားတစ်ယောက်အနေနှင့် ချစ်သူများနေ့အပေါ် ဒီလောက်ထိ နင့်နင့်သီးသီး မခံစား သင့်မှန်း သူသိပါသည်။

သို့သော် ချစ်သူများနေ့ရောက်တိုင်း သူ့ရင်ထဲ အသစ်ပြန်ဖြစ်တတ်သည့် ဒဏ်ရာတစ်ခု အမြဲရှိနေတတ်သည်။ ထိုဒဏ်ရာသည် ဘယ်တော့မှ မပျောင်းနွမ်း။ ဤနေ့ရောက်တိုင်း ချယ်ရီနှင့် ပတ်သက်သည့် ခံစားချက်များကို အမြဲချရေးရင်း လွမ်းမိသည်။

ချယ်ရီဆိုသည်မှာ မြေပြန့်လို သူ့ဘဝမှာ မပွင့်လန်းခဲ့သည့် အလှပဆုံးသော ပန်းလေးတစ်ပွင့်ဖြစ်သည်။

ရေးလက်စ ဒိုင်ယာရီစာအုပ်ကိုပိတ်ပြီး ပြတင်းပေါက်နားသို့ လျှောက်လာခဲ့သည်။ သာယာလှပသော ဆောင်းမနက်ခင်း တစ်ခုပင်ဖြစ်သည်။ နေရောင်သည် ရဲရဲတင်းတင်း ပွင့်ရသည် မရှိဘဲ အုံ့ဆိုင်းရစ်သိုင်းထားသော မြူနှင်းများကြား နွေးရုံသာ ဖြာကျလျက်ရှိ၏။

ဒီလိုရာသီဆိုလျှင်ဖြင့် တောင်ပေါ်ဒေသတွင် တစ်နေကုန် အနွေးထည်ထူထူ ဝတ်ထားရသည်။ သူကတော့ တော်ရုံ အအေးဒဏ်လောက်နှင့် အနွေးထည် မဝတ်တတ်။

အေးစိမ့်စိမ့် အရသာကို သူကြိုက်နှစ်သက်သည်။

ထို့ကြောင့် အအေးပိုသည့် တောင်ပေါ်ဒေသတွေကို သူနှစ်သက်ခြင်းပင်။ တကယ်တော့ တောင်ပေါ်ဒေသကို နှစ်သက်မိသည်မှာ ထိုအကြောင်းအရာတစ်ခုတည်းကြောင့်မဟုတ် ချယ်ရီပန်းများတွေ ပွင့်လန်းရာမြေကို နှစ်သက်၍လည်းပါသည်။

ချယ်ရီပန်းများကို သူချစ်သည်။

ထို့အတူ ချယ်ရီအမည်ရှိသော မိန်းကလေးတစ်ဦးကို သူချစ်ခဲ့သည်။

ချစ်နေဆဲ။



နောက်လည်း နင့်ကို ချစ်နေမိအုန်းမှာပါ ချယ်ရီ

နင်ဘာတွေလုပ်နေမလဲ ငါမသိပါဘူး။ သေချာတာတော့ ငါတို့ ဒီကောင်းကင်ကြီးအောက်မှာ အတူတူရှင်သန်နေကြတယ်။ ထိုသို့တွေးလိုက်တိုင်း သူ့စိတ်ထဲ နွေးထွေးလာသလို ခံစားရသည်။ ဒီလောက်ပါပဲ ချယ်ရီနှင့်ပတ်သက်သည့် လောဘသည် ထိုမျှလောက်နှင့် အဆုံးသတ်သွားသည်။

ချယ်ရီအကြောင်းကို မစုံစမ်းဘဲ ထားခဲ့သည်မှာ ကြာပြီဖြစ်သလို သူ့ဆန္ဒများကိုလည်း ဘောင်ခတ်ထားခဲ့သည်မှာ အချိန်အတော်ကြာခဲ့ပြီဖြစ်သည်။ သို့သော် ဒီလိုနေ့ရောက်လျှင်ဖြင့် သူ့အတွေးက နှစ်ပေါင်းများစွာဆီသို့ ဆွဲခေါ်သွားတတ်သည်။ မပျက်မယွင်း ခေါက်သိမ်းထားသည့်သူချစ်ရသည့် ချယ်ရီရှိတဲ့ အတိတ်ဆီသို့ အတွေးတွေ မျောလွင့်လို့နေသည်။

* * *

၁၉၉၇ ခုနှစ်၊ သဲတောမြို့နယ်ကလေး၏ ကိုးတန်းကျောင်းဝိုင်းတစ်ခုတွင် ဖြစ်သည်။ ဆရာမလာခင် သူငယ်ချင်းတစ်စု ဝိုင်းထိုင်ရင်း ရယ်ရယ်မောမော စကားပြောနေကြသည်။

"ချစ်သူများနေ့လို့ ဘယ်ကနေစပြီး သတ်မှတ်ကြလဲ သိလား"

ချယ်ရီ့အမေးကို အားလုံးစိတ်ဝင်စားသွားကြသည်။

ပါးချိုင့်လေးပေါ် အောင်ပြုံးတတ်သည့် ချယ်ရီက သူငယ်ချင်းတစ်ယောက်ချင်းစီ၏ မျက်နှာကို ပြုံးစစလေးလိုက်ကြည့်သည်။

"နင်တို့တွေ မသိကြဘူး မဟုတ်လား"

လက်ခုပ်လေးဖွဖွလေးတီးကာ ချယ်ရီ သဘောကျနေ၏။ ဤအကြောင်းအရာကို ဘယ်သူမှ မသိသေး၍ ပျော်နေလေသည်။

ဟုတ်ပါသည်။ ဒီအဖွဲ့ထဲမှာ ချယ်ရီလောက် ဗဟုသုတ ကြွယ်သူမရှိ။ ကျောင်းစာတောင် အနိုင်နိုင် ကြိုးစားနေကြသူများထဲတွင် ချယ်ရီကတော့ ကျောင်းစာအပြင် အားလပ်သည့် အချိန်တိုင်း ဗဟုသုတရနိုင်သည့် ထူထူထဲထဲ စာအုပ်များ အမြဲဖတ်လေ့ရှိသည်။

ဖတ်ရုံတင်မက တပါးသူ စိတ်ဝင်စားအောင်လည်း ချက်ကျလက်ကျ ပြန်ပြောတတ်သေးသည်။ အခုလည်း ချယ်ရီပြောပြမည့် ချစ်သူများနေ့အကြောင်းကို အားလုံးစိတ်ဝင်စားနေကြသည်။ ဆယ်ကျော်သက်အရွယ်မို့ သိပ်မကြာခင် ရောက်လာတော့မည့် ချစ်သူများနေ့ကို စိတ်ဝင်တစားရှိနေကြသည်။ ရည်းစားဟူ၍ မထားဖူးကြသော်လည်း အချစ်နှင့်ပတ်သက်ရင် စူးစူးစမ်းစမ်းသိချင်စိတ်တော့ ရှိကြ၏။

"ကဲ ပြောမှဖြင့်ပြောပါ ချယ်ရီရယ် .... ငေ့နေလိုက်တာ... အဲဒါနဲ့ ဆရာကလာတော့မယ်"

သွယ်သွယ်က စိတ်မရှည်သလို ထအော်သည်။

အားလုံးက သိလိုဟန်ပြနေသော်လည်း ဇော်က ပြုံးပြုံးလေးနဲ့ ငြိမ်နေသဖြင့် ... ချယ်ရီက

"ဟဲ့... ဇော် နင်သိလို့လား"

"ဟင့်အင်း မသိပါဘူး..."

ချယ်ရီက နှုတ်ခမ်းလေးမဲ့ကာ ...

"စာတွေကဗျာတွေ ရေးချင်တဲ့သူက ဒီလိုဗဟုသုတမစုံတော့ ဘယ်လိုလုပ်မလဲ"



ဇော် ဘာမှပြန်မပြောဘဲ ရယ်နေမိသည်။

"မသိရင်မှတ်ထား ... ဟိုးရှေးရှေးက Valentine လို့ အမည်ရှိတဲ့ ပုပ်ရဟန်းမင်းကြီး တစ်ပါးရှိသတဲ့"

"အင်း"

"သူက ခွဲခွာရတော့မဲ့ ချစ်သူနှစ်ဦးကို ပေါင်းဖက်ပေးခဲ့တယ်တဲ့..."

ချယ်ရီက ရုပ်မြင်သံကြားမှာ ပုံပြင်ပြောသည့် ကလေးမလေးလိုပင် ချစ်စဖွယ် အမူအရာလေးနှင့် ဇာတ်ကြောင်းကို စိတ်ပါလက်ပါ ပြောပြနေ၏။

အားလုံးက ချယ်ရီပြောပြသည့် ဇာတ်အကြောင်းကို စိတ်ဝင်စားနေသော်လည်း ဇော်ကတော့ ချယ်ရီ၏ ချစ်စဖွယ် အပြုအမူလေးကိုပဲ စိတ်ဝင်စားနေမိသည်။

လှုပ်လှုပ်ရွရွ နှုတ်ခမ်းလေး ပြုံးလိုက်တိုင်း ထင်းခနဲ ခွက်ဝင်နေသည့် ပါးချိုင့်လေး၊ သနပ်ခါး ပါးကွက်ကျားလေးရှိသည့် ပါးပြင်ဖွေးဖွေးလေး။ ဆံသားနုနုများရှိသည့် နသလယ်စပ်လေး။ စသည့် စသည့် ချယ်ရီမျက်နှာပေါ်မှ လှသည့် ယဥ်သည့် ကြည့်မဝသည့် အစိတ်အပိုင်း တစ်ခုချင်းစီကို အသေးစိတ်လိုက်ကြည့်နေရင်းမှ ရင်ခုန်သံတွေ မြန်ဆန်လာခဲ့သည်။

***နှုတ်ခမ်းနှစ်လွှာ ဖွင့်ဟရုံနဲ့***
***ပန်းတစ်ပွင့်ဖြစ်ရင် ခြွေသော စကား***
***မြေဝယ်မကျ ခူးဆွတ်ရပါစေသား...***

ချယ်ရီကိုကြည့်ရင်း စိတ်ထဲဖြစ်ပေါ်လာသည့် ကဗျာတစ်ပုဒ်ကို အမိအရ လိုက်စပ်မိသည်။

''ဇော် နင် နားထောင်နေလား''

ချယ်ရီက ပြောနေရင်းမှ ခဏရပ်ကာ အကဲခတ်သလို ထမေး၏။

''အေး… နားထောင်နေတယ်လေ…

သူ့အဖြေကို ဘဝင်သည့်ပုံမပေါ်။ မျက်မှောင်ကြုံ့ကာ တစ်ချက်ကြည့်ပြီး…

''အဲဒါ အဲ့ဒီပုပ်ရဟန်းမင်း ဘာလို့သေသွားတာလဲပြော''

ထိုသို့ ရုတ်တရက် ထမေးလိုက်တော့ ဇော်မဖြေနိုင်တော့။

''ဟမ် … ဟို … အသက်ကြီးလို့ သေသွားတာ မဟုတ်ဘူးလား''

''ဘာ''

''ဟား ဟား ဟား''

ဇော့်အဖြေက တစ်ဖွဲ့လုံး ပွဲကျစေသော်လည်း ချယ်ရီကတော့ မျက်နှာလေးနီရဲကာ ဒေါသအကြီးအကျယ်ထွက်သွား၏။ လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ခုံကို ခပ်ပြင်းပြင်းထုကာ…

''ငါပြောတဲ့စကားကို အလေးထားပြီး နားမထောင်တာ… အမုန်းဆုံးပဲ သိလား''

''ဆောရီးဟာ… ကဗျာတစ်ပုဒ်ခေါင်းထဲရောက်လာလို့''

ဇော် ခေါင်းကိုငုံ့ကာ ဆိုလိုက်မိသည်။ ဒါကိုပဲ ချယ်ရီက လက်ညှိုးငေါက်ငေါက်ထိုးလျှက်

''နင့်ခေါင်းထဲမှာ အဲဒါတွေပဲရှိတယ် … ဒီပုံစံနဲ့ ဆယ်တန်း မဖြေနဲ့ … ကျမှာပဲ … သိလား ကဗျာရူး စာရူး … အားရှိရူးနေ''



''ငါတောင်းပန်ပါတယ်ဟာ''

''မတောင်းပန်နဲ့ … နင့်ကို အဲဒါတွေ အမြင်ကတ်တာ … နောက်ဘယ်တော့မှ ဘာမှ မပြောပြတော့ဘူး''

''စိတ်မဆိုးပါနဲ့ ချယ်ရီရယ် … သူဝါသနာကို နင်လည်း သိသားနဲ့ သူက ကဗျာအကြောင်းတွေးနေရရင် အားလုံး မေ့နေတာ…''

သူငယ်ချင်းများ ဝိုင်းဝန်းဖျောင်းဖျကြလည်း ချယ်ရီ ဒေါသက ပြေမသွား။ ဆရာလာသည့်အချိန်မှာလည်း စူပုတ်ပုတ်နှင့် စာလိုက်မှတ်နေ၏။ ဇော့်မှာ ချယ်ရီမျက်နှာအရိပ်အကဲကြည့်ကာ စာထဲ စိတ်မရောက်တော့။

''ဟုတ်ပါတယ်… ငါမှားတာ…. နင်စိတ်ဆိုးသင့်တယ်… ငါဆိုရင်လည်း စိတ်ဆိုးမှာပဲ''

ဟု တွေးကာ ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်နေမိသည်။

ဇော်တို့ သူငယ်ချင်းအဖွဲ့က ခုနစ်ယောက်ရှိသည်။ ယောကျ်ားလေးသုံးယောက်၊ မိန်းကလေးလေးယောက်။ သုံးတန်းနှစ်မှ အခု ကိုးတန်းနှစ်အထိ ကျောင်းဆိုလည်း တစ်ကျောင်းတည်း၊ အခန်းလည်း တစ်ခန်းတည်း၊ ကျူရှင်လည်း တစ်ခုတည်းတက်ကြသည်။ ဆိုးတိုင်ပင် ကောင်းတိုင်ပင် အရမ်းချစ်ခင်ကြပြီး အမြဲတတွဲတွဲရှိကြသဖြင့် ဆရာ ဆရာမများတောင် ''သိုင်းညီနောင် ခုနစ်ဖော်'' ဟုခေါ်ရသည်အထိ သူငယ်ချင်းများက အတွဲညီကြသည်။

ကျူရှင်ဆင်းချိန် ကျောင်းဆင်းချိန်တွင် ယောကျ်ားလေး တစ်ယောက်က မိန်းကလေးတစ်ယောက်ကို တာဝန်ယူပြီး စက်ဘီးနှင့် ပြန်လိုက်ပို့ပေးတတ်သည်။

ချယ်ရီ နှင့် ဇော်၊ မျိုးကို နှင့် မိဇာ၊ တိုးဝေနှင့် သွယ်သွယ် ဟူ၍ တစ်တွဲစီ။ သူဇာကတော့ ဝလွန်း၍ သက်သက်စီး၏။

ထိုသို့ဖြင့် စက်ဘီးလေးစီး စီတန်းကာ ထင်းရှူးပင်များ အုပ်ဆိုင်းစွာပေါက်နေသော မြေနီလမ်းလေးကိုဖြတ်ပြီး နင်းကြသည်။

ဒီနေ့တော့ ချယ်ရီ စိတ်ကောက်ကာ ဇော်စက်ဘီးကို မစီး။ သူဇာစက်ဘီးနောက်ထိုင်လိုက်သွား၏။

“ချယ်ရီ ငါတောင်းပန်ပါတယ်ဟာ”

ဇော်က သူဇာစက်ဘီးနောက်မှ ကပ်လိုက်ပြီး ချယ်ရီကို ချော့၏။ ချယ်ရီက လှည့်တောင်မကြည့်ဘဲ အိပဲ့ အိပဲ့ နင်းနေသော သူဇာကိုပဲ လှည့်မဲနေတော့သည်။

“သူဇာ··· နင့်ဘီးက ရှေ့မတက်ပါလား··· မြန်မြန် နင်းစမ်းပါ”

“အမယ်လေး မိချယ်ရီ ငါက လူနော် နွားမဟုတ်ဘူး ငါ့ဝိတ်နဲ့ငါတောင် တော်တော်နင်းနေရတာကို··· နင့်ကိုပါ တင်နင်းတော့ ရှေ့တက်မလားဟဲ့”

“ဟုတ်သားပဲ··· သူဇာပင်ပန်းပါတယ်···၊ ချယ်ရီရာ··· လာပါ ··· ငါ့ဆီလာခဲ့ပါ”

ဇော်က ဂျီကျနေသော ကလေးတစ်ယောက် ချော့ခေါ်နေသလို ချယ်ရီကို ကပ်ခေါ်နေသည်။

“မလာပါဘူး··· နင့်စက်ဘီးကို နောက် ဘယ်တော့မှ မစီးတော့ဘူး၊ နောက်နေ့လည်း မျိုးကို ဘီးနောက်ပဲ ငါလိုက်မှာ”

“အဲ့လို မလုပ်ပါနဲ့ဟာ··· ငါတောင်းပန်ပါတယ်၊ နင်က လိမ္မာရဲ့သားနဲ့··· ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါ···နော်···”



“ခွင့်မလွှတ်ပါဘူး··· နင်ဘယ်လိုပဲပြောပြော ငါက မျိုးကိုနဲ့ပဲ သွားမှာ···”

“ချယ်ရီကလည်းဟာ ··· နင့်စကားဆို ငါအမြဲနားထောင်တာပါ···အခုဟာက တစ်ခါဆို တခါတလေလေး လွှတ်သွားတာ”

“အဲ့ဒါတွေ ငါမသိဘူး···နင်က ငါ့စကားကို အလေးအနက် မထားဘူးဆိုတာပဲ သိတယ်···၊ ဒါကြောင့် မျိုးကိုနဲ့ပဲ သွားတော့မယ် ··· မျိုးကိုက နင့်လိုတော့ ပြန်မပြော နားမထောင် မဟုတ်ဘူး···”

ချယ်ရီက ခပ်ပြတ်ပြတ်ပဲ ပြောနေတော့သည်။

“အမယ်လေးဟဲ့··· လေးရတဲ့ကြားက နားကညည်းသေ ···ပြီးရင် ဟုတ်တာလည်း မဟုတ်ဘူး”

သူဇာက ရှေ့ကနင်းရင်း ကုန်းအော်နေ၏။

သူ့မှာ ချယ်ရီကို တင်နင်းနေရသဖြင့် ဟိုက်ထိုးအောင် မောနေရှာသည်။

“နင်က မျိုးကိုနဲ့ သွားမယ်ဆိုတော့ ငါက မိဇာကို တင်နင်းရတော့မှာပေါ့နော်”

ထိုသို့ပြောတော့လည်း ချယ်ရီက မကြိုက်ချင်။ ဘုဆတ်ဆတ် ပြန်ကြည့်ပြန်သည်။

“နင့်သဘောပါ ငါ့ကို စိတ်ဆိုးနေတဲ့အတောအတွင်းတော့ မျိုးကိုနဲ့ပဲ လိုက်ချင်လိုက်ပေါ့··· ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော် နင် ··· မျိုးကိုနောက်လိုက်ရင်တော့ သတိထား··· ဒီကောင်က ရေမချိုးဘဲ ကျောင်းလာတာ သူ့ချွေးအနံ့ကို တစ်လမ်းလုံး နင်ခံရမှာ ···ပြီးတော့ အဲ့ကောင်က စက်ဘီး နင်းရင်း အီးပေါက်တတ် သေးတယ်··· တိုးတိုးလည်း မဟုတ်ဘူး အကျယ်ကြီး··· ပေါက်တာ

… မယုံရင် မိဇာကိုမေးကြည့်…"

ဇော်စကားကြောင့် သူဇာက တဟားဟား ထရယ်သည်။ ချယ်ရီကလည်း ရယ်ချင်သော်လည်း နှုတ်ခမ်းကိုက်ကာ မျက်နှာကို ရှုတ်တင်းထား၏။

"ဟားဟား မျိုးကို အီးပေါက်တယ်လား…၊ ငါနဲ့တူတာပေါ့ … ငါလဲ ပေါက်ချင်နေတာ အဖော်ရတာပဲ…"

သူဇာပြောရင်း ဖင်ကိုလိန်ပြီး စက်ဘီးကိုနင်းသည်။

"ဟေ့ဟေ့…သူဇာ နင်မယုတ်မာနဲ့နော်…"

တကယ်ပေါက်မည့်ပုံ ပေါ်လာသဖြင့် ချယ်ရီ စက်ဘီးပေါ်မှ အမြန် ခုန်ဆင်းလိုက်သည်။

"အမယ်လေး အခုမှပဲ နင်းရတာ… ပေါ့သွားတော့တယ် … ငါသွားပြီဟေ့…၊ အဲဒီမှာ နှစ်ကောင်သား သတ်သတ်သေသေ နေခဲ့ကြတော့"

"ဟဲ့ သူဇာ…ဝက်မ… နင်အခုချက်ချင်းရပ်နော်"

ချယ်ရီ နောက်ကပြေးလိုက်တော့ သူဇာက အပြေးနင်းသည်။

"ငါဗိုက်နာနေလို့… နင့်ကိုတင်နင်းရင်း အီးထွက်လိမ့်မယ် … အဲ့ဒါကြောင့် ဇော်နဲ့ပြန်လိုက်နော်… ဘိုင့်ဘိုင်"

အသံကျယ်ကျယ်နဲ့အော်ပြီး လက်နောက်ပြန် ခါယမ်းနှုတ်ဆက်သွားသည်။

"ဟဲ့ သူဇာ သူဇာ"

ချယ်ရီဘယ်လိုမှ ပြေးလိုက်၍ မရသည့်အဆုံး ခြေဆောင့်ကာ ပွစိပွစိပြောရင်း ကျန်နေခဲ့သည်။



"တွေ့ဦးမယ် ဝက်ပုတ်မ အကျင့်မကောင်းတဲ့မိန်းမ… စိတ်ပုတ်မ…တုတ်ထိုးမ အီးထွက်မ… အိမ်မရောက်ပါစေနဲ့ လမ်းမှာ ထွက်ကျပါစေ…"

ချယ်ရီစကားတွေကို နားထောင်ရင်း ဇော်က ပြုံးစိစိနှင့် ဘေးမှ ကပ်လိုက်လာ၏။

"ချယ်ရီ"

"ဘာလဲ"

"နင်ကလဲဟာ ရန်သူတွေမှ မဟုတ်ဘဲ… ငါတောင်းပန်ပါတယ်"

"ချောကလက်စားမလား ငါဝယ်ကျွေးမယ်လေ"

"မစားဘူး…ငါစိတ်တိုနေတာနော်…ဇော်

နင်သွားတော့… ငါ့ဘာသာ လမ်းလျှောက်ပြန်မယ်"

"ဟ အဝေးကြီးကျန်သေးတယ် … ဘယ်လိုလုပ် လမ်းလျှောက်မလဲ"

"နင့်အပူ မပါဘူး…"

ချယ်ရီစကားကပြတ်သည်။ ဇော့်မှာ ချော့နေရင်း စိတ်မောတောင်ကျချင်မိသည်။

"နောက်မဖြစ်စေရဘူး… ငါကတိပေးတယ်… နောက်ဆို နင်ပြောသမျှ အကုန်နားထောင်မယ် နော် ချယ်ရီ စိတ်မဆိုးနဲ့တော့"

ဇော်က စက်ဘီးကို သူ့ရှေ့ပိတ်ရပ်ထားပြီးပြောသည်။

"မသိဘူး …. ဖယ်"

"တကယ် …. တကယ် …. ငါကတိပေးတယ် နောက်တစ်ခါ နင်ပြောတာကို နားမထောင်ရင်ငါ့ကို နင်ကြိုက်သလိုလုပ် …. ငါခံမယ်"

ချယ်ရီက စက်ဘီးကိုရှောင်ကာ ကွေ့ထွက်သည်။ ဇော်ကလည်း လျှင်လျှင်မြန်မြန်ပဲ ရှေ့ကပိတ်၏။

"ဇော် .... နင်နော် ငါစိတ်တိုလာရင်နင့်ကိုလုပ်မှာ..." ဟု ပြောရင်း ဇော့်ကို လက်သီးဆုပ်နှင့် ထရွယ်၏။ ဇော်ကလည်း ခေါင်းငုံ့ကာ ပေရပ်နေ၏။

"လုပ် .... လုပ် .... နင်ကြိုက်သလောက်လုပ် .... ပြီးရင်တော့ ငါ့ကိုစကားပြန်ပြောနော်"

ဒေါသထွက်နေသည့် လက်သီးဆုပ်လေးက သူ့ကိုယ်ပေါ်သို့ ကျမလာဘဲ လက်ကို ရွယ်ထားရင်းနှင့် စိတ်ဆိုးမာန်ဆိုးပဲ ကြည့်နေ၏။

"ငါတောင်းပန်ပါတယ် .... တစ်ခါလေးပဲ ခွင့်လွှတ်နော် .... နောက်မဖြစ်စေရဘူး"

လက်သီးထောင်ကာ တောင်းပန်နေသော ဇော့်ကိုကြည့်ပြီး ချယ်ရီဒေါသက ပြေလုလုဖြစ်လို့သွားသည်။

"ဒီတစ်ခါတော့ ရှိစေတော့ နောက်တစ်ခါဆို လွယ်မယ် မထင်နဲ့ .... အခုလည်း စိတ်ဆိုးပြေတာ မဟုတ်ဘူးနော်"

" ဟုတ်ပါပြီဗျာ .... သခင်မ စိတ်ဆိုးပြေတဲ့အထိ ကျွန်တော်မျိုးစောင့်မယ်နော်... အခုတော့ စီးတော်ယာဉ်ပေါ်ကြွပါ ခင်ဗျာ...ကြွပါ"

"ဟွန်း"

မချိုမချဉ် မျက်နှာလေးနှင့် စက်ဘီးပေါ် ခွေ့ခနဲတက်သည်။ နောက် သိပ်မကြာလိုက်။ ဇော် စနောက်တော့ တခစ်ခစ်နှင့် ရယ်ကာ စကားတွေပြောပြီး အဆင်ပြေသွားကြပြန်သည်။ ထိုသို့ စိတ်ကြာကြာ မကောက်တတ်သည့်အတွက် ချယ်ရီစိတ်ဓာတ်လေးကို သူသဘောကျ



မိသည်။ တကယ်တော့လည်း ချယ်ရီစိတ်တင်မဟုတ် ချယ်ရီကိုလည်း သူ့စိတ်ထဲမှာ မြတ်မြတ်နိုးနိုး ချစ်နေမိပြီဖြစ်သည်။

* * *

ချစ်သူများနေ့တွင် ရေပန်းအစားဆုံး အစားအသောက်သည် ချောကလက်ဖြစ်သည်။ ကျောင်းသူကျောင်းသားအချင်းချင်းတွေ့လျှင်

"ဟဲ့ နင့်ကို ချောကလက် ကျွေးမဲ့သူ မရှိဘူးလား" ဟုပဲ မေးတတ်ကြသည်။

ထိုနေ့ချောကလက်စားမှ ခေတ်မီသယောင်ရှိပြီး ချောကလက် မစားရသူသည် သနားစဖွယ် အပြောခံရသေးသည်။ ထို့ကြောင့် ကျောင်းဈေးဆိုင်မှ ချောကလက် ဘူးသေး ဘူးကြီး အကုန်ရောင်းကုန်သည်။ ဇော်တို့ တစ်ဖွဲ့လုံးလည်း ချောကလက်စားရသည်။ သူဇာက ဒင်္ဂါးပုံစံ ချောကလက်ပြားတွေဝယ်ကာ တစ်ယောက်ချင်းစီလက်ဆောင် ပေးသည်။

"သမီးရည်းစားအချစ်မှ အချစ်မဟုတ်ဘူး... ဒီနေ့က အချစ်တွေအားလုံးကို ကိုယ်စားပြုတာ... ဒါကြောင့် ငါ့သူငယ်ချင်းတွေ အားလုံး တပြားစီ စားကြ"

"ချောကလက်တော့ ထည့်ပြောပါ သူဇာရယ်၊ နင့်ဟာကလဲ စားရမှာတောင် နင်သွားတယ်"

တိုးဝေ စကားကြောင့် သူဇာမျက်နှာကြီးရဲတွတ်သွားသည်။

"ငါက ချောကလက်တွေပေးပြီး ပြောနေတာ နင်ကဘာတွေ တွေးပြီး ဘာတွေပြောနေတာလဲ ကောင်စုတ်"

"အေးလေ ချောကလက်ပဲ ပြောတာပါ... အဟမ်း အခုလို မဲမဲသည်းသည်း အပြားကို ကျွေးရသော အကျိုးကြောင့်"

"ဟဲ့…နင် ဘာတွေပြောနေတာလဲ"

သူဇာက အာပြဲလျှာပြဲအော်နေသော တိုးဝေပါးစပ်ကို အလျှင်အမြန် လာပိတ်ပြီး ထအော်၏။ တိုးဝေကလည်း သူဇာလက်ကို ပြန်ပုတ်ချကာ…

"ငါပြောတာက ချောကလက်လေ… ချောကလက်က ဘယ်မှာဖွေးလို့လဲ… နင်က ဘာတွေ လျှောက်တွေးနေတာလဲ"

တိုးဝေက ပြုံးစိစိနှင့် မခံချင်အောင် စလေလေ သူဇာက မျက်နှာကြီးရဲကာ ရှက်လေပင်။

"အခြောက်မ… စကားကို အနှောင့်အသွားမလွှတ် ပြောချင်ရာ ပြောနေတယ်… နင့်အကြောင်းကို ငါမသိဘူးများ မှတ်နေလား… ငါခေါက်ထည့်လိုက်ရ"

ပြောပြောဆိုဆို စိတ်မြန်လက်မြန်နှင့် ခေါင်းကိုဒေါက်ခနဲနေအောင် ခေါက်ချလိုက်သည်။ အားပြင်းပြင်းနှင့် အခေါက်ခံရ၍ တိုးဝေအတော် နာသွားပုံရသည်။ မျက်နှာကြီးရဲကာ ထအော်၏။

"နင်က အထာတွေကောက်နေတာ … ဝက်ပုတ်မရဲ့ မဟုတ်မဟပ်အတွေးတွေနဲ့ လိုင်းချော်နေတာ ငါက ဘယ်အပြားကို ပြောနေတယ် ထင်လို့ ငါ့ခေါင်းကို ခေါက်ရတာလဲ… စာမေးပွဲနီးနေပြီ ခေါင်းမခေါက်ရဘူးဆိုတာ နင်နားမလည်ဘူးလား အရူးမရဲ့"

"ဟဲ့ အခြောက်လေသံနဲ့ ငါ့ကိုလာရန်မတွေ့နဲ့ ခေါင်းမခေါက်လည်း နင်ကစာရမှာမဟုတ်ဘူး နင့်ဦးနှောက်က ပုဇွန်သာသာလေ"

ထိုကိစ္စမှစ တိုးဝေနှင့် သူဇာ ရန်ထဖြစ်ကြသည်။ ဒါကို ကျန်တဲ့သူများက မြှောက်ပေးသည်။ ချယ်ရီက ဒိုင်ခံကြားနေ။ ဇော်



ကတော့ ဘယ်သူ့ဘက်မှ ဝင်မပြော။ ထိုင်ရယ်နေ၏။

"ဇော်… နင်ဘယ်သူ့ဘက်ကလဲ… ငါ့ဘက်ကလား… သူ့ဘက်ကလား… ငါမှန်သလား… သူမှန်တယ်ထင်လား"

ရန်ဖြစ်ပြီးရင် အဖွဲ့ခွဲကြတာ တိုးဝေအကျင့်ပင်။ တိုးဝေက ဇော့်ပခုံးကို သိုင်းဖက်တော့ သူဇာက သူ့အားကြီးနှင့် ဇော့်လက်ကို အပီပြန်ဆွဲ၏။

"ဇော်…ငါ့ဘက်ကနေ…အဲ့ခြောက်မဘက်မှာနေရင် နင်ဘဝ ပျက်သွားလိမ့်မယ်"

"ဝက်မ…နင့်ကို တုတ်နဲ့ထိုးပြီး မီးကင်လိုက်ရမလား… ပြော ငါ ခြောက်မခြောက် နင်သိချင်ရင်လာခဲ့လေ… လာစမ်းပါ"

"ဟဲ့ နင့်ဘာသာခြောက်ခြောက်စိုစို ငါစိတ်မဝင်စားဘူး… သိစရာကို မလိုတာ… ငါ့ဇော်ကို နင်မြူမစွယ်ဖို့ပဲ ပြောနေတာ"

"ဟာဟား ငါ့ဇော်တဲ့…ဇော်က ဘာလို့ နင့်ဇော်ဖြစ်ရမှာလဲ … ဖြစ်ချင်းဖြစ် တိုးဝေရဲ့ ဇော်ဖြစ်ရမှာပေါ့… ဟုတ်တယ် မဟုတ်လားဇော်…"

"ဟော့ဟော့ ငါ့ကိုဆွဲမထည့်နဲ့…ပြီးရင် ဟုတ်တာလဲ မဟုတ်ဘူး ငါတို့ပြန်နှင့်ပြီ…ချယ်ရီ လာလာ သွားမယ်"

ဇော်… ချယ်ရီလက်ကိုဆွဲပြီး စက်ဘီးရပ်ထားသည့်နေရာသို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

"သူတို့ကို ဒီအတိုင်းထားခဲ့မလို့လား ထသတ်နေကြအုန်းမယ်"

ချယ်ရီက နောက်ဆံတင်းတင်းနှင့် နောက်လှည့်ကာ ကြည့်ဆိုသည်။

"မသတ်ပါဘူး…စောင့်ကြည့်လိုက် မနက်ဖြန်ဆို ပြန်တည့်မှာ"

ဇော်ပြောတာလည်း မှန်သည်။ တိုးဝေနှင့် သူဇာက မတည့်အတူနေ… မမြင်လျှင် ချောင်းကြည့်ကြသည့် နှစ်ယောက်။ ထို့ကြောင့် အားလုံးကို ထားခဲ့ကာ သူတို့နှစ်ယောက်တည်း အရင်ထွက်လာခဲ့ကြသည်။

"စိတ်ပျက်စရာကြီး ဘာမှလဲမဟုတ်ဘဲနဲ့"

ချယ်ရီက နောက်ကလိုက်လာရင်း ညည်းညည်းညူညူဆိုသည်။

"ပျော်စရာပါ… နောင်တစ်ချိန်ပြန်မရတော့မဲ့ ပျော်စရာအမှတ်တရတွေ"

"ဟုတ်တယ်နော် ဇော် … ငါတို့တွေ အသက်ကြီးလာရင် ဒီလိုပျော်ရွှင်မှုမျိုး ပြန်မရနိုင်တော့ဘူး…"

"အင်း"

"ဒါနဲ့…ဇော် … နင် ဆယ်တန်းအောင်ရင် … ဘာလုပ်မှာလဲ"

"ဆယ်တန်းအောင်ဖို့ နေနေသာသာ… ဆယ်တန်းတောင် တက်ဖြစ်ပါ့မလား မသိပါဘူးဟာ"

"ဟင် ဘယ်လို"

ချယ်ရီက စက်ဘီးပေါ်က ခုန်ဆင်းကာ မေးတော့ ဇော်လည်း စက်ဘီးကို တွန်းကာ ဖြေးဖြေးချင်းလမ်းလျှောက်ကြသည်။

"ဘာလို့လဲ… ဆယ်တန်းတက်ဖို့က ဘာအခက်အခဲရှိလို့လဲ"



"ပျဉ်းမနားမှာပဲ တက်ဖြစ်မလား မသိပါဘူး… အမေ့ညီမရဲ့ ယောက်ျားက အဲဒီမှာ အလုပ်ကောင်းတယ်… ငါ့ကို လာလုပ်ပါလားတဲ့…အိမ်မှာလည်း ဝင်ငွေမရှိဘဲ ငါ့ကို ကျောင်းထားနေရတာလေ… ငါအလုပ်လုပ်မှဖြစ်မှာ…ဒီအတိုင်းဆို အမေလည်း အဲ့ဒီကို လိုက်နေဖို့များတယ်"

"ဟုတ်လား"

အမေ မုဆိုးမနှင့် ညီတစ်ယောက် ညီမ တစ်ယောက်ရှိသည့် ဇော်ရဲ့ဘဝကိုလည်း စာနာမိသဖြင့် ချယ်ရီ ဘာဆက်ပြောရမှန်းမသိသက်ပြင်းပဲ အခါခါချနေမိသည်။

"ဒါဆို နင်…အဲဒီကို ပြောင်းနေရမှာပေါ့…အဲလိုလား"

"ထင်တာပါပဲ"

အေးတိအေးစက်ပြန်ဖြေသော်လည်း ဝမ်းနည်းမှုတွေပါနေသည်ကို ချယ်ရီခံစားမိသည်။

"ဒါပေမဲ့လည်း ဇော်ရယ်… ဆယ်တန်းလေးတော့ ဖြေသင့်ပါတယ်"

"ကျောင်းတက်ပြီး ဘွဲ့ရလည်း ငါ့ဝါသနာ ကဗျာဆရာပဲဖြစ်ချင်တာလေ… ကဗျာဆရာဖြစ်ဖို့က စာရေးတတ်ဖတ်တတ်ရုံနဲ့ရပါတယ်"

"အဲဒါတော့ အဲ့ဒါပေါ့ ဇော်ရယ်… ကဗျာဆရာ မဖြစ်ချင်စပ်ကြားမှာ နင်ဝမ်းစာအတွက်က ပညာရှိမှ မပင်ပန်းမှာပေါ့"

ချယ်ရီစေတနာကို သူသိပါသည်။

သို့သော် သူ့ဘဝအခြေနေကိုလည်း သူသိသည်။ နွေကျောင်းပိတ်တာနှင့် ပြောင်းဖို့ရွှေ့ဖို့ အမေနှင့် ဒေါ်လေးပြောနေကြသည်ကို

သူ့နားနှင့်ဆတ်ဆတ်ကြားပြီးပြီဖြစ်သည်။

ကျောင်းမတက်ဖြစ်ဖို့ကလည်း သေချာသလောက် ရှိနေ၏။

"ဒါဆို ငါတို့ဝေးရမှာပေါ့နော်....ဇော်"

သူ့ခြေလှမ်းကိုတုံ့ခနဲရပ်ကာ ချယ်ရီကို လှည့်ကြည့်မိသည်။ မျက်ဝန်းလှလှလေးတွင် မျက်ရည်ကြည်များ ရစ်ဝဲနေသည်ကို မြင်လိုက်ရ၍ ရင်ထဲ လှိုက်ခနဲနေအောင် ဝမ်းနည်းသွားမိသည်။

"ငါပြန်လာမှာပေါ့... နင်ရှိနေတာပဲကို"

"အကြာကြီးနေမှ ပြန်လာမှာ မဟုတ်လား..."

အင်း...ဒါတော့လည်း ဒါပေါ့"

ထပ်ပြီး သူဘာဆက်ပြော ရမှန်းမသိတော့။

ချယ်ရီကလည်း ခေါင်းငုံ့ကာ လမ်းပဲ ဆက်လျှောက်နေ၏။

"ငါ...နင့်ကို ပေးစရာရှိတယ် ချယ်ရီ"

ဇော် လွယ်အိတ်ထဲ မှ ပစ္စည်းလေးတစ်ခုကို တရိုတသေ ထုတ်ရင်း ပြော၏။

"ရော့... မနက်တည်းက နင့်အတွက် ဝယ်ထားတာ ... လူမလစ်သေးလို့"

လက်သုံးလုံးသာသာရှိသည့် ချောကလက်ဗူးတစ်ခုကို ချယ်ရီလက်ထဲကိုထည့်ပေးသည်။

"ငါ့အတွက်လား..."

"အင်းပေါ့"

ငါကတော့ နင့်ကိုဘာမှပေးစရာမရှိဘူး... နင်ကကြိုမှ မပြောဘဲ... မဟုတ်ရင် ငါလည်းဝယ်လာမှာပေါ့"



"ရပါတယ်...ငါက ချောကလက်မကြိုက်ဘူး... နင်ကြိုက်လို့ ဝယ်လာတာ...နှစ်တိုင်း ဒီလိုနေ့ရောက်တိုင်း... နင့်ကို ချောကလက်ကျွေးမယ်နော်"

"တကယ်လား...ဒါဆို နင်ဟိုရောက်သွားရင်ရော"

"အဲဒီအခါလည်း ပြန်လာပြီး လာကျွေးမှာပေါ့"

"ဒါဆို နှစ်တိုင်း Valentine day မှာ ငါတို့ဆုံကြမယ် ဇော်... တို့တွေဘယ်ရောက်ရောက်...ရအောင် တွေ့ကြမယ်... နင်ကတိပေးလား" ဇော် ... ပြုံးပြုံးလေး ခေါင်းညိတ်ပြလိုက်သည်။

ချယ်ရီကလည်း ပါးချိုင့်လေးခွက်အောင် ပြုံးပြီးသူ့ကို စိုက်ကြည့်လို့နေသည်။

"ဪ ငါသိပြီ... နင့်ကို ဒါလေးလက်ဆောင်ပေးမယ် ဇော်"

ချယ်ရီက လွယ်အိတ်ထဲမှ လက်ကိုင်ပုဝါလေးကိုထုတ်ပြီး ထောင်ပြသည်။

"ပေး...လက်"

ဇော့်လက်ကို လှမ်းဆွဲပြီး လက်ကောက် ဝတ်မှာ လက်ကိုင်ပုဝါကို သေသေချာချာ ချည်ပေးနေသည်။

"ချစ်သူများနေ့ရောက်တိုင်း နင်ကချောကလက်ကျွေး ငါက နင့်လက်မှာ ဒီလိုချည်ပေးမယ်... ဘယ်လိုလဲ သဘောတူလား"

လက်ကိုင်ပုဝါလေးချည်ထားသောလက်ကို ထောင်ကြည့်ပြီး ဇော် သဘောကျနေမိသည်။

"ငါ အရမ်းကြိုက်တယ်... အဲလိုမျိုးလေး အရမ်းကျော

ဆန်တာပဲ...''

''လာပြန်ပြီ ဒီကဗျာရူး စာရူးက''

''ငါ့ကဗျာတွေ နှင့်ကိုပေးဖတ်မယ်...ဖတ်မယ် မဟုတ်လား''

''မဖတ်ချင်ပါဘူး... အချစ်တွေအလွမ်းတွေ... ဗဟုသုတမရတဲ့စာတွေ ငါမကြိုက်ဘူး''

'ဟာ နှင်ကလဲ'

''ခြင်းချက် ဇော်ခံစားသီဖွဲ့သည့် ကဗျာမှ လွဲ၍''

''ဟာဟား အဲလိုလုပ်ပါဟ''

''လာ လာ သွားကြရအောင် နောက်ကျနေပြီ''

ချယ်ရီက စက်ဘီးပေါ်တက်ထိုင်ရင်းပြောသည်။

ဇော် စက်ဘီးကို ဖြေးဖြေးလေး နင်းလာခဲ့သည်။ အတူတူရှိနေသည့် အချိန်တွေ မကုန်ဆုံးချင်ခဲ့။ ချယ်ရီကို တင်နင်းပြီး မိုးအဆုံးမြေအဆုံး လျှောက်သွားချင်စိတ်ပင်ပေါက်မိသည်။

သို့သော် စာမေးပွဲဖြေဖို့ ရက်က နီးလာပြီ မဟုတ်လား။ ဘဝရည်မှန်းချက်ကြီးမားသည့် ချယ်ရီကို သူ့ကြောင့်စိတ်အနှောင့်အယှက်မဖြစ်စေချင်။

ထို့ကြောင့် တစ်နေ့ အသံထွက်ရွတ်ပြမည်ဆိုသည့် စိတ်ကူးတစ်ခုနှင့် ကဗျာတွေပဲစပ်ပြီး သိမ်းထားခဲ့သည်။

***

စာမေးပွဲတွေဖြေသည့် နောက်ဆုံးနေ့။

ဇော်လွယ်အိတ်ထဲတွင် ချယ်ရီကို ပေးဖတ်မည့် ကဗျာတစ်ပုဒ်က အရံသင့်ရှိလို့နေသည်။



စာမေးပွဲဖြေပြီးသည်နှင့် ဆုတောင်းပြည့် ဘုရားသွားဖို့ ပြောထားသည်မို့ ဘုရားပေါ်ရောက်မှ အေးအေးဆေးဆေးဖတ်ပြမည်ဟု တွေးထားလိုက်သည်။

''ဟေး''

နောက်မှ လှမ်းပက်လိုက်သော ရေခဲရေကြောင့် ဇော့်တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားသည်။ ဒီနေ့ စာမေးပွဲနောက်ဆုံးနေ့မို့ ကျောင်းသားတိုင်း သင်္ကြန်အထိမ်းအမှတ်ရေလောင်းကြသည်။

''ဇော်က ဒီမှာဟ... မစိုသေးဘူး''

မျိုးကို အော်လိုက်သည်နှင့် ရေသန့်ဘူးကိုယ်စီနှင့် တစ်ဘူးပြီးတစ်ဘူး လာလောင်းကြသည်။

''ဟ နည်းနည်းပဲလောင်းပါ နေပူထဲသွားရဦးမှာ... ချယ်ရီကရော ဘယ်မှာလဲ... မလာသေးဘူးလား''

''လာမယ်...ချယ်ရီလည်း တော်တော်ရွှဲနေပြီ''

ဇော့်စိတ်ထဲခံပြင်းသွားမိသည်။ ကဗျာပေးဖတ်ဖို့ စိတ်ရောက်နေတာနှင့် ရေလောင်းဖို့တောင် သတိမရလိုက်။ ထိုအချိန်မှ လွယ်အိတ်ကို အထိတ်တလန့် ထစမ်းလိုက်မိသည်။ ရွှဲနစ်နေသော လွယ်အိတ်လေးထဲမှ ရေစိုနေသော ကဗျာစာရွက်လေးကို ထုတ်ကြည့်ပြီး စိတ်အကြီးအကျယ်ညစ်သွားမိသည်။

''ဟာ သွားပါပြီကွာ... ငါ့ကဗျာ''

''ပြစမ်း... ရည်းစားစာရေးထားတာလား...ဘာတွေရေးထားတာလဲ''

မျိုးကိုက ပြောပြောဆိုဆိုနှင့် သူ့စာရွက်ကိုဆွဲလုသည်။

ကဗျာစာရွက်က မျိုးကိုလက်ထဲထက်ပိုင်းဖြတ်ကာ ပါသွားပြီးမှင်စို နှင့် ရေးထားသောကြောင့် ဘာမှကိုအဖတ်ဆည်လို့ကို မရတော့။

“ဟာ…ဟော့ကောင် သွားပါပြီကွာ ဘယ်လိုလုပ်လိုက်တာ လဲ”

“ဆောရီးကွာ ငါဖတ်ချင်စောနဲ့ ဆွဲလိုက်တာ…”

“တောက် မင်းကလဲကွာ”

“မင်းရေးထားတာ မဟုတ်လား… ပြန်ရေးလို့ရပါတယ် ကွာ…”

သူငယ်ချင်း အချင်းချင်းမို့ မပြောသာတော့ဘဲ ငြိမ်နေလိုက် ရသည်။ မျိုးကိုပြောသလိုပြန်ရေးလို့ရသည်က မှန်သည်။ အခုချိန် ဘာနဲ့သွားရေးမလဲ။ ခဏနေရင် ဘုရားကို သွားတော့မှာ။ ပါးစပ်က ရွတ်ပြရင်းလည်း ချယ်ရီက အဲ့လောက်စိတ်ဝင်စားမည် မဟုတ်။

တောက်!!!… လူကသတ္တိမရှိလို့ ကဗျာအားကိုးနဲ့ လာပါ တယ်ဆိုမှကွာ… စိတ်ထဲပဲ ကြိတ်ကာ ပေါက်ကွဲလိုက်ရသည်။ ထိုနေ့က ဇော်ကံကောင်းတာလား။ ကံဆိုးတာလည်းမသိ။

ချယ်ရီက ထဘီရေစိုနှင့်မို့ ဘုရားမသွားဘူးဟုဆိုကာ အိမ်ကိုပဲ ပြန်ပို့ရသည်။

“ချယ်ရီ ငါနင့်ကို ကဗျာပေးမလို့သိလား ရေစိုလို့ပြသွား တယ်”

“ဟုတ်လား အဲဒါများနောက်မှပေးပေါ့…”

မြန်မြန်နင်းပါ ဇော်ရယ် … ငါတော်တော်ချမ်းနေပြီ

“အေးပါဟာ”

ရေစိုဝတ်တွေနှင့် ချယ်ရီဖျားမည်ကို စိုးကာစက်ဘီးကိုပဲ



အပြေးနင်းနေမိသည်။

ဖြစ်ချင်တော့ အဲဒီညက ချယ်ရီမဖျားဘဲ ဇော် အပြင်းဖျား တော့သည်။

စိတ်ညစ်ညစ်နှင့် ခေါင်းပေါ်က ရေလောင်းချိုးလိုက်သော ကြောင့်ဖြစ်သည်။

ဇော် ဖျားနေသည့် သတင်းကြားကြားချင်း သူငယ်ချင်းတွေ မုန့်တွေဝယ်လာပြီး သတင်းလာမေးကြသည်။

“ငါ့ကို ဖျားမှာစိုးတာနဲ့ နင်ကဖျားပြီ မဟုတ်လား။ အခု ဘယ်လိုနေလဲ”

ချယ်ရီအမေးကို ဇော်က ပါးစပ်က မဖြေဘဲ နဖူးကို ထိုးပြ၏။ အဖျားသွေးစမ်းကြည့်ပါလား ဆိုသည့်သဘော…။

ချယ်ရီက ပြုံးတုံ့တုံ့နှင့် မရဲတရဲ လက်လှမ်းချိန်တွင် တိုးဝေ က ကြားထဲက ဖြတ်ကာ ဇော့်နဖူးကို စမ်းကြည့်သည်။

“မှန်းစမ်း ငါစမ်းကြည့်မယ်”

ဇော် သူ့နဖူးပေါ်က တိုးဝေလက်ကို စူပုတ်ပုတ်နှင့် ပုတ်ချ ပစ်လိုက်သည်။

“အမယ်လေး…ငါ့များနူနေတဲ့အတိုင်းပဲ ဒီအတိုင်းဆို သက်သာဦးမှာမဟုတ်ဘူး ခြစ်ခြစ်တောက်ကိုပူနေတာ … နဖူးက မဟုတ်ဘူး… နှာခေါင်းက နှာခေါင်းက” တိုးဝေ၏ မဲ့မဲ့ရွဲ့ရွဲ့ အပြောကို အားလုံးသဘောကျကာ ဝိုင်းရယ်ကြသည်။

ချယ်ရီကတော့ ပါးလေးတွေရဲအောင်ရက်နေ၏။

တကယ်ဆို သူငယ်ချင်းတွေက သူတို့နှစ်ယောက်၏ စိတ်

အခြေအနေကို ရိပ်မိနေကြသည်။

"နေကောင်းအောင်နေနော် ဖော်ဆေးလည်း မှန်မှန်သောက်"

အင်း… ငါနေကောင်းရင် စက်ဘီးလိုက်စီးကြမယ်… နော် ချယ်ရီ"

"အင်းပါ နေကောင်းအောင်ပဲ နေပါဦး"

"အခုကောင်းနေပြီ…နင့်တောင် ပြန်လိုက်ပို့လို့ရတယ်"

ဖော့်စကားကြောင့် သူငယ်ချင်းတွေအားလုံး မေတ္တာမိုင်းပို့ကြသည်။ သူတို့ဝယ်လာသည့်မုန့်တွေ ပြန်ယူသွားမည် တကဲကဲ ပြောဆိုပြီး ပြန်သွားကြသည်။

သူတကယ်နေကောင်းပါပြီ…

အဖျားသွေးက ချယ်ရီအပြုံးအောက်မှာ ကြက်ပျောက်ငှက်ပျောက်ပင် သက်သာသွား၏။

* * *

ဘဝဏ ဘယ်တော့မှ ထင်တိုင်းဖြစ်မလာတတ်ပေ။

စိတ်ဓာတ်ကျခြင်းတချို့နှင့် ကျောပိုးအိတ်ထဲ အဝတ်အစားတွေထည့်ပြီး ဖော်တစ်ယောက်တည်း မျက်ရည်ကျမိ၏။

ပျဉ်းမနားပြောင်းဖို့ သေချာသွားသည့်အချိန်သည် ချယ်ရီက သူ့မိဘတွေနှင့် ဘုရားဖူးထွက်နေချိန်ဖြစ်နေ၏။

"ဟူး"

ဒီတစ်ခါ တကယ်ဝေးရပြီ ထင်ပါတယ်ဟာ၊ ငါ့ရင်ထဲက စကားတွေ နင့်ကို မပြောရဘဲ သွားရတော့မယ် ထင်ပါတယ်…

အိတ်ကပ်ကလေးထဲက လက်ကိုင်ပုဝါလေးကို ထုတ်ကြည့်ရင်း ရင်ထဲဆွေးဆွေးမြေ့မြေ့ ငြိးတွားမိသည်။



ချစ်သူရှိသည့်အရပ်… ခင်မင်သည့်အပေါင်းအသင်းများရှိသည့်အရပ်က သူထွက်မသွားချင်ခဲ့။ သို့သော် သူ့ဘဝပေးကိုက ထိုသို့ဝေးဖို့ ဖန်လာခဲ့သည်။

"ဟော့ကောင် ဖော် ကျန်းမာရေးဂရုစိုက်နော်… ဆယ်တန်းဖြေဖြစ်ရင်လည်းပြောဦး"

"ဟဲ့…ဖော်…ငါတို့ကို မမေ့နဲ့နော်… နင်က အရင်ကတည်းက အေးတိအေးစက်နဲ့ ငါတို့ကို စိမ်းသွားရင် ဘယ်လိုလုပ်မလဲ"

သူဇာက မျက်ရည်တွေ ကျရင်း သူ့ကို သိုင်းဖက်သည်။

"မမေ့ပါဘူးဟာ… နင်တို့က ငါ့အချစ်ဆုံးတွေပဲကို… ဘယ်လိုမေ့လို့ရမလဲ"

"ဟီး ဒီလိုခွဲရမယ်လို့ တွေးတောင်မတွေးထားဘူးဟာ… ငါတို့က အမြဲအတူတူကို ဟီး"

"အာပြဲကြီးနဲ့ မငိုပါနဲ့ ဝက်ပုတ်မရယ်… သူများသွားမှဲ့လာမဲ့ခရီးကို… ဖော်… ငါ နင့်ကို အမြဲသတိရနေမယ် သိလား"

တိုးဝေက မျက်ရည်စမ်းစမ်းနှင့် ပြောနေပြန်သည်။

"အေးကွာ… ဖော်ရာ စိတ်မကောင်းဘူး မင်းကလည်း ချက်ချင်းကြီးကွာ… ချယ်ရီသိရင် စိတ်မကောင်းဖြစ်မှာပဲ… သူတော့ ရှိသင့်တာ"

"အေးလေ ချယ်ရီ ကလည်း တိုက်တိုက်ဆိုင်ဆိုင်"

"ငါပြန်လာမှာပါ… ချယ်ရီကို ငါကတိပေးထားတာရှိတယ်… အဲ့ဒီနေ့ ငါပြန်လာခဲ့မှာ…"

မျိုးကိုက အကြောင်းအရင်း သေချာမသိသော်လည်း ခေါင်း

❐

ညီတ်ပြသည်။

"ဒါဆို ငါသွားတော့မယ်ကွာ… မင်းတို့ ကျန်းမာရေးကို ဂရုစိုက်ကြ"

အိမ်ထောင်ပရိဘောဂများ အပြည့်အပိုးထည့်ထားသည့် ကုန်တင်ယာဉ်ပေါ်သို့ လှမ်းတက်ရင်း ဇော်ပြောလိုက်သည်။

ကားသည်လည်း တဖြေးဖြေးမောင်းထွက်နေသည်။

"ငါတို့ကို မမေ့နဲ့ ဇော်… မေ့လို့ကတော့ အတွေ့ပဲနော် နင်ဘာဖြစ်ဖြစ် စာနဲ့ဆက်သွယ်သိလား"

"ကားနောက်မှ မြန်မြန်လိုက်ပြီး တစ်ယောက်တစ်ပေါက် မှာနေကြသည့် သူငယ်ချင်းများကို လက်ပြရင်း ဇော့်ရင်ထဲ အတိုင်းမသိ ဝမ်းနည်းမိသည်။ ပါးပြင်မှာ စီးကျနေသော မျက်ရည်များလည်း သုတ်၍ မနိုင်တော့ပေ။ ပြန်ဆုံမှာပါ… တစ်နေ့တော့ တို့တွေ ပြန်ဆုံကြမှာပါကွာ၊ မင်းတို့ကို တစ်သက်လုံး မမေ့ပါဘူး… သူငယ်ချင်းတို့ရာ…"

ရင်ထဲ ယူကြုံးမရ ဖြစ်ရဆုံးက ချယ်ရီကို နှုတ်မဆက်ရခြင်းပင်။ ချယ်ရီပြန်လာရင် စိတ်မကောင်းဖြစ်နေတော့မှာ။

"သွားခါနီးလေး နင့်ကိုတွေ့ရရင် ဘယ်လောက်ကောင်းလိမ့်မလဲ ချယ်ရီရာ… ဒါ တစ်ရက် နှစ်ရက် ခရီးမဟုတ်ဘူး… ရက်ပေါင်းများစွာ ဝေးပြီးရင် နင်… ငါ့အပေါ် ပြောင်းလဲသွားမှာစိုးတယ်…"

ငါနင့်ကို တွေ့ချင်လိုက်တာ ချယ်ရီရာ… နင့်ကိုမတွေ့ရဘဲ ထွက်သွားရတာ ရင်နာလိုက်တာ…။

ငါတို့ပြန်ဆုံကြမယ် … အခုတော့ ငါ… နှုတ်ဆက်ပါတယ် ချယ်ရီ…။



လက်ကိုင်ပုဝါလေးကို ထုတ်ကြည့်ကာ ပြောနေသော စကားများ ချယ်ရီကြားပါလေစ။

သူကတော့ မျက်ရည်စအချို့နှင့် နယ်မြို့လေးကို နှုတ်ဆက်ထွက်ခွာသွားခဲ့ရပြီဖြစ်သည်။

# အပိုင်း(၂)

စာမေးပွဲကြီးဖြေရန် ရက်ပေါင်း (--) လိုပါတော့သည် ဆိုသည့် စာတန်း၏ ကွက်လပ်တွင် ဆရာက (၂၈)ရက်ဟု ဖြည့်စွက်လိုက်သည့်အခါ ကျောင်းသားများအားလုံး ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြသည်။

"ကဲ…မြင်တယ်နော်…၊ ဘယ်နှစ်ရက်လိုသေးလဲ"

"၂၈ ရက်ပါဆရာ"

"အသံက အားမရှိဘူးဟေ့၊ အားရှိတဲ့အသံနဲ့အော် တုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်မယ်ဆိုတဲ့ စိတ်နဲ့အော်… လူငယ်ဆိုတာ တက်ကြွတဲ့ကြက်ဖကြီးလို ဖြစ်နေရမှာ… မဟုတ်လား ကဲ အော်ပါဦး စာမေးပွဲဖြေဖို့ ဘယ်နှစ်ရက်ကျန်သေးလဲ"

"နှစ်ဆယ့်ရှစ်ရက်ပါ ဆရာ"

ဆရာက ကျောက်သင်ပုန်းကို ပုတ်ကာ အားနှင့်မာန်နှင့် မေးသလို တပည့်များကလည်း အားနှင့်မာန်နှင့် သံပြိုင်အော်ကြသည်။

ဒါကိုပဲ ဆရာက သဘောကျကာ တဟားဟားရယ်လို့ နေသည်။

"ဟားဟား ပူနေပြီ ပူနေပြီ … ခေါင်းတွေပူ ရင်တွေပူ ဖင်တွေပူ တစ်ကိုယ်လုံးပူနေကြပြီ မဟုတ်လား"

ဆရာ့စကားကြောင့် အားလုံးသဘောကျစွာ ရယ်မောကြသည်။ ဆယ်တန်းစာမေးပွဲအတွက် သင်ရိုးကုန်အောင်သင်ပြီးသည့်အပြင် မေးခွန်းဟောင်းများနှင့် စာမေးပွဲလည်း အကြိမ်ကြိမ်စစ်ပြီးပြီမို့ ဒီအချိန်မှာတော့ စိတ်ကို ပေါ့ပေါ့ပါးပါးထားဖို့ပဲ ဆရာများက လမ်းညွှန်ပေးနေ၏။

"ဘာမှ တွေးမပူပါနဲ့…ကိုယ့်ဘဝ…ကိုယ့်ဇာတ်မှာ ကိုယ်ကမင်းသား ကိုယ်ကမင်းသမီးလို့ သဘောထား… ဇာတ်လမ်းတွေထဲမှာ မင်းသား မင်းသမီးတွေက တော်တော်နဲ့ မသေဘူးလေ… ကားနဲ့တိုက်လည်းမသေဘူး… လူတွေရိုက်သတ်လည်းမသေဘူး… ကြည့်ဖူးလား အဲ့လိုကားမျိုး…ဂျက်လီတို့ ဂျက်ကီချန်းတို့ ဂျိန်းဘွန်းတို့လိုကားမျိုးမှာလေ ကြည့်ဖူးလား"

"ကြည့်ဖူးပါတယ် ဆရာ"

"အေး အဲ့ဒါ ယုံကြည်မှုပဲ… ကိုယ်က မင်းသား တစ်ယောက်လို အခက်အခဲမှန်သမျှ တိုက်ထုတ်နိုင်ရမယ်လို့ ယုံကြည်ထားရမယ်… ဒါမှ ပန်းဝင်မှာ… ဆယ်တန်းစာမေးပွဲဆိုတာ တိုက်ပွဲဝင်ဖို့ ဝင်ခွင့်ဖြေတဲ့ အဆင့်ပဲရှိတယ်၊ နောက်ထပ် တိုက်ထုတ်စရာတွေ အများကြီးကျန်သေးတယ်။ ဒါကြောင့် ငါလုပ်နိုင်မယ်ဆိုတဲ့ စိတ်နဲ့ ကိုယ့်ကိုကိုယ် အားတင်ထား… အားပြည့်အောင်လည်း မွေးထား… ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ"



"အေး… ဆရာကတော့ ကိုယ့်တပည့်တွေကိုယုံတယ် … ဒီထဲမှာ ချာတူးလန်နေအောင် ညံ့တဲ့သူမပါဘူး… ဟိုးငယ်ငယ်က ဝလုံးကနေ ကကြီးဖြစ်ဖို့ ကြိုးစားခဲ့ရတယ် မဟုတ်လား၊ အခုနေမင်းတို့ကို ကကြီးရေးခိုင်းကြည့် အကုန်ရေးတတ်တယ်… ရေးတတ်လား မရေးတတ်ဘူးလား"

"ရေးတတ်ပါတယ်…ဆရာ"

"အေး မှတ်ထား ကခ ABCD ရရင် အားလုံး ဉာဏ်ကောင်းတယ်… ဉာဏ်ကောင်းလို့ မှတ်မိနေတာ… မဟုတ်ဘူးလား၊ အဓိက, က ကိုယ့်ကိုကိုယ်ယုံကြည်နေဖို့ပဲလိုတယ်…"

"ဆရာကတော့ အကောင်းဆုံး လုပ်ပေးခဲ့တဲ့အတွက် ဆရာ့တပည့်တွေ ရလဒ်ကောင်းကောင်းထွက်လာလိမ့်မယ်လို့ ယုံကိုယုံကြည်တယ်… ဒီထဲမှာဆို ဆရာ ALL-D မှန်းထားတဲ့ ကလေးနှစ်ယောက်တောင်ရှိတယ်…"

ဆရာ့စကားကြောင့် အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ဆရာက တည်တည်ငြိမ်ငြိမ်ပြုံးလျက် စကားကိုဆက်ပြောသည်။

"အဲဒီ နှစ်ယောက်က… သတိုး နဲ့ ချယ်ရီ…"

"ဝိုး ဖြောင်းဖြောင်းဖြောင်း"

ဆရာ့စကားကြောင့် ချယ်ရီသူငယ်ချင်းများက ဝမ်းသာအားရ လက်ခုပ်တီးကြသည်။

ချယ်ရီစိတ်ထဲလည်း အားတက်သွားမိသည်။

သတိုးကလည်း သူ့နေရာမှ ချယ်ရီဘက်သို့ လှည့်ကြည့်ပြီး ပြုံးပြနေ၏။ ချယ်ရီသူ့ကို အလိုက်သင့် ပြန်ပြုံးပြလိုက်ပြီး ခေါင်းကို ငုံ့ထားလိုက်သည်။ ဆရာက အားပေးစကားများနှင့် စာမေးပွဲအတွက်

ပြင်ဆင်ပုံများ လမ်းညွှန်သင်ကြားပြီး ပြန်ထွက်သွားသည်။ ဆရာထွက်သွားပြီး အားလုံးပြန်ဖို့ ပြင်ဆင်နေကြချိန်တွင် သတိုး ... အနားသို့ ရောက်လာ၏။

"ချယ်ရီ"

"ဟင်"

"မနက်ဖြန် ... နင့်ကိုလာကြိုမယ်သိလား"

"ငါ့ကိုလား ... ဘာလို့"

"လက်ဆောင်ပေးစရာရှိလို့ ... ဒါပဲနော်၊ ငါလာခေါ်မှာမို့ နင်စောစောစောင့်နေ"

"ဟင်"

ပြောချင်ရာပြောပြီး အပြေးတပိုင်းနှုတ်ဆက်ထွက်သွားသည့် သူ့ကိုချယ်ရီနားမလည်စွာ ရပ်ကြည့်နေမိသည်။

"ဟဲ့ သတိုးက နင့်ကို လက်ဆောင်ပေးမယ်တဲ့လား"

နောက်တန်းမှ ထလာသည့် သူဇာက ချယ်ရီပခုံးကို ပုတ်ပြီး ပြောသည်။

"အင်း ... အဲ့လိုတော့ ပြောသွားတာပဲ ... ဘာလို့လဲတော့ ငါတော့မသိဘူး"

"ဘာလို့ရမှာလဲ ... မနက်ဖြန် ချစ်သူများနေ့လေ နင့်ကို ချောကလက်မဟုတ်ရင် လက်ဆောင်တစ်ခုခုပေးမလို့နေမှာပေါ့ ... အသိသာကြီးပဲကို"

"ဟင့်အင်း ငါမယူချင်ပါဘူး ... သူနဲ့ငါက ဘာမှမဟုတ်တဲ့ကို"



"ယူတာ မယူတာ နင့်သမိုင်း ... သူက နင့်ကို ကြိုက်နေတာဆိုတော့ ... လက်ဆောင်ပေးချင်မှာပေါ့ သတိုးကဆိုးတော့ မဆိုးပါဘူးဟဲ့ ... ရုပ်လည်းချောတယ် ဟီး နင်တော့ ကံကောင်းတာပဲ ..."

ချယ်ရီ ဘာမှထပ်မပြောသော်လည်း စိတ်ထဲတော့ ငြင်းနေမိသည်။ သတိုးက စာတော်သည်။ ချမ်းသာသည့်အပြင် ရုပ်ကလည်း သန့်ပြန့်ချောမောသည်။

သို့သော် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆိုပြီး ဘဝင်မြင့်တတ်တာလေးတော့ရှိ၏။ ယခုစာသင်နှစ်မှ သတိုးနှင့် စတင်ရင်းနှီးသော်လည်း သတိုးက ချယ်ရီတို့အဖွဲ့ကိုတော့ ရင်းရင်းနှီးနှီးပေါင်းသည်။ ချယ်ရီကိုလည်း သဘောကျနေသည့်ပုံပင်။ ချယ်ရီဆို စကားတွေ ရှာကြံ ပြောပြီး အမြဲကရုတစိုက်ရှိသည်။ ချယ်ရီနှင့် သူ့ကို သူငယ်ချင်းများက စနောက်လျှင်လည်း ချယ်ရီကသာ စိတ်ဆိုးမာန်ဆိုး တုန့်ပြန်သော်လည်း သူကတော့ ပြုံးဖြီးဖြီးနှင့် သဘောကျနေတတ်သည်။

ချယ်ရီကတော့ သူ့ကို ဘယ်လိုစိတ်မှ မထားမိ။ ပြိုင်ဘက်တစ်ယောက်လိုပဲ သဘောထားသည်။ စာမေးပွဲစစ်တိုင်း သတိုးထက် အမှတ်များနေမှ စိတ်တိုင်းကျသည်။ သတိုးကလည်း ဉာဏ်ကောင်းပြီး ကြိုးစားလွန်းသူမို့ တော်ရုံကြိုးစားမှုနှင့် မယှဉ်နိုင်ခဲ့ပါ။

"ငါတို့သာ ရည်းစားမထားတာနော် ချယ်ရီ ... မိဇာနဲ့ သွယ်သွယ်တို့က သူ့ဟာနဲ့သူ ဖြစ်နေပြီ"

သူဇာက စက်ဘီးနင်းနေရင်း ပြောသည်။

ချယ်ရီ ငြိမ်သက်စွာ လိုက်လာရင်း ဘာမှ မပြောမိ။ သူငယ်ချင်းတွေ ရည်းစားထားနေပြီဖြစ်သော်လည်း အားကျစိတ်မဖြစ်မိ။ စိတ်ထဲလည်း ဘယ်သူ့ကိုမှ စိတ်ဝင်စားခြင်းမျိုးမရှိ။ သို့သော်

ဒီထင်းရှူးလမ်းလေးကို စက်ဘီးနင့်ဖြတ်သွားတိုင်းတော့ လူတစ်ယောက်ကို တမ်းတမ်းတတ သတိရမိသည်။

နင်ဘာတွေလုပ်နေလဲ ဇော်...

ငါ့ကိုမေ့နေပြီလား ... ဇော်ရယ်။

ထိုသို့ စိတ်ထဲက မေးမိတိုင်း ရင်ထဲ နာကျင်မိသည်။ တစ်ခါတစ်လေဆို မျက်ရည်ဝဲလာတဲ့အထိ ဝမ်းနည်းမိသည်။ ဖျူးမနားဆိုသည့်မြို့လေးက ဒီနယ်မြို့လေးနှင့် သိပ်အလှမ်းဝေးလှသည့်နေရာတော့မဟုတ်။ သို့သော် ဇော်ကတော့ ထိုမြို့လေးကို ပြောင်းသွားကတည်းက ပြန်မလာသည့်အပြင် ဘာသတင်းမှမကြားရတော့။

"နှစ်တိုင်း Valentine day ရောက်ရင် ငါတို့ဆုံကြမယ်ဆိုနင် ငါ့ကို ကတိပေးခဲ့ပြီး အခုတော့ လေထဲမှာပဲ အဆုံးသတ်သွားပြီလား ဇော်ရယ်... နင်သာ ရောက်အောင်လာမယ်ဆို နင်သာ... ကတိသာတည်မယ်ဆို မနက်ဖြန် နင်လာရမှာ မဟုတ်ဘူးလား..."

"ဟဲ့ ငြိမ်လှချည်လား... ဘာလဲ သတိုးကို ပြန်ကြိုက်မို့စဉ်းစားနေတာလား"

သူဇာ စကားကြောင့် တွေးနေသည့် အတွေးစတွေ ပြတ်တောက်သွားရသည်။

"မဟုတ်ပါဘူးဟာ... ငါ အဲ့ဒါတွေ စိတ်မဝင်စားပါဘူး"

"ဟုတ်ပါ့မလား ဒေါ်ချယ်ရီရယ်... ငါတော့ မယုံပါဘူး"

ဟက်ဟက်ပက်ပက် ထရယ်နေသော သူဇာကို ပြန်ရှင်းချက်မထုတ်ဘဲ ငြိမ်နေလိုက်သည်။ ထင်ချင်သလိုသာ ထင်ကြ၊ မပြောလိုတော့။ သူ့စိတ်ထဲမှာတော့ ဇော်က သူပေးထားတဲ့ ကတိကို တည်နိုင်လား မတည်နိုင်ဘူးလားဆိုသည့်ကိစ္စကိုပဲ စိတ်ဝင်စားနေမိသည်။

* * *



*ငါဟာ သူရှိရာ အရပ်ကို*
*ဦးတည် ခုတ်မောင်းနေတဲ့*
*ရထားတစ်စင်းပေါ့၊*
*သူရှိရာအရပ်မှာ ခြေစုံရပ်*
*ရွှေလျားမှုအားလုံး အရှိန်သတ်ပြီး*
*သူ့အတွက် ဖန်တီးပေးမဲ့*
*မနက်ဖြန်များစွာကို*
*တနင့်တပိုးသယ်လာခဲ့ပြီ...*

***13 February 1998***

ကဗျာရေး၍ အပြီးမှာ ဒိုင်ယာရီစာအုပ်ကို ပိတ်ပြီး ဇော်ကျေနပ်စွာ ပြုံးနေမိသည်။

"ငါလာပြီ... ချယ်ရီ..."

စိတ်ထဲလည်း တိုးတိုးလေးညည်းပြီး ချယ်ရီမျက်နှာလေးကိုပြေးမြင်မိတော့ ရင်ထဲ နွေးခနဲ လှိုက်ဖိုမိသည်။ ဂျုံးဂျုံးဂျက်ဂျက် ခုတ်မောင်းနေသော ရထားကြီးနည်းတူ သူ့ရင်ခုန်တွေလည်း အတိုင်းအဆမဲ့ လှုပ်ရှားယိမ်းယိုင်နေသည်။ ချောကလက်နှင့် လက်ဆောင်ပစ္စည်းများပါသည့် ကျောပိုးအိတ်ကို ရင်ဝယ်ပိုက်ပြီး အပြင်ဘက်သို့ငေးကြည့်လိုက်တော့ လရောင်အောက်တွင် လယ်ကွင်းပြင်များကို ဖျတ်ခနဲ ဖျတ်ခနဲ မြင်နေရသည်။

ချယ်ရီကိုတွေ့လျှင် ပြောရမည့်စကားများ သူ့ရင်ထဲ ပြည့်သိပ်လို့နေသည်။ ထိုထဲတွင် ချယ်ရီကို ချစ်နေသည့်အကြောင်းလည်း ပါသည်။ ကာလာရှည်ကြာ ခွဲခွာနေရ၍ ထင်ပါသည်။ ချယ်ရီကို ချစ်နေသည့် စိတ်သည် သေချာသထက် ပို၍ သေချာသွား၏။

သို့သော် ဖွင့်ပြောဖို့တော့ သူတော်တော် အားမွေးရဦးမည်။ သူသာဖွင့်ပြောလိုက်ရင် ချယ်ရီဘက်က ဘယ်လို တုန့်ပြန်လာမလဲ … သူမတွေးရဲပေ။ အကယ်၍ … ချယ်ရီဘက်က သူ့အချစ်ကို ငြင်းမည်ဆိုရင်လည်း ချယ်ရီ အလွန်တော့မဟုတ်။

ချယ်ရီနှင့်သူက ဘဝပေးအခြေအနေမတူ ဦးတည်ရာတွေလည်း မတူ…၊ ကြိုးစားတည်ဆောက်ပုံချင်းလည်း မတူကြ၊ အရာအားလုံးဟာ… မိုးနှင့်မြေလို အစစအရာရာ ကွခြားလွန်းသည် မဟုတ်လား။ ဟင်း…

အတွေးကို လက်စဖြတ်ကာ မျက်လုံးစုံမှိတ် အိပ်ဖို့ပဲဆုံးဖြတ်လိုက်သည်။

မနက်ဖြန် ဘာဖြစ်လာမလဲ ဘယ်သူမှမပြောနိုင်။ သေချာတာတော့ မနက်ဖြန် ချယ်ရီကိုတွေ့ပြီး ချောကလက်တွေ ပေးမည်။ ချယ်ရီကလည်း သူ့လက်မှာ လက်ကိုင်ပုဝါလေးတစ်ထည် ချည်ပေးဦးမည်ဟုပဲ ယုံကြည်မိသည်။

* * *

နာရီကိုကြည့်တော့ မနက်ခြောက်နာရီ။ ချယ်ရီ အိပ်ရာမှ ဝုန်းကနဲ ကုန်းထကာ စာအုပ်များကို ကပျာကယာ ကောက်သိမ်းလိုက်သည်။ ညက ညဥ့်နက်ထိ စာကျက်ထား၍ မိုးစင်စင်လင်းမှ နိုးတော့သည်။ ကျူရှင်က ခုနစ်နာရီမို့ ရေချိုးဖို့နှင့် ပြင်ဆင်ဖို့ကို နာရီဝက်နှင့် အပြီးလုပ်ရသည်။

"ချယ်ရီ… သမီး သူငယ်ချင်း စက်ဘီးနဲ့ လာစောင့်နေတယ်"



ဖြီးလိမ်းပြင်ဆင်ပြီး အပြင်ထွက်လာသည့် ချယ်ရီကို အမေက တွေ့တွေ့ချင်း ပြောသည်။

"ဇော်လား… ဇော်ရောက်နေတာလား"

ချယ်ရီ ဝမ်းသာအားရ ထပြောတော့ အမေက မျက်မှောင်ကြုံ့ကြည့်ပြီး

"ဇော်ကဖြင့် အလုပ်သွားလုပ်နေတာ…ဘယ်လောက်ကြာနေပြီလဲ…ရူးများနေလား… အခုက ဟိုစာတော်တဲ့ ကောင်လေးလေ… မျက်မှန်လေးနဲ့"

"ဪ…"

အခုမှပဲ သတိုးပြောခဲ့သည့်စကားကို သွားသတိရသွားမိသည်။ အမေပြောသလို သူရူးနေတာပဲ ဖြစ်မှာပါ။ စက်ဘီးဆိုတဲ့ အရာကိုမြင်ရင် ဇော့်ကိုပဲ အရင်ပြေးမြင်မိသည်။ ဇော်မရှိကတည်းက ချယ်ရီလည်း ကိုယ့်ဘာသာ စက်ဘီးနင်းပြီး ကျောင်းသွားဖြစ်သည်က များသည်။

"သမီးနဲ့ အဲ့ဒီကောင်လေးက ဘယ်အခြေအနေရောက်ပြီးလဲ … မေမေ့ကို မှန်မှန်ပြော"

မေမေက တွေတွေဝေဝေ ဖြစ်သွားသည့် သူ့ကို အကဲခတ်ပြီး မေးလာသည်။

"ဟာ သူငယ်ချင်းပါ… မေမေရဲ့ သမီးတို့က ဘာဆိုဘာမှ မဟုတ်ပါဘူး…"

"အေးပါ…ဟုတ်ပါပြီ…အခုချိန်တော့ ဘာမှမစဉ်းစားနဲ့ဦးနော်… သမီးအရွယ်ရောက်ရင် မေမေတို့ ပေးစားမယ်… ကောင်လေးက ဆိုးတော့မဆိုးပါဘူး…"

''ဟာ မေမေကလည်း မဟုတ်ပါဘူးဆို''

ချယ်ရီ အပြတ်ငြင်းပြီး မေမေပြင်ထားသည့် မုန့်ဟင်းခါးကို သုံးလေးလုတ်အပြေးစားလိုက်သည်။

''ဖြေးဖြေးစားပါ... နင်နေဦးမယ်''

''ဟင့်အင်း ရပြီ ... သွားပြီနော် မေမေ''

လွယ်အိတ်ကိုလွယ် မေမေ့ကို အပြေးအလွှားနှုတ်ဆက်ရင်း အပြင်ကို ထွက်လာခဲ့သည်။

ခြံပေါက်ဝတွင် ပန်းစည်းကိုင်ကာ အပြုံးနှင့်ဆီးကြိုနေသော သတိုးကို တန်းတွေ့လိုက်ရသည်။

''အိပ်ပျော်နေတာလား... ထွက်ချိန်နောက်ကျတယ်နော်''

''ပုံမှန်ပါပဲ... အရင်ကလည်း ဒီအချိန်ပဲထွက်နေကျ''

ချယ်ရီစိတ်ထဲလည်း မကြည်သဖြင့် အင်တင်တင်ပဲ ပြောလိုက်သည်။ အခုလို ပန်းစည်းနှင့် လာကြိုလိမ့်မည် မထင်။ ဘေးပတ်ဝန်းကျင် အမြင်လည်း မသင့်တော်သလို စိတ်ထဲလည်း ရှက်မိ၏။ သတိုးကတော့ ပန်းစည်းကိုကိုင်ကာ ပြုံးဖြီးဖြီးနှင့် လှမ်းပေးနေသည်။

''ရော့ နင့်အတွက်''

လှလှပပ ထုတ်ပိုးထားသော အဖြူရောင် နှင်းဆီပန်းစည်းလေးတွေကို သဘောကျမိသော်လည်း ချယ်ရီ လှမ်းမယူမိ။ ယူဖို့လည်း ဝန်လေးနေမိသည်။

''ယူလေ... နှင်းဆီဖြူ ကြိုက်တယ် မဟုတ်လား''

''ဒါတွေ ဘာလို့ ငါ့ကို ပေးတာလဲ''

သတိုးက ရက်ပြုံးတစ်ချက်ပြုံးကာ သူ့ကိုမရဲတရဲ အရင်ကြည့်သည်။



''ငါ့စိတ်ကို နင့်ကို ပြောပြချင်လို့ပါ...၊ ငါ နင့်ကို ချစ်နေတာကြာပြီဆိုတာ နင်လည်းရိပ်မိမှာပါ... ဒီနေ့တော့ ငါမှတ်မှတ်ရရ အသေအချာ ပြောချင်တယ် ငါ နင့်ကိုချစ်နေတယ် ချယ်ရီ...''

ချယ်ရီမျက်နှာလေး ရှိန်းခနဲနေအောင် ရှက်သွားသည်။ အခုလိုမျိုး လူကို စူးစူးစိုက်စိုက်ကြည့်ပြီး ဘွင်းဘွင်းထင်းထင်း လာပြောလိမ့်မည် မထင်ခဲ့။ နေရခက်မိသလို စိတ်ထဲလည်း ရှုပ်သွားမိ၏။

''ငါ့အချစ်ကို အသိအမှတ်ပြုတဲ့အနေနဲ့... ဒီပန်းစည်းလေးကို ယူပါနော်...''

''ဟင့်အင်း... ငါမယူချင်ဘူး ဒီအချိန်မှာ ငါတို့ စာပဲကြိုးစားသင့်တယ်...သတိုး၊ ဒါတွေပြောဖို့က စောပါသေးတယ်''

''မစောပါဘူး... ငါ့စိတ်နဲ့ဆို နောက်တောင်ကျနေပြီ... ပြီ...ဝါက အဖြေပြန်ပေးဖို့ ပြောနေတာ မဟုတ်ဘူးနော် အခုတော့ ငါတို့ စာပဲကြိုးစားကြမယ်... ALL-D ဝင်အောင်ကြိုးစားပြီး ဆေးကျောင်းအတူတက်ခွင့်ရမှ နင်အဖြေပြန်ပေးလည်းရတယ်... အခုက ငါချစ်နေတာ...နင့်ကို သိစေချင်လို့ပါ...နင်သိတယ်ဆို ဒီပန်းစည်းလေးယူနော်...ယူပါဟာ''

ချယ်ရီ သက်ပြင်းကို ဟင်းခနဲချကာ ပန်းစည်းကို လှမ်းယူလိုက်သည်။ သတိုးက ကျေနပ်စွာပြုံးသွားပြီး စက်ဘီးခြင်းထဲက ချောကလက်ဘူးတွေကိုယူပြီး ပေးပြန်သည်။

''ရော့ ချောကလက် ကြိုက်တယ်မဟုတ်လား''

ချောကလက်ကိုတော့ ချယ်ရီပြတ်ပြတ်သားသား ငြင်းလိုက်မိသည်။

ချောကလက်ကိုကြိုက်သော်လည်း သူပေးသည့် ချောကလက်တော့ မစားချင်။

ဒါကြောင့် ခပ်တည်တည်ပဲ ညာလိုက်၏။

"ဟင့်အင်း… ချောကလက် မစားဘူး… ငါနဲ့ သိပ်မတည့်လို့"

"ဟုတ်လား သူဇာက နင်ချောကလက် အရမ်းကြိုက်တာလို့ ပြောတယ်"

"အဲဒါ… နင့်ကို ချွန်လိုက်တာ နေမှာပေါ့… သွားရအောင် လေ… နောက်ကျနေပြီ"

"သြော်…အေး"

စက်ဘီးလေးသည် အိမ်ရှေ့မှထွက်ကာ ထင်းရှူးလမ်းလေး သို့ တဖြေးဖြေး ရောက်လာခဲ့သည်။ သူစိမ်းယောက်ျားလေး နင်းသည့် က်ဘီးနောက်က လိုက်ရ၍လားမသိ။ ချယ်ရီစိတ်တွေ မပေါ့ပါးမိ။ သတိုးကလည်း ဇော့်လောက်တောင် စက်ဘီးနင်း ကျွမ်းကျင်ပုံ မရပေ။

ဇော်ဆို စက်ဘီးကို ကျွမ်းကျွမ်းကျင်ကျင် နင်းနိုင်ရုံပင်မက တိုင်လ်လည်းကျသည်။ အရပ်မြင့်သူမို့ ကိုယ်ကိုကိုင်းပြီး ဟန်ထည် ိုင်သည့်ပုံက အလွန်ကြည့်ကောင်းသည်။ စက်ဘီးရပ်လျှင်လည်း ခြေတံရှည်များနှင့် မြေမှာ အရင်ဖမ်းထောက်ပြီး ကျီးခနဲဘရိတ်ညှစ် း ရပ်တတ်၏။ အရှိန်ကြောင့် ချယ်ရီလေး ဇော့်ကျောပြင်မှာ ပြေးကပ် ျင် ဇော်က သဘောကျစွာ ရယ်တတ်သေးသည်။ မျက်ခုံးထူထူ ထဲအောက်က ရွှန်းစိုတောက်ပသည့် မျက်ဝန်းတစ်စုံသည် ရယ်လိုက် ျင် ပို၍ဆွဲဆောင်မှုရှိသည်။ တည်တည် ကြည်ကြည်နေတတ်ပြီး ောက်ျားပီသသည့် သွင်ပြင်ရှိ၍ ကျောင်းသားများကြားတွင်



ဇော့်ပုံစံက အမြဲထင်ပေါ်သည်။

အခုတော့ ဇော်က ဘယ်လိုပုံစံ ပြောင်းလဲနေပြီလဲတောင် မသိတော့ပေ။

နင်မလာဘူးပေါ့နော်… ငါသိပါတယ်…ဇော်ရယ်… နင်ကမေ့နေပေမဲ့ ငါကတော့ နင်ပေးတဲ့ ချောကလက်ကို စောင့်နေတာပါ… ငါ ကတိတည်ကြောင်း နင့်ကို သိစေချင်လိုက်တာ… ဇော်ရယ်… ငါ့ကို တကယ်ပဲ သတိ မရတော့ဘူးလားဟာ

ဇော်အကြောင်းတွေးမိတိုင်း စိတ်ထဲ နုံးလျှလျှနှင့်နေ၍ မကောင်းတော့။

သတိုးကလည်း ရှေ့မှာ ဘာတွေပြောနေလဲ မသိ။ လေတိုးသံကြောင့် ဘာမှလည်း မကြားမိသလို ဘာမှလည်း နားမထောင်ချင်။ ဒီနေ့တော့ ဇော့်အကြောင်းပဲ တွေးချင်နေမိသည်။

"ဟင်"

တစ်ဖက်လမ်းကို ကြည့်နေရင်း ရုတ်တရက် ချယ်ရီကိုယ်လေး မတ်ခနဲဖြစ်သွား၏။ မျက်လုံးမှားတာလား အတွေးများနေတာများလား။ စက်ဘီးတစ်စီးနှင့် ဇော့်ကို လမ်းတစ်ဖက်မှာ တွေ့နေရသည်။

"ဇော်…သူက ဇော် မဟုတ်လား"

အပြောနှင့်အတူ ချယ်ရီ စက်ဘီးပေါ်မှ ခုန်ဆင်းလိုက်သည်။ သတိုးကလည်း စက်ဘီးကို ကမန်းကတန်းရပ်ပြီး သူ့ကိုလှည့်မေးသည်။

"ဘာဖြစ်လို့လဲ"

"ဇော်…ဟိုမှာ ဇော်"

သတိုးကို လက်ညှိုးထိုးပြရင်း မျက်ရည်တွေ ဝဲလာမိသည်။ သတိုးကတော့ နားမလည်သလို လိုက်ကြည့်နေသည်။

"သေချာတယ်… ဇော်ပဲ … ဇော်…"

"ဇော်"

တစ်ဖက်လမ်းက ကြားနိုင်လောက်သည့် အသံမျိုးနှင့် ချယ်ရီ အော်ခေါ်လိုက်သည်။ ဇော်က သူ့အသံကြားသည်နှင့် ချာကနဲ လှည့်ကြည့်ပြီး စက်ဘီးကို ချက်ချင်း ပြန်ကွေ့လာ၏။

သေချာပါတယ်… ဇော်မှ ဇော်ပါ။

ပေးထားသည့် ကတိအတိုင်း ရောက်အောင်လာသည့် ဇော်ရယ်ပါ…။ ဇော့်ကိုကြည့်ရင်း ချယ်ရီ ရင်တစ်ခုလုံး ကတုန်ကရီ နှင့် လှိုက်ဖိုနေမိသည်။

"ချယ်ရီ… ငါက အခု နင့်အိမ်သွားနေတာ"

ဇော်က သူနှင့် တစ်ထွာလောက်အလိုမှာ စက်ဘီးကိုရပ်ပြီး ရယ်ရယ်မောမောပြောသည်။ ချယ်ရီကတော့ ဇော့်ကိုတွေ့ရ၍ ပျော်မိသလို… ဇော့်စက်ဘီးခြင်းထဲက ချောကလက်တွေကိုပါ တွေ့ရ၍ အတိုင်းမသိ ဝမ်းသာနေမိသည်။

"နင် ဘယ်တုန်းက ရောက်နေတာလဲ"

"ညကမှ ရောက်တာ"

ဖြေလည်းဖြေရင်း ချယ်ရီနောက်မှာ ရပ်နေသည့် ကောင်လေးကိုလှမ်းကြည့်လိုက်သည်။ ထိုကောင်လေးကလည်း သူ့ကို စိုက်ကြည့်ပြီး

"သူက ဘယ်သူလဲ ချယ်ရီ"



"သြော်…သူက ငါ့သူငယ်ချင်း…ဇော်တဲ့…ဟိုးငယ်ငယ်လေးကတည်းက ခင်လာတာ… သူ့ဇာတို့နဲ့ တစ်ဖွဲ့တည်းပဲ… ဇော် … သူက ငါတို့အတန်းထဲကပဲ သတိုးတဲ့"

"သြော်…ဟုတ်"

လိုက်လိုက်လှဲလှဲ မပြုံးပြသည့် သတိုး ဆိုသည့်လူကို ဇော်လည်း ဝတ်ကြေတန်းကြေပဲ ပြန်ပြုံးလိုက်မိသည်။ သူမရှိတော့သည့် အတောအတွင်းမှာ ချယ်ရီကို အကြိုအပို့ လုပ်သည့် တာဝန်ကို ထိုလူရသွားတာများလား။ ချယ်ရီလက်ထဲက ပန်းစည်းဆီ အကြည့်ရောက်မိတော့လည်း အတွေးပေါင်းစုံနှင့် ရင်ထဲဖြောင်းဆန်နေ၏။ ဒီလိုနေ့မှာ ဒီပန်းစည်းကို ဘာအဓိပ္ပာယ်နှင့် ချယ်ရီရထားလဲ သူတွေး၍မရ။ ချယ်ရီကို ကြည့်ရသလောက်တော့ အပျော်ကြီးပျော်နေသည့်ပုံပါ။

"ဇော်…နင်ကလည်း…နေနိုင်လိုက်တာ စာလေးဘာလေးတောင် မရေးဘူး…ဒါနဲ့ ဆယ်တန်းက တကယ်မဖြေတော့တာလား"

"အင်း…မဖြေတော့တာ…"

"ဟင်း"

ချယ်ရီက စိတ်မောလူမောဟန်နှင့် သက်ပြင်းချပြီး သူ့ကို ကြည့်သည်။ သူကတော့ ချယ်ရီလက်ထဲက ပန်းစည်းလေးကိုပဲ ခေါင်းငိုက်စိုက်ကြည့်နေမိသည်။

"သွားရအောင်လေ… ချယ်ရီ… ငါတို့နောက်ကျနေပြီ"

သတိုးက နာရီတကြည့်ကြည့်နှင့် သွားဖို့ပဲ ပြင်နေ၏။

"ဟုတ်သား… နောက်ကျနေပြီ ငါသွားတော့မယ် ဇော် ညနေတွေ့မယ် သိလား…နင်လာတာ မျိုးကိုတို့ သိပြီးပြီလား"

"ဟင့်အင်း ငါအခုမှ ရောက်တာ..."

"ဟုတ်လား...ဒါဆို ညနေကျရင် နင့်အိမ်မှာ ဆုံကြမယ်လေ"

"အင်း"

"ဒါဆို ငါသွားပြီ ဇော်"

"အင်းပါ"

ချယ်ရီ တက်ထိုင်လိုက်သည်နှင့် စက်ဘီးသည် မြွားတစ်စင်းနယ် လျှင်လျှင်မြန်မြန်ပဲ ထွက်လို့သွားသည်။ လက်ကလေး ခါယမ်းကာ နှုတ်ဆက်ပြီးလိုက်သွားသည့် ချယ်ရီကို ကြည့်ပြီး ဇော်တစ်ယောက် ငူငူငိုင်ငိုင် ကျန်နေခဲ့သည်။

"ငါ နည်းနည်းနောက်ကျသွားတာများလား"

ဒါဟာ ငါ့အတွက် အဖြေများလား ချယ်ရီ...။

ငါ ဒီလောက်နဲ့ပဲ လှည့်ပြန်ရတော့မှာလား၊ မြင်နေရသည့် မြင်ကွင်းကို ကြည့်ပြီး ဟာတာတာနှင့် ဝမ်းနည်းနေမိသည်။ တကယ်ဆို သူ့အများကြီး မျှော်လင့်ခဲ့တာ။ ချယ်ရီကို စက်ဘီးပေါ်တင်ပြီး ဒီလမ်းလေးမှာ အပြေးနင်းမယ်လို့ စိတ်ကူးယဉ်ခဲ့မိတာ။ အခုတော့ စိတ်ကူးတွေလည်း သစ်ရွက်ခြောက်များလို လမ်းပေါ်မှာ လေထဲမှာ ဆောက်တည်ရာမရ ပျံ့ကြဲလို့နေ၏။

ဘာမှ မဟုတ်ပါနဲ့ ချယ်ရီရယ်...

ငါ...ဘာဆိုဘာမှ မခံစားနိုင်လို့ပါ...

ထိုသို့ တိတ်တိတ်လေး ဆုတောင်းပြီး အိမ်သို့ လှည့်ပြန်လာခဲ့ရသည်။ ❐



## အပိုင်း(၃)

အိမ်ပြန်ရောက်သည်နှင့် ဦးလေးက သူ့ကို မျက်ထောင့်နီနှင့် ကြည့်ကာ အော်ငေါက်တော့သည်။

"အဲ့ဒါ ဘယ်ကပြန်လာတာလဲ... ငါ...မင်းကို အရိပ်လေးပဲတွေ့လိုက်ရတယ်...၊ အထုပ်တွေချပြီး ရေကြီးသုတ်ပျာ... ဘယ်ကိုသွားတာလဲ ပြောပါဦး..."

မကျေမနပ် ပြောနေသော ဦးလေးကို သူဘာမှ ပြန်ပြောချင်စိတ်မရှိ။

"ငါ့ဆီလာတာ ငါ့ကိုတော့ ပြောသွားပေါ့...၊ အခုတော့ စက်ဘီးကိုဆွဲပြီး ထွက်သွားလိုက်တာ သူခိုးကျနေတာပဲ..."

ဦးလေး တဗျစ်တောက်တောက်ပြောလည်း သူဂရုမစိုက်နိုင်။ စက်ဘီးကို နေရာချပြီးသည်နှင့် ကြမ်းပြင်မှာ စိတ်ရှိလက်ရှိ ပစ်လှဲအိပ်လိုက်သည်။

"သြော်...တော်တော်ပင်ပန်းလာတယ်ပေါ့..."

"ဟုတ်တယ် ခရီးပန်းလာလို့ ... ခဏအိပ်ဦးမယ်၊ အေးမင်းဘယ်က ပြန်လာတာလဲလို့"

"ချယ်ရီ ဆီက"

ဦးလေးကို ခပ်ပြတ်ပြတ်ပြန်ဖြေပြီး မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

အများကြီး မျှော်လင့်ခဲ့လို့များလား…

အဲ့ဒီမြင်ကွင်းက ငါ့ကိုအမောဆို့စေတာ အမှန်ပဲချယ်ရီရယ်… ငါဘယ်လိုအဓိပ္ပါယ်ကောက်ရမှာလဲ ချယ်ရီ…၊ ငါဘယ်လိုမှ အဓိပ္ပာယ်မကောက်တတ်တော့ဘူး၊ စဉ်းစားရင်း ငါတကယ် အသက်ရှူကျပ်တယ်။

ပန်းစည်းဖြူဖြူလေး…ပြီးတော့ ချယ်ရီနောက်မှာ ရပ်နေသည့် ကောင်လေး… ထိုကောင်လေး၏ စက်ဘီးနောက်လိုက်သွားသည့်ချယ်ရီ…

ထိုပုံရိပ်တွေအားလုံး သူ့မျက်လုံးထဲ တဖျတ်ဖျတ် မြင်နေရသည်။

"တူတွေရှိတာ ဘာမှ အားမကိုးရဘူး… တစ်ခါတလေ ဦးလေးဆီလာတာ စကားလေးဘာလေး ပြောမှပေါ့… ငါကတော့ သူလာလို့ ပျော်နေတာ သူက သူငယ်ချင်းတွေလောက်တောင် ငါ့ကို တန်ဖိုးမထားဘူး…ဩော် ငါ့ဘဝ ငါ့ဘဝ ဘာကြောင့်များ အဲ့လောက်သနားစရာ ကောင်းနေရတာလဲ မသိပါဘူးကွာ"

ဇော်က ကြမ်းပြင်ပေါ်တွင် ဝမ်းနည်းပက်လက် လှဲနေချိန် ဦးလေးကလည်း မကျေမနပ် မြည်တွန်တောက်တီးလို့နေသည်။

မေမေ၏ တစ်ဦးတည်းမောင်ဖြစ်သူ ဦးကျော်က အိမ်ထောင်ကျပြီး သိပ်မကြာ မိန်းမဆုံးသွားလေရာ နောက်မိန်းမလည်း ထပ်မယူဘဲ မိဘတွေချန်ခဲ့သည့်အိမ်မှာပဲ တစ်ကိုယ်တည်း နေထိုင်လေသည်။

ဇော်တို့ ပျဉ်းမနားသို့ ပြောင်းသွားသော်လည်း သူက



လိုက်မနေ။ သူ့မိဘနှင့် မိန်းမခေါင်းချရာအရပ်မှာပဲ နေမည်ဟုဆိုကာ ခေါင်းမာစွာ နေခဲ့လေသည်။ ထို့ကြောင့် ဇော်ကိုတွေ့တော့ စကားပြောဖော်ရပြီဆိုပြီး အလွန်ပျော်နေသည့်ပုံပါ။

သို့သော် ဇော်ကလည်း သူ့အပူနှင့်သူ ဝမ်းနည်းပက်လက်ဖြစ်နေသည်မို့ ဦးလေးကို ဘာစကားမှ မပြောပေးနိုင်သည့်အချိန်ဖြစ်နေ၏။

ဇော်အချိန်အတော်ကြာ အိပ်ပျော်သွား၏။ သူနိုးလာတော့ နေ့လည် နှစ်နာရီထိုးနေပြီဖြစ်သည်။

"ဩော် နိုးလာသေးတယ်နော်…ငါက သေသွားပြီတောင်ထင်နေတာ…အခုပဲ မင်းအမေကို ဖုန်းဆက်အကြောင်းကြားရင်ကောင်းမလား စဉ်းစားနေတာ"

ဦးလေးက သူ့ခြေရင်းမှာ စိတ်ပျက်လက်ပျက်ထိုင်ကာ ပြောနေလေ၏။ သူအိပ်ချင်မူးတူးနှင့် ကုန်းထပြီး ဦးလေးမွေထားသည့်အထုပ်ကို လှမ်းကြည့်လိုက်သည်။

"အမေဟင်းတွေထည့်ပေးလိုက်တယ်နော်။ သွားခါနီးမှ ချက်ပေးလိုက်တာပဲ ကောင်းမကောင်းတော့ မသိဘူး…၊ ကိတ်သုံးဘူးနဲ့ ချောကလက်ကို မထိနဲ့ ကျန်တာ အကုန်ယူလို့ရတယ်…"

"ဟုတ်တယ် ချောကလက်တွေ ငါစားလိုက်ပြီ"

"ဟာ ဦးကျော်ကလဲ… ဘာလို့စားလိုက်တာလဲ"

ဇော် ပြူးပြူးပြဲပြဲ ထအော်လိုက်တော့ ဦးလေးက သူ့ကိုကြည့်ကာ ခွက်ထိုးခွက်လန်ရယ်နေ၏။

"ဟားဟား ငါ့တူ ငါ့တူ ဖြစ်သွားလိုက်တာများ ပြန်အန်ထုတ်နိုင်းမဲ့ပုံစံနဲ့… ရှိပါတယ်ကွ ငါမစားပါဘူး… ဘာလဲ မင်း

ချယ်ရီကိုကျေးမလို့ မဟုတ်လား''

ဖော် ဘာမှမပြောဘဲ ရေချိုးရန် ကုန်းထလာသည်။ ဦးလေး ကတော့ စကားပြောချင်သူမို့ သူသွားရာနောက် တကောက်ကောက် လိုက်ကာပြောသည်။

''မင်းက ချယ်ရီကို ကြိုက်နေတာလား''

''ရေချိုးမလို့ ဦးကျော်ရာ… ခဏလေးနေပါဦး''

''အေးပါကွာ မင်းကလည်း စိတ်ကြီးပဲ''

သူအော်တော့ ဦးကျော်ကမျက်နှာမကောင်းဘဲ ထွက်သွား၏။ စိတ်ထဲတော့ မကောင်းမိ။ တကယ်ဆို ဦးကျော်နှင့်မဆိုင်ဘဲ။ ဒေါသထွက်နေမိသည်။ သူ့စိတ်တွေတိုနေမိသည်။ ဟုတ်တယ်… သူဒေါသထွက်နေတာ သူ့သဝန်တိုနေတာ…။ ချယ်ရီကို သေချာမေး ရမည်…အဲ့ဒီပန်းစည်းကို နင်ဘာလို့ယူထားသလဲလို့မေးရမည်။ ဘာကိစ္စယူရတာလဲ မေးရမည်။ စိတ်ထဲမကျေလည်သမျှ ခေါင်းပေါ်မှ ရေတွင်တဝုန်းဝုန်း လောင်းချိုးချလိုက်သည်။ ရေချိုးပြီးမှ ဦးကျော်ကို သူမေးသမျှလည်း ဖြေပြီး သူပြောသမျှ နားထောင်ပေးတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

တူရီးနှစ်ယောက် ထမင်းလည်းစား စကားတပြောပြောနှင့် နေလိုက်သည်မှာ ညနေ လေးနာရီတွင် အိမ်သို့ မျိုးကို ရောက်လာ သည်။

''မင်းက သောက်အရေးမပါတာ…ငါ့ဆီတော့ အရင်မလာ ဘူး…ချယ်ရီပြောမှ သိတယ်…''

မျိုးကိုက အပြစ်ပြောရင်း အိမ်ထဲဝင်လာ၏။



''မင်းကျူရှင်တက်နေမှန်းသိလို့ မလာတာပါကွာ…အခုပဲ လာတော့မလို့ မင်းအရင်ရောက်လာတာ''

''အပိုတွေမပြောနဲ့ ဟေ့ကောင် မင်း… ချယ်ရီဆီတော့ သွားတယ်မဟုတ်လား''

''အင်း… သူ့ဆီအသွားမှာ လမ်းမှာတွေ့တာပါ… ကောင်လေးတစ်ယောက်နဲ့…''

မျိုးကိုဆီက တစ်ခုခု သိလိုငြား ဖော်တမင်တကာ ပြောလိုက် သည်။ မျိုးကိုက အကင်းပါးသူပီပီ သူ့ပခုံးကိုဖက်ပြီး

''အဲဒီကောင်လေးနာမည်က သတိုးတဲ့… ချယ်ရီကို ကြိုက်နေတာ…''

''ချယ်ရီကရော သူ့ကိုကြိုက်လား''

''အဲ့ဒါတော့ အတိအကျမသိဘူး… တတွဲတွဲတော့ တတွဲတွဲ ပဲကွ… ကြိုက်ရင်လည်း ကြိုက်မှာပေါ့… ဒီကောင်က ရုပ်ရည်ရော ဥစ္စာရော ဘာမှ ပြောစရာ မလိုတာ… ဒါပေမဲ့ ယောက်ျားတံခွန် လူရည်ချွန်ပါကွာ… မင်းဘက်မှာ ငါတို့ရှိတယ်… မင်းသာ မနေး စေနဲ့…''

ဖော်ခေါင်းငိုက်စိုက်သာ နားထောင်နေမိသည်။ ဘာပြောရမှန်း လဲ မသိလောက်အောင် မျှော်လင့်ချက်မဲ့နေ၏။

ခဏကြာတော့ ချယ်ရီတစ်ယောက်မှလွဲ အားလုံးစုံစုံညီညီ ရောက်လာကြသည်။

''အဲဒီချယ်ရီမကလေ… ဘာတွေကြာနေလဲမသိဘူး… မသိရင် သူပဲ အစောကြီးရောက်မဲ့ပုံနဲ့ ဒီလိုမှန်းသိ တစ်ခါတည်း ခေါ်ခဲ့ပါတယ်… ပြောသာပြောတယ်… လိုက်မှာလဲ မဟုတ်ပါဘူး

သတိုးနဲ့ပဲ ပြန်ချင်မှာပေါ့ .... သူတို့နှစ်ယောက်က လိုက်တယ်နော် သွယ်၊ ငါပြောပါတယ်...ချယ်ရီမကလဲ ကြိုက်ရဲ့သားနဲ့ မူနေတယ်..."

"ဟုတ်ပ အဲ့ဒီမိန်းမ ကြိုက်ချင်နေပြီးတော့"

သွယ်သွယ်နှင့် သူဇာစကားတွေကို သူနားထောင်နိုင်စွမ်းတောင်မရှိတော့။ သူတို့ကို ကျောခိုင်းထိုင်နေပြီး ပျက်ယွင်းနေသည့် သူ့မျက်နှာကို မသိသာအောင် ဖုံးဖိနေရသည်။

"ဟယ် ချောကလက်တွေပါလား... ဇော် ငါတို့စားဖို့လား"

သူဇာက ကျောပိုးအိတ်ထဲက အဝတ်အစားများနှင့် ရောဖွက်ထားသည့် ချောကလက်ဘူးကိုတွေ့ပြီး ဝမ်းသာအားရ ထအော်၏။

"ဟဲ့ဇော်...ငါတို့စားဖို့လားလို့... ဒီနှစ် ချောကလက်မစားရသေးလို့ စားချင်လို့"

"အေး... စားချင်စားလေ... ချယ်ရီအတွက်တော့ နည်းနည်းချန်ထားလိုက် မစားရရင် ကောက်ဦးမယ်"

ဇော် ချောကလက်ဘူးလေးကို နှမြောတသစွာ ကြည့်ရင်း ပြောနေမိသည်။

"အမယ်လေး ချယ်ရီအတွက် မပူနဲ့... သတိုးပေးတဲ့ ချောကလက်တွေ အများကြီး ကုန်တောင်ကုန်မှာ မဟုတ်ဘူး... ငါတို့မှာသာ သူငယ်ချင်းတွေ ပေးစာကမ်းစာလေးစားနေရတာ... မဟုတ်ဘူးလား မိဇာ"

"ဟုတ်ပ...မျိုးကို အစုတ်ပလုပ်... နင်ငါ့ကို ဝယ်ကျွေးမယ်ဆိုပြီး ဘာမှလည်း မကျွေးဘူး"



မိဇာက မျိုးကိုကျောကိုထုပြီးပြောသည်။ မျိုးကိုကလည်း မိဇာကိုယ်ကို မသိမသာ ပြန်မှီပြီး ရယ်နေ၏။ ဇော်နှင့် မတွေ့ဖြစ်ကြသည့် ကာလအတောအတွင်းတွင် မိဇာနှင့် မျိုးကိုက တတွဲဖြစ်နေပြီး... သူဇာက...အရင်လို အစားပုတ်နေဆဲ။ တိုးဝေကလည်း အရင်ကအတိုင်း ကန္တကလျပြောတတ်ဆိုတတ်တုန်းပင်။ သွယ်သွယ်ကတော့ ခပ်အေးအေးနေတတ်သူပီပီ သူငယ်ချင်းတွေ အရွှန်းဖောက်သမျှ ဒိုင်ခံထိုင်ရယ်နေ၏။ တစ်ယောက်နည်းနည်း ဝေစားမျှစားနှင့် ချောကလက်က ကုန်သွားသည်။ ထိုအချိန်အထိလည်း ချယ်ရီက မလာသေးပေ။ ကိတ်မုန့်လှီးသူကလှီး၊ ကော်ဖီဖျော်သူကဖျော်... လက်ဖက်သုပ်သူကသုပ်နှင့် သူတို့စိတ်ကြိုက် လုပ်နေသော်လည်း ဇော်ဘာမှမပြောဘဲ ငြိမ်ကြည့်နေမိသည်။ ဦးလေးကလည်း သူ့အိမ်လူစည်လေ ကြိုက်လေမို့ တဟားဟားနှင့် သဘောကျလို့နေသည်။

"ဟိုမှာ ချယ်ရီ လာပြီကွ"

"ခြံထဲသို့ ချိုးဝင်လာသည့် ချယ်ရီ စက်ဘီးကိုမြင်သည်နှင့် ဇော် ဝမ်းသာအားရ ထအော်လိုက်သည်။"

"အမယ်လေး ဇော့်အသံအခုမှ ကြားရတော့တယ်... ငါက ခေါင်းညိတ်ခေါင်းခါပဲ လုပ်တတ်တယ် ထင်တာ"

တိုးဝေက မဲ့မဲ့ရွဲ့ရွဲ့ထပြောသည်။

"အေးလေ... ဟုတ်ပ... ခုနကတော့ အသေကောင်လို့ ထိုင်နေတယ်"

သူငယ်ချင်းများ တစ်ယောက်တစ်ပေါက် ပြောဆိုနေသည်ကို ဇော်ရယ်ကျဲကျဲပဲ နားထောင်နေလိုက်သည်။

"ငါလာပြီ... သူဇာမ ငါ့တောင်မစောင့်ဘူး၊ ငါက

နင်လာနိုး လာနိုးနဲ့ စောင့်နေတာ''

သူဇာကို အပြစ်တင်ရင်း ချယ်ရီ အိမ်ပေါ်သို့ တက်လာခဲ့သည်။

''မသိဘူးလေဟာ ငါက ကျူရှင်ကနေတန်းဝင်လာတာ အိမ်တောင်မပြန်ဘူး…''

သူဇာက လက်ဖက်သုပ်နေရင်း ပြန်အော်ပြန်သည်။

''အဲ့ဒါ ဘာလုပ်နေကြတာလဲ…ကုန်ပြီလား၊ ငါ့တောင် မစောင့်ကြဘူး''

''အမယ်လေး ချောကလက်ပဲ စားရသေးတာ… ဘာမှ မစားရသေးဘူး… နင်မလာလို့ အမိန့်မကျဘူး''

''ချောကလက် စားနေကြတာလား''

အခွံပဲကျန်တော့သည် ချောကလက်ဘူးကို ကြည့်ပြီး ချယ်ရီ မျက်နှာကွက်ခနဲ ပျက်သွားမိသည်။ ဇော့်ကိုလှမ်းကြည့်တော့ ဇော်က အေးအေးလူလူ ပြုံးပြီးကြည့်နေ၏။

''နင့်အတွက် ချန်ဖို့ပြောပါတယ်… သူတို့က နင်ဒီနေ့ ချောကလက်တွေ အများကြီးရထားတယ်တဲ့…ဟုတ်လား''

ဇော်အမေးကို ချယ်ရီမျက်နှာထားတင်းတင်းနှင့်ပဲ ခေါင်းညိတ်ပြလိုက်သည်။ ဇော်လည်း ခပ်ဆိတ်ဆိတ်နေကာ ဘာမှ ဆက်မမေးတော့ပေ။

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ပါးစပ်မစေ့ရအောင် အရွှတ်အနောက်ပြောနေသော်လည်း ဇော်ရော ချယ်ရီပါ ဟက်ဟက်ပက်ပက် လိုက်မရယ်ကြ။ တစ်ခါတလေမျက်လုံးချင်းဆုံလျှင်တောင် မျက်နှာလွှဲကာ ခပ်တင်းတင်းနေကြသည်။



ညနေပြန်ချိန်ရောက်တော့ ဟိုအရင်းကအတိုင်း လူစုခွဲပြန်ဖို့ လုပ်ကြသည်။ ချယ်ရီက ဘယ်သူကိုမှ ဘာမှဝင်မပြောဘဲ သူ့စက်ဘီးကိုထုတ်ကာ ပြန်ဖို့လုပ်သည်။

''ချယ်ရီ…ငါလိုက်ပို့မယ်လေ…''

''မလိုဘူး…ရတယ် ငါ့ဘာသာပြန်မယ်…''

''ဟော့ ဟော့ မိုးချုပ်နေပြီ… အရင်ကအတိုင်းပဲ ကိုယ့်လူ ကိုယ်ပြန်ဖို့''

မျိုးကိုကလည်း ကြားထဲက ဝင်ပြောပေး၏။ ဒါကိုပဲ သူဇာက မခံမရပ်နိုင်ဖြစ်ကာ…

''ဩော် အဲ့ဒီတော့ နင်တို့က အတွဲကိုယ်စီနဲ့ ငါ့ကျတော့ ကျီးထိုးထိုး ခွေးစားစားပေါ့ ဟုတ်လား''

''ဒါပေါ့ အသားပေါ်တယ်လေ…သတ္တဝါတွေ လျှဒါန်း… ကုသိုလ်ရတယ်…ဒါမှ နောက်ဘဝ ငါ့လိုလှမှာ''

တိုးဝေ မခံချိမခံသာဖြစ်အောင်စသည် သူဇာကလည်း မခံ။ ကတ်ကတ်လန်အောင် ပြန်ရန်တွေ့၏။

''အဟက် ဟက် ဖြစ်မှဖြစ်ရလေ အခြောက်မရယ်… နင့်လို မုဆိုးမအိမ်က လက်နှီးစုတ်လို အသားရည်နဲ့များ မကြောက်မရွံ့ ထပြောရဲသေးတယ်နော်…''

''အမယ်လေး ရယ်ချင်တာ… ယှဉ်ကြည့်စမ်းပါ လာ ယှဉ်ကြည့်… နင့်အသားအရည် ငါ့အသားအရည်… နံ့သာဆီနဲ့ အီးမဲပဲ…''

''ဟဲ့ နင် မိုက်ရိုင်းလှချည်လား''

နှစ်ယောက်သား အနိုင်မခံပြောရင်း ထသတ်မလို ရယ်ဖြစ်ကြပြန်သည်။

“ကဲ မပြီးတော့ဘူးလား နင်တို့နှစ်ယောက်က”

ချယ်ရီထအော်တော့လည်း နှစ်ယောက်သား ငြိမ်ကျသွားပြန်သည်။

“သူဇာကို ဇော်လိုက်ပို့လိုက်…ငါက ရတယ် ကိုယ့်ဘာသာပြန်လိုက်မယ်”

ချယ်ရီက ပြောပြောဆိုဆို စက်ဘီးတွန်းထွက်သည်။ ဇော်က ပေးမသွား။ ချယ်ရီစက်ဘီး ဖင်ထိုင်ခုံကို မလွှတ်တမ်း ဆွဲထား၏။ ဒါကို ရိပ်မိသည့် သူဇာက…

“ငါက ရပါတယ် နီးနီးလေး … နင်သာဝေးတာ ဇော်လိုက်ပို့လိုက်…အခြောက်မ နင်နဲ့ငါ နောက်နေ့ စာရင်းရှင်းမယ်သိလား”

“ရတယ်…အချိန်မရွေးဘဲ”

သူဇာနှင့် တိုးဝေက အော်ဟစ်ဟစ်ရင်း ထွက်သွားကြသည်။ ဇော်နှင့် ချယ်ရီနှစ်ယောက်တည်းပဲ ကျန်ခဲ့သည်။ ဇော်က ချယ်ရီကို သေချာကြည့်တော့ ချယ်ရီက မျက်နှာလွှဲကာ စူပုတ်နေ၏။

“ချယ်ရီ… နင် ဘာဖြစ်နေတာလဲ”

“ဘာဖြစ်လို့လဲ”

ဘုဆတ်ဆတ်ဖြေပြီး စက်ဘီးပေါ် ဆောင့်ကြီးအောင့်ကြီးတက်ထိုင်၏။

အချိန်အတော်ကြာထိ ဘာစကားမှ မပြောဖြစ်ကြ။ ဇော်ကလည်း သူ့အတွေးနှင့်သူ စက်ဘီးကိုနင်းနေသလို ချယ်ရီကလည်း ဘာစကားမှ မပြောဘဲ ငြိမ်ငြိမ်လေးလိုက်လာသည်။



ငုတ်လျှိုးပျောက်ကွယ်တော့မည့် နေမင်းသည် အလှပဆုံးသော အရောင်ဖြင့် ကောင်းကင်ကို ဆေးခြယ်ထားသည်။ လေ…တဖြူးဖြူး တိုက်နေ၏။ ထင်းရှူးလမ်းလေးရောက်တော့ ဇော်က စက်ဘီးကို ရပ်လိုက်သည်။

ချယ်ရီက …. စက်ဘီးပေါ်မှဆင်းပြီး စူပုတ်ပုတ်နှင့်မျက်နှာလွှဲနေသည်။

“ငါအချိန်မရဘူးဇော်… စာကျက်စရာရှိတယ်”

“အင်းပါ … ခဏလေး… နင့်ကို မေးစရာရှိလို့”

“ဘာလဲ”

“ဘာဖြစ်နေတာလဲဟာ… ငါ့ကိုတွေ့ကရတာ နင်မပျော်ဘူးလား… ငါဒီနေ့ဘာလို့ လာလဲသိလား”

“မသိဘူး”

“နင်တစ်ခုခု ဖြစ်နေတာလား”

“ဘာမှ မဖြစ်ပါဘူးဆို…သွားမယ်…ငါ့မှာ လုပ်စရာတွေရှိတယ်”

“နေပါဦး…ခဏလေးပါ… ငါလာတာ နင်တကယ်မပျော်ဘူးလား”

သူ့အမေးကြောင့် ချယ်ရီက စူးစူးရဲရဲ ပြန်ကြည့်သည်။

“နင်ရော… ငါ့ကိုပေးထားတဲ့ကတိတည်လို့လား”

“ငါတည်တယ်လေ… ငါရအောင်လာတယ်လေ…”

“တည်တယ်ဟုတ်လား… ဟုတ်ပါတယ်… အဟင်းနင့်ကတိတည်တယ်ပဲ…ထားပါတော့”

“သတိုးက ဘယ်သူလဲ … သူတို့က ပြောတယ် နင့်ကို

ကြိုက်နေတာတဲ့…"

"နင်သိပြီးပြီဆို ဘာလို့ငါ့ကိုလာမေးနေလဲ"

"နင်ပြောတာပဲ ကြားချင်တယ်… ချယ်ရီ… သတိုးက နင့်အတွက် ဘယ်လိုလူလဲ"

"သတိုးက ခုထိတော့ သူငယ်ချင်းပဲ… နောင်တစ်ချိန်တော့ မပြောတတ်ဘူး"

"အင်းပါ… ငါသိပါပြီ… သွားရအောင်"

ဘာမှ ထပ်မမေးဘဲ စက်ဘီးဆက်နင်းနေသည့် ဇော့်ကျောပြင်ကို ချယ်ရီစိတ်ရှိလက်ရှိ ထုရိုက်ချင်နေမိသည်။ ဘာကြောင့်များ အဲ့လောက်တုံးအရတာလဲ…ဟု မေးချင်စိတ်ပင် ပေါက်မိသည်။ ဇော့် စက်ဘီးနောက် လိုက်ရသည့် အခေါက်ပေါင်းများစွာထဲတွင် ဒီတစ်ခေါက်သည် ချယ်ရီအတွက် အပင်ပန်းဆုံးပင်။

အိမ်ပြန်လမ်းက တိတ်ဆိတ်နေသည်။ လေတွေဆန်၍ မတိုက်ပါဘဲ စက်ဘီးက လေးကန်နေ၏။ အိမ်ရှေ့ရောက်တော့… ဇော်ကပဲ အရင်နှုတ်ဆက်သည်။

"စာကြိုးစားနော် ချယ်ရီ… ကျန်းမာရေးလည်း ဂရုစိုက်"

"အင်း"

"ငါ မနက်ဖြန် ပြန်တော့မယ်…နင့်ကို တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်…"

ထိုသို့ပြောတော့လည်း ချယ်ရီ စိတ်မကောင်းမိ။ အကြာကြီး ပြန်ခွဲရဦးမည်ဆိုသည့်အသိက ဝမ်းနည်းစေမိပြန်သည်။ ဇော်က သူ့လက်ကို ချယ်ရီရှေ့သို့ ကမ်းပေး၏။



"ဒီနှစ်ရော ငါ့လက်မှာ လက်ကိုင်ပုဝါလေး မချည်ပေးချင်ဘူးလား"

"ဒါဆို ငါ့အတွက် ချောကလက်က ဘယ်မှာလဲ ပေးလေ"

မျက်ရည်ဝဲကာ မေးတော့ ဇော်က အိတ်ကပ်ထဲမှ ချောကလက်တစ်ထောင့်ကို ထုတ်ပေးသည်။

"နင့်အတွက်ချန်ထားတာ… သူတို့ကုန်အောင်စားမှာစိုးလို့"

ချယ်ရီ… ဇော့်လက်ထဲမှ ချောကလက်ကို ဆွဲယူပြီး ဒေါသတကြီး လွှင့်ပစ်လိုက်သည်။

"မစားဘူး… ဒီလောက်နည်းနည်းလေး ဘာလုပ်ရမှာလဲ"

"ချယ်ရီ နင်ဘာဖြစ်နေတာလဲဟာ… သူတို့က နင်ချောကလက်အများကြီးရတယ်ဆိုလို့ စားလိုက်တာပါ"

"ဟုတ်တယ်… ငါ့မှာ ချောကလက်တွေ အများကြီးပဲ ရှိတယ်… စားလို့တောင်မကုန်ဘူး၊ နင် အဲ့လိုထင်တယ် မဟုတ်လား၊ အဲဒီအတိုင်းပဲ… နင်မှတ်ထားဇော်… ပင်လယ်ထဲမှာ ရေတွေ ရှိတယ်လို့ပြောရင် နင်ပြေးကြည့်ပြီးမှ ယုံ…"

"ငါ ဘာကိုယုံရမှာလဲ… အခု ငါဘာကိုယုံရမလဲ မသိတော့ဘူး"

သူ့ပုံစံကိုကြည့်ရင်း ချယ်ရီက ခနဲ့တဲ့တဲ့ ရယ်နေပြန်သည်။

"သိသားပဲ နင့်ဦးနှောက်က အဲ့လောက်မပြေးဘူးဆိုတာ… ငါအစကတည်းက သိသင့်တယ်… စိတ်ရှုပ်တယ် ငါသွားတော့မယ်"

"ချယ်ရီ"

အိမ်ထဲဝင်တော့မည့် သူ့ကိုဇော်က ရှေ့မှာပိတ်ရပ်ထား၏။

"ငါ့လက်မှာ လက်ကိုင်ပုဝါလေးချည်ပေးပါဟာ တစ်နှစ်တစ်ခါတည်းရတဲ့ လက်ဆောင်မို့လို့ပါ"

"အဲဒီလက်ကိုင်ပုဝါရရင် နင်…တကယ် ကျေနပ်ပြီလား"

"အင်း"

ဇော့်ကို ကြည့်ရင်း ချယ်ရီ ဒေါသတွေ အလိပ်လိုက်ထွက်လာမိသည်။

"လောဘနည်းလိုက်တာ ဇော်ရယ်၊ နင်ဘာမှ အသုံးမကျဘူး" ဟု ပျစ်ပျစ်နှစ်နှစ် ပြောပစ်လိုက်ချင်သည်။

သို့သော်လည်း မပြောထွက်။

ပိုက်ဆံအိတ်ထဲမှ လက်ကိုင်ပုဝါကိုထုတ်ပြီး ဇော့်လက်မှာ ချည်ပေးချိန်တွင် ငိုချင်မိတာပဲရှိသည်။ ဇော်ကတော့ လက်ကိုင်ပုဝါ ချည်ထားသော လက်ကလေးကို ပြုံးပြုံးလေးကြည့်ကာ ကျေနပ်နေ၏။

"ကျေးဇူးပါ… ငါ ဒါလေး အရမ်းသဘောကျတယ်"

"နင်သဘောကျရင် ပြီးတာပါပဲ"

"အင်း… ငါသွားတော့မယ် နေကောင်းအောင်နေနော် … ချယ်ရီ"

"အင်း… နင်ရောပဲ…"

"ငါနှစ်တိုင်း ဒီလိုနေ့ဆို ပြန်လာခဲ့မယ်၊ ဒါပေမဲ့ ငါလာစရာမလိုတော့ဘူးလို့ နင်ပြောတဲ့ တစ်နေ့ကျရင်တော့ ငါမလာတော့ပါဘူး"

"ဒါဆို… ငါမပြောမချင်း ဒီလိုလက်ကိုင်ပုဝါလေးတွေ ယူဖို့ ပြန်လာဦးမယ်ပေါ့…"

"အင်း…ပြန်လာမှာပေါ့"



"ကောင်းပြီလေ… လက်ကိုင်ပုဝါတွေ ပိုဝယ်ထားရမှာပေါ့"

ပြောပြီးသည်နှင့် ချယ်ရီက သူ့လက်ထဲမှ စက်ဘီးကို ဆွဲယူပြီး အိမ်ထဲသို့ ဝင်သွားသည်။

ဇော် အိမ်ကိုမပြန်သေးဘဲ ချယ်ရီတို့အိမ်ရှေ့က ခုတင်ခုံမှာ အချိန်အကြာကြီး ထိုင်နေမိသည်။ ဘာကြောင့်များ အသဲစိုင် တစ်ခုလုံး ဆွဲနုတ်သွားသလို လစ်ဟာပြီး ကျန်ခဲ့မှန်းမသိ။ လက်ကိုင်ပုဝါချည်ထားသည့် လက်ကိုဆုပ်ကိုင်ထားရင်း သူ့ကိုယ်သူအားတင်းနေရသည်။

မိုးသည် စုန်းစုန်းချုပ်သွားပြီဖြစ်သည်။ အိမ်ပြန်လမ်းက မှောင်မိုက်နေ၏။ ဒါဟာ သူ့အတွက် ကြိုပြေးနမိတ်တွေပဲ ဖြစ်သည်။

သူ့အဖြစ်က ပန်းမဝင်ခဲ့သည့် ကစားသမားလို နာနာကျင်ကျင်နှင့် အားကုန်ခမ်းသွားတာပဲ အဖတ်တင်ခဲ့သည်။

သူပြန်ဖို့ အထုပ်တွေ သိမ်းတော့ ဦးလေးက စိတ်မကောင်းဖြစ်စွာ တဖျစ်တောက်တောက် ပြောပြီး အိပ်ရာဝင်သွားသည်။

ဦးလေးစိတ်မကောင်းလည်း မတတ်နိုင်။ သူရှိနေလည်း သူငယ်ချင်းတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေမှာ မဟုတ်လား။ စာမေးပွဲဖြေဖို့ အားစိုက်နေသည့် သူငယ်ချင်းတွေ၏ အချိန်ကိုလည်း မဖြုန်းချင်။ ထို့ကြောင့် မနက်ဖြန် ပြန်ဖို့ ဆုံးဖြတ်လိုက်ခြင်းပင်။

အိပ်ခါနီး ဒိုင်ယာရီစာအုပ်ကို ရင်ဘတ်ပေါ်တင်ပြီး သူတော်တော်နဲ့ အိပ်မရခဲ့။ ကဗျာတစ်ပုဒ်… သူပွင့်အန်ထွက်ရမဲ့ ကဗျာတစ်ပုဒ်ကို စဉ်းစားနေမိသည်။

ဆုး

*စကားကုန်တော့ မဟုတ်ဘူး*
*အစွမ်းကုန်အောင်ချစ်ခဲ့ပြီးနောက်*
*နှလုံးသားက ဘယ်နားထိထိနာတယ်*
*ဘဝမှာ ပထမဆုံးဖူးတဲ့ အဖူး*
*အပွင့် မဖြစ် ကြွေရတာလောက်*
*ခံရခက်တာ မရှိဘူး*
*ချစ်တယ်ဆိုတဲ့ စကားကို*
*အပြုံးနဲ့ပြောတဲ့အချိန်*
*ပြုံးပြီးနားထောင်နေသူကို*
*တစိမ့်စိမ့်ကြည့်ချင်ခဲ့သော်လည်း*
*အစကအဆုံးဖြစ်ခဲ့တယ်*
*မျှော်လင့်ချက် အဆိပ်ဆူးလေး ရင်မှာစူးနေတယ် ချစ်သူ…*
*ပြန်မနုတ်ဘူး နာနာကျင်ကျင်ပဲ ပြောနေမိတယ်။*
*ငါနင့်ကိုအရမ်းချစ်တယ်….*
***14 February 1998***

ပါးပြင်သို့ မျက်ရည်တွေစီးကျနေသည်။
ငါ…နင့်ကိုချစ်တယ်…ချယ်ရီ…
ဒီစကားလေး နင့်ကိုပြောဖို့ အပြေးလာခဲ့တာပါဟာ…။
ဒါပေမဲ့… ငါတကယ်နောက်ကျသွားခဲ့ပြီ…။
အိပ်ရာထက် လူးလိမ့်ကာ သက်ပြင်းတွေချနေမိပြန်သည်။ ထိုညက မိုးစင်စင်လင်းသည်အထိ သူတရေးမှ အိပ်မပျော်ခဲ့ပါ။



## အပိုင်း(၄)

တွက်လက်စ သင်္ချာပုစ္ဆာကို စိတ်ရှုပ်ထွေးစွာပင် ဆွဲခြစ်ချလိုက်သည်။ တကယ်တော့ ထိုပုစ္ဆာတွေဆိုတာ ချယ်ရီအတွက် မေးခွန်းမြင်တာနှင့် အဖြေတစ်ခါတည်း တန်းသိသည်အထိ ဖွတ်ဖွတ်ညက်ညက်ကျေအောင် လေ့ကျင့်ပြီးသား။ အကုန်သိပြီးသားပါ။ သို့သော် အခုချိန်မှာ သူ့ဦးနှောက်က ဘယ်လို ဘာမှ အာရုံစိုက်လို့မရခဲ့ပေ။

တွက်နေသည့် စာရွက်ကို စိတ်တိုတိုနှင့် လုံးချေပြီး လွှင့်ပစ်လိုက်ပြန်သည်။ စိတ်ထဲမှာ တနုံ့နုံ့နှင့် ဒေါသဖြစ်လို့မဆုံး။

"သူက ကတိတည်တယ်တဲ့လား….၊ ဘာကတိတည်တာလဲ… ကိုယ်ပေးထားတဲ့ကတိတောင် သေချာမမှတ်ထားဘူးလားဖော်ရယ် နင်ဘယ်နေရာရောက်ရောက် ငါ့ဆီပြန်လာပြီး ငါ့ကို ချောကလက်ကျွေးမှာပါဆို… ငါအရမ်းကြိုက်တာ သိရက်နဲ့ ဘာလို သူများကျွေးပစ်လိုက်တာလဲ…

ဒါအစားတစ်လုပ်နှင့် ဒေါသဖြစ်နေတာမဟုတ်။ ကျန်သည့်နေ့တွေမှာ ချောကလက်ဆိုတာ ရိုးရိုးစားစရာတစ်ခု။ သို့သော် Valentine day မှာ ချောကလက်က ဘယ်လိုအဓိပ္ပါယ်ဖော်ဆောင်လဲ… သူသိရမယ်… သူနားလည်ရမယ်လေ…။

ငါက လိုက်ရှင်းပြရမှာလား … ဖော် … ဒါက နင်မသိလို့ ငါရှင်းပြလို့ရတဲ့ ပုစ္ဆာတစ်ပုဒ် မဟုတ်ဘူး… ဘာလို့ သူများစကားကို ယုံလဲ။ ငါ့မှာ ချောကလက်တွေ အများကြီးရှိတယ်တဲ့လား…။

ငါ့မှာ ချောကလက်တွေ ဘယ်လောက်များများ ငါ့ဆီရောက်အောင် ပေးရမှာက နင့်တာဝန် နင့်စိတ်ကို သိအောင်ပြောရမှာ နင့်တာဝန်လေ…။

သောက်စရာဆေးတွေ ဘယ်လောက်များများ ခေါင်းကိုက်ရင် ခေါင်းကိုက်ပျောက်ဆေးပဲ သောက်ကြတာ… အဲ့လိုပဲ ငါ့မှာ ချောကလက်တွေ ဘယ်လောက်ပဲများနေပါစေဦး… ငါက နင်ပေးတဲ့ ချောကလက်ကို တန်ဖိုးထား စားချင်တာ နင်မသိဘူးလား ဟာ…

စာထဲအာရုံစိုက်လို့မရသည့်အဆုံး ခေါင်းမြီးခြုံကာ ရင်ထဲခံစားရသမျှ ဖွင့်ထုတ်ပြီး အားရပါးရ ငိုပစ်လိုက်သည်။

မနက်ဖြန်ပြန်တော့မယ်တဲ့… ဒါဆို ဒီနှစ်လည်း နင်ငါ့ကို ဖွင့်မပြောပြန်ဘူးပေါ့… လက်ကိုင်ပုဝါလေးတစ်ထည်နဲ့ ကျေနပ်တယ်တဲ့လား…။ ခက်လိုက်တာ ဖော်ရယ် … နင် ဘာတွေအားငယ်နေလဲ… ဘာတွေ တွေးပူနေလဲဟာ…။

တစ်ညလုံး လူးကာလိမ့်ကာ အိပ်မရခဲ့၍ စောစောစီးစီးနိုးလာခဲ့သသည်။ ခေါင်းရော စိတ်ရော လုံးဝမကြည်။ စာမေးပွဲသာမနီးရင် သူကျူရှင်ဖျက်လိုက်မှာ။ သို့သော် စိတ်ကိုအလိုမလိုက်ဘဲ ကျူရှင်သွားဖို့ပြင်ဆင်ရသည်။

စက်ဘီးကိုလေးလေးပင်ပင်တွန်းပြီး ခြံထဲမှထွက်လာခဲ့သည်။ မနေ့က လွှင့်ပစ်ခဲ့တဲ့ ချောကလက်တောင့်လေးကို ခြံတံခါးထောင့်မှာ



အတိုင်းသားတွေ့လိုက်ရသည်။ စိတ်နာ၍ မယူဖို့ ဆုံးဖြတ်ပြီးမှ မနေနိုင်သည့်အဆုံး ပြန်လှည့်ကောက်လိုက်မိသည်။

"အောက်ကျတာတွေ… လျှောက်ကောက်စားမနေနဲ့"

"အမယ်လေး"

နောက်ကပေါ်လာသည့်အသံကြောင့် အထိတ်တလန့်ထအော်လိုက်သည်။ လှည့်ကြည့်လိုက်တော့ ဖော်ကရယ်နေ၏။

ချယ်ရီ ရှက်ကိုးရှက်ကန်းနှင့် ပြန်လွှင့်ပစ်လိုက်သည်။

"ဘယ်မှာ ကောက်စားလို့လဲ မျက်စိရှေ့မှာ မထားချင်လို့ ခပ်ဝေးဝေး လွှင့်ပစ်မလို့… လုပ်နေတာ နင်ပြန်တော့မလို့ဆို … ပြန်လေ…ပြန်"

ချယ်ရီ ခပ်ရွဲ့ရွဲ့နှင့် ငေါ့တူးတူးပြောတော့ ဖော်ကရယ်ကာ

"ပြန်မှာပါဟ… ဒီညနေ ရထားနဲ့…ပြန်မှာ ဘယ်လိုဖြစ်လို့ အသည်းအသန်နှင်လွှတ်နေတာလဲ… မပြန်ခင်… ငါနင့်ကို ပေးစရာရှိသေးလို့"

ချယ်ရီ ရင်ထဲတဖျုတ်ဖျုတ် ခုန်မိသည်။ ဖော်က သူ့ကို ပြုံးစိစိစိုက်ကြည့်ပြီး လက်နောက်ဖွက်ထားသည့် ချောကလက်ကို လှမ်းပေးသည်။

"ဘာလဲ မစားချင်ပါဘူး…"

"နင် အဲ့ဒါကို စိတ်ကောက်နေတာ မဟုတ်လား ငါက နင့်အတွက်ဝယ်လာတာပါဟာ … သူဇာက မွှေမွှေနှောက်နှောက် ရှာလို့ပါ"

"သူ့ဘယ်လိုရှာရှာ နင်မကျွေးရင် ဘယ်လိုစားမလဲ…"

"သူငယ်ချင်း အချင်းချင်းပဲဟာ… မကျွေးလို့လဲ မကောင်းဘူးလေ"

ချယ်ရီ ဆက်မငြင်းလိုသော်လည်း စိတ်ကတော့မကြည်။ ဇော်ကလည်း သူမယူမချင်း လက်ကိုကမ်းနေတုန်းပင်။

"စောစောစီးစီး စတိုးဆိုင်ကို နှိုးပြီးဝယ်ထားရတာ… စိတ်မဆိုးနဲ့တော့နော်… နင်စိတ်ဆိုးနေရင် ငါအပြန်ဖြောင့်မှာ မဟုတ်ဘူးဟ… နင့်မှာ ချောကလက်တွေ အများကြီးရှိလည်း ငါပေးတဲ့ချောကလက်လေးတော့ စားပါဟာ… စားမယ် မဟုတ်လား"

"မစားဘူး … အခုမှ လာပေးတာ… ဘာလုပ်ရမှာလဲ"

သူ့ကိုယ်သူ ကြားရုံလေး ပွစိပွစိပြောသော်လည်း ဇော်က ကြားဖြစ်အောင် ကြားပြီးရယ်နေသည်။

"နေ့ရက်ထက် စေတနာက အရေးကြီးတာပါ၊ ချောကလက်ကျွေးတဲ့နေ့တိုင်း Valentine day လို့သတ်မှတ်လိုက်ပေါ့ မဟုတ်ဘူးလား"

ချယ်ရီ… နှုတ်ခမ်းလေးမဲ့ကာ မျက်စောင်းထိုးပစ်လိုက်သည်။ စိတ်ထဲလည်း ကျေနပ်သွားမိသည်။ သူ့ဒီစကားတွေတော့ ပြောတတ်သားပဲဟု တွေးကာ သဘောကျမိ၏။

"ယူပါ…နောက်ဆို ဘယ်သူပဲတောင်းတောင်း မကျွေးဘူး စိတ်ချ… ချောကလက်မကျွေးလို့ ငါ့ဂုတ်ပေါ် ထားတင်ထားရင်တောင် လုံးဝမကျွေးဘူး… နင်ပဲ ကျွေးမယ်နော်"

စကားတတ်သည့်ဇော်ကြောင့် ချယ်ရီ မျက်နှာအတည်မထားနိုင်ဘဲ ရယ်နေမိသည်။

"စကားတတ်တိုင်း အပိုတွေလျှောက်ပြောနေတယ်…



ဒီတစ်ခါတော့…စေတနာကို မစော်ကားချင်လို့ ယူလိုက်မယ်… ကျေအေးလို့တော့ မဟုတ်ဘူး စိတ်ကလည်း ပြေသေးတာမဟုတ်ဘူး"

"ဟုတ်ပါပြီ… နင်စိတ်ဆိုးပြေအောင် ကျူရှင်လိုက်ပို့ပေးမယ်လေ… စက်ဘီးသွားထားချည်… သွား"

"အင်း… ခဏလေး"

သွက်သွက်လက်လက်ပြန်ဖြေပြီး စက်ဘီးကို အိမ်ထဲပြန်တွန်းလာခဲ့သည်။ အခုမှပဲလူကပေါ့ပါးပျော်ရွှင်နေလိုက်တာ… တစ်ယောက်တည်းလည်း အူမြူးစွာ ကြိတ်ရယ်နေမိသည်။ မေမေ မမြင်လို့ ကံကောင်းသေးသည်။ မဟုတ်ရင် အဆူခံရမှာ။

စက်ဘီးကို ကမန်းကတန်း ရပ်ထားခဲ့ပြီး အပြင်ကို ပြန်ပြေးထွက်လာခဲ့သည်။

"ဟင်"

ခြံရှေ့မှာ စက်ဘီးနှစ်စီးက ခေါင်းချင်းဆိုင်ရပ်နေပြီး ဇော်နှင့်သတိုးကလည်း သူ့ကိုတပြိုင်နက် လှမ်းကြည့်လို့နေသည်။

"သတိုးက ဘယ်လိုလုပ်"

"မနေ့ကတည်းက နင့်ကိုငါပြောထားတယ်လေ ငါနေ့တိုင်းလာကြိုမယ်လို့…နင်ပဲ အင်းဆို"

သတိုးက အလိုမကျသည့်အသံနှင့်ပြောသည်။ ချယ်ရီ သူတို့နှစ်ယောက်လုံးကိုကြည့်ကာ ဘာပြောရမှန်းမသိ အားနာနေမိသည်။ မနေ့က သတိုးစကားကို သေချာနားမထောင်ခဲ့သည့်အမှားပင်။ အခု သတိုးကို ဘယ်လိုငြင်းရမှန်းတောင် မသိတော့။

"မနေ့က ငါပြောခဲ့တယ်လား…"

"အင်းလေ… နင်လိုက်မယ်ဆိုလို့ ငါလာကြိုတာပေါ့…

အိပ်ရာထ နောက်ကျနေလို့တောင် အပြေးနှင်းလာခဲ့တာ''

''ဟုတ်လား…''

သတိုးကလည်း အားနာသထက် အားနာအောင် ပြောလို့နေသည်။

''နှင် လိုက်ချင်လိုက်သွားလေ ချယ်ရီ… ငါလည်း ပြန်တော့မှာဆိုတော့ … ဦးလေးကို လုပ်ပေးစရာရှိတာ လုပ်ပေးရဦးမှာ''

''ဟင်''

သတိုးကို ငြင်းဖို့ အားယူနေတုန်းမှာပင် ဇော့်စကားကြောင့် စိတ်ထဲဝမ်းနည်းသွားမိသည်။

''ငါ သူ့ကို ငြင်းပါရစေဦး ဇော်ရယ်… နှင်ဘာလို့ လက်လွှတ်စပယ် ထည့်ချင်နေရတာလဲ'' ဟု ထရန်တွေ့ချင်မိသော် လည်း မပြောသာ၍ မျက်နှာကြောကိုတင်းပြီး အံကိုပဲ ခပ်တင်းတင်း ကြိတ်ထားလိုက်မိသည်။

''ပြီးရော… သတိုးနဲ့ပဲ လိုက်သွားတော့မယ်''

''အင်း''

''ဒါဆိုလည်း သွားပြီ''

''ချယ်ရီ…''

စက်ဘီးပေါ်တက်ခါနီးမှ ဇော်က တစ်ခုခုပြောချင်ဟန်ဖြင့် ခေါ်သည်။

''ဘာလဲ''

''ငါတကယ်ပြန်ပြီနော်… နှင်ကျန်းမာရေးဂရုစိုက်''

''အင်း… နှင်လည်း ကောင်းကောင်းပြန်''

ထိုစကားကို သူ့မျက်နှာကို မကြည့်ဘဲ ပြောခဲ့ပြီး သတိုးရဲ့



စက်ဘီးနောက် ခွေ့ခနဲနေအောင် လိုက်လာခဲ့သည်။ ခပ်ဝေးဝေးမှာ သူတို့ကို မမှိတ်မသုန် ရပ်ကြည့်နေသည့် ဇော့်ပုံရိပ်ကိုကြည့်ပြီး ဒေါသလည်းထွက်မိသလို ဝမ်းလည်းနည်းမိသည်။ နှင့်အတွေးထဲမှာ ဘာတွေရှိနေမလဲ။ သိချင်လိုက်တာ ဇော်ရယ်… နှင်လည်း တခြားသူတွေလို ငါက သတိုးကို ကြိုက်နေမယ်လို့ တွေးနေတာလား…ဇော် ဒါကြောင့် လက်လွှတ်ဖို့ စဉ်းစားနေတာများလား

ငါ…ချန်ခဲ့တာ မဟုတ်ဘူးနော် ဇော်… နှင်ကပြေးလိုက်ဖို့ မကြိုးစားခဲ့တာ… ဒီလိုနဲ့ နှင်အရှုံး ပေးတော့မှာလား ဇော်ရယ်။

ငါ… နှင့်ကို အရှုံ့မတိုက်ချင်ဘူး… ဒါကြောင့် နှင်… ငါ့ကို တားပါ… ငါအရှုံ့မတိုက်အောင် တားစမ်းပါဟာ…

ချယ်ရီစိတ်ထဲက စကားတွေကို ဇော်ကြားနိုင်မည်မထင်။ ထို့အတူ… သူ့အတွေးနဲ့သူပျော်နေသည့် သတိုးလည်း ကြားနိုင်မည် မဟုတ်ပါ။

* * *

*''သူမပြောလည်း ကိုယ့်အမှားလို*
*သူမပေးဘဲ ကိုယ့်အပြစ်လို*
*သူက ကိုယ့်အရိပ်လို*
*အမြဲ အလိုက်သိခဲ့လို့များလား…*
*သူ မနှင်လည်း ကိုယ်က*
*ဟိုအဝေးကြီးကို ရောက်နေခဲ့တယ်…''*

စိတ်ထဲ ကဗျာတစ်ပုဒ်ကို လွမ်းလွမ်းဆွတ်ဆွတ် ရွတ်နေမိသည်။

ဒီတစ်ခေါက် ပြန်လာသည့်အချိန်တွင် သူနှင့်ချယ်ရီ၏ ဘဝအခြေအနေသည် တော်တော်ကွာခြားနေမှန်း သိလိုက်ရသည်။

ဆယ်တန်းမဖြေခဲ့သည်ကို နောင်တရနေမိသည်။ ဆယ်တန်းသာဖြေခဲ့ရင် ချယ်ရီအနားမှာနေပြီး ချယ်ရီအချစ်ကိုရအောင် ကြိုးစားခွင့်ရနိုင်သေးသည်။ အခုတော့ သူ့မှာ ဘဝအာမခံချက်ဆို၍ ဘာဆိုဘာမှမရှိပေ။ သတိုးဆိုသည့် လူနှင့်သူ့ကို ယှဉ်လိုက်လျှင်…

ဟူး…

လေပူတစ်ချက်မှုတ်ထုတ်ပြီး ဒိုင်ယာရီစာအုပ်လေးကိုဖွင့်ပြီး စာရေးဖို့ပဲ ဆုံးဖြတ်မိသည်။

***ကြယ်တွေလို ဆန္ဒအများကြီးနဲ့***
***မင်းကောင်းကင်မှာ နေရာယူချင်ခဲ့လည်း***
***လတစ်စင်းလောက်***
***မတင့်တယ်မှန်း သိတဲ့အခါ***
***ရှက်ရှက်နဲ့ပဲ ခုန်ချခဲ့တယ်***
***တကယ် ရှက်ရှက်နဲ့ပဲ မင်းကောင်းကင်က***
***ကြွေကျပေးခဲ့ပါတယ်… ချစ်သူရယ်…။***

***15 February 1998***

ဒီအတိုင်းဆို သူ့ဒိုင်ယာရီစာအုပ်ထဲတွင် ကဗျာတွေ အများကြီးရှိနေမှာပင်။ သူ့မှာလည်း ရင်ဖွင့်စရာ ဒီစာအုပ်လေးပဲရှိသည်။ ထိုစာအုပ်လေးကို ကျောပိုးအိတ်ထဲ တရိုတသေထည့်ပြီး ဦးလေးကို နှုတ်ဆက်ပြီး ဘူတာဆီသို့ ထွက်လာသည်။

ချယ်ရီ… ငါပြန်ပြီနော်…

ရထားပေါ်မတက်ခင် စိတ်ထဲမှ လှမ်းနှုတ်ဆက်လိုက်သည်။



ရထားကြီးသည် သူမနဲ့ဝေးရာသို့ တဖြေးဖြေး ခုတ်မောင်းထွက်ခွာသွားနေပြီဖြစ်သည်။

* * *

"တွေးလှ ငေးလှချည်လား ဆရာ"

နောက်မှ ထွက်လာသည့် အသံကြောင့် သူတွေးနေသည့် အကြောင်းများ လွင့်စင်သွားရသည်။

ဆရာအောင်လေးက သူရပ်နေသည့် ပြတင်းပေါက်မှာ လာရပ်ပြီး…

"ဘာလဲ ငယ်ချစ်ဦးကို သတိရပြန်ပြီလား…"

ဇော် ခပ်ယဲ့ယဲ့လေး ပြုံးနေခဲ့သည်။ အတိတ်၏ စိမ်းစိမ်းစိုစို ဒဏ်ရာများကို ဘဝတူ ဝါသနာတူစာရေးဆရာ အောင်လေးက အသိဆုံးပင်။

"အတိတ်ကို နာနာနဲ့ ပြန်ဆွရတာ တစ်ခါတလေတော့လည်း အရသာရှိပါတယ်ဗျာ"

"ဟားဟား ဆရာ့ကိုတော့ အားနာပါတယ်ဗျာ ဆရာ့အဲ့လို နာနာတွေးလေ ကျွန်တော်တို့ ရင်ထဲရောက်တဲ့ စာပေများ များများ ဖတ်ရလေပဲမို့ ခပ်နာနာသာတွေး ဆရာ"

"ဟားဟား ခင်ဗျားကတော့ လုပ်ပြီ"

နှစ်ယောက်သား သဘောကျစွာရယ်မောလိုက်ကြသည်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က အရူးလို ခံစားရလေသမျှ စကားလုံးတွေနှင့် အသက်သွင်းပြီး ဝါသနာကို အကောင်အထည်ဖော်ခဲ့၍ အခုဆိုလျှင် ဇော်သည် အောင်မြင်ကျော်ကြားသည့် စာရေးဆရာတစ်ယောက်အဖြစ် စာပေလောကတွင် နာမည်စိုက်ထူနိုင်ပြီဖြစ်သည်။

ဇော်သည် "လက်ကိုင်ပုဝါလေး ငိုနေပြီ" ဆိုသည့် စာအုပ်နှင့် ပရိတ်သတ်၏ နှလုံးသားကို ကိုင်လှုပ်နိုင်ခဲ့ပြီး ရေးသမျှ စာအုပ်တိုင်းသည်လည်း ရောင်းအားအကောင်းဆုံး စံချိန်တင်ခဲ့သည်။ ရုပ်ရှင်အဖြစ်လည်း တော်တော်များများ ရိုက်ကူးခံရပြီး ဇာတ်လမ်းကောင်းများစွာကို ဖန်တီးနိုင်သည့် ပါရမီရင့်သန်သူအဖြစ် ချီးမွမ်းထောပနာပြုခံရသူ ဖြစ်သည်။

"ချစ်သူများနေ့မှာ ငယ်ချစ်ဦးကို လွမ်းမိတာတော့ မဆန်းပါဘူး ဆရာ…ဒါပေမဲ့ ကျွန်တော်တွေးမိသလောက်တော့… ဆရာအတွေးထဲမှာ အဲ့မိန်းကလေးအမြဲရှိတယ်နော်…"

ဆရာအောင်လေးက သူ့ကိုကြည့်ကာ လေးလေးနက်နက်စကားဆို၏။ ဇော်ကတော့ ပြုံးတုံ့တုံ့နှင့်…

"အသက်ကြီးလာလို့ဖြစ်မှာပါ ဆရာ… အခုတလောတော့ ပိုသတိရမိတာ အမှန်ပဲ… နောက်တစ်ပတ်ထဲမှာ မွေးရပ်မြေပြန်ရမဲ့ ကိစ္စည်းရှိတော့လည်း ရှေ့ပြေးသတိရနေမိတာလည်း နေမှာပါ…"

"ဟာ…ဒါဆို ဆရာ့ ငယ်ချစ်ဟောင်းနဲ့ တွေ့မှာပေါ့နော်"

"အင်း"

သူလေးလေးပင်ပင်ပဲ ပြန်ဖြေမိသည်။ နောက်တစ်ပတ်ထဲ မွေးရပ်မြေမှာ သူတို့သူငယ်ချင်းခုနစ်ယောက်ပေါင်းပြီး လှူဒါန်းမည့် ဘုန်းကြီးကျောင်းရေစက်ချပွဲ ရှိသည်မို့ သူမဖြစ်မနေ သွားရမည် ဖြစ်သည်။

ဒီအတိုင်းဆို… ချယ်ရီကို တွေ့ရတော့မှာပင်။ ချယ်ရီနှင့် မတွေ့ဖြစ်ခဲ့သည့်…နှစ်တွေဘယ်လောက်ကြာပြီလဲတောင်မသိတော့…။ သေချာတာလည်း သူ့အပါအဝင် အားလုံးပြောင်းလဲမှာပင်။



"ကျွန်တော်လိုက်ခဲ့မယ်… ဆရာ… ဆရာ့ရဲ့ ငယ်ချစ်ဟောင်းကို ကျွန်တော်လည်း တွေ့ချင်တယ်… အထူးသဖြင့် ဆရာ့ရဲ့ လက်ကိုင်ပုဝါပိုင်ရှင်လေးကို ကျွန်တော် တွေ့ချင်တယ်"

"လိုက်တာတော့ လိုက်လို့ရပါတယ်… ခင်ဗျားမိန်းမကတော့ ခင်ဗျားကို ပြောနေတော့မှာပဲ…"

"ဟားဟား ပြောပါစေဆရာ… သူကပြောပြီးသား ရှင်ဘယ်မှာရှိလဲ သိချင်ရင် ဆရာဇော်ရှိတဲ့ နေရာကို စုံစမ်းလိုက်ရင် သိပြီတဲ့… ကျွန်တော်ကတော့ မိန်းမထက် ကျွန်တော့်ရဲ့ ideal person ကိုပဲ ပိုစိတ်ဝင်စားတယ်။ ဆရာနဲ့ စာပေ အကြောင်း ဆွေးနွေးနေရရင် မိန်းမကိုတောင် မေ့နေတာ အမှန်ပဲ"

"ဟာဟား ပြောထားအုန်းပေါ့ဗျာ… ပြီးမှ မိန်းမကို လွမ်းလှချည်ရဲ့ ဆိုပြီး… ပြန်ပြေးမှာ မြင်ယောင်မိသေး"

"လွမ်းတာတော့ လွမ်းတာပေါ့ဆရာရယ်… ဒါပေမဲ့ ဆရာရဲ့ လက်ကိုင်ပုဝါ ပိုင်ရှင်လေးကို တွေ့ပြီးမှပဲ ပြန်တော့မယ်"

ဆရာအောင်လေးကတော့ သူ့ရဲ့လက်ကိုင်ပုဝါ ပိုင်ရှင်လေးကို တွေ့ဖို့ စိတ်အားထက်သန်နေ၏။

သူလည်း စိတ်လှုပ်ရှားမိပါသည်… ချယ်ရီရော… သူ့လိုပဲ စိတ်လှုပ်ရှားနေမလား… သူသိချင်မိသည်။

* * *

"ဟာဟား ဆရာတော့ မသိဘူး ကျွန်တော်တော့ရင်ခုန်နေပြီ ဆရာရေ"

ဆရာအောင်လေးက အဝတ်အစားထုတ်တွေ ကားနောက်ခန်းထဲ ထည့်ရင်းပြောနေ၏။ မွေးရပ်မြေပြန်မည့်ခရီးမှာ သူလည်း စိတ်လှုပ်ရှားနေမိသည်။

တကယ်ဆို မွေးရပ်မြေမရောက်ခဲ့တာ နှစ်အတော်ကြာခဲ့ပြီ မဟုတ်လား…။ ကျောင်းဆောက်လှူဒါန်းဖို့ ဆိုတာကလည်း မျိုးကို၏ စိတ်ကူးလေးဖြစ်ပြီ… သူကတော့ စာအုပ်အသစ်ကိစ္စနှင့် အလုပ်များနေသည်မို့ ထည့်ဝင်ရမည့်ငွေကို ဘဏ်ကပဲ လွှဲပေးခဲ့ရသည်။

မျိုးကိုက ဖုန်းဆက်ပြီး အကြံဉာဏ်တောင်းလျှင်လည်း "အေးကွာ မင်းအဆင်ပြေသလိုသာလုပ် ငွေလိုရင် ထပ်စိုက်တာပေါ့" ဟုပဲ အကြံပေးနိုင်ခဲ့သည်။

ကျောင်းဆောက်မည့်ကိစ္စနှင့် သူငယ်ချင်းတွေ ခဏခဏ ဆုံဖြစ်ကြသော်လည်း သူတော့တစ်ခါမှ မသွားဖြစ်ခဲ့။ တကယ်တော့ …

"ချယ်ရီက နင်လာစရာ မလိုတော့ဘူး" ဟု ပြောသည့် အချိန်ကစပြီး သူမွေးရပ်မြေကို မပြန်ဖြစ်တော့ပေ။

အခုတော့ ရင့်ကျက်ပါပြီ၊ အချိန်တွေလဲကြာခဲ့ပြီ မဟုတ်လား၊ အလှူအဒါန်းကိစ္စမှာ ငယ်ငယ်ကခံစားချက်တွေ ထည့်မစဉ်းစားသင့်တော့မှန်း သူ့နှလုံးသားက ကောင်းကောင်း နားလည်နေပြီဖြစ်သည်။

"ဆရာ စတွေးနေပြီ မဟုတ်လား …"

ဆရာအောင်လေးက သူ့ကိုကြည့်ကာ ပြောသည်။

"မတွေးပါဘူးဗျာ…ကဲ အဝေးကြီးစီးရမှာ… တရေးတမော အိပ်အုန်း"

ကားဆိုဖာကို မှီကာ မျက်လုံးမှိတ်ရင်း ပြောလိုက်သည်။

"အိပ်ဆိုလည်း အိပ်တာပေါ့ ဆရာရယ်…

ကဲ ကိုထွန်းမြ ခင်ဗျားကတော့ မောင်းနေပြီး



ကျွန်တော်တို့က အိပ်ရတာ အားတော့နာတယ်ဗျာ… ဒါပေမဲ့ အစောကြီးထထားတော့ အိပ်လိုက်အုန်းမယ် သိလား"

ကားဆရာ ကိုထွန်းမြက ကွမ်းကို တမြုံ့မြုံ့ဝါးနေရင်း ရယ်နေ၏။

"ရပါတယ်ဆရာရယ်… စိတ်ချလက်ချသာအိပ် ကျွန်တော် ဖိမ်ရှိရှိ မောင်းပေးပါ့မယ်"

ဟုပြောပြီး သီချင်းကို ညိမ့်ညိမ့်ညောင်းညောင်း ဖွင့်ပေး၏။ ကြားလိုက်ရသည့်သီချင်းသည် သူအကြိုက်နှစ်သက်ဆုံး သီချင်းဖြစ်နေသဖြင့် မအိပ်တော့ဘဲ အပြင်ကိုငေးကာ သီချင်းထဲ စိတ်ကိုနှစ်ထားမိသည်။

*➢ပျော်မယ် ထင်ထားလား … လွယ်မယ် ထင်လို့လား*
*အချိန်တန်တော့လည်း မင်းလိုနေမယ် စည်းစိမ်များ …➢*
*➢လူတွေကခေါ်တယ် …အချစ်ကိုဓာကိုးကွယ်*
*အချိန်လွန်မှ မင်းငိုမှာ စိုးတယ် …➢*
*➢ကိုယ်က သီချင်းပဲ ရေးနိုင်တာ …*
*သံစဉ်များက လွဲလို့ မချမ်းသာ*
*မင်းအတွက်ခဏတော့ ကိုယ်အသုံးကျမှာပါ*
*တကယ်တမ်းတော့ ဘဝဆိုတာက*
*ရင်ခုန်ရုံနဲ့ ပြီးမှမပြီးတာ…*
*အချိန်တန်တော့လည်း မင်းနားလည်မှာပါ…➢*
*➢ကိုယ့်နှလုံးသားတစ်ထောင့်မှာ…*
*တစ်သက်လုံးမင်းရှိတယ်…*
*ဒါဆိုကျေနပ်ထား ချစ်သူလေးရေ*

*အိပ်မက်က နိုးရင် တို့ အဝေးဆုံးဝေးမယ်*
*အချိန်လွန်ပါမှ မင်းငိုမှာ ဆိုးတယ်…➢*

သီချင်းကို နားထောင်ရင်း ကားအပြင်ဘက်ကို ငေးနေမိသည်။

ဒီသီချင်းလေးအတိုင်း နှလုံးသားတစ်ထောင့်မှာ လူတစ်ယောက်ကို အပြီးအပိုင်မြှုပ်နှံထားခဲ့သည်။

ချယ်ရီရယ် …ငါ့ကိုခွင့်လွှတ်ပါဟာ…

ဘဝက ထင်သလိုမဖြစ်လာတဲ့အခါ နှလုံးသားတွေ ဘယ်လောက်နာနာ ဥပေက္ခာပြုလိုက်ရတော့တာပါပဲ…။

တောင်ပေါ်လမ်းလေးအတိုင်း ကားတစ်စီး ညင်သာစွာမောင်းနှင်နေဆဲပင်။

ထိုကားလေးထက်အရင် သူ့အတွေးတွေသည် မွေးရပ်မြေကို ခရီးဆန့်လို့နေ၏။

သူ့အတွေးက လက်ကိုင်ပုဝါ ပိုင်ရှင်လေးရှိသည့် အတိတ်သို့ လွင့်ပျံသွားရပြန်သည်။

* * *

ဆယ်တန်းစာမေးပွဲအောင်စာရင်းထွက်မည့်ညက ဇော်မွေးရပ်မြေသို့ ရောက်နေခဲ့သည်။ သူနှင့်မဆိုင်သော်လည်း သူငယ်ချင်းတွေနှင့်အတူ ရင်ခုန်ပေးရန် ရောက်နေခြင်းပင်။

"chemistry နေ့က ငါဖြေတဲ့အဖြေက မှားနေတယ်ဟ … ငါကျရင် အဲ့ဒါနဲ့ပဲကျမှာ"

"ဟင် ပါးစပ်ပုတ်နဲ့ မိဇာမရယ်…ငါတွေးပူဖို့လဲထားပါဦး"

တိုးဝေက ခြေမကိုင်မိ လက်မကိုင်မိ ခေါက်တုံ့ခေါက်ပြန်



လျှောက်ရင်းပြောသည်။ စာမေးပွဲအောင်စာရင်းထွက်ဖို့က အချိန်အနည်းငယ်လောက်တော့ လိုသေးသည်။ အုတ်ခုံတွင်သူတို့သူငယ်ချင်းတွေအားလုံးစုထိုင်နေကြသည်။

ဇော်တစ်ယောက်က လွဲရင် အားလုံး၏ မျှော်လင့်ချက်ရောင်ခြည်များသည် တဖျက်ဖျက်တောက်ပနေ၏။

"မူးလိုက်တာ တိုးဝေရယ် … ထိုင်နေစမ်းပါ ဗိုက်ကလဲဆာတဲ့ကြားထဲ…"

"ဗိုက်ဆာလည်း ကိုယ့်အသားကိုဖဲ့စားတော့ ဝက်မရေ… ဒီအချိန် ဘယ်မှာဘာစားလို့ရလို့ အော်နေတာလဲ…"

ထုံးစံအတိုင်း တိုးဝေနှင့် သူဇာက ရန်ဖြစ်နေသည်။ သွယ်သွယ်က ဘုရားစာ တဖွဖွဆိုနေ၍ ဘယ်သူမှ စကားမပြောနိုင်။ မျိုးကိုနှင့် မိဇာကတော့ ရယ်လိုက် မောလိုက်နှင့် အပူအပင်မရှိတွတ်ထိုးနေကြသည်။

သူနှင့်ချယ်ရီကတော့… ဘာပြောရမှန်းမသိ ငြိမ်နေမိသည်။

"ဂုဏ်ထူးအများကြီးအောင်ရင် နင်ဘာလုပ်ဖို့ စဉ်းစားထားလဲ ချယ်ရီ"

"ဘာလုပ်ရင်ကောင်းမလဲမသိပါဘူး…တကယ်တော့ ငါ့စိတ်ထဲမှာ ဝါသနာရယ်လို့တော့ မရှိဘူး အမှတ်မီရင်တော့ ဆရာဝန်လုပ်မှာပေါ့"

"အင်း…"

"နင်ရော ဇော်…နင့်ဝါသနာက ကဗျာဆရာတစ်ယောက်ဖြစ်ဖို့ပဲလား… ဒီလို သူများတွေ ရင်ခုန်နေတဲ့အချိန်မှာ နင်ဆယ်တန်းပြန်မဖြေချင်ဘူးလား"

"အင်း ပြန်ဖြေချင်တယ်… ဒါပေမဲ့ ဦးနှောက်က စာနဲ့ အလှမ်းဝေးနေပြီး ငွေရဲ့တန်ဖိုးသိနေပြီ…"

ဇော့်စကားကို ချယ်ရီက မကြိုက်။

"ဆယ်တန်းလေးတော့ အောင်အောင်ဖြေစမ်းပါ ဇော်ရယ် နင့်ကြည့်ရတာ အားမရလိုက်တာ"

ဇော် ပြုံးပဲပြုံးနေမိသည်။

သူတို့သူငယ်ချင်းတွေထဲမှာ အားလုံးမိစုံဖစုံ ပြေလည်ကြသူ ချည်းပင်။

ဇော်ကတော့ အမေမုဆိုးမနှင့် ညီ ညီမလေးတာဝန်ကို ယူနေရသူဖြစ်သည်။ သူတို့လို ကျောထောက်နောက်ခံ စီးပွားရေးအင်အားလည်းမရှိ၊ လက်လုပ်လက်စား သူ့ဘဝအတွက် ပညာရေးဆိုတာ အမြဲနောက်ကောက်ကျနေမှာပင် …. ဒါကို ချယ်ရီအပါအဝင် သူငယ်ချင်းအားလုံးကို နားလည်ကြပြီးဖြစ်သည်။

"ဇော်"

"ဟင်"

ခပ်ဝေးဝေးငေးနေရာမှ ချယ်ရီဘက်သို့ လှည့်ကြည့်ချိန်တွင်။ ချယ်ရီကလည်း မျက်လုံးဝိုင်းတွေနှင့် သူ့ကို ငေးကြည့်နေ၏။

"ငါတို့က ဘယ်လိုက ရာထူးဂုဏ်တွေမြင့်လာလာ ငါတို့က အမြဲသူငယ်ချင်းတွေပဲနော်…နင်က အရမ်းအားငယ်တတ်လို့ ပြောထားတာပါ"

"အေးပါဟာ…ငါ အားမငယ်ပါဘူး…နင်က ဆရာဝန်ဆို ငါက ကဗျာဆရာ ဖြစ်နေရမှာပေါ့ ဘာအားငယ်စရာလိုလဲ နင့်ကို ဒေါက်တာလို့ ခေါ်နေတဲ့အချိန်မှာ ငါလည်း ကဗျာဆရာလို့ အခေါ်ခံ ရမှာပဲလေ"



"ဟုတ်ပါပြီ ကဗျာဆရာရယ် နည်းနည်းတော့လျှော့ပါ"

ပြောရင်းရယ်နေသည့် ချယ်ရီကို ဇော် မှင်သက်စွာ ငေးနေမိသည်။ ချယ်ရီက သူ့အကြည့်ကို ရိပ်မိ၍လားမသိ။ အရယ်ကို ရပ်ကာ ခပ်ဝေးဝေးသို့ မျက်နှာလွှဲပြီး ပြုံးနေ၏။

"ချယ်ရီ…ငါလေ နင့်ကိုတွေ့တိုင်း ငါ့စိတ်ထဲမှာ ကဗျာ တစ်ပုဒ်ရှိတယ်…သိလား"

"ဟင်"

"အဲဒီကဗျာကို အသံထွက်ရွတ်ပြချင်တယ်"

"အင်း ရွတ်လေ …နားထောင်ကြည့်တာပေါ့"

ဇော် စိတ်ကို တင်းလိုက်သည်။ ဖွင့်ပြောလိုက်ဖို့ ဒီအချိန်က အကောင်းဆုံးအချိန်ပဲလို့ သူတွေးနေမိသည်။

"စာမေးပွဲအောင်စာရင်းတွေ ကပ်နေပြီကွ…"

မျိုးကိုက လူတွေရုတ်ရုတ်မြင်တာနှင့် ထအော်ကာပြောသည်။ ဇော် ပြောမည့်စကားတောင် ဘယ်အနားရောက်သွားမှန်းမသိ။ ချယ်ရီကို မချိတင်ကဲကြည့်မိတော့ ချယ်ရီက သူ့ကိုကြည့်ကာ ပြုံးနေ၏။

"နောက်မှပဲ ရွတ်တော့မယ်ဟာ …နင့်ခုံနံပါတ် ငါသွား ကြည့်ပေးမယ် …နင်ဒီမှာပဲ စောင့်နေ"

"အင်း"

လူအုပ်ကြားထဲသို့ မျိုးကို တိုးဝေနှင့်အတူ တိုးဝှေ့ကာ ဝင်လာခဲ့သည်။

ဂုဏ်ထူးအများဆုံးနှင့် ဦးဆောင်နေသော နာမည်များကြားထဲ ချယ်ရီနာမည်ကို ထင်းထင်းကြီးတွေ့လိုက်ရသည်။

"တစ် နှစ် သုံး လေး ငါး ခြောက် …ဗိုး ဟော့ကောင်တွေ ဒီမှာ ချယ်ရီက ခြောက်ဘာသာကွ"

"ဘယ်မှာလဲ တကယ်လား"

ဇော်အသံကြောင့် မျိုးကိုနှင့် တိုးဝေက သူ့ပခုံးကို ဝမ်းသာအားရ လာဖက်ကာကြည့်၏။

"ဒီမှာလေ…"

"ဟာ ငါထင်တဲ့အတိုင်းပဲ တော်လိုက်တာကွာ…မင်းသွားပြောလိုက်…ကျန်တာ ငါတို့ဆက်ရှာထားလိုက်မယ်"

"အေး အေး"

လူအုပ်ကြားထဲမှ သူပြေးထွက်သွားခဲ့သည်။ ချယ်ရီ ဘယ်လောက်ပျော်လိမ့်မလဲ…။ ဒီသတင်းသာကြားရင် ကလေးလေးလို ထခုန်ပြီး ပျော်နေမှာ။

လူအုပ်တွေကြားမှ အတင်းတိုးထွက်ပြီး ကျောင်းအပြင်သို့ တဟုန်ထိုး ပြေးလာခဲ့သည်။ သို့သော် သူ့အပျော်တွေ နောက်ကျသွားရပြန်သည်။

"ဝမ်းသာလိုက်တာ… တကယ်ခြောက်ဘာသာပေါ့နော်"

ဇော် ပြောချင်နေသည့် သတင်းစကားကို သတိုးဆိုသည့်လူက ချယ်ရီ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ဝမ်းသာအားရ ပြောနေပြီဖြစ်သည်။

"ဆရာက ပြောသားပဲ…တို့နှစ်ယောက်လုံး All-D ပါဆို…ချယ်ရီ…ငါတို့…ဆေးတက္ကသိုလ်လည်း အတူတက်ကြမယ်နော်"

"ဒါပေါ့…တက်ကြတာပေါ့"



သူ့စိတ်တွေမခံစားနိုင်သည့်အဆုံး ထိုမြင်ကွင်းကို ကျောခိုင်းပစ်လိုက်သည်။ သူ ဘာကြောင့်များ အဲလောက်ကံဆိုးလဲ မတွေးတတ်တော့…။

ထိုညက ဝမ်းသာခြင်းနှင့်အတူ ဝမ်းနည်းခြင်းကို တစ်ပြိုင်တည်း ခံစားခဲ့ရသည်။ သူ့ သူငယ်ချင်းတွေအားလုံး စာမေးပွဲ အောင်ကြသည်။ အားလုံးရယ်ကြမောကြနှင့် အိမ်ပြန်လမ်းက ပျော်စရာကောင်းသည်။

သူလည်းပျော်ပါသည်။ ချောက်တစ်ခုကို အောင်အောင်မြင်မြင် ဖြတ်သန်းသွားနိုင်သည့် သူ့သူငယ်ချင်းတွေကို ကြည့်ပြီး သူပျော်ရွှင်ခဲ့သည်။

သို့သော် သူကတော့ ထိုချောက်ကမ်းပါး၏ အစွန်းမှာရပ်ပြီး ကျန်ခဲ့ပြီဆိုတာတော့ ကောင်းကောင်းနားလည်လိုက်သည်။

❒

## အပိုင်း(၅)

### နှလုံးသွေးနဲ့ ရေးခြစ်ခြင်း

သူက နင့်နဖူးကို ချွေးသုတ်နေတဲ့အချိန်
ငါ့ကဗျာက နင့် အတွက်
ရေအေးအေးတစ်ခွက် ဖြစ်ချင်မိတယ် ...
သူက နင့်နံဘေးမှာ ပြုံးပျော်နေချိန်
ငါ့ကဗျာလေး နင့်နှလုံး သားမှာ
ပျော်ဝင်စေချင်မိတယ်...
သူက နင်ရဲ့သက်ဆိုင်သူ ဖြစ်သွားတဲ့အချိန်
ငါ့ကဗျာတွေ နင့်နှလုံးသားမှာ
နေရာ အခိုင်အမာ ရစေချင်မိတယ်
ဒါပေမဲ့လည်း ချစ်သူရယ်...
လှလှချင်း ဘေးဘေးချင်းသာ ပြိုင်လိုက်ချင်ပါတယ်
ကဗျာတစ်ပုဒ်က
အတွေ့တစ်ခုကို မယှဉ်နိုင်တဲ့အခါ
ကဗျာကကဗျာ
အလွမ်းကအလွမ်း

*အချစ်ကအချစ်*
*နှလုံးသွေးနဲ့ ရေးခြစ်ခဲ့သမျှ*
*အရာရာ သက်သက်စီဖြစ်နေခဲ့တယ်…*

ကဗျာ၏အဆုံးမှာ ရက်စွဲတွေဘာတွေ မတပ်ချင်တော့။ အခုဆို တစ်နေ့တစ်နေ့ သူရေးသည့်ကဗျာများ စာတိုစာစများ ဒိုင်ယာရီထဲတွင် ပွစာကျဲလို့နေသည်။

ငါဘာလုပ်ရမလဲ …ဘာလုပ်ရမလဲ ချယ်ရီရယ်

ငါက မြေပြင် နင်ကကောင်းကင်မှာလို မျက်နှာချင်းဆိုင်ပြီး အဝေးကြီးဝေးရတော့မယ် ထင်ပါတယ်ဟာ…

စာမေးပွဲအောင်စာရင်းထွက်ပြီးနောက်နေ့ ပြန်တော့မည်ဟု သူ စိတ်ကူးထားသော်လည်း မပြန်နိုင်သေး။ ထို့အတူ ချယ်ရီကိုလည်း သွားတွေ့ဖို့ မဝံ့မရဲ ဖြစ်နေသည်မို့ စိတ်ထွက်ပေါက်ရအောင် စာတွေပဲ ရေးနေခဲ့သည်။

"စာရေးနေရုံနဲ့ မင်းစိတ်ကို သူမသိဘူးနော် ဟေ့ကောင်"

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသည့် မျိုးကိုက သူ့ပခုံးကို လာပုတ်ကာဆိုသည်။ နောက် ဒိုင်ယာရီစာအုပ်ကို ဆတ်ခနဲ ဆွဲယူကာ တစ်ရွက်ချင်းစီ လှန်ဖတ်နေ၏။

"မင်းကွာ…ဘာလို့အဲ့လောက်ခံစားနေရတာလဲ"

သူ့ရှေ့မှာ စာအုပ်ကိုဘုတ်ခနဲ ပြန်ချပြီး အားမလိုအားမရ ပြောပြန်သည်။ ဇော်… စိတ်ရှုပ်ရှုပ်နှင့် ဆံပင်တွေ ထိုးဖွနေမိသည်။

"ငါဘာလုပ်ရမှန်းမသိဘူးကွာ…သူ…ငါ့ကို ငြင်းလိုက်မှာ စိုးတယ်… အဲ့လိုဆိုငါ ခံစားနိုင်မှာ မဟုတ်ဘူး သူငယ်ချင်း



သံယောဇဉ်ပါ အဆုံးအရှုံးမခံဘူးကွာ ငါ့ကိုယ်ငါ ယုံကြည်မှုမရှိဘူး… သတိုးနဲ့ငါနဲ့ယှဉ်ရင် ချယ်ရီက…ဟာ ငါ မသိတော့ဘူးကွာ"

"ကျွတ်…မင်းကလဲ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ… ကြိုက်တဲ့သူရှိတာဆန်းလို့လားကွာ… ရွေးရမှာ သူ့အလုပ် …အေး …ရွေးတဲ့ထဲမှာ မင်းပါဖို့လိုတယ်…မင်း သူ့ကို ဖွင့်မပြောဘဲ သူဘယ်လိုရွေးမလဲ…"

"ဒါပေမဲ့…ချယ်ရီက ငါ့ကို…"

"ချယ်ရီက မင်းကို အများကြီး သံယောဇဉ်ရှိတယ်…ငါ ပြောတာယုံ…"

မျိုးကိုက သူ့ပခုံးကို တင်းတင်းဆုပ်ကိုင်လျှက်

"မင်း…ဘာကို စိုးရိမ်နေလဲ ငါသိတယ် ဇော်… လမင်းက လမင်း…လူကလူ…တွက်ကြည့်ရင် အဝေးကြီး…ဒါပေမဲ့ မင်းသာ ဆန္ဒရှိရင် လကမ္ဘာလဲ ရောက်အောင်သွားလို့ရတယ်…ထိုင်ကြည့် ပြီး ကဗျာဖွဲ့နေရုံနဲ့ မင်းဘာမှဖြစ်လာမှာ မဟုတ်ဘူး…"

မျိုးကိုစကားကြောင့် သူအားတက်သွားမိသည်။မျိုးကိုပြော သလို ဘာမှမကြိုးစားရသေးဘဲ သူလက်မလျှော့သင့်။ အနည်းဆုံး တော့ သူချစ်တာ ချယ်ရီသိသင့်သည်။ ကျန်တာတော့သူကံတရားပင်။

"ကျေးဇူးကွာ…သူငယ်ချင်း…ငါ ဘာလုပ်ရမလဲ သိပြီ … ချယ်ရီဆီသွားတော့မယ်"

"ဟာ…ဟေ့ကောင်"

မျိုးကို လှမ်းအော်နေလည်း လှည့်မကြည့်ဘဲ စက်ဘီးကို ဆွဲယူကာ ထွက်သွားတော့သည်။

"လန့်တာ…ဘာဖြစ်တာလဲ…ငါ့အိမ်ပြိုပြီမှတ်လို့"

ဦးကျော်က အိပ်နေရာမှ အလန့်တကြားကုန်းထကာ ဆိုသည်။ မျိုးကိုကတော့ သဘောကျကာ တဟားဟားရယ်နေ၏။

"ဟာဟားး…အိမ်ပြိုတာ မဟုတ်ဘူး ဦးကျော်ရေ… အချစ်တောင်ကြီး ပြိုသွားတာ"

"ဟေ ဟုတ်လား ….. အချစ်တောင်ကြီး ပြိုပြီလား"

ပြိုပြီ …. ကျွန်တော် မြှောက်ပေးလိုက်တာလေ ဟားဟား

မျိုးကစကားကို ဦးကျော်ကလည်းသဘောကျကာ ခေါင်းတဆတ်ဆတ်နှင့် ရယ်လို့နေသည်။

* * *

"သမီးရေ… သတိုးလေး ရောက်နေတယ်"

ကြားလိုက်ရသည့်အသံက ချယ်ရီနားထဲသို့ ကန့်လန့်ဝင်လာသည်။ ခေါ်ပုံကိုက…သတိုးလေးတဲ့…။ ရုပ်ပြေးကြည့်စရာမလို အသံကြားရုံနှင့် အမေ့မျက်နှာ ဘယ်လောက်ချိုနေလဲ သိသာသည်။ All-D ထွက်ထား၍ ဂုဏ်ယူနေသည်ကတစ်ကြောင်း သတိုးနှင့် သဘောတူနေတာက တစ်ကြောင်းလည်းပါနေလိမ့်မည်။ ဖတ်လက်စ စာအုပ်ကို စားပွဲပေါ် ပစ်တင်ပြီး စိတ်ပျက်လက်ပျက် ထွက်လာခဲ့သည်။

သတိုးက အမေနှင့်စကားပြောနေရင်း သူ့ကို လှမ်းကြည့်နေသည်။ အိမ်နေရင်း ဂါဝန်အရှည်နှင့် ဆံပင်ကလည်း ဖရိုဖရဲ ဖားလျားချလျှက် သူ့ပုံစံက နည်းနည်းတော့ ကြည့်ရဆိုးနေလောက်သည်။ ကြည့်ရဆိုး၍ သတိုးစိတ်ပျက်သွားလည်း အေးသည်။ ကိစ္စပြတ်သွားတာပေါ့ဟု ခပ်ချဉ်ချဉ်တွေးပြီး သတိုးရှေ့က ထိုင်ခုံတွင် စုပုတ်ပုတ် ဝင်ထိုင်လိုက်သည်။



"အိပ်နေတာလား…"

"ဟင့်အင်း စာအုပ်ဖတ်နေတာ… ဘာလုပ်ဖို့လာတာလဲ"

"ဆရာဆီသွားမလို့လေ…ဆရာက ချယ်ရီကို ခေါ်ပြီး လာခဲ့ ဦးဆိုလို့"

"ဟွန့်…နောက်နေ့မှ သွားပါလား…သတိုးရယ် ငါအိပ်ချင်လို့…"

"ဟဲ့ ခေါ်တဲ့သူက အိမ်တိုင်ရာရောက် လာခေါ်တာကို… သွား အဝတ်အစားသွားလဲ တစ်နေ့လုံးလဲ အိပ်နေလည်း မဝနိုင်ဘူး"

မေမေကပါ သတိုးဘက်က လိုက်ပြီး သူ့ကိုဆူတော့သည်။ ချယ်ရီ စိတ်ရှုပ်ရှုပ်နှင့် ခေါင်းတွေကုတ်ကာ စူပုတ်နေမိသည်။

"ကဲ… အဲ့ဒါဘယ်လိုပုံဖြစ်နေတာလဲ…ပုံစံကိုက အချိုးမပြေဘူး…သွား… အဝတ်သွားလဲဆို…တကယ်တည်း ငါခေါက် လိုက်ရ…"

ပြောပြောဆိုဆိုနှင့် အမေက လက်ထရွယ်တော့ သတိုးက ပျာပျာသလဲနှင့် တားသည်။

"မလုပ်ပါနဲ့ အန်တီရယ်…သူအိပ်ချင်ရင် အိပ်ပါစေ…"

"ဘာမှမအိပ်ဘူး…သားရေ…တစ်နေ့ကုန် အဲ့ဒီကုတင်ကြီးပေါ်မှာ လှိမ့်ပြီး ထမင်းမစား ဟင်းမစား စာအုပ်တွေပဲဖတ်နေတာ… ဟဲ့… ငါပြောနေတာ မကြားဘူးလား…အဝတ်စားသွားလဲပါဆို"

"မေမေလကဲ…အိပ်ချင်ပါတယ်ဆိုမှ ဘာမှန်းလဲမသိဘူး"

လောကွတ်ပိုလွန်းနေသော မေမေ့ကို ဆူဆူအောင့်အောင့် ပြောပြီး အခန်းထဲဝင်လာခဲ့သည်။

"ဖြစ်နေတာ…ဖြစ်နေတာ ကြည့်မရဘူး…သင်းက အိမ်ထိ

လာခေါ်ရတာနဲ့ အမေနဲ့တည့်အောင် ပေါင်းရတာနဲ့…ဟို မိဇော် ခြောက်မက ပြန်လဲမပြန်သေးဘဲနဲ့ ငါ့ဆီမလာဘူး…တောက် စိတ်တိုတယ် တကယ်ပဲ"

ပါးစပ်ကလည်း ပွစိပွစိပြောပြီး ဗီဒိုထဲက တွေ့သည့် အဝတ်တစ်စုံ ကောက်ဆွဲဝတ်ပြီး ခေါင်းလည်းမဖြီး မျက်နှာလည်း ဘာမှ မခြယ်မသဘဲ ထွက်လာခဲ့သည်။

"ဟဲ့ ခေါင်းဖြီးအုန်းလေ"

"ဟာ မဖြီးတော့ဘူး ခေါင်းလျှော်ထားတာ…မခြောက်သေးဘူး…သွားမယ်…"

အမေရှေ့ရောက်ရင် တစ်ခုပြီးတစ်ခု ပြောဖို့ပြီးမည်မဟုတ်။ ဒါကြောင့် မြန်မြန်ဆန်ဆန်ပဲ ထွက်လာခဲ့သည်။

"စက်ဘီးကိုသေချာနင်းဦး…သား ချယ်ရီက ခြေရှည်တတ်တယ်…သားပဲ အိမ်ပြန်ပို့ပေးနော်"

"ဟုတ်ကဲ့ အန်တီ …စိတ်ချနော်…"

သတိုးကမေမေ့ကို နှုတ်ဆက်ပြီး စက်ဘီးတွန်းကာ နောက်က အပြေးလိုက်လာသည်။

"ခုနကတော့ အပြင်မထွက်ချင်တဲ့ပုံနဲ့ အခုကျတော့ အတော် လိုက်ယူနေရပါလား…"

"အေးလေ နင်က လာခေါ်တာကို မသွားလို့မှ မရတာ…"

"ဒီနေ့ နင်အရမ်းချစ်ဖို့ကောင်းတယ် သိလား ချယ်ရီ"

"ဘာ"

သတိုးက သူ့ကိုပြုံးကာ ကြည့်နေသည်။ ချယ်ရီ သူ့ကို မျက်စောင်းထိုးကာ စက်ဘီးပေါ်သို့ ဆောင့်ဆောင့်အောင့်အောင့်တက်



လိုက်သည်။ ဒီလောက်ပုံဆိုးပန်းဆိုးကို သူဘယ်လိုကြည့်သလဲ မသိ။

အကင်းပါးသော်လည်း တစ်ခါတစ်လေမှာ သတိုးက တုံးချင်ယောင်ဆောင်တတ်သည်။ သူ့စက်ဘီးနောက် မလိုက်ချင်သည်ကိုလည်း သိသိရက်နှင့် မသိချင်ယောင်ဆောင်တတ်သည်။ ဇော်နှင့်ပတ်သတ်သည့် ချယ်ရီစိတ်ကို ရိပ်မိနေသော်လည်း ဒီနေ့ထိ ဘာတစ်ခွန်းမှမမေး။

"ချယ်ရီ"

သူက စက်ဘီးကိုပုံမှန်နင်းနေရင်း သူကြားရုံခေါ်သည်။

"ဘာလဲ"

"ငါ့ကို ဘယ်တော့လောက် အဖြေပေးမယ် စဉ်းစားထားလဲ"

"ဘာလဲ ဘာကိုလဲ"

"ငါ နင်ကို ချစ်တယ်ပြောထားတယ်လေ"

"သိတယ်လေ… ငါ မဖြေချင်သေးဘူး…အစောကြီးရှိသေးတယ်"

"နင်မှာ ချစ်ရမဲ့သူရှိလို့လား"

သတိုးအမေးကြောင့် ချယ်ရီရယ်ပဲရယ်နေမိသည်။ ရယ်စရာလဲ ကောင်းသည် မဟုတ်လား…ဘာဆိုဘာမှ ထုတ်ပြောလို့မရသည့်အခါ ရယ်နေမိတာ အကောင်းဆုံးပင်

"နင် ချောကလက်ကြိုက်မှန်း ငါသိတယ် ချယ်ရီ"

"ဟင်"

ချယ်ရီ ခန္ဓာကိုယ်လေး မတ်ခနဲဖြစ်သွားမိသည်အထိ အံ့ဩ

သွားမိသည်။ သတိုးက စက်ဘီးကို တိခနဲရပ်လိုက်တော့ ချယ်ရီ စက်ဘီးပေါ်က ဆင်းပြီး သတိုးကို တအံ့တသြ ကြည့်မိသည်။

"အဲ့လောက်အံ့သြဖို့မလိုပါဘူး…နင်ဘာကြိုက်တယ် မကြိုက်ဘူးဆိုတာ ငါတော်တော်များများ သိတယ်… ချောကလက် တစ်ထောင့်ထက်ပိုတဲ့ အာဟာရ ငါနင့်ကို ပေးနိုင်တယ်…နင်သာ ချောကလက်တစ်ထောင့်နဲ့ မိုက်မဲပြီး အငတ်ခံဖို့ မကြိုးစားပါနဲ့…"

ချယ်ရီ မျက်ရည်တွေဝဲနေမိသည်။ 'တစ်လောကလုံးသိတယ် ဆော်…နင်ပဲမသိတာ နင်ပဲ ငါ့စိတ်ကို မသိတာ'ဟု တွေးပြီးဝမ်းနည်း လာမိသည်။

"နင် စဉ်းစားပါ…လာမယ်ဆိုတာ သေချာရင် ဘယ်အချိန် ဖြစ်ဖြစ် စောင့်မှာပါ…"

"ငါ နင့်ကို အားနာတယ် သတိုး…ငါနင့်ကို…"

သူ့စကားတွေမဆုံးခင် သတိုးက လက်ကာပြသည်။

'ဒီအချိန်မဖြေသေးလဲရတယ်…နင်…ငါ့ကို တကယ် အားနာရင် ဒီအချိန်မဖြေပါနဲ့…"

ချယ်ရီစကားတွေ ဆွံ့အသွားရသည်။ သူလည်း ငါ့လိုသနား စရာကောင်းတာပဲဟုလည်း စာနာနေမိပါသည်။

ပင့်သက်ရှိုက်ပြီး ထိုစက်ဘီးလေးနောက် လေးကန်စွာ ပြန်ထိုင်ကာ လိုက်လာခဲ့မိတော့သည်။

* * *

"ဒေါ်ဒေါ်…ချယ်ရီရှိလား …"

ဧည့်ခန်းထဲ၌ စာအုပ်ဖတ်နေသည့် ချယ်ရီအမေက သူ့အသံ ကြားသည်နှင့် မော့ကြည့်သည်။



"သြော်…ဇော်ပါလား…ထိုင်လေ…သား…"

"သား သူငယ်ချင်း အခုပဲ အပြင်သွားတယ်…ဆရာတွေ ဆီသွားမလို့ သူ့သူငယ်ချင်း သတိုးလာခေါ်သွားတယ်…"

"သြော် ဟုတ်လား…"

ထင်သလို ဖြစ်မနေသည့်အခါ ရင်ထဲ နွမ်းလျသွားမိသည်။ သို့သော် ဒီနေတော့ သူ့စိတ်ကိုလွယ်လွယ်နှင့်အရှုံးပေးမည်မဟုတ်ပေ။

"သားရောအဆင်ပြေရဲ့လား…ဆယ်တန်းအောင်အောင် ဖြေပါလားသားရယ်…သူငယ်ချင်းတွေအကုန်အောင်တော့ သားအား မကျဘူးလား"

"အားတော့အားကျပါတယ်…ဒါပေမဲ့ ဦးနှောက်က အဲ့လောက်မထက်တော့ဘူး…ဒေါ်ဒေါ်"

"သြော် သားရယ် ငယ်ငယ်လေးပဲရှိသေးတဲ့ဟာကို ကြိုးစား ကြည့်စမ်းပါ"

"ဟုတ် ပြန်တော့ဖြေမှာပါ ဒေါ်ဒေါ်"

"အေး ကောင်းတယ် သား…လိုအပ်တာရှိရင်ပြော ဒေါ်ဒေါ် တို့လည်း တတ်နိုင်သလောက် ကူညီပါမယ်"

"ဟုတ် ကျေးဇူးပါ ဒေါ်ဒေါ် ဒါနဲ့…ချယ်ရီက ဘယ်သွား တာလဲ ဒေါ်ဒေါ် သားပြန်တော့မလို့ သူ့ကို နှုတ်ဆက်ချင်လို့"

"ဟုတ်လား သူတက်ခဲ့တဲ့ကျူရှင်ကိုပဲ သွားတာလေ… သူ့ဆရာတွေ အဲဒီမှာရှိတယ်…သွားတာတော့ကြာပြီး…သားရဲ့"

"ကျွန်တော် လိုက်သွားလိုက်မယ် ဒေါ်ဒေါ် နောက်မှ အေးဆေးလာခဲ့မယ်နော်…"

ပြောလဲပြော ချက်ချင်းနှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

ဒီတစ်ခါ ဘယ်သူတားတား နောက်မဆုတ်တော့ဘူး ချယ်ရီ…ငါ ဘာအကြောင်းနဲ့မှ မတွေဝေတော့ဘူး…။

ကျူရှင်ရှိရာသို့ သူနှင်းလာခဲ့တာ ခဏလေးပင်။ ကျောင်းသူ ကျောင်းသားတွေ အများကြီးထွက်လာပြီး တော်တော်ကြာသည်အထိ စောင့်ကြည့်မိသည်။ သိပ်မကြာ ချယ်ရီနဲ့သတိုးလည်း ရှေ့ဆင့်နောက် ဆင့်ထွက်လာကြသည်။

"ကျွီ…"

ဘရိတ်ကို ခပ်ပြင်းပြင်း ဆွဲညှစ်ပြီး ချယ်ရီတို့အနားတွင် စက်ဘီးကို ရပ်လိုက်သည်။ ချယ်ရီက သူ့ကိုမြင်သည်နှင့် တအံ့တဩ ဖြစ်လို့သွားသည်။

"ဇော်…နင်က ဘယ်လိုလုပ်"

"ငါနဲ့လိုက်ခဲ့…ချယ်ရီ"

"ဟေ"

အရင်လိုတွေဝေခြင်းအလျှဉ်းမရှိ အားနာခြင်းမရှိ တုံ့ဆိုင်းခြင်း မရှိဘဲ ပြောလိုက်သည်။

"ကိုဇော်…ချယ်ရီကို ကျွန်တော်ခေါ်လာတာမို့လို့ ကျွန်တော် လိုက်ပို့မှဖြစ်မယ်…"

သတိုးကလည်း အလျှော့မပေးပေ။ ဇော်ကလည်း သတိုး စကားကို လုံးဝဂရုမစိုက်။ ချယ်ရီကိုသာ စူးစူးစိုက်စိုက်ကြည့်ပြီး

"ဘယ်သူနဲ့လိုက်မယ်ဆိုတာ ချယ်ရီ ဆုံးဖြတ်လိမ့်မယ်… ချယ်ရီ…နင် ငါနဲ့လိုက်မှာလား…သူနဲ့လိုက်မှာလား"

"ဘာဖြစ်နေကြတာလဲ နင်တို့က"



ချယ်ရီ ငိုမဲ့မဲ့နှင့် ညည်းညူလိုက်မိသည်။

နှစ်ယောက်လုံးက သူ့အဖြေကို စောင့်နေသည်မို့ နေရခက် လှသည်။

"ချယ်ရီ…အန်တီကို ငါပြောပြီးခေါ်လာတာနော် နင့်ကို လိုက်မပို့ရင် သူစိတ်ဆိုးနေမှာ…"

"ဒေါ်ဒေါ်နဲ့ငါတွေ့ပြီးပြီ…သူပဲ ဒီကိုလွှတ်လိုက်တာ အဲ့ဒီ အတွက် မပူနဲ့ ချယ်ရီ"

"ဟာ နေကြပါအုန်း ဘယ်လိုဖြစ်နေကြတာလဲ တော်ပြီ ငါ့ဘာသာ ပြန်တော့မယ်"

"ချယ်ရီ"

နှစ်ယောက်လုံးအသံက တစ်ပြိုင်တည်း ထွက်လာ၏။ ချယ်ရီ ရှုးချင်စိတ်ပင်ပေါက်မိသည်။

"ဇော်…အမေက သတိုးကို အိမ်ပြန်ပို့ပေးဖို့ ပြောထား တာ…"

"ဟာ"

ချယ်ရီထံမှ ပထမဆုံးထွက်လာသည့် စကားကြောင့် ရင်တစ်ခုလုံးပြိုကျသွားသလို ခံစားလိုက်ရသည်။ သူမ ဘာကို ဆိုလို မှန်း ကောင်းကောင်းနားလည်လိုက်သည်။ သတိုးကတော့ အပျော် ကြီးပျော်သွား၏။

"ဒါဆို သွားရအောင် ချယ်ရီ…အိမ်ပြန်နောက်ကျနေရင် အန်တီစိတ်ပူနေအုန်းမယ်…"

"နင့်ကို အားနာတယ် သတိုး…ငါ ဇော်နဲ့ပဲ ပြန်လိုက်မယ် နော်…အမေ့ဆူမှာမပူပါနဲ့… ဇော်ပြန်လိုက်ပို့လည်း အမေက ဘာမှ

မပြောလောက်ပါဘူး ဇော်က သုံးတန်းကနေ ကိုးတန်းအထိ သူ့ပဲ အကြိုအပို့ လုပ်ပေးခဲ့တာ...''

''ဟာ...''

ဇော့် မျက်နှာ ချက်ချင်းဝင်းပသွားသည်။ မျက်နှာပျက်သွားသော သတိုးကို အားနာမိသော်လည်း ဇော်ပျော်သွားသည်ကို တွေ့တော့လည်း ချယ်ရီ ရယ်ချင်မိသည်။

''သတိုး ပြန်လိုက်တော့နော်...နောက်နေ့မှ တွေ့မယ်''

''အင်း...''

ထိုအင်းကို သူလေးလေးပင်ပင်ချနေမှန်း ချယ်ရီသိပါသည်။ သို့သော် သူက သတိုးနဲ့ဇော်ယှဉ်လာရင် တရေးနိုး ထရွေးခိုင်းလည်း ဇော်ကိုပဲရွေးမှာပင်။ သူ့နှလုံးသားက ဇော်ရှိတဲ့အရပ်မှာပျော်နေ၏။ အခုတောင် ဇော် သူ့ဆီလာ၍ ရင်ခုန်သံများ မြန်ဆန်လို့နေသည်။

''ဇော်...သွားရအောင်လေ...''

''အေး ကျွန်တော်တို့သွားပြီး သတိုး...စိတ်ချပါ ချယ်ရီကို အိမ်အမြန်ရောက်အောင် ပို့ပေးပါ့မယ်''

''ဟုတ်...''

ခေါင်းငိုက်စိုက်ကျ ကျန်ခဲ့သော သတိုးကို အားနာသော်လည်း ဇော် ထိုနေရာမှ အပြေးလေးနင်းလာခဲ့သည်။

''ဇော်...ဖြေးဖြေးနင်းပါဟ...ငါ ပြုတ်ကျတော့မယ်''

''ငါ့ခါးကို ဖက်ထားချည်''

''ဟင်''

လေသံကြောင့် နားကြားမှားသည် ထင်သော်လည်း ဇော်က အသံကျယ်ကျယ်မြှင့်ကာ...



''ငါ့ခါးကိုဖက်ထားချည်လို့...''

ပြောရင်း အပြေးနင်းသည်။ ချယ်ရီ သူ့ခါးကို မဖက်ရဲပါဘူး။ ငယ်ငယ်ကဆို ခါးတင်မက တစ်ကိုယ်လုံးသိမ်းကျုံးဖက်ထားလည်း စိတ်က ဘယ်လိုမှမနေ။ အခုတော့ တစ်ဖတ်ဖတ် လွင့်နေသော သူ့အင်္ကျီစလေးကို ကိုင်ထားရုံနှင့် စိတ်က ကတုန်ကရီဖြစ်လို့နေ၏။

''နင့်လောက် စမတ်ကျကျ စက်ဘီးနင်းနိုင်တဲ့သူ ငါမတွေ့ဖူးသေးဘူး ဇော်...နင်က ငါ့အတွက် အမြဲကြည့်ကောင်းနေတာပဲ''

ဇော့် နောက်ကျောလေးကို ငေးကြည့်ရင်း တိုးတိုးလေးဆိုနေမိသည်။ ဇော်က ထင်ရှူးလမ်းလေးအရောက်မှာ စက်ဘီးကိုရပ်လိုက်သည်။

''နင် ပျော်နေတာလား ဇော်...''

''အင်း ပျော်တယ်...ပြိုင်ပွဲမှာ အနိုင်ရခဲ့တဲ့သူတစ်ယောက်လို ပျော်နေမိတာ...''

''ပြိုင်ပွဲမှာ နိုင်တာ သေချာလို့လား...နင်ကခံကောင်းလို့ဆိုတာ မသိဘူး...မဟုတ်လား''

''ဟုတ်တယ် ငါကခံကောင်းနေတာနေမှာ...''

''ကံက အမြဲမကောင်းနိုင်ဘူး ဇော်...မကြိုးစားဘဲ ကံကောင်းဖို့ မမျှော်လင့်ရဘူး...''

ချယ်ရီ တစ်လှမ်းချင်း ဖြေးဖြေးချင်း လှမ်းပြီး ပြောလာသည်။ ဇော်က သူ့နောက် လိုက်မလာ။ သုံးလေးလှမ်းအကွာမှာ ဇော်က ရပ်ပြီး ကျန်ခဲ့သည်။

***နင်သွားတဲ့လမ်း…***
***ပန်းဖြစ်ပါ့မယ် မရည်ညွှန်းဘူး…***
***လက်ညှိုးညွှန်ရာ***
***စမ်းဖြစ်အောင်လည်း မစွမ်းသာဘူး…***
***သို့သော် ချစ်သူ…***
***နင်သာ ညွှန်းရင်***
***ဒီလူ့ရင့်မှာ ပန်းဆိုပန်း …စမ်းဆိုစမ်း ဖြစ်စေရမယ်…***

ချယ်ရီ လှမ်းနေသည့်ခြေလှမ်းများ တုံ့ခနဲရပ်ပြီး ဇော့်ကို တအံ့တသြလှည့်ကြည့်မိသည်။

"နင်သာညွှန်းရင် ဒီလူ့ရင်မှာ ပန်းဆိုပန်း…စမ်းဆိုစမ်း… ဖြစ်ရပါ့မယ်…ချယ်ရီ"

သူ့ရင်ဘတ်လေးကို ဖိကာ လေးလေးနက်နက်ဆိုနေ၏။ ချယ်ရီ အသက်ပင် မရှူမိ။ ဇော်က အနားသို့ဖြေးဖြေးချင်းလှမ်းလာပြီး ခြေတစ်လှမ်းအကွာတွင် ရပ်လိုက်သည်။ ပြီးတော့ သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး

"ငါနင့်ကို ချစ်တယ် ချယ်ရီ"

"ဟင်"

"နင့်ကိုမြင်တိုင်း ငါ့ရင်မှာ ကဗျာတစ်ပုဒ်ရှိတယ်လို့ ပြောဖူးတယ်နော်… အဲ့ဒီကဗျာတွေ ဖြစ်လာရတဲ့အကြောင်းအရင်းက နင့်ကို ချစ်လို့ပဲ…ငါ နင့်ကို အရမ်းချစ်တယ် ဟိုးငယ်ငယ်လေးကတည်းက ငါ့ရင်ထဲမှာ နင်တစ်ယောက်တည်းရှိခဲ့တာ…"

ဇော့်စကားနားထောင်နေရင်း ချယ်ရီပါးပြင်မှာ မျက်ရည်တွေ စီးကျလို့နေသည်။



"ဘာလို့ငိုတာလဲ…ငါ့ကို စိတ်ဆိုးလို့လား…ငါ ငါပြောတာ မှားသွားပြီးလား

သူ မျက်ရည်တွေကြားမှ ခေါင်းခါယမ်းမိသည်။

"ငါကြောင့်တော့ မငိုပါနဲ့ဟာ… ငါ နင့်ကို မပင်ပန်းစေချင်ဘူး…နင့်စိတ်ထဲ ရှိတာကိုပဲ ရွေးပါ…ဘာဖြစ်ဖြစ် ငါလက်ခံပါမယ်…"

"ငါ့စိတ်ထဲဘာရှိလဲ နင်သိလို့လား"

"သိတော့ ဘယ်သိမလဲဟာ…နင်ပြောပြမှ သိမှာပေါ့ ဒါပေမဲ့ ငါ မြတ်နိုးရတဲ့သူ…ဘာပဲလုပ်လုပ် ငါကြည်ဖြူမှာပါ…"

ချယ်ရီက မျက်ရည်တွေဘယ်ပြန်ညာပြန်သုတ်ပြီး သူ့ကို မော့ကြည့်သည်။

"ကောင်းပြီလေ…ဒါဆို…ငါ စဉ်းစားမယ်…နောက်တစ်ခေါက် ဒီကိုလာရင် ငါ့ရင်ထဲ ဘာရှိလဲဆိုတာ နင်သိရမှာပါ"

"တကယ်လား…ချယ်ရီ"

ချယ်ရီပြုံးပြုံးလေးနှင့် ခေါင်းညိတ်ပြမိသည်။ တကယ်ဆို တစ်ခါတည်းအဖြေပေးလို့ရအောင် သူ့ရင်ထဲမှာ ဇော့်အတွက်အဖြေက ရှိပြီးသားပါ…။ သို့သော် ဇော်ကို မျှော်လင့်စေချင်သည်။ ဒါမှ သူဝမ်းလည်းမှာ။

"ခုနက နင်ရွတ်တဲ့ကဗျာလေး ကောင်းသားပဲ ဘယ်သူ့ကဗျာလဲ"

"ငါ့ကဗျာပေါ့ဟ…ငါ့မှာ အဲ့လိုကဗျာတွေ အများကြီးရှိတယ်…နင့်ကို ပေးဖတ်မလို့"

သူ့စကားကြောင့် ချယ်ရီသဘောကျစွာ ရယ်နေမိသည်။

"ငါနင့်ကို တကယ်ချစ်တာ…ဘယ်အချိန်ကြည့်ကြည့် မချစ်မိတဲ့အချိန်မရှိဘူး…"

"ဟာ သိပါပြီ…တော်တော့
ငါရှက်လာပြီ…ပြန်တော့ မယ်"

"အင်း"

ချယ်ရီလက်ဖျားခြေဖျား အေးစက်သည်အထိ စိတ်တွေလှုပ်ရှားနေမိသည်။ မပြောတော့လည်း မပြောလို့။ ပြောတော့လည်း ကြက်တူရွေးလေးလို စကားတတ်နေသည့် ဇော်ကို မတားနိုင် မဆီးနိုင်ပေ။

ထိုနေ့ ဘာကိုပျော်မှန်းမသိ နှစ်ယောက်စလုံး ပျော်နေမိသည်။ ဇော်က စက်ဘီးနင်းရင်း ရယ်သည်။ သူက နောက်ကထိုင်လိုက်ရင်း ပြုံးနေမိသည်။ အိမ်ကိုမြန်မြန်ရောက်မှာတောင် စိုးရိမ်နေမိသည်။

ဇော့်အင်္ကျီစလေး မျက်နှာကို တဖျတ်ဖျတ် လာရိုက်လာသည့်အခါ မဖယ်ရှားမိခဲ့။ တကယ်တော့လည်း သူ့ကျောမှာ မသိမသာ မှီရင်းလိုက်ရင်း ရင်ခုန်သံတွေ ထိန်းနေခဲ့မိတာ ဇော်သာ အကင်းပါးခဲ့ရင် ရိပ်မိနေမှာ အသေအချာပါပဲ…။

***

ပြန်ခါနီး ချောကလက်တွေပေးပြီး လာနှုတ်ဆက်သွားသည့် ဇော့်ကိုကြည့်ပြီး ဝမ်းနည်းမိသည်။

"ငါနင့်ကို ချစ်တယ်နော်…မနေ့က ပြောထားတာ မေ့သွားမှာစိုးလို့"ဆိုပြီး စသလို နောက်သလို ပြောသွားသေးသည်။

ဇော့်ကို ကြည့်ပြီး ငိုချင်လိုက်တာ…

"မသွားပါနဲ့လား ဇော်ရယ်"ဟုသာ တားချင်မိသည်။



သို့သော် တစ်ယောက်ဘဝကို တစ်ယောက်က ပြောစရာမလိုဘဲ နားလည်ပြီးသားမို့ ဘာမှလည်း မပြောသာတော့ပေ။

ဒီနှစ်ထဲမှာတော့ အလုပ်က ခွင့်ရတော့မှာ မဟုတ်ဘူးတဲ့…ချစ်သူများနေ့ရောက်မှ ပြန်လာတော့မည်တဲ့…။ ချစ်သူများနေ့ရောက်ဖို့က လပေါင်းများစွာ ကျန်နေသေးသည် မဟုတ်လား…။ အဲ့လောက်အကြာကြီးဝေးဖို့ သူ့နှလုံးသားက ခံနိုင်ရည်ရှိမည်မထင်။

ခုနလေးတင် တွေ့ပြီးသော်လည်း အခု လွမ်းလွန်းလှသည့် နှလုံးသားဆန္ဒကို မတားဆီးနိုင်တော့။

မနက်ဖြန်ဆိုတာ ဘာမှန်း ဘယ်သူမှအသေအချာပြောနိုင်သည်မဟုတ်။ အကယ်၍ မနက်ဖြန်သေမယ်ဆိုရင်တောင် နင့်ကိုချစ်တယ်ပြောပြီးမှ သေချင်တယ် ဇော်ရယ်…လပေါင်းများစွာ ဝေးဖို့ နင့်မျက်နှာလေးတော့ တစ်ခါလောက်သေချာကြည့်ချင်သေးတယ် ဇော်…။

လက်ကိုင်ပုဝါပေါ်မှာ"ချစ်တယ်"ဆိုသည့် စာလုံးလေးကို ရေးရင်း စိတ်မကောင်းဖြစ်နေမိသည်။

ဒီလက်ကိုင်ပုဝါလေးသာ ဇော်ရရင် ဘယ်လောက်တောင် ပျော်လိမ့်မလဲ…။

'ငါနင့်ကိုချစ်တယ် ဇော်…နင် သိအောင် ငါဘယ်လိုလုပ်ရပါ့မလဲ…'ဟု တွေးနေရင်း ဖျတ်ခနဲ အကြံတစ်ခုရလိုက်သည်။ ဒီအချိန်ဆို ဇော်…ဘူတာမှာပဲရှိလောက်သေးသည်။ အခုနေသာ လိုက်သွားရင် ဇော့်ကို ဒီလက်ကိုင်ပုဝါလေးပေးလိုက်နိုင်မှာ…။ ချယ်ရီ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာချကာ အိမ်ထဲမှ ပြေးထွက်လာခဲ့သည်။

အိမ်မှဘူတာသို့ မိနစ်နှစ်ဆယ်ကျော်ကျော်လောက် စက်ဘီး

အပြေးနှင်းရင် ရောက်နိုင်သည်မို့ မြန်မြန်ပဲ စက်ဘီးကိုတွန်းကာ ပြေးထွက်လာခဲ့သည်။

"နှင်မသွားနဲ့အုန်းနော် ဇော် .... ဒီလက်ကိုင်ပုဝါလေး ပေးလိုက်မှာမို့…နှင် မသွားပါနဲ့ဦး…"

စိတ်ထဲလည်း တစ်လမ်းလုံး ဆုတောင်းလာခဲ့သည်။ ဘူတာ ရောက်တော့ ရထားပေါ်သို့ လူတွေ တဖြည်းဖြည်း တက်နေကြပြီဖြစ်သည်။ ခရီးဆောင်အိတ်တွေ ကုန်ပစ္စည်းတွေ ကလေး လူကြီးတွေကြား ဇော်ကို မတွေ့။

"ဇော်"

ဘယ်ဆီမှာမှန်းမသိသည့် လူအုပ်ထဲမှ လူတွေကိုကြည့်ပြီး အော်ခေါ်မိသည်။ ရှက်လည်းမရှက်နိုင်တော့။ မျက်ရည်တွေတသွင်သွင် ကျပြီး ချာချာလည်အောင် လိုက်ရှာနေမိသည်။

နောက်ဆုံး တွေ့လိုက်ပါပြီ…ရထားဘေးပေါက်မှာ ခေါင်း ငိုက်စိုက် ထိုင်နေသည့် ဇော့်ကို။

"ဇော်"

ချယ်ရီ ရထားတွဲအနားပြေးသွားကာ အော်ခေါ်လိုက်သည်။ ဇော်က ဆတ်ခနဲခေါင်းထောင်လာပြီး တအံ့တသြ ကြည့်သည်။

"ဇော်"

"ချယ်ရီ…နှင် ဘယ်လိုလုပ်"

အပြောနှင့်အတူ ရထားပေါ်က ခုန်ဆင်းပြီး အနားသို့ရောက်လာ၏။

"ဇော်"



ချယ်ရီ ဘာမှမပြောနိုင်ဘဲ နာမည်ခေါ်ကာ ငိုပဲငိုနေမိသည်။

"ဘာလို့ငိုတာလဲ…ဘာဖြစ်လို့လဲ"

ချယ်ရီ ဘာမှမဖြေနိုင်ဘဲ ခေါင်းပဲခါနေမိသည်။ ဇော်က သူ့ပခုံးကို အသာအယာဆုပ်ကိုင်ပြီး

"မငိုပါနဲ့…နှင်ငိုတော့ ငါဘယ်စိတ်ကောင်းပါ့မလဲ"

"ဒါဆို ငါမငိုတော့ဘူး ဇော်…ငါ နှင့်ကို ပျော်စေချင်တယ် …ဒီလက်ကိုင်ပုဝါထဲမှာ ငါ့ရဲ့အဖြေပါတယ်…"

"ဟင် တကယ်လား"

"အင်း"

ဇော်ကလက်ကိုင်ပုဝါကို မြန်မြန်ဆန်ဆန်ယူကာ ဖြန့်ကြည့်သည်။

"ချစ်တယ်…ဟုတ်လား…ချယ်ရီ နှင် ငါ့ကိုချစ်တယ် ဟုတ်လား"

"အင်း"

ချယ်ရီ ပြုံးပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်သည်။ ကလေး လေးလို ဟန်မဆောင်နိုင်အောင် ပျော်ရွှင်သွားသော ဇော့်ကို ကြည့်ပြီး စိတ်ထဲလည်း အတိုင်းမသိ ပျော်နေမိသည်။

"ငါ ဝမ်းသာလိုက်တာ…ချယ်ရီရယ်…နောက်ဆုံးတော့ နှင်လည်း ငါ့ကို ချစ်တယ်ပေါ့နော်"

"အင်း နှင့်ကိုပြောသားပဲ…ငါ့ရင်ထဲမှာ ဘာရှိလဲ နှင်မသိ ပါဘူးလို့"

"အခုသိပြီ…အခုသိပြီမို့ ငါတန်ဖိုးထားပါ့မယ် နှင့်ကိုအမြဲ စိတ်ချမ်းသာအောင်ထားမယ်လို့လည်း ကတိပေးပါတယ် "

ဇော်က လက်နှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ပြီး ပြောနေသည်။

"ယုံပါတယ် ဇော်ရယ်… နင်က ငါ့ကိုအမြဲစိတ်ချမ်းသာအောင် လုပ်နိုင်တဲ့သူပါ"

ထိုအချိန် ရထားကလည်း ထွက်ဖို့တာဆူနေ၏။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ မျက်နှာမကောင်းကြ။

"ကျန်းမာရေး ဂရုစိုက်နော် ဇော်"

"နင့် နှုတ်ဖျားက ပြောတာ ကြားချင်တယ်… ငါ့ကို ချစ်တယ်လို့ တစ်ခေါက်လောက်တော့ ပြောပါလား"

ဇော့်အမေးကို ချယ်ရီ ချက်ချင်းမဖြေနိုင်ဘဲ ခေါင်းလေးငုံ့ကာ ရှက်နေမိသည်။

"ပြောပါဟာ …. ငါကြားချင်လို့ပါ"

"အဲ့ဒီလက်ကိုင်ပုဝါထဲက စာအတိုင်းပါဆို"

"အေးလေ အဲ့ဒါ ဘာလဲလို့"

ချယ်ရီ နှုတ်ခမ်းကိုကိုက်ကာ မျက်စောင်းလေးထိုးပြီး ကြည့်တော့ ဇော်ကရယ်နေ၏။

"ချစ်ပါတယ်ဆိုနေမှ …. တော်တော်ရှည်တယ်"

ဇော်က သူ့လက်ကလေးကို တယုတယကိုင်ကာ သူ့ပါးပြင်မှာ အပ်ထား၏။

"ငါလဲ နင့်ကိုချစ်တယ်… နင်နဲ့ အမြန်ဆုံး နီးအောင် ငါကြိုးစားမယ်… ငါ့ကိုစောင့်နေနော်"

"အင်းပါ အခုတော့ ရထားထွက်တော့မယ်… ဇော်… နင်သွားတော့လေ"



"ငါ့ကို ဒီလက်ကိုင်ပုဝါလေးချည်ပေးဦးလေ"

ဇော့်လက်လေးမှာ လက်ကိုင်ပုဝါချည်နေရင်း ချယ်ရီ စိတ်ထဲ အလွန်ဝမ်းနည်းနေမိသည်။ ဇော်ကတော့ လက်ကိုင်ပုဝါလေး ချည်ထားသော သူ့လက်ကိုကြည့်ပြီး ပြုံးလို့နေ၏။

"အိမ်ကိုတန်းတန်းမတ်မတ်ပြန်နော်၊ နေကောင်းအောင်လည်း နေဦး…"

"အင်းပါ… နင်ရော နေကောင်းအောင်နေနော်"

ဇော်က သူ့လက်ကလေးကိုင်ပြီး ဖွဖွလေးနမ်း၏။

"ငါ နင့်ကို လွမ်းနေမယ်"

ထိုသို့ပြောပြီး ရထားပေါ်ပြေးကာ တက်သွားလေသည်။ အပေါက်ဝမှာ လက်ပြနှုတ်ဆက်နေသော ချစ်သူကိုကြည့်ပြီး ပါးပြင်မှာ မျက်ရည်ဖြိုင်ဖြိုင်ကျနေမိသည်။

"ငါလည်း နင့်ကိုလွမ်းနေမယ် ဇော်… ငါတို့ပြန်ဆုံမဲ့ရက်ကို တွက်ပြီး လွမ်းနေမယ်…"

ရထားကြီးသည် ဆွဲဆွဲငင်ငင် ဥသြဆွဲပြီး ဘူတာမှ တဖြည်းဖြည်းထွက်ခွာသွား၏။ ထိုရထားတွဲလေးမှ ဇော့်ပုံရိပ်သည်လည်း မြင်ကွင်းမှ ဝေဝါးပျောက်ကွယ်သွားသော်လည်း သူဖွဖွလေးနမ်းခဲ့သည့် လက်ကလေးကတော့ ချယ်ရီရင်ထဲတွင် ရှိန်းမြမြစွဲထင်ကျန်နေခဲ့သည်။

## အပိုင်း(၆)

*မင်းကိုလွမ်းဆွတ်ခြင်းနဲ့*
*ငါ့ရဲ့အိပ်စက်ခြင်းကို*
*နေရာလဲ လိုက်တယ် ....*
*ဒီညရဲ့ ကောင်းကင်ယံမှာ*
*မင်းအတွက်လင်းတဲ့*
*အချစ်ကြယ်လေးက အတောက်ပဆုံးပဲ ....*

စာရေး၍ အပြီးမှာ ဒိုင်ယာရီစာအုပ်ကိုပိတ်ကာ လက်ကိုင်ပုဝါလေးကို ထုတ်ကြည့်မိသည်။ ချယ်ရီလက်ရေးဝိုင်းဝိုင်းလေးက သူမမျက်နှာလေးလို ချစ်စဖွယ်ကောင်းလွန်းလှသည်။ ချယ်ရီမျက်နှာလေး မြင်ယောင်မိတော့ သူအိပ်၍မရတော့။ ဖြစ်နိုင်လျှင် ပြေးတွေ့ပြီး လွမ်းသည့်အကြောင်း တဝကြီးပြောချင်မိသည်။

"ချစ်တယ်"

လက်ကိုင်ပဝါလေးပေါ်က "ချစ်တယ်"ဆိုသည့်စကားလေးကို လက်ကလေးနှင့် ဖွဖွလေးထိရင်း အသံရွတ်နေမိသည် ....

ချစ်တယ်ချယ်ရီရယ် ....

လက်ကိုင်ပဝါလေးကို ဖွဖွလေးနမ်းပြီး ဆိုမိသည်။ ဘဝမှာ

ရတနာတစ်ပါးကဲ့သို့ တန်ဖိုးထားရသော ချစ်ရသူ၏လက်ဆောင်လေးမို့ အသက်နှင့်ထပ်တူ မြတ်နိုးမိသည်။

"ချစ်တာထက်ပိုတဲ့ စကားလုံးတွေရှိရင် ပြောချင်ပါတယ် ချယ်ရီရယ် .... ငါ့ရင်ထဲက ခံစားချက်တွေအကုန်လုံးကို အဲဒီစကားလုံး နှစ်လုံးတည်းနဲ့ ပြောရတာ ဘယ်လိုမှ မလုံလောက်ဘူး ....

ငါကြိုးစားမယ် ချယ်ရီ .... နင်နဲ့အမြန်ဆုံးနီးစပ်အောင်ပြီးတော့ ငါတို့တွေ ဘယ်တော့မှ ခွဲမနေရအောင် ငါကြိုးစားပါ့မယ်"

"ဟဲ့ ကောင်လေး မအိပ်သေးဘူးလား .... ညည့်နက်နေပြီလေ .... ဘာထိုင်လုပ်နေတာလဲ အိပ်တော့လေ .... မနက်ကျရင် အစောကြီးထရမဲ့ဟာကို .... အဟွတ် အဟွတ် ...."

အမေ့အသံကြောင့် ခန္ဓာကိုယ်ဆတ်ခနဲတုန်သွားပြီး အတွေးစတွေ ပြတ်တောက်သွား၏။ အမေကတော့ သူ့ကိုအော်လိုက်၍ ထင်သည်။ လည်းချောင်းနာပြီး ချောင်းတွေ အဆက်မပြတ်ဆိုးနေ၏။

"ရေနွေးသောက်လိုက် အမေ .... ချောင်းကလည်း ဆိုးလိုက်တာ ဆေးမသောက်ဘူးလား"

အမေက သူငှဲ့ပေးသည့် ရေနွေးကို တဖူးဖူးမှော့သောက်ပြီးသည်နှင့် ပန်ကန်လုံးကို ပြန်ချပြီး

"အခုချိန်ထိ ဘာလို့မအိပ်သေးတာလဲ ...."

အမေ့စကားကြောင့် သူခေါင်းငုံ့ကာ ပြုံးမိသည်။ အမေက သူ့မျက်နှာကို သေချာလိုက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့်ပြုံးသည်။

"ငါ့သားတောင် အရွယ်ရောက်ပြီပဲ .... ဘာလဲ ရည်းစားရနေပြီလား .... ချယ်ရီကို ဖွင့်ပြောခဲ့ပြီလား"



အမေ့စကားကြောင့် သူပါးစပ်အဟောင်းသားဖြစ်သွားမိသည်။

"ချယ်ရီကိုကြိုက်တာ အမေဘယ်လိုသိလဲ"

"ဟင်း ဟင်း အမေမွေးထားတာပဲ သားရယ် .... အမေသိတာပေါ့ ...."

"ချယ်ရီက သားကိုချစ်တယ်တဲ့ အမေ .... သားအဖြေရခဲ့တယ် .... သားအရမ်းပျော်တာပဲ ...."

"ဒါပေါ့ နည်းတဲ့သံယောဇဉ်မှ မဟုတ်ဘဲကို .... ကောင်မလေးက အစစအရာရာ ပြည့်စုံတဲ့သူဆိုတော့ သူတို့ လက်ခံအောင် သားကြိုးစားရမယ် သား .... သူက ကိုယ့်ကလွဲပြီး ဘာမှ မကြည့်ဘဲ ချစ်ပေမဲ့ ကိုယ်ကတော့ သူ့ကိုချစ်တဲ့စိတ်နဲ့ သူ့အသိုင်းအဝိုင်းကိုပါ ထည့်တွက်ပြီး ကြည့်ပေးရမယ်"

"ဟုတ် အမေ .... သား ကြိုးစားမှာပါ"

"အိပ်တော့ အိပ်တော့ ညည့်နက်နေပြီ"

စကားပြောနေရင်း ချောင်းကအဆက်မပြတ်ဆိုးနေပြန်သည်။

"အမေ ချောင်းဆိုးတာ ကြာပြီနော် မသက်သာရင် ဆေးခန်းပြပါလား ...."

"ရပါတယ် ....ညနေက မိုးရဲ့ ရေခဲထုတ် သွားစားမိလို့ ဆိုးနေတာ .... အဟမ်း .... ရင်ကြပ်သလိုဖြစ်နေတာ .... အဲ့ဒီမိုးကလေ သရေစာအရမ်းစားတာပဲ .... တစ်နေ့တစ်နေ့ သူ့မုန့်ဖိုးပဲ မနည်းဘူး"

အမေက ညီမလေးမိုးကို စောင်ခြုံပေးရင်း ပြောနေ၏။

"ခြင်ထောင်တွေဖိပြီး အိပ်နော် ….သား တိုးက တော်တော် အိပ်ရေးဆော့တယ် …. သားမရှိတုန်းက …. အမေနဲ့လာအိပ်တာ ခါးတွေပိတ်ပိတ်ကန်တယ် …. အမေ့မှာ မနက်ဆို မထနိုင်ဘူး"

အမေ့စကားကြောင့် အိပ်ပျော်နေသော ညီလေးကို ကြည့်ကာ ရယ်နေမိသည်။ သူကတော့ တိုးနှင့်အိပ်နေကျမို့ အိပ်ရေးဆော့တာ လောက်တော့ မမှုတော့ပေ။

"ကဲ ကဲ အိပ်တော့ …. မနက်မထနိုင်နေမယ်"

"ဟုတ် အမေ …."

လက်ကိုင်ပုဝါလေးကို တယုတယပြန်ခေါက်တာ အိပ်ကပ် ထဲ ထည့်ပြီး အိပ်ရာပေါ် ပစ်လှဲလိုက်သည်။

အမေကတော့ ခြင်ထောင်ခြေရင်းမှာ ရေနွေးကြမ်းသောက် တကာ ငြိမ်နေ၏။ အမေ့ကျောပြင်ကို ငေးကြည့်နေရင်း စိတ်ထဲက မကောင်းဖြစ်မိသည်။

ဒုက္ခမှန်သမျှတစ်ယောက်တည်း ခါးစည်းခံခဲ့သည့် အမေ …. အခုတော့ တော်တော်အိုမင်းလာပြီဖြစ်သည်။

သူ့ကိုမွေးပြီး ငါးနှစ်ကျော်အကြာတွင် တိုးနှင့်မိုး အမွှာ မောင်နှမ နှစ်ယောက်ကို မွေးဖွားခဲ့သည်။ အမွှာလေးမွေးပြီး နှစ်နှစ် အကျော်မှာ ဖေဖေကပါ ဆုံးပါးသွားသည့်အခါ သူတို့မိသားစုလေး တော်တော်လေးကို စီးပွားရေးကျပ်တည်းခဲ့ရသည်။ အခုတော့ သူလည်းအရွယ် ရောက်ပါပြီ။ အမေ့ဒုက္ခတွေကို ကူထမ်းနိုင်ခဲ့ပြီ။ တိုးနှင့်မိုးကို ကျောင်းပြီးဆုံးအောင်ထားဖို့လည်း သူစိတ်ကူးထား သည်။ ပညာတတ် ဘွဲ့ရမဟုတ်သည့် နောင်တကာ အလုပ်တွေပင်ပင် ပန်းပန်းလုပ်ရမှ ရတတ်တာမဟုတ်လား။



အမေက ချောင်းတဟွတ်ဟွတ်ဆိုးနေဆဲပင်။ 'မဖြစ်ဘူး …. မနက်ဖြန်တော့ အမေ့ကို ဆေးခန်းပြနိုင်းရမယ်'ဟု တွေးနေရင်းနှင့်ပင် သူနှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။

အလုပ်ကအပြန် ဦးကျော်ရောက်နေသည်ကို တွေ့ရသည့် အခါ သူတော်တော်ဝမ်းသာသွားရသည်။ ဦးကျော်ကလည်း မေမေ့ဆီ ထက် သူ့ဆီကို တကူးတကလာသည်ဟု ဆိုကာ ချယ်ရီပေးလိုက် သည့် စာအိတ်လေးကို သူ့လက်ထဲကို မှတ်မှတ်ရရထည့်ပေးသည်။

သို့

ဇော် ….

*ငါတို့မြို့လေးကနေ လှမ်းကြည့်ရင် ပျဉ်းမနားဆိုတဲ့ မြို့လေး က တောင်ဘက်အရပ်မှာရှိတယ်တဲ့ …. အခုဆို ငါ…. အဲ့ဒီအရပ် မျက်နှာကို ခဏခဏ လှမ်းကြည့်ဖြစ်တယ် …. ဟိုး မှိုင်းပျပျ မြင်နေရတဲ့ မျက်စိတစ်ဆုံးသော နေရာတစ်ခုမှာ နင်ရှိနေတယ်ဆိုတဲ့ စိတ်နဲ့ ငါ့အလွမ်းတွေ ဖြေနေပါတယ် ….*

*လွမ်းတယ် ဇော်ရယ် …. ချစ်ရတစ်ရက် လွမ်းရက်တစ်ရာ ဆိုတာ ဒါပါပဲလား ….*

*နင်ရော ငါ့ကိုလွမ်းနေမလား …. ငါယုံပါတယ် …. ငါတို့တွေ မျက်နှာချင်းဆိုင်ပြီး ချစ်တယ်လို့ အချိန်အကြာကြီး မပြောဖြစ်ပေမဲ့ ငါတို့အချစ်တွေ ခိုင်မြဲမယ်ဆိုတာ ယုံပါတယ် ဇော်….*

*ငါတို့ ချစ်နေတဲ့အကြောင်း သူငယ်ချင်းတွေကို ပြောပြ လိုက်ပြီ သူတို့တွေ တော်တော်အံ့သြသွားကြတယ်သိလား ….*

*ငါကတော့ ဝမ်းသာတယ် ဇော် …. ဒါမှ နင်ပေးတဲ့ ချောကလက်ကို ငါတစ်ယောက်တည်းစားရမှာ ငါက အစားပုတ်*

*တယ်ဆိုပြီး စိတ်မပျက်နဲ့နော် .... သူငယ်ချင်းတွေထက်တော့ ချစ်သူကို ပိုဂရုစိုက်ရမယ်လေ မဟုတ်ဘူးလား ....*

*အလုပ်တွေပင်ပန်းလားဇော် ....*

*နေကောင်းအောင်နေနော် ....*

*ငါ .... မန္တလေးမှာပဲ ဆေးကျောင်းတက်ဖြစ်တယ် အဆောင်မှာပဲ .... နေရတော့မှာပေါ့ .... ဒီတစ်ခေါက် Valentine day မှာ နင်ငါ့ကိုတွေ့ချင်ရင် မန္တလေးလာမှပဲရမယ်*

*ပျဉ်းမနားနဲ့ မန္တလေးက မဝေးတဲ့ခရီးလေးပါ ဇော်ရယ် .... နင်လာတွေ့ရင်သီပ်ကောင်းမှာပဲ .... နင်လာမဲ့ရက်ကို မျှော်နေမယ် ....*

*ချစ်တဲ့ ချယ်ရီ ....*

စာကိုဖတ်ပြီး ရင်ထဲတစ်ဆို့ ငိုချင်မိသည်။

ဦးကျော်က သူ့ကိုကြည့်ကာ သက်ပြင်းအခါခါ ချနေ၏။

"မင်းတို့ဟာကလဲကွာ .... ကြည့်ရမြင်ရတာ မသက်သာပါလား .... ကောင်မလေးကိုကြည့်တော့လည်း စိတ်မကောင်းစရာ .... မင်းကြည့်တော့လည်း မရွှင်မပျနဲ့ .... ဟင်း ဘာလုပ်ပေးရမှန်းကို မသိတော့ဘူး ...."

"တစ်နေ့တော့နီးမှာပေါ့ဗျာ .... ကျွန်တော်စာရေးပေးလိုက်မယ် .... ဦးကျော် ယူသွားပေးအုန်းနော်"

"ယူမှာပါ .... ယူမှာ အဲဒီစာပေးစာယူကိစ္စကြောင့်ပဲလာတာ .... မင်းတို့အတွက် စိတ်မကောင်းလွန်းလို့ သက်သက်ကိုလာပေးတာ .... ဒါမှ နောက်ဘဝ ငါ့မိန်းမနဲ့ငါလည်း ပြန်လည်ဆုံစည်းကြတဲ့အခါ ကြာကြာရှည်ရှည်ပေါင်းဖက်ရမှာ ...."



ဦးကျော်ကလည်း သူ့ခံစားချက်နှင့်သူ အရှိက်ထိကာ ငြိမ်သွား၏။ သူလည်း အခန်းထဲဝင်ပြီး စာရေးဖို့ လုပ်ရသည်။

စိတ်ထဲရှိသမျှ စာစီရေးလိုက်သော်လည်း ရင်ထဲမှာတော့ ပြောစရာတွေ အများကြီး ကျန်လို့နေသေးသည်။

စာနှင့်အတူ ချောကလက်နှင့် ငှက်ရုပ်ကလေးတစ်ကောင်ကို ဘူးလေး တစ်ဘူးထဲတွင် သေသေချာချာထည့်ပြီး ဦးကျော်ကို ပေးလိုက်သည်။

"ဟာဟား ငါ့တူက .... မိန်းမတော့ သေချာပိုးတတ်တာပဲကွ .... ဘူးလေးက ချစ်စရာလေး .... ငါတောင်ဖွင့်ဖတ်ချင်တယ်"

"ဟာ မလုပ်နဲ့နော် ဦးကျော်...."

သူ့မျှာမျှာသလဲတား၍ ဦးကျော်က တဟားဟား သဘောကျနေ၏။

"စာပို့သမားပါကွ .... ဒီလောက်တော့ သစ္စာရှိပါတယ် .... မင်း ကောင်မလေးကိုယူချင်ရင်ပြော .... ငါ့အိမ်ရောင်းပြီး တင်တောင်းပေးမယ် စိတ်ချ"

"ကလေးကို ဘာတွေမြှောက်ပေးနေတာလဲ မောင်ကျော် .... ဒီအရွယ် ရည်စားထားတာတောင် လွန်လှပြီ .... မင်းလဲ ကိုယ့်အရွယ်နဲ့ကိုယ် ဣန္ဒြေရရ နေစမ်းပါ ...."

အမေက ခပ်တည်တည်နှင့် နှစ်ယောက်လုံးကို ပိတ်ဆူသည် ဦးကျော်ကလည်း အမေတားနေရင်းနှင့်ပင် "မင်းယူမယ်ဆို ငါတစ်ကယ် တောင်းပေးမှာ"ဟုပဲ အနားကပ်ပြောနေ၏။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ သူ့စိတ်ထဲကျေနပ်မိသွားသည်။ သို့သော် အမေပြော

သလို သူ့အရွယ်က ရည်းစားထားတာတောင် အတော်လွန်နေပြီဟု သူ့ကိုယ်သူလည်း နားလည်ထားပါသည်။

သို့

"ချယ်ရီ"

လွမ်းရသမျှ စာစီရရင် နင်မောအောင်ဖတ်နေရမှာ .... တကယ့် တကယ့် တမ်းတမ်းတတလွမ်းလာပြီဆို .... ဘယ်ကဗျာတွေ စာတွေမှ မီအောင်မရေးနိုင်တော့ဘူး လွမ်းတာပဲ သိတယ် ချယ်ရီ နင့်ဆီပဲ ပြေးလာချင်ပြီး နင့်အကြောင်းပဲတွေးနေမိတယ်.... လူသာ မရောက်နိုင်တာ ငါ့စိတ်က နင့်အနားမှာပါပဲ ငါ့စိတ်တွေနင့်ဆီမှာ အကုန်ထားခဲ့တာ နင်သိရဲ့လား

လွမ်းတယ်ချယ်ရီရယ်

လက်ဖဝါးနုနုလေးပါးမှာတင်ပြီး ချစ်တဲ့အကြောင်း အချိန်အကြာကြီး ပြောချင်တယ် .... ပါးချိုင့်လေးထင်းအောင် ပြုံးနေတဲ့ နင့်မျက်နှာလေးကို အကြာကြီးငေးကြည့်ချင်တယ် .... အဲ့လိုအချိန်တွေ အမြန်ဆုံးရောက်နိုင်အောင် ငါကြိုးစားပါ့မယ် .... ငါနင့်ကိုအရမ်းချစ်တယ် ချယ်ရီ .... ဟိုးငယ်ငယ်ကထက် အဆပေါင်းများစွာနဲ့ ပိုတဲ့ အချစ်နဲ့ တန်ဖိုးထားပြီး ချစ်ပါ့မယ် .... အနေဘယ်လောက်ဝေးဝေး ငါ့အချစ် ငါ့သစ္စာမပျယ်ပြယ်ဘူးဆိုတာ ယုံပါ။

သူငယ်ချင်းတွေသိသွားတော့ ကောင်းတာပေါ့ .... ချယ်ရီ .... မဟုတ်ရင် နင့်ကို တခြားလူနဲ့ လိုက်စနေအုန်းမယ် အခုဆို ငါလည်းစိတ်ပူစရာမလိုတော့ဘူး .... နင်လည်း ချောကလက်တွေ မစားရလို့ စိတ်ကောက်စရာ မလိုတော့ဘူးပေါ့ ....

အစားပုတ်လေးကို စိတ်ပျက်စရာလားဟာ ဒါလေးပဲ ချစ်စရာ



ရှိတာ .... ဘာပဲဖြစ်ဖြစ် ချစ်မှာပါ ချစ်သူများမွေးနေ့ မနွေလေးလာခဲ့မယ် .... စိတ်ချ နင်ဘယ်ရောက်ရောက် ငါရောက်အောင်လာမှာပါ

အဆောင်မှာနေမှာဆိုတော့ နည်းနည်းတော့ဒုက္ခများမှာ .... နေကောင်းအောင်နေနော် ချယ်ရီ .... စာလည်းကြိုးစား .... ချောကလက်တွေ ထည့်ပေးလိုက်တယ် .... တစ်ခါတည်းလည်း ထိုင်စားမနေနဲ့အုန်း ....ရင်ကြပ်နေမယ် .... ငှက်ရုပ်ကလေးတော့ ငါ့ကိုယ်စားပေါ့ နင်လွမ်းတိုင်း ထုတ်ကြည့်လို့ရအောင် ထည့်ပေးလိုက်တာ .... သေချာသိမ်းထားနော် ....

သတိရတယ် ....

လွမ်းတယ် ....

အဲ့ဒီထက် အဆများစွာပိုတယ် ....

ငါ နင့်ကို အရမ်းချစ်တယ် ....

နင့်ရဲ့ ချစ်တဲ့ဇော် ....

ဇော်ပေးလိုက်သည့်စာကို ဖတ်နေမိသည်မှာ ဘယ်နှစ်ကြိမ်မြောက်မှန်းတောင် မသိတော့။ လွမ်းလိုက်တာ ဇော်ရယ် .... ငါလည်းနင့်ဆီပဲ ပြေးလာချင်တော့တယ် ....

ငှက်ရုပ်ကလေးကိုကြည့်ပြီး စကားတွေ ဆိုနေမိသည်။ ဇော်က ဒီငှက်ရုပ်ကလေးဆိုလျှင် ချယ်ရီကလည်း ငှက်ရုပ်ကလေးပဲဖြစ်မှာပါ။ ထိုအတွေးနှင့် ငှက်ရုပ်ကလေးတစ်ရုပ် ထပ်ခေါက်လိုက်သည်။

"လူချင်းဝေးရပေမဲ့ ငှက်ကလေးတွေတော့ နီးရမယ်ဇော် ... ဒီလိုဆို နင်နဲ့ငါ အမြဲမခွဲရတော့ဘူးပေါ့"

ငှက်ရုပ်ကလေးကို ယှဉ်လျှက်ထားပြီး ချယ်ရီတစ်ယောက်တည်း ပြုံးနေမိသည်။

"သမီးရေ .... ခဏလာပါအုန်းကွယ် ....ဒီမှာ ဧည့်သည်ရောက်နေတယ်"

မေမေ့အသံကြားသည်နှင့် ငှက်ရုပ်ကလေးကို ဘူးထဲအမြန်ကောက်သိမ်းပြီး အပြင်သို့ထွက်လာခဲ့သည်။

ဧည့်ခန်းထဲတွင် မေမေတို့အရွယ် ခန့်ခန့်ချောချော မိန်းမကြီးတစ်ယောက်နှင့်အတူ သတိုးကိုပါ တွေ့လိုက်ရသည်။

"ချယ်ရီ .... ဒါငါ့အမေလေ"

သတိုးမိတ်ဆက်ပေးသည့် အန်တီကို ပြုံးပြလိုက်သည်နှင့် ထိုအန်တီက ချယ်ရီကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး

"ကြည့်ပါအုန်း ချစ်စရာ ကောင်းလိုက်တာ .... သားပြောတာ မလွန်ဘူးပဲ ....သမီးက တစ်ကယ့်ချစ်စရာလေးပါကွယ်"

"ကျေးဇူးပါ အန်တီ"

ချယ်ရီအလိုက်သင့် ပြန်ပြုံးပြရင်း သတိုးကို လှမ်းကြည့်မိသည်။ သတိုးက သူ့ကို ရွှန်းရွှန်းစားစားကြည့်ကာ ပြုံးပြနေ၏။

"သားက သမီးအကြောင်း အမြဲပြောနေတော့ တစ်ခါလောက် မြင်ဖူးချင်တာ .... ကျွန်မက သမီးမိန်းကလေးလည်း မရှိတော့ သမီးမိန်းကလေးဆို အရမ်းချစ်တာ မမြင့်ရယ် .... ချယ်ရီလို သမီးချောလေးရထားတာ မမြင့်တော့ ကံကောင်းတာပဲ"

"အို .... ကျွန်မကတော့ အစ်မကို အားကျနေတာ အစ်မရဲ့ .... သတိုးလို သားလိမ္မာလေးရဖို့က နည်းတဲ့ကံလား"

ဘယ်အချိန်ကတည်းက ရင်းနှီးသွားမှန်းမသိသည့် သတိုးအမေနှင့် မေမေ့ကိုကြည့်ပြီး ချယ်ရီ စိတ်တွေရှုပ်လာမိသည်။ သတိုးကို ရှုပုတ်ပုတ်ကြည့်တော့ သတိုးက မသိဟန်ဆောင်ပြီး မေမေတို့စကားကိုပဲ အာရုံစိုက်နားထောင်နေ၏။



"မမြင့်ရေ .... ဒီအတိုင်းဆို လူကြီးစုံရာခေါ်ပြီး တစ်ခေါက်ထပ်လာဖြစ်မယ် ထင်တယ် .... ကျွန်မကတော့ သမီးလေးကို မြင်မြင်ချင်း ချစ်မိတာပဲ .... မမြင့်တို့သဘောကရော"

"ပြောစရာမလိုပါဘူးအစ်မရယ် .... သတိုးဆိုတာကလဲ သားလိုဖြစ်နေပါပြီ ...."

မေမေ့စကားအဆုံးမှာ နှစ်ဦးသား သဘောတွေကျကာ ရယ်နေကြသည်။ ချယ်ရီကတော့ သူတို့စကား နားထောင်ရင်း စိတ်ထဲအလိုလို စိုးရိမ်နေမိသည်။ ဒီအတိုင်းဆို သူ့မှာချစ်သူရှိကြောင်း အမေ့ကိုရော သတိုးကိုပါ အတိအလင်း ပြောထားမှ ဖြစ်မည်ဟု စိတ်ထဲတွက်နေမိသည်။

"အဲဒါပြောတာလေ မမြင့်ရဲ့ .... အဆောင်မှာနေစရာမလိုပါဘူး ကျွန်မတို့အိမ်မှာပဲ လာနေနိုင်းလိုက် .... သားနဲ့လည်း ကျောင်းအတူ တက်ပေါ့ မကောင်းဘူးလား"

"အိုး အားနာစရာ အစ်မရယ် .... အဆောင်မှာပဲ နေပါစေ ...."

"မဟုတ်တာ အဲ့လိုပြောနေရမဲ့လူမှ မဟုတ်ဘဲ စိတ်ချပါ .... အစ်မရယ် .... ချယ်ရီကို ကျွန်မသမီးအရင်းလို စောင့်ရှောက်မှာပါ ...."

အမေက ချယ်ရီကို မျက်စပစ်ကာ လှမ်းကြည့်သည်။ ချယ်ရီက ခေါင်းသွင်သွင်ခါလျှက်

"အဆောင်မှာ နေဖို့က ပြောပြီးသားဖြစ်နေလို့ပါ အန်တီ.... သူငယ်ချင်းတွေလဲရှိတော့ သမီး အဆောင်မှာပဲ နေလိုက်တော့မယ်"

"ငါ့သမီးလေးကလဲ .... အဆောင်က နေမှမနေရသေးတာ .... အဆောင်မှာနေရတာ ဘယ်လောက် ဒုက္ခများလိမ့်မလဲ .... ကဲပါ .... ကျွန်မပြောသလိုပဲ လုပ်လိုက် .... မမြင့်လဲ စိတ်ချ.... သားနဲ့ကလဲ သူစိမ်းမှ မဟုတ်ဘဲ .... ကျွန်မ စိတ်မကောင်းဖြစ်အောင် .... ငြင်းမနေပါနဲ့တော့"

သတိုးအမေက ဘယ်လိုမှ ငြင်းလို့မရအောင် စေတနာပိုလို့နေသည်။ မေမေကလည်း အင်တင်တင်မို့ နောက်ဆုံးတော့ သတိုးအမေဆန္ဒအတိုင်းပဲ ခေါင်းညိတ်လိုက်၏။

ချယ်ရီကတော့ ပြောမရသည့်အဆုံး ဒေါသတွေပဲ ကြိတ်ထွက်ရသည်။

"သမီး အဲ့မှာ မနေချင်ပါဘူး .... သူစိမ်းယောကျ်ားတစ်ယောက်ရှိတဲ့အိမ်မှာ ဘယ်လိုနေမလဲ .... စိတ်ညစ်တာ .... မေမေက ငြင်းရမှာပေါ့"

သူတို့ပြန်သွားသည်နှင့် မေမေ့ကိုပဲ မကျေမနပ်ပြောနေမိသည်။

"ငြင်းတာပဲလေ .... သူကိုက သမီးကို အရမ်းချစ်နေတာ .... အဟင်း။ ငါ့သမီးလေးကို ချွေးမတော်မှာလို့ တိုးတိုးလေးကပ်ပြောသွားသေးတာ .... အရွယ်ရောက်တာနဲ့ .... သမီးတို့ကို ပေးစားမယ်"

"အို မယူပါဘူး .... သမီးမှ သတိုးကို မချစ်ဘဲ "



ချယ်ရီ ပြတ်ပြတ်သားသားကြည့်တော့ အမေက မျက်မှောင်ကြုံ့ပြီး ကြည့်၏။

"သတိုးက သမီးကို အဖြေတောင်းထားတာဆို .... သမီးက အဖြေပြန်မပေးရသေးဘူးလား"

"ဟင်အင်း .... သမီး သူ့ကို မချစ်ဘူး .... မေမေ .... သမီး .... သမီးမှာ .... ချစ်သူရှိတယ်"

"ဘာ"

"နင် .... ဘာပြောတာ ချယ်ရီ .... "

မေမေ့ ဒေါသကို ကြိုသိနေ၍ အသားတွေတဆတ်ဆတ်တုန်အောင် ချယ်ရီ ကြောက်နေမိသော်လည်း မပြော၍လဲ မဖြစ်သည့်အခါ စိတ်ကိုပဲ တင်းကာ ဆက်ပြောမိသည်။

"ချစ်သူရှိနေပြီလို့ ပြောတာ မေမေ .... ဇော်နဲ့သမီး ကြိုက်နေကြပြီ .... ဒါကြောင့် သတိုးကို မယူနိုင်ဘူး"

"ဘယ်သူနဲ့ .... ဇော်နဲ့ ဇော်နဲ့ ဟုတ်လား .... အမယ်လေး .... လေး"

မေမေက ရင်ဘတ်ကို ဖိပြီး ထိုင်ခုံတွင် အရုပ်ကြိုးပြတ် ထိုင်ကျသွားသည်။

"မေမေ"

ချယ်ရီ စိုးရိမ်တကြီးခေါ်လိုက်သော်လည်း မေမေက ရင်ဘတ်ကို ဖိကာ မျက်ထောက်နီနှင့် စိုက်ကြည့်လို့နေ၏။

"ဟိုက တစ်နှစ်နေမှ တစ်ခေါက်ပြန်လာပြီး ရည်းစားစကားပြောသွားတာကို နင်က ယုံယုံကြည်ကြည် ပြန်ချစ်လိုက်တယ်

ဟုတ်လား …. ဟမ် …. ငါမသိအောင် ဘယ်အချိန်ကတည်းက ကြိုက်နေတာလဲ …. လွယ်လှချည်လား

မိချယ်ရီရဲ့ ….''

''ဇော်က သူစိမ်းမဟုတ်ဘဲ မေမေရယ် သူဘယ်လောက် သမီးကို အနဲ့တာခံလဲ မေမေအသိဆုံးပါ''

''ညည်းပါးစပ်ပိတ်ထား …. အခုပိတ်ထား ငါလုပ်ရင် ညည်းသေမှာ …. ဟင် …. ငါ့သမီးတော်လှ တော်လှ ထင်နေတာ သူတောင်းစားကိုမှ ပြန်ကြိုက်ရတယ်လို့''

''မေမေ''

ချယ်ရီ မခံမရပ်နိုင် ထအော်တော့ မေမေက ကျောကို တဘုန်းဘုန်းထု၏။

''မဟုတ်လို့လား …. ငါပြောတာ ဘာမှားလဲ …. ပညာမရှိ ဥစ္စာမရှိ ကြိုးစားချင်စိတ်မရှိတဲ့သူကို နင် ဘာကြည့်ကြိုက်လဲ …. နင့်မှာ ဦးနှောက်မရှိဘူးလား စာတွေသင်ထားတာ ဘာလုပ်ဖို့လဲ ဟင် …. ဒါတောင် ဒီကိစ္စပေါ်လာလို့ မပေါ်လာရင် ငါ့ကို ဘယ်အချိန်ထိ လိမ်မယ် စိတ်ကူးထားလဲမသိဘူး …. အရွယ်ကြည့် တော့ လူမဖြစ်သေးဘူး …. မအေနောက်ကွယ်မှာ လုပ်ချင်ရာလုပ် နေတယ် …. အခုချက်ချင်းဖြတ်ပစ် …. မိချယ်ရီ …. မဖြတ်ရင် ငါ့အကြောင်းသိမယ်''

''မဖြတ်ဘူး မေမေ …. ဇော်မှာ ဘာအပြစ်မှမရှိတာ မဟုတ်ဘူး …. ပြီးတော့ သမီးက သူ့ကိုယူဖို့အထိ ဆုံးဖြတ်ထားတာ ….''

''ဘာ …. ယူမယ် …. အမယ်လေး …. သတ္တိ



ကောင်းလှချည်လား …. ညည်းအသက်ဘယ်လောက်ရှိသေးလို့ အဲ့စကားပြောနေတာလဲ ပြော …. ခွေးဖြစ်ချင်နေလို့လား …. အေး နင်ကခွေးဖြစ်ချင်လည်း ငါကအဖြစ်ခံမှာ မဟုတ်ဘူး …. ငါ့အကြောင်း နင်သိတယ်နော် ချယ်ရီ …. ငါက စကားအပိုမပြော တက်ဘူး …. ငါ သဘောမတူတဲ့အလုပ်ကို နင်လုပ်ရဲရင် လုပ်ကြည့် လိုက် …. နင့်ဘဝ ဘယ်လိုဖြစ်သွားမလဲ ကြိုတွေးထား ဒါပဲ ပြောမယ်''

ချယ်ရီ …. မေမေ့ကို ပြန်ပြောမရသည့်အဆုံး ငိုကြီးချက် မနှင့် အိပ်ခန်းထဲ ပြေးဝင်လာခဲ့သည်။

''မေမေတို့ မတရားဘူး …. ဇော် ငွေတစ်မျက်နှာနဲ့ နင့်ကို တန်ဖိုးဖြတ်ကြတယ် …. နင် ကြားရင် စိတ်မကောင်းဖြစ်မှာပဲ …. ဘာပဲဖြစ်ဖြစ် ငါကတော့ နင့်ကိုပဲ ချစ်နေမှာ …. ဘယ်နည်းနဲ့မှ ငါနင့်ကို မဖြတ်ဘူး ဇော် ….

ခေါင်းအုံးလေးကို ဖက်ပြီး အားရပါးရငိုရှိုက်လိုက်မိသည်။ ဇော့်အချစ်ကို လက်ခံမိ၍ ဘယ်တော့မှ နောင်တရမည်မဟုတ်။ ဇော်မှာ ငွေကြေးအဆင်မပြေတာကလွဲပြီး ဘာများ အပြစ်ဆိုစရာရှိလို့လဲ …. ဇော့်လောက် သူ့အပေါ်အနွံတာခံပြီး ချစ်မည့်သူ မရှိသလို သူကလည်း ဇော်လိုလည်း ဘယ်သူ့ကိုမှ ပြန်မချစ်နိုင်ခဲ့။ ဒါကြောင့် မေမေဘယ် လောက်ဖျက်ဖျက် အချည်းနှီးပဲ ဖြစ်နေမှာပင်။

# အပိုင်း(၇)

မေမေ၏ တစ်ချက်လွတ်အမိန့်နှင့် သတိုးတို့အိမ်သို့ ချယ်ရီ ပြောင်းနေခဲ့ရသည်။ ချယ်ရီကသာ ဖေဖေနှင့် မေမေကို ခွဲရမည်မို့ စိတ်မကောင်းဖြစ်နေသော်လည်း မေမေတို့ကတော့ သူတို့ ရည်ရွယ်ချက်နှင့်သူတို့မို့ ချယ်ရီကို ဝမ်းသာအားရတွန်းပို့ကြသည်။

အနေနီးရင် သံယောဇဉ်တွေဖြစ်သွားလိမ့်မည် .... အနေဝေးရင် သွေးအေးသွားလိမ့်မည် .... ထိုသို့ပဲ မေမေတို့စိတ်ထဲ တထစ်ချ တွေးထားပုံရသည်။

တစ်ကယ်တော့ သံယောဇဉ်ဆိုတာ နီးခြင်းဝေးခြင်းထက် ရင်ထဲက သံယောဇဉ် အတိမ်အနက်နှင့်ပဲ ပိုသက်ဆိုင်သည်ဟု ချယ်ရီ ထင်သည်။ အနေနီး၍ သတိုးကို ချစ်မလာနိုင်သလို အနေဝေး၍လည်း ဖော့်ကို မုန်းမသွားနိုင်ပါဘူး .... ဒါတွေ မေမေတို့မသိကြဘူး .... ချယ်ရီခံစားချက်ထက် ဂုဏ်တွေငွေတွေကို ပိုဦးစားပေးကြသည်။

သတိုးအိမ်ကိုရောက်တော့ သတိုးနှင့်သူ့အမေအပါအဝင် တစ်အိမ်လုံးက ပျာပျာသလဲ ကြိုဆိုကြသည်။ ငွေကြေးပြည့်စုံသည့် အသိုင်းအဝိုင်းကမို့ နေဖို့ စားဖို့ ဘာမှ ပူစရာမလိုအောင် ပြင်ဆင်ထားကြသည်။

ချယ်ရီ …. သူနေရမည့်အခန်းကို ဝေ့ဝဲကြည့်မိသည်။ ကုတင် မွေ့ရာ မှန်တင်ခုံ စာကြည့်စားပွဲ ဗီဒို ဘာဆိုဘာမှလိုလေသေးမရှိအောင် နေချင်စဖွယ်ပြင်ဆင်ပေးထားသောကြောင့် စိတ်ထဲလည်း အားနာနေမိသည်။

"သားက ပျော်နေတာ သမီးရေ …. သမီးနေမဲ့အခန်းကို သူကိုယ်တိုင် ရှယ်လုပ်ပေးထားတာ"

"အားနာလိုက်တာ အန်တီရယ် …. သမီးအတွက် အဲ့လောက်မလိုပါဘူး စာကျက်လို့ရရင် တော်ပါပြီ …."

"မဟုတ်တာ …. ငါ့သမီးအတွက်ဆို အားလုံးရှယ်ဖြစ်ရမှာပေါ့ …. သားဆို သမီးကို သူ့နှတ်သမီးလေးလို့တောင် တင်စားနေတာ"

အန်တီစကားကြောင့် မျက်နှာရှိန်းခနဲနေအောင် ရှက်သွားမိသည်။ ဒါကိုပဲ အန်တီက သဘောကျစွာ ရယ်လျက် ….

"ဟင်း ဟင်း အန်တီက အဲ့လိုပဲ သမီးရေ …. သဘောကျရင် ဟန်ကိုမဆောင်တတ်တာ …. ကဲ သမီးခဏနားအုန်း …. ပြီးမှ ထမင်းစားဖို့ အန်တီလာခေါ်မယ်နော် သိလား"

"ဟုတ်ကဲ့ …. အန်တီ"

ပျော်ရွှင်ရယ်မောစွာ ထွက်သွားသော အန်တီကို ကြည့်ပြီး စိတ်ထဲ မသက်မသာဖြစ်မိသည်။ ဒီအတိုင်းဆို ကြာရှည် ဘယ်လိုရင်ဆိုင်ရမလဲ မစဉ်းစားတတ်တော့ပေ။

"ဒေါက် …. ဒေါက်"

အတွေးများနေစဉ် တံခါးခေါက်သံကြားရသဖြင့် ထဖွင့်ပေးလိုက်သည်။ သတိုးက အမွှေးပွပွဝက်ဝံရုပ်ကြီးကို ပိုက်ကာ အခန်းဝမှာ ရပ်နေ၏။



"ရော့ …. နင့်အတွက်လက်ဆောင်ပေးတာ …. ဒီလို အရုပ်ကြီးတွေ နင်သဘောကျလား"

" အင်း …. သဘောကျပါတယ်"

သတိုးကမ်းပေးသည့် ဝက်ဝံရုပ်ကိုပွေ့ကာ ယူပြီး ကုတင်ပေါ်မှာ ချထားလိုက်သည်။

"ဘယ်လိုလဲ …. အခန်းအဆင်ပြေလား ငါကတော့ အဆင်ပြေသလို နေရာချထားတာပဲ နင်အဆင်မပြေရင်လဲပြောလေ …. ငါပြန်ရွှေ့ပေးမယ်"

ရပါတယ်ဟာ အဆင်ပြေတယ် ဒီလောက်တောင် ငါတော်တော်အားနာနေပြီ

"ဟာ ဘာအားနာစရာရှိလဲ …. ငါတို့က သူစိမ်းတွေမှ မဟုတ်ဘဲကို"

သတိုးစကား အသွားအလာကို သူရိပ်မိသည်။ သတိုးက အခန်းကို လှည့်ပတ်ကြည့်သလိုနှင့် အဖြေတောင်းဖို့ အရှိန်ယူနေသည့်ပုံပင်။

ချယ်ရီ မသိချင်ယောင်ဆောင်ပြီး ဘူးထဲမှ အပ်ချည်ကြိုးတန်းလန်းနှင့် ငှက်ရုပ်ကလေးနှစ်ကောင်ကို ထုတ်ပြီး စာကြည့်စားပွဲရှေ့က တန်းမှာ ချည်နေ၏။

"ငှက်ရုပ်ကလေးတွေပါလား …. နင်ကအဲ့လို ငှက်ရုပ်ကလေးတွေကြိုက်တယ် ဟုတ်လား …. ငါခေါက်တတ် …."

"ဒီငှက်ရုပ်ကလေးက ဖော်ပေးထားတာ …."

သတိုးစကားမဆုံးခင် သူဖြတ်ပြောလိုက်တော့ သတိုးက ချက်ချင်းပဲ မျက်စိမျက်နှာပျက်သွား၏။

"နင်က ဇော်ကို အရမ်းခင်တာပဲနော် .... နင်တို့ ငယ်ငယ်က တော်တော်ခင်တဲ့ပုံပဲ"

"ဟုတ်တယ် .... ငါတို့ငယ်ငယ်ထဲက ဘယ်တော့မှ မခွဲဘဲ တတွဲတွဲနေခဲ့ကြတာ .... အခုထိလဲ မခွဲဘူး .... ဒီငှက်ကလေးလို အမြဲတူရှိနေမှာ"

"ဘယ်လို"

သတိုးက. သူ့စကားကို နားရှုပ်သွားဟန်တူသည်။ မျက်မှောင်ကြုံ့ပြီး ကြည့်နေ၏။

"ငါနဲ့ ဇော်နဲ့က ခင်တာထက်ပိုတယ် သတိုး .... ငါတို့က ချစ်နေကြတာ ...."

"ဘာ"

"ငါနင့်ကို အားနာပါတယ် .... ဒီစကားကို ငါမပြောချင်ပေမဲ့ မိဘတွေက ငါတို့ကို သဘောတူနေလို့ ထုတ်ပြောရတာပါ .... ငါကတော့ ငါချစ်တဲ့သူကိုပဲ ယူမှာ .... ငါဇော်ကို ချစ်တယ် .... သူ့မှာ ဘာအပြစ်မှမရှိဘဲ သူ့ကို မထားခဲ့နိုင်ဘူး ...."

သတိုးက ချယ်ရီ၏ တရစပ်စကားများကို မခံစားနိုင်သည့်ဟန်နှင့် လက်ကာပြသည်။

"ရပါပြီ .... နင့်မှာချစ်သူရှိတယ်ဆိုတဲ့ အကြောင်းပြချက်တစ်ခုနဲ့တင် နင်ငြင်းတာလုံလောက်ပါတယ် .... ချယ်ရီရယ် .... နင်သူ့ကို ဘယ်လောက်ချစ်ကြောင်း ထပ်ပြောဖို့ မလိုပါဘူး .... ငါနားလည်ပါတယ်"

ချယ်ရီပင့်သက်ရှိုက်ကာ အားတောင့်အားနာပဲ ကြည့်လိုက်မိသည်။



"ငါစိတ်မကောင်းပါဘူးဟာ .... တကယ်လို့ ငါ့ကိုမြင်နေရတာ စိတ်မသက်သာဘူးဆို .... ငါအဆောင်မှာပြောင်းနေပေးပါ့မယ် .... အန်တီကိုလည်း ငါနားလည်အောင်ပြောပေးမယ်"

"ရပါတယ် နင်ပြောင်းနေစရာ မလိုပါဘူးဟာ .... ငါ့ကိုမချစ်တာနဲ့ အဆောင်မှာ ပြောင်းနေဖို့က ဘာမှမဆိုင်တာ ...."

"ဒါပေမဲ့လည်း .... နင့်အတွက် ...."

သတိုးက သူပြောလာမည့် စကားတွေကို လက်ကာပြီးပဲ တားနေ၏။

"ငါ့အတွက် မလိုပါဘူး .... နင် နားချင် နားတော့လေ .... ပင်ပန်းနေတာမဟုတ်လား .... ငါသွားတော့မယ်"

ပြောပြီးသည်နှင့် အခန်းထဲမှ ချာခနဲထွက်သွားသည့် သတိုးကို ကြည့်ပြီး စိတ်ထဲတော့ မကောင်းမိ။ သို့သော် ရင်ထဲက အချစ်ကလည်း ပြောင်းလဲ၍ရသည့်အရာမှ မဟုတ်ဘဲ ....။ ထိုင်ခုံပေါ်မှာ ထိုင်ရင်း ငှက်ရုပ်ကလေးတွေကို ငေးငေးရီရီစိုက်ကြည့်မိသည်။

"သစ္စာတရားဆိုတာ ဒါပဲနေမှာ .... ဇော် ....

နင်သိရဲ့ လား နင့်ကမ္ဘာမှာ မိုးတွေသည်းသည်းမဲမဲရွာနေပေမဲ့ တခြား တစ်ဖက် မှာ မိုးခေါင်နေတာကိုလေ .... နင့်ဘက်သာသာ ထိုးထိုး ရပ်တည်မဲ့ အချစ်တွေ ငါ့ရင်ထဲမှာ အများကြီးရှိပါတယ် ဇော်ရယ် .... ဘာအကြောင်းနဲ့မှ ငါတို့ဝေးသွားစရာမရှိပါဘူး"

စကားတွေတီးတိုးဆိုရင်း မျက်ရည်တွေဝဲလာမိပြန်ပါသည်။

***

မန္တလေးဆေးတက္ကသိုလ်သို့ ချယ်ရီနှင့် သတိုး အတူတက်ခွင့်ရခဲ့သည်။''

''ချယ်ရီဘက်က သူ့စိတ်ကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောပြီး ငြင်းထားသော်လည်း သတိုးကတော့ ဂရုစိုက်မှု နည်းနည်းမှ လျော့မသွားပေ။ ချစ်တယ်ဆိုသည့် စကားကို ထုတ်မပြောသော်လည်း ချစ်သည့် အရိပ်ဟန်တွေ အများကြီး ပြတတ်၏။ ညဆို ချယ်ရီ အခန်းတံခါးသော့ခတ်မခတ် လာစစ်ပြီးမှ အိပ်သလို မနက်ဆို ချယ်ရီ အခန်းတံခါးကိုခေါက်ကာ အမြဲနှိုးပေးသည်။''

သူသယ်ရမည့် စာအုပ်အပြင် ချယ်ရီစာအုပ်တွေပါ တပွေ့တပိုက်ယူကာ ကျောင်းသို့လာသည်။ မသယ်ပါနှင့်ဟု ပြော၍လည်း မရ။

ထမင်းကိုလည်း ချယ်ရီစားမှ လိုက်စားတတ်သည်။ ချယ်ရီ မကြိုက်သည့် ဟင်းတွေကို အိမ်ဖော် အဒေါ်ကြီးကို မချက်ဖို့မှာထားတတ်ပြီး ချယ်ရီကြိုက်သည့် အစားအစာတွေကို အမြဲလိုလို ချက်ခိုင်းစေသည်။

ချယ်ရီမျက်နှာမကောင်းသည်ကအစ အရိပ်လို လိုက်ကြည့်တတ်ပြီး နှာစီးခေါင်းကိုက် အသေးအဖွဲရောဂါလေးကိုတောင် ပျာနေအောင် ဂရုစိုက်တတ်သောသူပင်။

ထို့ကြောင့် သွားအတူ စားအတူ သူတို့နှစ်ယောက်ကို ဆရာများအပါအဝင် သူငယ်ချင်းများက အတွဲဟု ထင်ကြပြန်သည်။

ထိုအခါ .... သတိုးက ချစ်နေသူမို့ ဘာမှပြန်မပြောသော်လည်း ချယ်ရီကတော့ သူ့မှာချစ်သူရှိကြောင်း ချစ်သူနှင့် အနေဝေးနေသော်လည်း အရမ်းသံယောဇဉ်ရှိကြောင်း လွမ်းနေရကြောင်း



ချစ်သူလာရင် မိတ်ဆက်ပေးမည်ဖြစ်ကြောင်း ခင်မင်ရသည့် သူငယ်ချင်းအချို့ကို အမြဲရှင်းပြလေ့ရှိသည်။ ထို့အပြင် သူများအထင်လွဲအောင် ဂရုစိုက်တတ်သည့် သတိုးကိုလည်း အမြဲပြဿနာရှာလေ့ရှိသည်။

နင့် ငါ့ကိုလိုက်ဂရုစိုက်နေတော့ .... နင်နဲ့ငါ အတွဲလို့ ထင်တာပေါ့ .... တကယ်ဆို နင်လဲ တစ်ယောက်လောက်တော့ ရှာသင့်တယ် သတိုး .... နင့်ကိုစိတ်ဝင်စားနေတဲ့ မိန်းကလေးတွေ အများကြီးရှိနေတဲ့ဟာကို ....

''ငါမှ စိတ်မဝင်စားတာ .... နင့်ကိုဂရုစိုက်တယ် ဆိုတာလည်း ဘာသဘောမှ မဟုတ်ဘူး .... ငါနဲ့စချင်လို့သာ စနေတာပါ .... နင့်မှာချစ်သူရှိတယ်ဆိုတာ အခုဆို တစ်ကျောင်းလုံးလည်းသိနေပါပြီ''

ထိုသို့ ပြောလျှင် ချယ်ရီက ခေါင်းတဆတ်ဆတ် ပြုံးလို့နေသည်။

***

ဟင်း::::::

သက်ပြင်းချတိုင်း အသက်တိုမည်ဆိုလျှင် မနက်ဖြန်တစ်ရက်ကို သေသလို ဖြတ်သန်းသွားချင်စိတ် သတိုးစိတ်ထဲ ဖြစ်ပေါ်နေမိသည်။ မနက်ဖြန် ချစ်သူများနေ့သည် သူ့အတွက်နာကျင်စရာတွေ ပြည့်နေမှာအသေအချာပင်။ သို့သော် သူ .... ဘာများတတ်နိုင်မှာလဲ ....''

ချောကလက်ကြိုက်သော်လည်း သူ့ချစ်သူပေးသည့် ချောကလက်ကလွဲပြီး ဘယ်သူကျွေးကျွေးမစားတတ်သည့် ချယ်ရီစိတ်ကို လေးစားမိသည်။

ထို့အတူ ဇော့်ကိုလည်း အားကျမိသည်။ ရုပ်ရည် ဥစ္စာဓန နှင့် ပညာအရည်အချင်း အစစအရာရာ သူက ဇော်ထက် သာသော်လည်း ချယ်ရီစိတ်ကို စိုးမိုးနိုင်သူက သူမဟုတ်။

နှစ်ပေါင်းများစွာက အမြစ်တွယ်ခိုင်မာလာသည့် သံယောဇဉ် အတိမ့်အနက်ကို သူဘယ်လိုမှဖြတ်တောက်နိုင်မည်မဟုတ်။ ဖြတ်တောက်ဖို့လည်း စိတ်ကူးမရှိပါ။ ချယ်ရီဖြစ်စေချင်သည့်အတိုင်း အကုန်လုပ်ပေးဖို့ပဲ စိတ်ထဲရှိနေ၏။ ဒါတွေဟာ တစ်ချိန်မှာ ပြတ်ပြတ်သားသားစွန့်လွှတ်ရမည့်အရာဆိုတာ သူသိပါသည်။ သို့သော် နှလုံးသားက စက်တစ်ခုကိုရပ်တန့်သလို တိခနဲ ရပ်လိုက်လို့မှမရ။

တစ်ချိန်ချိန်တော့ သူလုပ်ကောင်းလုပ်နိုင်ပါလိမ့်မည်။ အခုတော့ မနက်ဖြန် ချစ်သူများနေ့မှာ ပျော်ရွှင်စွာ ဆုံစည်းကြမည့် ချစ်သူနှစ်ဦးအကြောင်းတွေးရင်း ညည့်နက်မှ မှေးခနဲ အိပ်ပျော်သွားသည်။ မနက်ရောက်တော့ ချယ်ရီက သူ့နှိုးစရာပင်မလို။ စောစီးစွာ နိုးနေ၏။ အရင်နေ့များတွင် ချယ်ရီသည် ငါးမိနစ်လောက် နောက်ကျမှ ပြီးစီးတတ်သည်။ ဒီနေ့မှာတော့ အလုပြင်ပြီး သူ့ကိုပင် စောင့်နေရသည်။ သနပ်ခါးပါးပါး လိမ်းထားသည့် မျက်နှာလေးသည် ဒီနေ့မှာတော့ မိတ်ကပ်ပါးပါးလေးလိမ်းကာ နှုတ်ခမ်းဖူးဖူးလေးကို ပန်းဆီရောင် ဖျော့ဖျော့လေး တင်ဆိုးထား၏။

ငုဝါရောင်ဖျော့ဖျော့ ဝမ်းစက်လေးကို မြန်မာဆန်ဆန် ချုပ်ချုပ်ရပ်ရပ် ဝတ်ထားပုံသည် အမြင်အေးပြီး ယဉ်သည်။ ထို့အပြင် အမြဲစုစည်းထားလေ့ရှိသည့် ကျောလယ်လောက်ရှိသည့် ဆံပင်ရှည်များကို ဒီနေ့မှာတော့ တစ်လွှာစီးကာ ဖြန့်ချထား၍ အလုပေါ် အယဉ်ဆင့် လှချင်တိုင်းလှနေတော့သည်။



ချစ်သူနှင့်တွေ့ရမည်ကြောင့်ထင်သည်။ ချယ်ရီသည် အရင်နေ့ကထက် ပိုတက်ကြွနေ၏။ စာထဲလည်းစိတ်ရောက်သည့် ပုံမပေါ်။ နာရီပဲ တကြည့်ကြည့်လုပ်နေ၏။ အတန်းချိန်ပြီးချိန်တွင် ဦးဆုံး အလျှင်ထပြီး စာအုပ်တွေကို ကမန်းကတန်း ကောက်သိမ်းကာ ...

“ဒီနေ့ ဇော်လာကြိုမှာ သတိုး .... ငါ .... ဇော်နဲ့တွေ့ပြီးမှ ပြန်လာခဲ့မယ်နော် .... နင်ပြန်နှင့်တော့”

“အိမ်ကို ငါတစ်ယောက်တည်း ဘယ်လိုပြန်မလဲ မေမေက မေးရင်ရော ဘယ်လိုဖြေမလဲ .... ဒီလိုလုပ် ငါကျောင်းရှေ့က အအေးဆိုင်မှာ စောင့်မယ် .... နင်တို့အေးဆေးတွေ့ပါ .... ပြီးမှ အတူတူပြန်တာပေါ့”

“ဟ .... ဒါဆို ငါ့ရည်းစားနဲ့တွေ့တာကို နင်က ထိုင်စောင့်မလို့လား”

“အဲ့လိုမလုပ်ရင် ဘယ်လိုလုပ်မလဲ .... ကားဒရိုင်ဘာကတစ်ဆင့် မေမေသိရင် နင့်အမေတွေပါ သိလာမှာ .... အဲ့ဒီအခါ ....”

“အဲ့ဒီကိစ္စကို အဲ့ဒီအချိန်ကျမှ ရှင်းမယ် .... ဇော် စောင့်နေပြီ .... ငါသွားတော့မယ်”

ပြောပြောဆိုဆို ချယ်ရီက စာအုပ်တွေပိုက်ကာ ရှေ့ကအလျှင်သွား၏။

“ငါပြောတာနားထောင်ချယ်ရီ .... နင့်အတွက်ပြောနေတာ .... ငါအအေးဆိုင်မှာပဲ စောင့်မယ် .... ဘယ်အချိန်ဖြစ်ဖြစ် စောင့်မယ်”

“သတိုး .... နင်ဘယ်လိုဖြစ်နေတာလဲ”

ချယ်ရီက စိတ်မရှည်သလို ထအော်သည်။

"ငါ နင့်ကို နှောက်ယှက်နေတာ မဟုတ်ဘူး .... ချယ်ရီ ငါ့အမေ့ကို မလိမ်ချင်ဘူး .... နင့်ကိုလည်း အဆူမခံစေချင်ဘူး .... အဲ့တော့ ငါစောင့်နေတာ အကောင်းဆုံးပဲ"

"ဒါဆို ငါဖော့်နောက်လိုက်သွားရင်ရော .... နင်စောင့်နေမှာလား"

"ချယ်ရီ"

သူ အထိတ်တလန့်အော်တော့ ချယ်ရီက ခပ်ရွှဲရွှဲပြုံးပြီး လှည့်ထွက်သွားသည်။

သတိုး .... ချယ်ရီနောက်မှ ပြေးလိုက်ပြီး လက်ကို လှမ်းဆွဲလိုက်သည်။ ဒါကိုပဲ ချယ်ရီက ဆတ်ဆတ်ထိမခံ သူ့လက်ကို ဒေါသတကြီး ဆွဲဖြုတ်၏။

"ငါ့ကို မနှောင့်ယှက်နဲ့ သတိုး .... ငါတို့က တစ်နှစ်မှ တစ်ရက်စည်းတွေ့ရတာ .... နင်စောင့်နေတယ်ဆိုတဲ့စိတ်နဲ့ ငါတို့က နောက်ဆံတင်းတင်း တွေ့ရမှာလား ...."

"အဲ့လို မဟုတ်ပါဘူး .... ငါက နင့်အတွက် ...."

"မလိုဘူးလို့ ပြောထားတယ်လေ .... ငါဖြစ်သမျှ ငါပဲခံမယ်"

သတိုးသက်ပြင်းကို ဟင်းခနဲချကာ စိတ်လျှော့လိုက်သည်။

"ကောင်းပါပြီ .... ဒါဆို ငါ ပြန်နှင့်တော့မယ် .... နင်အရမ်းကြီးတော့ မကြာနဲ့နော်"

"အဲ့ဒါ ငါ့ကိစ္စပါ ...."



ချစ်သူအတွက်ဆို ပြတ်သားလွန်းသော ချယ်ရီကို သူဘယ်လိုမှ မပြောသာတော့ဘဲ နောက်ကပဲ ခေါင်းငိုက်စိုက်လှမ်းနှင့် ဖြည်းဖြည်းချင်း လိုက်လာခဲ့သည်။

"ဖော်"

ခေါ်သံနှင့်အတူ ချယ်ရီက ကလေးလေးလို ဖော်ထံသို့ ပြေးသွား၏။

သူငယ်ချင်းတွေကလည်း ချယ်ရီတို့အတွဲကိုမြင်သည်နှင့် သတိုးကို လက်ကုတ်ပြီး မေးတော့သည်။

"ဟဲ့ သတိုး... အဲ့ဒါ ချယ်ရီပြောတဲ့ ဖော်ဆိုတာလား"

"အင်း... ဖော်ဆိုတာ သူပဲ"

"ဟယ် မဆိုးဘူးပဲ... ဒါကြောင့် ချယ်ရီမက သဲသဲလှုပ်ဖြစ်နေတာ ဟော့ သွားစမယ်ဟော့"

ပြောပြောဆိုဆို ထွက်သွားသည့် သူငယ်ချင်းတွေနောက် သူ ဖြေးဖြေးချင်းလိုက်လာသည်။

သူ့အနားကိုရောက်တော့ ချယ်ရီက သူငယ်ချင်းတွေကို တစ်ယောက်ချင်းစီ မိတ်ဆက်ပေးနေ၏။

"ငါအမြဲပြောတဲ့ ငါ့ချစ်သူလေ...ဖော်တဲ့... ဖော်...သူက ကာယ် သူက မိုးပြည့်... သတိုးကတော့ နင်သိပြီးသားပါ"

"အင်း...သိပါတယ်"

ဖော်ခေါင်းညိတ်ပြတော့ သူလည်း ခပ်ယဲ့ယဲ့လေးပဲ ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"ငါသွားတော့မယ် ချယ်ရီ... နင်တို့လည်း သွားတော့ ကားက ခဏနေရင် လာတော့မှာ... ငါလမ်းထိပ်ထိ လမ်းလျှောက်သွားပြီး ကြို့စောင့်နေလိုက်မယ်"

သူ့စကားကြောင့် ချယ်ရီက အားတောင့်အားနာကြည့်သည်။ ဇော်သည်လည်း သူ့ကိုအားနာနေပုံရသည်။

"ကျေးဇူး သတိုး…"

သူချယ်ရီကို ခေါင်းညိတ်ပြီး ဇော့်ကိုလည်း နှုတ်ဆက်အကြည့် တစ်ချက်ကြည့်ကာ ခပ်မြန်မြန်ပဲ လှည့်ထွက်လာခဲ့သည်။

သူ့ကို အားနာသည့် ခံစားချက်မျိုး မဖြစ်စေလို။ ချစ်ချင်တိုင်း ချစ်ခွင့်ရှိသည့်ဘဝမှာ ဘာကြောင့်နှင့်မှ စိတ်ကသိကအောင့်မဖြစ်စေချင်ပါ။ ထို့ကြောင့် … ရင်ထဲမှာ တဆစ်ဆစ်နာနေသော်လည်း အိမ်ပြန်လမ်းလည်း ဟာတာတာဖြစ်နေသော်လည်း ဘာမှမဖြစ်သလိုပဲ ဟန်ဆောင်နေဖြစ်ခဲ့သည်။

* * *

"ငါက နောက်နေတယ်ထင်တာ… တကယ်ချစ်သူရှိနေတာပဲ… တယ်မိုက်ပါလား ချယ်ရီရယ်… နင်ကျတော့လည်း… အမိုက်စားတွေ ဝိုင်းရံနေပါလား…"

ကာရံအပြောကြောင့် ချယ်ရီ သူ့ထက်ခေါင်းတစ်လုံးသာ အရပ်မြင့်သည့် ဇော်ကို ပြုံးပြုံးလေး မော့ကြည့်မိသည်။ ဇော်ကလည်း သူ့ဘက်ကို ငုံ့ကြည့်ပြီး မျက်စိတစ်ဖက်ကို မသိမသာ မှိတ်ပြ၏။ ချယ်ရီ နှုတ်ခမ်းလေးကို ကိုက်ပြီး ဇော့်ခါးကိုသတောင်နှင့် လှမ်းတွတ်လိုက်သည်။ ဇော်က ရယ်လျက် ခေါင်းကို ဖွဖွလေး ပြန်ပုတ်၏။ ဒါကိုပဲ သူငယ်ချင်းတွေက မျက်စိတဆုံးလိုက်ကြည့်ပြီး သဘောကျနေကြ၏။

"အမယ်လေး အမြန်သွားမှပါ… မိုးပြည့်ရေ… ကြာရင် အားတွေကျကုန်မယ်"



"ဟုတ်ပါ့…သွားပြီဟေ့…ဟေ့ ဇော်လား… ဘာလားတို့သူငယ်ချင်းကို စိတ်ချမယ်နော်… အိမ်ပြန်ပို့ဖို့ မမေ့နဲ့ဦး"

ဇော်ကပြုံးပြီး ခေါင်းညိတ်ပြသည်။ သူငယ်ချင်းတွေလည်း စနောက်ပြီး ထွက်သွားကြသည်။ ဇော်က သူပိုက်ထားသော စာအုပ်တွေကိုလှမ်းယူပြီး ရပ်ထားသည့် ဆိုင်ကယ်ကို မေးငေါ့ပြသည်။

"သူငယ်ချင်းဆီက မလာတာ…"

"ဟင် နင်ဆိုင်ကယ်စီးတတ်လို့လား…"

"ဟင့်အင်း… မစီးတတ်ဘူး၊ ဒါပေမယ့် နင်လိုက်ရဲတယ်မဟုတ်လား"

ချယ်ရီခေါင်းကိုဆတ်ခနဲ ညိတ်လိုက်သည်နှင့် ဇော်က ပြုံးပြီး လက်ကလေးကို တင်းတင်းဆုပ်ကိုင်၏။

"ဒီနေ့ရောက်ဖို့ စောင့်လိုက်ရတာနော်… ငါ့ညက ကောင်းကောင်းအိပ်လို့တောင် မပျော်ဘူး…"

"အပိုတွေပြောပြီ…ကဲပါ လာကြိုတဲ့ကားနဲ့ တိုးနေဦးမယ် သွားကြမယ်"

"အင်း"

ဇော်က စာအုပ်တွေကို ဆိုင်ကယ်ခြင်းထဲထည့်ပြီး ချယ်ရီကို ဆိုင်ကယ်ဦးထုပ်ဆောင်းပေး၏။ ဆိုင်ကယ်စက်နှိုးပြီးသည်ထိ ဇော်က မမောင်းသေး။

"မောင်းလေ…ဇော်…"

"အင်း…မြန်မြန်မောင်းမှာနော်"

"မောင်းလေ… ဘာဖြစ်လို့"

"အရမ်းအမြန်ကြီးမောင်းမှာလို့"

"အင်း မောင်းပေါ့..."

ချယ်ရီ မသိဟန်ဆောင်ကာ ခပ်တည်တည်ပြောတော့ စိတ်မရှည်ဟန်ဖြင့် လက်ကိုဆွဲပြီး ခါးကိုဖက်နိုင်း၏။

"အဲ့အတိုင်းနေ ပြုတ်ကျမှာစိုးလို့"

ချယ်ရီ တခစ်ခစ်ရယ်ကာ ဇော်ခါးလေးကို တင်းတင်းတိုးဖက်လိုက်ပြီး သူ့ကျောပြင်လေးပေါ် မျက်နှာလေးဖိကပ်ထားလိုက်သည်။

"ဒီလိုလေးနေရမှာလား...၊ ဒါဆိုပြုတ်မကျမှာ သေချာလား"

"အင်း လုံးဝပြုတ်မကျစေရဘူး...တစ်ဘဝလုံးအာမခံတယ်"

"ဟားဟား လူလည်"

ဇော်ကရယ်၏။ ချယ်ရီလည်းကျေနပ်စွာ ရယ်နေမိသည်။ အရင်နေ့များဆို ကျူးပတ်လည် ကားနှင့်မောင်းရင်တောင် တော်တော်ကြာသည်ထင်ရသည်။ အခုတော့ ဇော်ကပဲ ဆိုင်ကယ်မြန်မြန်မောင်း၍လား။ အချိန်တွေအကုန်မြန်၍လားမသိ။ ကျူးတစ်ပတ်ကို ခဏလေး ပတ်လိုက်သလိုပင်။

ဇော်က ဦးပိန်တံတားဆီသို့ ဆိုင်ကယ်ကို တန်းတန်းမတ်မတ် မောင်းလာ၏။

"မန်းလေးမရောက်ဖူးဘဲနဲ့ လမ်းတွေ ဘယ်လိုသိနေတာလဲ"

"ဘာလို့မရောက်ဖူးရမှာလဲ...အလုပ်ကိစ္စနဲ့ ခဏခဏလာရတယ်... အလုပ်တစ်ဖက်နဲ့မို့ လာမတွေ့နိုင်တာ... ဒီဘက်ကို လာတိုင်းနင်နဲ့ အခုလိုတွဲပြီးလျှောက်ချင်နေတာ... အခုတော့ ချစ်သူလက်ကို တွဲပြီး လျှောက်နိုင်ပြီပေါ့... ဦးပိန်ရယ် ဟဲ ဟဲ"

သူ့လက်ကို ဆုပ်ကိုင်ပြီး ခပ်ကြွားကြွားလေး လျှောက်နေသော ဇော့်ကိုကြည့်ရင်း သဘောကျမိသည်။ လူအများစည်ကားလျက်ရှိသော ဦးပိန်တံတားထက် တစ်ယောက်တစ်လက်တွဲကာ ပျော်ရွှင်စွာ လျှောက်လာကြသည်။

တံတားအလယ်တစ်နေရာ အရောက်မှာတော့ ခြေထောက်တွဲလဲချကာ ထိုင်ရင်း တောင်သမန်အင်း၏ ညနေခင်းအလှကို နှစ်ယောက်သား ငေးမောကြည့်နေမိသည်။

"သတိုးတို့အိမ်မှာနေရတာ အဆင်ပြေရဲ့လား"

"အင်း...ပြေပါတယ်...ဘာလဲ စိတ်မချလို့လား"

ဇော်က ခေါင်းကို ဖြည်းဖြည်းချင်းခါပြီး အဝေးကို ငေးကြည့်နေ၏။

"ငါနင့်ကို ယုံပါတယ်... စိတ်မချဘူးဆိုတာ... တစ်ယောက်ကိုတစ်ယောက် မယုံတာမဟုတ်လား... ငါတို့က ဘာမယုံစရာရှိလို့လဲ..."

"ဟင့်အင်း...ငါ့ကို မယုံနဲ့...ငါက အချိန်မရွေး ပြောင်းလဲသွားနိုင်တယ်... ဇော်"

"ဘာလို့"

"အဲ့ဒါမှ နင် ငါ့ကို အမြဲစောင့်ကြည့်နေမှာလေ... မဟုတ်ရင် နင်ငါ့ကို စိတ်ချလက်ချ ပစ်ထားနေဦးမှာ မဟုတ်လား"

သူ့စကားကြောင့် ဇော်က ဟက်ခနဲရယ်ကာ လက်ကလေးကို ဆွဲယူပြီး သူ့ပါးမှာ အပ်ထား၏။

"အချိန်မတန်သေးလို့…ခဏဝေးနေရတာပါ… ချယ်ရီရယ်… ငါလည်း ဘယ်ခွဲချင်ပါ့မလဲ…တစ်မိနစ် တစ်စက္ကန့်တောင် နင်နဲ့ မဝေးချင်ဘူး…"

"မယုံပါဘူး…အဲ့လိုပြောပြီး… ကြာရင်မေ့သွားကြရော"

ဇော်က သူ့ကိုယ်လေးကို ဖက်ကာ ရင်ခွင်ထဲဆွဲသွင်း၏။

"ဟာ ဘာလုပ်တာလဲ… လူတွေရှိတဲ့ဟာကို"

"မယုံရင်… ရင်ခုန်သံကို နားထောင်ကြည့်လိုက်… ချယ်ရီလို့ အော်နေလိမ့်မယ်"

"ဟာဟား၊ ဘာမှ မအော်ဘူး…"

ဇော်ရင်ခွင်ထဲ ပါလေးအပ်ထားပြီး ချယ်ရီ ရယ်နေမိသည်။ တဒိတ်ဒိတ်ခုန်နေသော ဇော့်ရင်ခုန်သံကို အနီးကပ်ကျယ်လောင်စွာ ကြားနေရ၍ စိတ်လည်းလှုပ်ရှားမိသည်။

"အဲ့လောက်ရင်ခုန်သံမြန်ရင် နင်နှလုံးရောဂါဖြစ်နေပြီ ဇော်"

"သေချာတာပေါ့… ကုပေးတော့"

"ဟားဟား အလကားမကုပေးပါဘူး…နင့်လစာ အကုန် အပ်ရမယ်…"

"အင်း အပ်မယ်… ပြီးတော့ရော"

"ငါက ဟင်းချက်ရင် နင်က ထမင်းချက်ရမယ်"

"ရတယ်…ဆက်ပြော…"

"ငါက အဝတ်လျှော်ရင် နင်ကမီးပူတိုက်ရမယ်"

"ဖြစ်တယ်…ဆက်ပြောဦး"



"အင်း ပြီးတော့… နင့်အချစ်တွေ အကုန်လုံး ငါ့ကိုပေးရမယ်…"

"အင်း…ပေးမယ်…ဒါပဲလား…"

ချယ်ရီ စဉ်းစဉ်းစားစားတွေးကာ ငြိမ်နေ၏။ ဇော်က ရင်ခွင်ထဲကို ပြုံးပြုံးလေးငုံ့ကြည့်ပြီး…

"အချစ်တွေလည်းပေးမယ်… ငါ့ဘဝတစ်ခုလုံးကိုလည်း ပေးမယ်…ငါ့ကို အဲ့ဒီပါးချိုင့်လေးပဲ ပေး"

ပြောရင်း ပါးလေးကို ဖျတ်ခနဲ ငုံ့နမ်း၏။ ချယ်ရီဘေးမှ လူတွေကိုလျှောက်ကြည့်ရင်း ရှက်ရှက်နှင့် သူ့ရင်ဘတ်ကို ထုနေမိသည်။

"လူတွေရှိတဲ့ဟာကို ရှက်စရာကြီး… ဘယ်လိုဖြစ်နေလဲ မသိဘူး"

"ဘာဖြစ်လဲ…လွမ်းရတော့ အဲဒီလူတွေ သိကြတာမဟုတ်ဘူး"

"ဟွန့် တော်တော်တတ်နေတယ်"

"ငါ နင့်ကို အရမ်းချစ်တယ် ချယ်ရီ…"

ဇော်က သူ့လက်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ပြော၏။

"ချစ်ရင် ချောကလက်ပေးလေ"

"ချောကလက်ထက် အရေးကြီးတာပေးမယ် မျက်လုံးမှိတ်လိုက်…"

"ဟာမမှိတ်ပါဘူး… ဇော် နင်နော်"

သူ့စကားကြောင့် ဇော်က ဟားတိုက်ရယ်နေ၏။

"ဘာတွေတွေးနေတာလဲ…မှိတ်ပါ လက်ဆောင်ပေးမလို့ မှိတ်ခိုင်းတာ…မြန်မြန်မှိတ်"

ချယ်ရီ မယုံမရဲနှင့် မျက်လုံးကို မှိတ်ပေးလိုက်သည်။

"ရပြီ"

မျက်လုံးကို ဆတ်ခနဲဖွင့်တော့ ဇော်က ဘူးလေးတစ်ဘူးကို လက်ထဲထည့်ပေး၏။

ထိုဘူးထဲတွင် ချောကလက်တောင့်တွေအပြင် ရွှေဘူးလေး တစ်ဘူးကိုတွေ့ရသည်။ ထိုဘူးလေးကို ဖွင့်ကြည့်တော့ မောင်းကွင်း လက်စွပ်လေးတစ်ကွင်းကို တွေ့လိုက်ရသည်။

"ဇော် ဒီလက်စွပ်လေးက…"

"ဒီနှစ်လွမ်းသမျှ စုထားတာ…"

"ဇော်ရယ်…"

ဇော်က လက်စွပ်လေးကို လက်သူကြွယ်မှာ စွပ်ပေးပြီး ကျေကျေနပ်နပ်ပြုံးနေ၏။

"အတော်ပဲနော် နင်ကြိုက်လား"

"အင်း ကြိုတယ်"

"ဒေါ်ဒေါ်က ငါနဲ့သဘောမတူဘူးလို့ ဦးကျော်ကတစ်ဆင့် ပြောခိုင်းလိုက်တယ်…"

ဒေါ်ဒေါ်မမှားပါဘူး… ငါက ဒီလက်စွပ်လေးတစ်ကွင်း ရဖို့တောင် တစ်နှစ်လောက်စုရတာ… အဲဒီလိုလူက သူ့သမီးကို တင့်တောင့်တင့်တယ် မထားနိုင်ဘူးလို့တွေးတာ မမှားပါဘူး"

ဇော်က မျက်နှာလေးငယ်ငယ်နဲ့ အဝေးကိုငေးကာကြည့်ရင်း ပြောနေ၏။



"မေမေ့စကားကို နားမယောင်နဲ့ ဇော်…

ငါ့စိတ်က အဓိကပဲ…ငါက ငါချစ်တဲ့သူကိုပဲ လက်ထပ်မှာ လို့ အမေ့ကိုပြောပြီးသား"

ဇော်က သူ့ဘက်ကို ဆွေးဆွေးမြွေ့မြွေ့ ပြန်စိုက်ကြည့်ပြီး လက်ကလေးကို ဖွဖွလေး ဆုပ်ကိုင်ထားသည်။

"ဒီလက်စွပ်လေးက အဲဒီအဓိပ္ပာယ်ပဲ ချယ်ရီ ငါရှိသမျှ အင်အားနဲ့ နင့်ကိုအလှပဆုံးထားပါ့မယ်… ငါငွေတွေအများကြီးရှာပြီး … နင့်ကိုလက်ထပ်မယ်…အဲဒီအတောအတွင်းမှာ ငါ့ကိုပစ်မသွား ရအောင် သတိပေးထားတဲ့ သံပတ်လေးပါ…"

"ဒီလက်စွပ်ပေးမှ မဟုတ်ပါဘူး ဇော်ရယ်… နင့်ကိုချစ်နေဖို့ …ဘယ်အရာနဲ့မှ ငါ့ကိုသံပတ်ပေးနေစရာ မလိုပါဘူး… ငါ့နှလုံးသွေး မှာ နင်က အလိုလိုစီးဆင်းပြီးသားပါ… ဘယ်သူတွေ ဘာပြောပြော ငါနင့်ကိုပဲ လက်ထပ်မှာ…ငါနင့်ကိုပဲ ချစ်မှာပါ"

ဇော်က ကျေကျေနပ်နပ်ပြုံးပြီး သူ့ကို တွေးဖက်ထားသည်။ ချယ်ရီ သက်ပြင်းသဲ့သဲ့လေး ခိုးချနေမိသည်။ ဖြစ်နိုင်ရင် ဇော့်ရင်ထဲက အပူတွေကို ခွဲဝေယူချင်ပါသည်။ သူ၏ပျော်ရွှင်ခြင်း ဝမ်းနည်းခြင်း မှန်သမျှ ခွဲဝေယူပြီး အမြဲထာဝရ မခွဲမခွာ နေချင်မိသည်။

ထိုညနေကတဖြည်းဖြည်း ငုံ့လျှိုးပျောက်ကွယ်တော့မည့် နေလုံးကြီးကို နှစ်ယောက်သား နှမြောတသစွာ ကြည့်နေကြသည်။

"ပြန်ရအောင်…နောက်ကျရင် မကောင်းဘူး"

"ငါမပြန်ချင်ဘူးဇော်ရယ်… ဒီနေ့ပြီးရင် ဘယ်လောက်ထိ ဝေးရဦးမလဲ မသိဘူး ဟင့်ဟင့်"

ရှိုက်ငိုနေသည့် ချယ်ရီကိုဖတ်ကာ ဇော်လည်း အံကိုကြိတ်ပြီး မျက်ရည်ဝဲနေမိသည်။

"ငါ ခဏခဏ လာမှာပါဟာ… မငိုပါနဲ့"

"ငါတို့နှစ်ယောက်က ဘာလို့ အဲ့လိုဝေးနေရတာလဲ မသိဘူး ဇော်ရယ်… အရင်က အတူနေခဲ့ရသလောက် အခုတွေ့ဖို့ အရမ်းခက်ခဲတာပဲ"

"ဘယ်လောက်ခက်ခက် နည်းလမ်းရှိပါတယ် ငါနင်နဲ့ အမြန်ဆုံးနီးအောင် ကြိုးစားမယ်… ငါ့ကိုယုံတယ် မဟုတ်လား"

ချယ်ရီ မျက်ရည်တွေကြားမှ ခေါင်းညိတ်ပြလိုက်သည်။ ဇော်က သူ့ပါးပြင်မှ မျက်ရည်တွေကို သုတ်ပေးပြီး အားတင်း ပြုံးပြသည်။

ညနေစောင်းအချိန်တွင် တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ကိုင်ပြီး အိမ်သို့ပြန်လာခဲ့သည်။

ညနေသည် လှသလောက် အမှောင်က အကျည်းတန်ဆန် လွန်းသည်။ ဆိုင်ကယ်ပေါ်တွင် ချယ်ရီသူ့ခါးကိုဖက်ပြီး တစ်လမ်းလုံး ငိုလာ၏။ ဇော်လည်း ငိုနေပြီလားမသိ။ ဆိုင်ကယ်မောင်းရင်း တိတ်ဆိတ်နေ၏။

အိမ်နှင့်မလှမ်းမကမ်းနေရာတွင် ဆိုင်ကယ်ကိုရပ်ပြီး တစ်ယောက်ကိုတစ်ယောက် အချိန်အတော်ကြာ စိုက်ကြည့်မိကြသည်။

"ငါနင့်ကိုချစ်တယ် ချယ်ရီ"

"ငါရောပဲ…ငါလည်း နင့်ကို ချစ်တယ် ဇော်"

ချယ်ရီ လက်ကိုင်ပုဝါလေးကိုထုတ်ပြီး ဇော့်လက်မှာ



တယုတယချည်ပေးလိုက်သည်။ နောက် ဇော့်လက်ကလေးကို ဖွဖွ လေးနမ်းလိုက်ပြီး

"ငါ နင့်ကိုအမြဲလွမ်းနေမှာ ဇော်… အချိန်တိုင်း မိနစ်တိုင်း စက္ကန့်တိုင်းမှာ လွမ်းနေမှာ …. သိလား"

ဇော်က ပြုံးပြီး ချယ်ရီပါးလေးကို သူ့လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားသည်။

"ငါလည်း လွမ်းနေမှာ… အသက်ရှူလိုက်တိုင်းမှာ နင့်ကို တင့်တောင်းတင့်တယ်ထားနိုင်ဖို့ပဲ တွေးပြီး ကြိုးစားမယ်… ငါတို့ အမြန်ဆုံး နီးကြမယ်နော် ချယ်ရီ"

မျက်ရည်တွေ ခိုတွဲကာ နှစ်ယောက်သား အပြန်အလှန် ငေးစိုက်ကြည့်နေမိပြန်သည်။ ထိုအချိန် ဆိုင်ကယ်တစ်စီး ချယ်ရီတို့ အနား ဝူးဆိုထိုးရပ်လာ၏။

"ချယ်ရီ"

ကျယ်ကျယ်လောင်လောင် အော်ခေါ်သံကြောင့် ချယ်ရီရော ဇော်ပါ လန့်ဖျတ်သွားကြသည်။ ဆိုင်ကယ်ပေါ်တွင် သတိုးနှင့်အတူ မေမေကိုပါ တွေ့လိုက်ရ၍ သွေးပျက်မတတ် ထိတ်လန့်သွားမိသည်။

"မေမေ"

ချယ်ရီ အထိတ်တလန့်ဖြစ်နေစဉ်မှာပဲ မေမေက ဆိုင်ကယ် ပေါ်က ဒေါသတကြီး ဆင်းလာပြီး ချယ်ရီပါးကို ဖြောင်းဆို လည် ထွက်အောင် ရိုက်ချလိုက်သည်။

"ဒေါ်ဒေါ်"

ဇော်လှမ်းဆွဲတာတောင် မမီတော့။ မေမေဒေါသက ယမ်းပုံမီးကျ အကြီးအကျယ် ပေါက်ကွဲနေတော့သည်။ ဇော်ကိုင်ထား

သည့်လက်ကို အတင်းဆွဲဖြုတ်ပြီး ချယ်ရီကို သူ့ဘက်ပါအောင် ဆွဲဆောင့်ခေါ်သည်။

"ဖယ်စမ်း ငါ့သမီးလက်ကို နင်ကိုင်စရာလား… နင့်ကို ငါ့သမီးနဲ့ သဘောမတူပါဘူးလို့အစကတည်းက ပြောပြီးသား… နင်ကိုယ်ဘဝကိုယ်နားမလည်ဘူးလား… နင်တို့ သူငယ်ချင်းဖြစ်ခဲ့တယ်ဆိုရုံနဲ့ ငါက သဘောတူရမှာလား… သေတောင် သဘောတူမှာမဟုတ်ဘူး"

"မေမေ ဇော့်ကို ပြောစရာမလိုဘူး… သဘောမတူလည်း သမီးကဇော့်ပဲ ချစ်တာ ဇော့်ကိုပဲ ယူမှာ"

အရိုက်ခံလိုက်ရသည့် ပါးတစ်ဖက်ကိုဖိပြီး ချယ်ရီ မျက်လုံးစုံမှိတ်အော်ပစ်လိုက်သည်။ မေမေ မျက်လုံးများ မီးဝင်းဝင်းတောက်သွားပြီး သူ့ကိုဝါးမျိုမတတ် ပြန်စိုက်ကြည့်သည်။

"အမိုက်မ… နင်က ငါ့ကို အာခံလိုက်တာပေါ့လေ… နင့်ကို ပညာတွေစင်ပေးထားတာ ဒီလိုအာခံဖို့လား ဟမ် အေးငါက ငါမွေးတဲ့မျောက်က ပြန်ခြောက်တာတော့ မခံဘူး……… အသေပဲ သတ်ပစ်မှာ"

ပြောပြီး ချယ်ရီကို စိတ်ရှိလက်ရှိ ထုရိုက်တော့သည်။ သတိုးက ဆိုင်ကယ်ပေါ်က ဆင်းလာပြီး မေမေ့ကို ပြေးဆွဲသလို ဇော်ကလည်း ချယ်ရီကို ကွယ်ရပ်ပြီး မေမေရိုက်သမျှ ပေခံနေ၏။

"အန်တီ မလုပ်ပါနဲ့… လူမြင်လို့လည်း မကောင်းပါဘူး အိမ်ရောက်မှ အေးဆေးပြောပါဗျာ လာပါ"

သတိုးက မေမေ့လက်ကိုဆွဲခေါ်သလို အမေက သူ့လက်ကို ဆောင့်ဆွဲခေါ်၏။



"လာခဲ… အခုလာခဲ့… အမိုက်မ… မအေက ငါ့သမီးလေး သူများအိမ်မှာ နေတာ အဆင်ပြေပါ့မလားဆိုပြီး စိတ်ပူပြီးလာတယ်၊ သူက ရည်းစားနဲ့ချိန်းတွေ့နေတယ်… မိဘမျက်နှာကို အိုးမဲသုတ်တဲ့မိန်းမ… နင့်ကိုကျောင်းထုတ်ပြီး ကတုံးတုံးပစ်မယ်.."

"ဇော်"

ချယ်ရီ… ဇော့်လက်ကို မမှီမကမ်း ဖမ်းဆုပ်ထားသည်။ ဇော်ကလည်း သူ့လက်ကို တင်းတင်းဆုပ်ကိုင်ကာ မလွှတ်ပေး။

"ချယ်ရီ"

"ဇော်…"

"နင့်ကို လာလို့ပြောနေတယ်နော်…ချယ်ရီ ငါ့ဒေါသကို မဆွနဲ့…ဟဲ့ ဇော် နင်လူစကားနားမလည်ဘူးလား… နင့်ကိုရွေးရင် ငါ့သမီး ပန်းရုံရွက်ရမှာပေါ့… နင်သာတကယ်ချစ်ရင် ကိုယ့်ချစ်သူ ကောင်းစားဖို့ စဉ်းစားပေးရမှာ မဟုတ်ဘူးလား"

မေမေ့စကားအဆုံးမှာ ဇော်က ခေါင်းငိုက်စိုက်နှင့် လက်ကို ဖွဖွလေး လွှတ်ပေး၏။

"ဇော်…နင် အဲဒါတွေ မတွေးနဲ့နော်…၊ ငါတို့ကို ဘယ်သူမှ ခွဲလို့မရဘူး…နင် ငါ့ကိုယုံတယ်မဟုတ်လား"

ချယ်ရီအမေးကို ဇော်က မျက်ရည်ကြားမှ ခေါင်းညိတ်ပြသည်။ မေမေကလည်း ချယ်ရီတစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ပြီး ဆိုင်ကယ်ပေါ် အတင်းအဓမ္မ တွန်းတင်သည်။

"ချယ်ရီ"

"ဇော်"

"ဇော်"

ဝူးခနဲမောင်းထွက်လာသော ဆိုင်ကယ်နောက် ပြေးလိုက်ရင်း ဇော့်ကိုကြည့်ပြီး ချယ်ရီလည်း ငိုကြီးချက်မ အော်ခေါ်နေမိသည်။

ခပ်လှမ်းလှမ်းအရောက်မှာတော့ ဇော်ရပ်ကျန်နေခဲ့သည်။ ခေါင်းငိုက်စိုက်နှင့် ငိုနေပြီလား…မသိ။

မငိုပါနဲ့…ဇော်…

ငါလည်း မငိုတော့ဘူး…ဘာတွေပဲဖြစ်လာတာ ငါနင့်ဘက်က ရပ်တည်မယ်…

ငါတို့တွေ အတူရင်ဆိုင်ကြမယ်…နော်…ဇော်

ချယ်ရီရင်ထဲက စကားများကို ဇော်ကြားနိုင်မည် မဟုတ်သော်လည်း ဇော်လည်း သူနှင့်ထပ်တူ ထိုသို့ ခံစားနေရမည်ဟုပဲ စိတ်ထဲ ယုံကြည်နေမိသည်။

❒



## အပိုင်း(၈)

တစ်ညလုံးငိုထားသောကြောင့် နောက်နေ့မနက်တွင် ချယ်ရီဖျားပြီး ကျောင်းမသွားနိုင်တော့။ သတိုးကလည်း ချယ်ရီနေမကောင်းသည့် အကြောင်းပြချက်နှင့် ကျောင်းမသွားတော့ဘဲ အနီးကပ်စောင့်ရှောက်ပေးနေသည်။

"ကလေးကို ဘာလို့ရိုက်ရတာလဲ မမြင့်ရယ်… ကျွန်မအဲ့ဒါတွေ လုံးဝမကြိုက်ဘူး…သမီးက အဲ့လောက်ဆိုးသွမ်းနေတာလဲ မဟုတ်ဘဲနဲ့ သူငယ်ချင်းကို သွားတွေ့တာနဲ့ အဲ့လောက် မရိုက်သင့်ဘူး…"

သတိုးအမေက အကြောင်းစုံမသိသူမို့ မေမေ့ကိုအပြစ်တင်နေသည်။ မေမေကလည်း မျက်နှာမကောင်း။ သို့သော် ချယ်ရီကို စကားဟဟတောင်မပြောပေ။

"ငါပြန်တော့မယ် ချယ်ရီ … လိမ်လိမ်မာမာနေနော်… ငါခဏခဏလာကြည့်မှာမို့…မနေ့ကလို အဖြစ်မျိုးထပ်ဖြစ်ရင် နင်နဲ့ငါနဲ့ သံယောဇဉ်အပြတ်ပဲ ပြီးမှ ငါ့ကို အဆိုးမဆိုနဲ့…"

နှုတ်ဆက်စကားလိုလို ခြိမ်းခြောက်စကားလိုလို ပြောပြီး မေမေထွက်သွား၏။ ချယ်ရီ ငိုရင်း ကျန်ခဲ့ရပြန်သည်။

"အန်တီက စိတ်ဆိုးတုန်းပြောတာပါ… စိတ်မကောင်းဖြစ်မနေနဲ့တော့…"

ကုတင်ဘေးမှာ ဝင်ထိုင်ပြီး အားပေးစကားဆိုနေသော သတိုးကို ချယ်ရီ မကျေမနပ်စိုက်ကြည့်လိုက်သည်။

"နင်တိုင်လိုက်တာ မဟုတ်လား သတိုး…မဟုတ်ရင် မေမေ သိစရာ အကြောင်းမရှိဘူး"

"ဘာလို့ အဲ့လိုတွေးရတာလဲ…ချယ်ရီ…ငါ့စိတ်အဲ့လောက်အောက်တန်းမကျဘူး… ငါပြန်လာတော့ နင့်အမေ ရောက်နေတယ်… နင့်ကိုမေးတော့ သူငယ်ချင်းနဲ့သွားတွေ့တယ်ပဲ ပြောလိုက်တာ… ညနေစောင်းလို့ နင်ပြန်မလာတာနဲ့ပဲ စိတ်ပူပြီး လိုက်ရှာတာ"

သတိုးပြောသည့်စကားကလည်း ယုတ္တိရှိနေသည်မို့ ဘယ်သူ့မှအပြစ် တင်လို့မရဘဲ စိတ်တွေသာ ညစ်နေမိသည်။

"အဲ့ဒါကြောင့် ငါစောင့်နေမယ်ပြောတာပေါ့ ငါနဲ့အတူပြန်ရင် နင်အဲ့လိုဖြစ်မှာ မဟုတ်ဘူး"

သတိုး၏ အပြစ်တင်စကားတွေကို ဘာမှပြန်မချေပလိုသောအခါ ခွေခွေလေးပြန်အိပ်နေလိုက်သည်။ ဒီအချိန်ဆို ဇော်ပြန်သွားလောက်ပြီ။ ဇော်စိတ်မကောင်းဖြစ်သွားပြီ ထင်ပါသည်။… သူဘာလုပ်ရမလဲ… တကယ်ဘာလုပ်ရမှန်းကို မသိတော့ပေ။ ဇော်ပေးထားသည့် လက်စွပ်လေးကို ကြည့်ပြန်တော့လည်း မျက်ရည်ဝဲမိသည်။ တစ်နှစ်လုံး လွမ်းသမျှ စုထားတာတဲ့…။

'ဇော်ရယ်…ငါ့အတွက် ဒါတွေ မလိုပါဘူးဟာ ငါအခုနင့်ကိုမခွဲချင်တာပဲသိတယ် ဇော်… အဲ့ဒီအတွက် စွန့်လွှတ်ရမဲ့ အရာတွေများနေလည်း ငါအားလုံးစွန့်လွှတ်မှာ ဇော်…'



ထိုအတွေးသည် မိုက်ရူးရဲဆန်သည်လား… သတ္တိကောင်းသည်လား ချယ်ရီမတွေးချင်တော့။ နှလုံးသားနှင့် ဦးနှောက်ဆုံးဖြတ်ချက်သည် တစ်ခုတည်းပင်။ ထိုအရာသည် ဇော်ကိုလုံးဝအဆုံးရှုံးမခံနိုင်ခြင်းပင်။

ဇော်လည်း သူ့လိုပင် ထပ်တူခံစားနေရကြောင်း တစ်ပတ်လောက်အကြာတွင် စာလေးတစ်စောင်နှင့် ပြောပြလာ၏။ ဇော့်စာကို မျိုးကိုက ယူလာပေးရင်း မေမေ့ကို အပြစ်တင်စကားဆိုသည်။

"နင့်အမေကလဲ အရေးမပါတာ ဇော်က သူစိမ်းလဲ မဟုတ်ဘဲနဲ့ အဲ့လောက်ခါးခါးသီးသီးဖြစ်စရာမလိုပါဘူး"

"အင်း ငါလဲ မပြောတတ်တော့ပါဘူး မျိုးကိုရယ် အခုဇော် ဘယ်မှာလဲ … သူနယ်ကိုပြန်လာပြီး စာပေးသွားတာလား"

"အင်း… မိုးကုတ်ဘက်ကိုသွားပြီး အလုပ်လုပ်မယ်ပြောတာပဲ…အဲဒီဘက်က အလုပ်တွေက ပိုက်ဆံရသလောက် အရမ်းပင်ပန်းတာ…သူကတော့ ပိုက်ဆံရတဲ့အလုပ် အကုန်လုပ်မယ်ပြောတာပဲ …. ငါ့ကောင်ကြီးသနားပါတယ်ကွာ"

မျိုးကိုစကားကိုနားထောင်ရင်း ရင်ထဲနစ်အောင်ခံစားလိုက်ရသည်။

ဇော်ပေးလိုက်သည့်စာထဲမှာလည်း ….

**သို့**

***ချယ်ရီ… အဆင်မှ ပြေရဲ့လားဟာ…ငါ့ကြောင့်နင် အဆူခံအရိုက်ခံရတာမြင်တော့ စိတ်မကောင်းဘူး…အဲဒီနေ့က နင့်ပါးလေးတော်တော်နာသွားမှာပဲနော်… ငါဝမ်းနည်းလိုက်တာ၊ တကယ်ဆို ငါပဲ အရိုက်ခံသင့်တာ… ငါ့ကြောင့်ပါ… ငါ့ကြောင့်ပါ ချယ်ရီရာ…***

*ငါ့ရဲ့ဘဝ မပြည့်စုံမှု တွေက နင့်ကိုနာကျင်စရာတွေပဲ ပေးနေမိတယ် ငါဘာလုပ်ရမလဲ မသိတော့ဘူးဟာ ငါနင့်ကို မစွန့်လွှတ်နိုင်ဘူး… ပညာမရှိရင် ဥစ္စာတော့ရှိသင့်တယ်… ငါလိုကောင်က ဘာမှမရှိဘဲ နင့်ကို လောဘတက်မိတာပါ…ဒါပေမဲ့ ငါအရှုံးမပေးဘူး ချယ်ရီ ငါကြိုးစားမယ်…ငါ့ကြောင့် နင်မနာကျင် ရအောင်… ငါ့ကြောင့် နင်မပင်ပန်းရအောင်…ငါ့ရှိသမျှအား အကုန်သုံးပြီး နင့်ဘဝလေးလှပ အောင် ငါကြိုးစားနေပါတယ်။ ဒါကြောင့်… ချယ်ရီ …နင်က ကျန်းကျန်းမာမာနေပြီး စာပဲကြိုးစားပါနော်…*

*ငါတို့ တစ်နေ့ပြန်ဆုံကြမယ်…*

*ချစ်တဲ့ဇော်*

ထိုစာကိုဖတ်ပြီး ချယ်ရီဟီးတိုက်ငိုချလိုက်မိသည်။

"ငါစိတ်ညစ်လိုက်တာ… ငါ ဘာလုပ်ပေးရမလဲ…ပြော …ငါတို့လုပ်ပေးနိုင်တာ အကုန်လုပ်ပေးမယ်"

မျိုးကိုကလည်း သူငိုတော့ ခြေမကိုင်မိ လက်မကိုင်မိ ဖျာယာ ခတ်နေ၏။

"ငါ မသိတော့ဘူး မျိုးကို… အခုငါက သူ့ကိုပင်ပန်း စေတာလား သူကပဲ ငါ့ကိုပင်ပန်းစေတာလား ငါတကယ် မသိတော့ ဘူး… ငါသူ့ကို သနားတာပဲ သိတယ်…ငါ့ကြောင့် သူအနှိမ်ခံရတာ … စိတ်လုံးဝမကောင်းဘူး"

"နင်တို့အဖြစ်ကလဲဟာ…"

ပြောပြောပြီး ငိုနေသည့် သူ့ကိုမျိုးကိုလည်း အမျိုးမျိုး နှစ်သိမ့်စကားဆိုပြီး ပြန်သွားသည်။



ထို့နေ့မှစ ဇော်ဆီမှ ဘာအဆက်အသွယ်မှ မရတော့။ ပထမ နှစ်ပြီး၍ ဒုတိယနှစ်တက်သည်အထိလည်း ဇော် တစ်ခေါက်မှ ရောက် မလာခဲ့ပါ။ စာမလာသတင်းမကြားနှင့် အဆက်အသွယ်ပြတ်နေသည့် အခါ ဇော်တစ်နေရာမှ တစ်ခုခုဖြစ်နေပြီလားဆိုသည့်စိတ်နှင့် ချယ်ရီ စိတ်တွေ ဗျာများခဲ့ရသည်။

ဒီလိုနှင့် ချစ်သူများနေ့သို့ရောက်လာခဲ့ပြန်သည်။ ဇော်များ စောင့်နေမလားဆိုသည့် စိတ်နှင့် ကျောင်းပေါက်ဝသို့ အပြေးလာခဲ့သော် လည်း ဇော့်အရိပ်အယောင်ကို လုံးဝမတွေ့ရ။

ကျောင်းရှေ့က အုတ်ခုံလေးတွင် ညနေစောင်းသည်အထိ ချယ်ရီထိုင်စောင့်နေမိသည်။ ဇော် လုံးဝ ရောက်မလာခဲ့။

"ပြန်ရအောင် ချယ်ရီ … မိုးတော်တော်ချုပ်နေပြီ"

သူ့ဘေးမှာ တစ်ချိန်လုံးထိုင်စောင့်နေသော သတိုးက သူ့ကို ကြည့်ကာ သက်ပြင်းအခါခါချနေ၏။

"သတိုး…ဇော် တစ်ခုခုဖြစ်နေပြီလားမသိဘူး၊ ဘာသတင်း မှလည်းမကြားဘူး…ဒီနေ့ကိုလဲ သူမလာနိုင်ဘူး…သူတစ်ခုခု ဖြစ်နေတာနေမှာ"

"မဖြစ်နိုင်ပါဘူး မိုးကုတ်မှာ အလုပ်လုပ်နေတာဆို သူမအား လို့မလာတာနေမှာပါ…စိတ်မပူပါနဲ့ သူအားတာနဲ့ နင့်ဆီရောက်အောင် လာမယ် ပြောထားတာပဲကို"

ချယ်ရီ ခေါင်းတွေခါယမ်းပြီး ရှိုက်ကြီးတငင် ငိုနေမိသည်။

"မဟုတ်ဘူး…သူက ဘယ်လောက်ပဲ မအားမအား ဒီနေ့ တော့ ရအောင်လာမှာ… သူဘယ်ကိုရောက်ရောက် ငါ့ဆီရောက်အောင် လာမယ်လို့ပြောထားတာ အခု အခု သူမလာဘူးဆိုတော့ အဟင့်

အဟင့် သူတစ်ခုခုဖြစ်နေပြီလား မသိဘူး… သတိုး… ငါ့ကို ဇော့်ဆီကို လိုက်ပို့ပါလားဟာ…ငါဇော့်ကိုတွေ့ရမှဖြစ်မှာ…ငါ ငါ စိတ်ပူလို့ သေတော့မယ်"

" အရမ်းလည်းစိတ်ပူမနေပါနဲ့ နောက်နေ့ ဘာသတင်းမှ မကြားရင်… အစီအစဉ်ဆွဲပြီး ငါတို့လိုက်သွားကြမယ်… အခုတော့ အချိန်မရှိတော့ဘူး ပြန်ကြရအောင် အိမ်က စိတ်ပူနေလောက်ပြီ"

"သတိုးချော့မော့ခေါ်ခဲ့၍သာ အိမ်ပြန်လာခဲ့သော်လည်း သူ့စိတ်က ဆက်စောင့်ချင်နေသေးသည်။

အိမ်ကိုပြန်ရောက်တော့ အန်တီက ခြံထဲထိတောင် ဆင်းစောင့်နေ၏။

"သားတို့ နောက်ကျလိုက်တာ မေမေဖြင့် စိတ်ပူနေတာ"

"ဟုတ်တယ် မေမေ… သူငယ်ချင်းမွေးနေ့ပွဲက ညနေပိုင်းမှ လုပ်တာမို့လို့"

"ဪ ဟုတ်လား… ဟင် သမီးမျက်နှာလည်း မကောင်းပါလား… ဘာဖြစ်လို့လဲ… နေမကောင်းဘူးလား"

"ခေါင်းကိုက်လို့တဲ့…မေမေရေ စာတွေကများလာတော့ ပင်ပန်းနေတာနေမှာပေါ့…"

သတိုးက သူ့အစား ဒိုင်ခံဖြေပေးသည်။

"ဟုတ်လား…အေးလေ ပင်ပန်းနေမှာပေါ့… တစ်နေ့ တစ်နေ့ နားမှ မနားရဘဲကို…နေဦး အန်တီနွားနို့ပူပူလေးဖျော်လာခဲ့မယ်… သောက်ပြီးအိပ်ရေးဝအောင် အိပ်လိုက်နော်"

ပြောပြောဆိုဆို အိမ်ထဲပြေးဝင်သွားသော အန်တီကိုကြည့်ပြီး စိတ်မကောင်းမိ။



"ဒီညတော့… ဘာမှမတွေးဘဲ အိပ်လိုက်တော့… မနက်ကျမှ ငါတို့တစ်ခုခုစီစဉ်ကြမယ်… စိတ်မပူနဲ့…"

သတိုးကိုလည်း ယဲ့ယဲ့လေးပဲ ပြုံးပြနိုင်သည်။ အိပ်ရာထဲ ရောက်သည်နှင့် အရုပ်ကြိုးပြတ်ပစ်လှဲကာ အားရပါးရ ငိုပစ်လိုက်သည်။

နေနိုင်လိုက်တာ ဇော်ရယ်… နင်မလာနိုင်ရင်တောင် ငါ့ကို အကျိုးအကြောင်းတော့ ပြောသင့်ပါတယ်…

ဘာတွေများဖြစ်နေလို့လဲ… နင်တစ်ခုခုဖြစ်နေတာတော့ မဟုတ်ပါဘူးနော် ဇော်ရယ်…. ငါရွှေတွေငွေတွေ ဘာမှမလိုချင်ဘူး နင်ကျန်းကျန်းမာမာရှိနေတဲ့ သတင်းလေးပဲ လိုချင်တယ်

ငါ့ကိုလာတွေ့ပါ ဇော်ရယ်… ငါနင့်ကို လွမ်းတယ်… နင်ရော ငါ့ကို မလွမ်းဘူးလား… မလွမ်းလို့ ရောက်မလာတာများလား ဟာ။

ခေါင်းထဲတွင် အဖြေမရှိသည့် အတွေးပေါင်းစုံပဲ ဝင်ရောက်လာသည်။ "ဇော်ရာ ဘာတွေတွေးနေမလဲ" သူသိချင်လှသည်။ သူတို့ နှစ်ယောက်လုံး စိတ်ကူးယဉ်မျှော်လင့်ခဲ့ရသည့် နေ့လေးမှာ ဇော် ဘာတွေများလုပ်နေမလဲ သူတကယ်သိချင်လှပါသည်။

* * *

ကျောင်းရှေ့တွင် စောင့်နေသော မျိုးကိုကို တွေ့သည်နှင့် ဇော့်အကြောင်းပဲ အငမ်းမရ မေးနေမိသည်။

"မျိုးကို…ဇော် ဇော် ငါ့ဆီလည်း မလာဘူး… သူဘာဖြစ်နေလဲ နင်သိလား…ငါစိတ်ပူလို့ သေတော့မယ်"

"နင်တို့ကိုကြည့်ပြီး မသက်သာလိုက်တာဟာ ယူရင်လဲ ယူလိုက်ကြတော့…ငါတို့တွေ ကူညီပေးမယ် နောက်ကိစ္စနောက်မှ ရှင်းကြ"

"ဇော် ဘာဖြစ်နေလဲပဲ ပြောပါ… သူဘာလို့ ငါ့ဆီမလာ ရတာလဲ"

"သူ ဆေးရုံရောက်နေတယ်… ငှက်ဖျားပိုးဝင်လို့"

"ဟင် ဟုတ်လား"

"ဇော်ကလည်း နင့်ကိုတွေ့ချင်တယ်ချည်းပဲ ပြောနေတယ် ငါလည်း ဘာလုပ်ပေးရမှန်း မသိတော့ဘူးဟာ"

ချယ်ရီဝမ်းနည်းစွာ ရှိုက်ငိုမိပြန်ပါသည်။

"အခုရော သက်သာလား… ဘယ်လိုနေသေးလဲ"

"အင်း ဆေးရုံကတော့ ဆင်းနေပြီ… သိပ်တော့မသက်သာ သေးဘူး"

"သူ အခု သူဘယ်မှာလဲ"

"ဖျူးမနားပြန်ရောက်နေပြီ… မိုးကုတ်မှာ အလုပ်ကအဆင် မပြေလို့ မသွားတော့ဘူးတဲ့… သူ့အမေကလဲ နေမကောင်းဘူးဟ"

ကြားရသည့်သတင်းကလည်း ဘာတစ်ခုမှ မကောင်း၊ နားထောင်ရသူတောင် မသက်သာလျှင် ဇော်ထစ်ယောက် တော်တော် စိတ်ပင်ပန်းနေမှန်း ပြေးမကြည့်သော်လည်း စိတ်ကသိနေပါသည်။

"ရော့… သူကတော့ ချစ်သူများနေ့အမီ ပေးခိုင်းလိုက်တာပဲ … ငါလည်း မနေ့က အလုပ်ရှိနေတာနဲ့ မလာဖြစ်လိုက်တာ"

"အင်း"

မျိုးကိုချပေးသော ချောကလက်ဘူးနှင့်စာအိတ်ကိုကြည့်ပြီး



စိတ်ထဲမကောင်းမိ။ တကယ်ဆို ဒီလက်ဆောင်လေးယူပြီး လူချင်း တွေ့ရဖို့ ရက်ပေါင်းများစွာ စောင့်ရခဲ့တာ မဟုတ်လား။

"ဇော်ဘာမှာ လိုက်သေးလဲ"

"သူလာမှ လက်ကိုင်ပုဝါတောင်းမယ်တဲ့… ဘာအဓိပ္ပာယ် နဲ့ပြောတာလဲတော့ ငါလဲမသိဘူး"

မျိုးကိုစကားကြောင့် ယဲ့ယဲ့လေးပြုံးလိုက်မိသည်။

သူတို့နှစ်ယောက်ကြားမှာရှိသည့် လက်ကိုင်ပုဝါလေး၏ အဓိပ္ပါယ်ကို မျိုးကိုတို့ သိနိုင်မည်မဟုတ်။

အိမ်ပြန်ရောက်တော့ ဇော့်အတွက်ပေးမည့် လက်ကိုင်ပုဝါ လေးကို ထုတ်ကြည့်မိသည်။ သူ၏လက်ကောက်ဝတ်လေးမှာ လက်ကိုင်ပုဝါစည်းပေးတိုင်း ပြုံးပြုံးလေး ကျေနပ်နေတတ်သည့် ဇော့်ကို မြေးမြင်မိသည်။ နင်က ကဗျာဆန်သလောက် နင့်ဘဝက ကဗျာမဆန် မလှပလိုက်တာဇော်ရယ်….

ငါလေနင့်ကို အေးအေးချမ်းချမ်းနေစေချင်ပါပြီ…

လက်ကိုင်ပုဝါလေးကို သပ်သပ်ရပ်ရပ်ပြန်ခေါက်ပြီး စာကို ဖွင့်လိုက်သည်။ အတွန့်လေးတွေ အကွေ့လေးတွေနှင့် ရေးတတ်သည့် ဇော့်လက်ရေးများနှင့် ပြောသောစကားများက….

***ငါ့ရဲ့ချယ်ရီလေး နှုတ်ခမ်းစူလာရောပေါ့…. ငါမလာနိုင်တာ မေ့နေလို့ မဟုတ်ဘူးဆိုတာ နင့်ကိုသိစေချင်တယ်…. ငါဘယ်လိုမှ မလာနိုင်တာ ခွင့်လွှတ်ပါ…. ငှက်ဖျားထက် လွမ်းဖျားက ပိုဆိုးတယ် ချယ်ရီ…. ငါနင့်ကို အရမ်းလွမ်းတာပဲ…. မိုးကုတ်မှာ ကျောက် ဆောင်ခဲ့ရင်လဲ ကောင်းသားဟာ ဒါဆို ငါနင့်ကို ချက်ချင်းလာတောင်း ပစ်မှာ…. ဒါပေမဲ့လည်း….ငါ့လိုကံငမွဲဆီ ဘယ်ကျောက်ကောင်းမှ***

*မလာပါဘူးဟာ…. ဒီတစ်ခါတွေ့ရင် ငါ့လက်ကြမ်းကြမ်းကြီးတွေနဲ့ နှင့်ပါးလေးကို ကိုင်ရမှာတောင် အားနာတယ်…. မိုးကုတ်မှာ ကျောက်မအောင်ခဲ့ပေမဲ့ ငါ့ဝါသနာကို မြေတောင်မြှောက်ပေးမဲ့သူနဲ့ တော့ တွေ့ခဲ့တယ်…. သူလည်း စာရေးဆရာတစ်ဦးပဲ…. ငါ့စာတွေ ကိုယူဖတ်တယ်…. အများတွေလည်း ထောက်ပြတယ်…. စာအုပ် ထုတ်ရင် အောင်မြင်မှာလို့လဲပြောတယ် …. ငါ့အတွက်တော့ အလင်းတန်းတွေ့သလိုပဲ အရမ်းအားတက်မိတယ်…. နှင့်ကိုလွမ်းတဲ့ အကြောင်းတွေ ပုံနှိပ်စာလုံးနဲ့တကွ ထည်ထည်ဝါဝါ ဖော်ပြနိုင်တာပေါ့ မဟုတ်ဘူးလား*

*ငါနေကောင်းတာနဲ့ နှင့်ဆီလာခဲ့မယ် ချယ်ရီ…. တစ်နှစ် တစ်ခါလေးတောင် လာမတွေ့ရှာလေသလားလို့ နှင့်စိတ်ဆိုးနေမှာ ငါသိပါတယ်၊ နေ့ရက်တိုင်းတွေ့နိုင်ဖို့ သတ္တုရာစ်တွေ အများကြီးကို ရင်နာနာ နဲ့ ချုနင်းနေရတာပါဟာ …. သေချာတာတော့ ငါလှမ်း သမျှက နှင့်ဆီဖြစ်နေပြီး ငါကြိုးစားသမျှက နှင့်အတွက်ပဲဆိုတာယုံပါ၊ နှင့်အတွက် ငါအကောင်းဆုံးဖြစ်စေရ ပါမယ်….*

*ချစ်တယ်*

*နှင့်ရဲ့ဇော် ….*

စာကိုဖတ်ရင်း စိတ်တိုခြင်းရော စိတ်မကောင်းခြင်းတွေပါ တပြိုင်တည်းခံစားရသည်။

စကားတတ်တိုင်း စာဖွဲ့တတ်တိုင်း နှင့်အပြစ်ကို ရအောင် ကာခဲ့ရပေမဲ့ နှင်ရောက်အောင်မလာတာတော့ အပြစ်ပဲဇော်…. ငါ့ဆီ ရောက်အောင်လာဖို့ အားမထုတ်ခဲ့တာတော့ အမှန်ပဲမဟုတ်လား။ ငါ့ကို နားမလည်ပေးဘူးလို့ပဲပြောပြော နှင်ဒီစာကိုကြိုရေးထားပြီး တခြားလူနဲ့



ပေးဖို့ အစီအစဉ်ဆွဲနေကတည်းက နှင်မလာဘူးလို့ အစကတည်းက စီစဉ်ထားတာပဲလေ…. အဲဒီအချိန်တွေမှာ ငါက နှင့်ကိုတွေ့ရမယ်ဆိုတဲ့ စိတ်နဲ့ စက္ကူနံ့တိုင်းမှာ မျှော်လင့်ချက်ထားခဲ့တာ… ဒါပေမဲ့လည်း ဇော်ရယ်… ဒီငှက်ကလေးတွေလိုပဲ ငါတို့က အတောင်ပါပြီး မပျံနိုင်တဲ့ ဘဝတွေပဲလား… နှင့်သဘောပါ ဇော်… နှင်လာတဲ့နေ့ထိ စောင့်ပါ့ မယ်၊ ဘယ်လောက်ကြာကြာ ငါစောင့်မှာပါ… နှင်သာ နေကောင်း အောင်နေပါ။

ဇော်စာလေးကိုခေါက်သိမ်းပြီး ငှက်ရုပ်လေးကို ကြည့်ကာ တီးတိုးဆိုနေမိသည်။ ငှက်ကလေးတွေသာ တကယ်ပျံသန်းနိုင်ခဲ့လျှင် သို့မဟုတ် သူ့မှာသာ ငှက်ကလေးတွေလို ပျံသန်းနိုင်သည့် အင်အား ရှိခဲ့လျှင်… သူပြန်သန်းမည်နေရာသည့် ဇော်ရှိသည့်နေရာပင်ဖြစ် နေလိမ့်မည်

* * *

"ဇော်… မင်းအမေ ဆေးရုံတင်ရလို့တဲ့ မြန်မြန်လိုက် သွားဦး"

အလုပ်ခွင်ထဲ အပြေးအလွှားလာကာ သတင်းပေးသော အလုပ်သမားဦး၏စကားကြောင့် ဇော် ကမ္ဘာပျက်မတတ် ခြောက်ခြား သွားရသည်။

အခုတလော မေမေကျန်းမာရေးမကောင်းမှန်းသိသော်လည်း ဆေးရုံတက်ရလောက်အောင် အခြေအနေမဆိုးဘူးပဲ တွေးခဲ့သည်။ အမေက ဆေးရုံ ဆေးခန်းကြောက်သူမို့ ဆေးမြီးတိုနှင့်ပဲ ကြိတ်ကုနေ၏။

ဇော်လုပ်လက်စ အလုပ်တွေအားလုံး ပစ်ချထားခဲ့ပြီး ဆေးရုံ သို့ အမောတကော ပြေးလာခဲ့သည်။

"ကိုကို"

သူ့ကိုတွေ့တာနှင့် တိုးနဲ့မိုးက ပြေးဖက်ကာငိုတော့သည်။

"အမေက ဘယ်လိုဖြစ်တာလဲ"

"သိဘူး ကိုကို သွေးတွေအန်ပြီး မေ့သွားတာ"

မိုးက တစ်ကိုယ်လုံး တုန်ရီအောင် ရှိုက်ငိုပြီး ပြောနေ၏။

"အဆုတ်ကင်ဆာတဲ့ သားရယ်·· ဘယ်လိုလုပ်ကြမလဲ ဆရာဝန်က ကင်ဆာနောက်ဆုံးအဆင့်လို့တော့ ပြောတယ်"

"ဗျာ"

ငိုကြီးချက်မ ဗလုံးပထွေး ပြောလိုက်သော ဒေါ်လေး စကားကြောင့် သူ့ပါးစပ်အဟောင်းသားဖြစ်လို့သွားသည်။ တိုးနှင့်မိုး ကလည်း သိတတ်နေသည့်အရွယ်မို့ ရှိုက်ကြီးတငင် အော်ငိုနေသည်။ သူ့မှာသာ မငိုနိုင် မအော်နိုင်။ ဘာမှဆက်မပြောနိုင်အောင် ရင်ထဲတစ်ဆို့ ဝမ်းနည်းနေမိသည်။

"တင်ဆာဆိုရင်သေမှာပေါ့···ဒါဆို မေမေက သေမှာလား ဟုတ်လားကိုကို"

မိုးက မျက်နှာငယ်ငယ်လေးနှင့် မေးသည်။ သူဘာပြန်ဖြေရမှန်းမသိ။ သူတို့သိသလို ကင်ဆာဆိုလျှင် သေဖို့ပဲများသည်။ သို့သော် သူခေါင်းကိုခါကာ တိုးနှင့်မိုးကို သိုင်းဖက်လိုက်သည်။

"မသေပါဘူးကွာ··· ကိုကိုတို့ကုမှာပေါ့··· ကင်ဆာတိုင်း မသေပါဘူး"

"ဟုတ်တယ်··· မေမေ့ကိုရအောင် ကုမယ်ကိုကို··· သားတို့မှာ ဒီမေမေပဲရှိတော့တာ··· သားကျောင်းမတက်တော့ဘူး မနက်ဖြန်ကစပြီး ကိုကိုနဲ့အတူ အလုပ်လိုက်ဆင်းမယ်"



တိုးက လူကြီးလေးလိုပြောမှ ရင်ထုမနာပိုဖြစ်မိသည်။ တိုးအသက်က ဆယ့်နှစ်နှစ်ပဲရှိသေးသည်။

သူ့လက်မောင်းသေးသေးလေးတွေက ဘာများလုပ်နိုင်မှာလဲ။

ပညာဆုံးခမ်းတိုင်အောင် မသင်ခဲ့ရ၍ ခြားနားခံခဲ့ရသည့် ဘဝအကြောင်းတွေ ဒီကလေးတွေ မသိဘူး။ သိလည်း မသိစေချင်။ သူ့လိုမျိုး ဒီကလေးတွေ ထပ်မဖြစ်စေချင်မိပါ။

"ညီလုပ်စရာမလိုပါဘူးကွာ ကိုကို့မှာ ပိုက်ဆံရှိပါတယ်··· ကိုကို ကုမှာပေါ့"

တိုးနှင့်မိုး ကျစ်ကျစ်ပါအောင် ထွေးဖက်ပြီး မျက်ရည်တွေ တသွင်သွင်ကျနေမိသည်။

"ငါ့နှယ် ဒီမောင်နှမတွေကြည့်ပြီး သနားလိုက်တာ···"

ဒေါ်လေးကလည်း သူတို့ကိုကြည့်ပြီး တရှုံ့ရှုံ့ငိုလို့နေသည်။

အမေက သတိရရချင်း ဆေးရုံမှာ မနေဘူးပဲ ပြောသည်။ သက်သာ၍တော့ မဟုတ်။ ဆေးကုသစရိတ်ကို သိနေလို့ပင်။

သို့သော် မေမေရောဂါက ဆေးနှင့်ကင်း၍ရသည့်ရောဂါ မဟုတ်။ မတ်တပ်စာပဲရှိသည့်ဘဝထဲသို့ အမေ့ဆေးဖိုးဆိုတဲ့ ခေါင်းစဉ် ဝင်လာသောအခါ ချယ်ရီအတွက်ဆိုပြီး မစားရက် မသောက်ရက် စုထားသည့် ငွေတွေကို မျက်လုံးစုံမှိတ် သုံးပစ်လိုက်ရသည်။

သူ့ဘာဆိုဘာမှ မမျှော်လင့်မိတော့···။ သူ့အဖြစ်က သူတောင်းစားတစ်ယောက် မင်းသားဖြစ်ချင်မိသည့် ဥပမာနှင့် ဆင်သည်။ ရသည့်ငွေလေးနဲ့ အင်္ကျီလှလှဝယ်ချင်ခဲ့သော်လည်း အင်္ကျီလှလှထက် ထမင်းနပ်မှန်အောင်စားနိုင်ဖို့က အရေးကြီးနေသည်။

ချယ်ရီရေ…

ငါ့ကိုနားလည်ပါကွာ… ဒီတစ်ခါလည်း ကံတရားက ငါ့ဘက်မှာ ရှိမနေခဲ့ပြန်ဘူး။

စိတ်ထဲကပဲ ချယ်ရီကို တိုင်တည်ပြီး စကားတွေပြောမိသည်။ နေကောင်းခါစ တစ်ခေါက်ရောက်ပြီးကတည်းက ချယ်ရီဆီ မရောက်ဖြစ်တော့။ ထို့အတူ စာတွေလည်း မပို့ဖြစ်ခဲ့ပါ။

ဘဝက ခါးသီးစရာတွေပဲများနေသည့်အခါ စကားလုံးတွေ ရှာမရတော့။ အားလုံးက အထိနာနေတာချည်းပင်။ တစ်နေ့တစ်နေ့ အမေ့ကျန်းမာရေး အခြေအနေနှင့် မျက်နှာသစ်ပြီး အမေ့ကျန်းမာရေး အခြေအနေနှင့်ပဲ အိပ်ရာဝင်ခဲ့ရတာ များပါသည်။

***

"ငါသဘောမတူဘူး သတိုး… နင်ဘာလို့ ငြိမ်နေတာလဲ ငါစဉ်းစားလို့ကိုမရဘူး…"

ကျောင်းမပြီးခင် စေ့စပ်ထားမည်ဆိုသည့် မေမေတို့ဆန္ဒကို သတိုးခေါင်းညိတ်လိုက်သောအခါ ချယ်ရီအကြီးအကျယ် ပေါက်ကွဲနေ၏။

"ငါငြင်းတော့ရော မေမေက ယုံမှာမို့လို့လား ငါကြိုက်နေတာ သူသိနေတာပဲလေ"

"နင်မငြင်း ငါငြင်းမယ်… ငါ့မှာရည်းစားရှိကြောင်း အနံ့တီကိုပြောပြရမယ်"

"နင်ပြောလည်း အလကားပဲ… မေမေက နင့်မှာ ချစ်သူရှိမှန်း အစကတည်းက သိတယ်"

"ဟာ"



သတိုးစကားကြောင့် ချယ်ရီ ပါးစပ်အဟောင်းသားဖြစ်သွား၏။

"သိနေတာတောင် နင်နဲ့လက်ထပ်ဖို့ ပြောတယ်လား"

"မေမေက နင့်ကိုအရမ်းချစ်တာ…နင့်အမေကလည်း ကိုဇော်နဲ့ သဘောမတူမှန်းသိတော့ သူမျှော်လင့်နေတာလဲ နေမှာပေါ့"

"နင့်အမေတစ်ယောက်တည်း မျှော်လင့်တာလား… နင်လဲ မျှော်လင့်နေတာ မဟုတ်ဘူးလား… တကယ်ဆို ငါ့စိတ်ကို နင်အသိဆုံးပါ… ငါ့ကိုမျှော်လင့်နေရင် နင်ပဲပင်ပန်းမှာ သတိုး ငါက ဇော်ကိုပဲ ချစ်တာ…"

"ငါသိပါတယ်…ထပ်ပြောစရာမလိုအောင် ငါသိပြီးသားပါ … ငါငြင်းပေးလည်း မိဘတွေက သိသိရက်နဲ့ လုပ်တာ… အဲ့တော့ နင်ပဲဆုံးဖြတ်ရမှာ ချယ်ရီ… နင်ဆုံးဖြတ်တဲ့အတိုင်း ငါလက်ခံပေးမယ်"

ချယ်ရီ ဘာမှမပြောဘဲ ငြိမ်သက်သွားသည်။

"နင်စဉ်းစားပြီးမှပြောပါ… အဲ့ဒီအတောအတွင်း ငါတို့ အချိန်ဆွဲထားကြတာပေါ့…"

"စဉ်းစားစရာမလိုဘူး…သတိုး…ဒီလို အတင်းအကြပ် စီစဉ်နေရင်တော့ ငါဇော့်နောက်ကိုပဲ လိုက်သွားမယ်…"

ရင်ထဲစူးခနဲ နာနာကျင်ကျင် ထိုးအောင့်မိသည်ကလွဲပြီး အံ့အား မသင့်မိတော့။ ချယ်ရီ ထိုသို့ ဆုံးဖြတ်လိမ့်မည်ဟုပဲ သူထင်ခဲ့သည်။ ထင်ထားသည့်အတိုင်းပဲ ဆုံးဖြတ်သွားသည်။ ချယ်ရီစိတ်ထဲတွင် အမြဲတမ်းတွေးနေသည်က သူ့ချစ်သူအကြောင်းပင်။

ဘယ်တုန်းကမှ သူ့ဘက်ကိုငဲ့မကြည့်ဖူးခဲ့။ ချယ်ရီအသွေးအသားထဲ စီးဆင်းနေသမျှသည် သူ့ချစ်သူအတွက်ပဲ ဖြစ်နေ၏။

သူကျေနပ်ပါတယ် ... ဘာပဲဖြစ်ဖြစ် ချစ်ရသူချင်း ပေါင်းဖက်ရမည့် အရေးမဟုတ်လား။

"နင် သူနောက်လိုက်သွားမယ်ဆိုလဲ ငါလိုက်ပို့မယ် ချယ်ရီ ... ငါမပါဘဲ... နင်ဒီကထွက်သွားဖို့မှ မလွယ်ဘဲ..."

သူ့စကားကြောင့် ချယ်ရီက အားတောင့်အားနာ ကြည့်နေသည်။

"ဒါ...ငါ့ရဲ့နောက်ဆုံးလက်ဆောင်ပါ... နင်ပျော်ပျော်နေရမယ်နော် ချယ်ရီ"

ချယ်ရီက မျက်ရည်အဝိုင်းသားနှင့်ပြုံးကာ ခေါင်းသွင်သွင်ညိတ်ပြသည်။

"နင်က ငါ့အပေါ် အမြဲကောင်းခဲ့တဲ့ သူငယ်ချင်းပါ သတိုးရယ်... ငါနင့်ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး..."

"ဒါတွေ ပြောဖို့ မလိုပါဘူးဟာ...ကဲ အိပ်တော့...ငါလဲ အိပ်တော့မယ်"

ပြောပြောဆိုဆို ချယ်ရီအခန်းထဲမှ အမြန်ပြေးထွက်လာခဲ့သည်။ အခန်းထဲရောက်မှ နံရံကို လက်သီးနှင့်ထိုးကာ အားရပါးရ ငိုချလိုက်မိသည်။

သေချာသွားပါပြီ... ပန်းခြောက်ကို ရေနှင့်ဖျန်းလည်း ဘယ်တော့မှ လန်းဆန်းမွေးပျံ့တော့မှာမဟုတ်ကြောင်း သူနားလည် လိုက်ပြီဖြစ်သည်။ နောက်ဆုံးအထိ သူမ၏ ရပ်တည်ချက်သည်... သူ့ဘက်မှာ လုံးဝမရှိခဲ့။ ထို့ကြောင့် သူ့အချစ်တွေလည်း တိတ်တဆိတ် သေဆုံးပေးဖို့ပဲ ရှိတော့သည်။



## အပိုင်း(၉)

"မစေ့စပ်ခင် နှစ်ယောက်တည်းခရီးထွက်ချင်တယ်" ဆိုသည့် သတိုး၏ တောင်းဆိုချက်ကို နှစ်ဘက်မိဘများက သဘောတူ လက်ခံကြသည်။ မေမေကတော့ သမီးရှင်မို့ ထိန်းထိန်းသိမ်းသိမ်းနေဟု လက်ကြိတ်တိုးမှာသည်။ ချယ်ရီကတော့ ကိုယ့်အကြံနှင့်ကိုယ်မို့ မေမေ့ကို ထိုင်ကန်တော့ရင်း တိတ်တိတ်လေး မျက်ရည်ကျမိသည်။

မေမေသာ သူ့အကြံအစည်ကို သိခဲ့လျှင် ဘယ်လောက် ယူကြုံးမရဖြစ်လိမ့်မလဲ .... "နင့်လောက်မိုက်တဲ့လူရှိပါ့အုန်းမလား" ဆိုပြီး သူ့ကို သေအောင်ထုရိုက်မည်ကို မြင်ယောင်မိသည်။

ဟုတ်ပါသည် .... မေမေတို့ဘက်က တွေးလျှင် သူ့လုပ်ရပ်သည် မိုက်ရူးရဲဆန်လွန်း၏။ သူ့အတွက်ကတော့ သူ့ဘဝ၏ ထက်ဝက်ချိုး အချိန်ဇယားတွင် ချစ်သူနှင့်ပဲအတူ ဖြတ်သန်းချင်မိသည်။ ဂုဏ်တွေ ငွေတွေနှင့် ဘဝကို ချောင်ပိတ်မွန်းကျပ်မနေချင်။ သူချစ်သည့်ဇော်သည်လည်း လူညံ့တစ်ယောက်မဟုတ်။ ငွေကြေး မပြည့်စုံသော်လည်း စာရိတ္တပိုင်းတွင် ပြည့်ဝသော ရိုးသားကြိုးစားချင်သော လူငယ်တစ်ယောက်။ ထို့ကြောင့် သူ့ရွေးချယ်မှုကို

ဘယ်တော့မှ နောင်တရမည်မဟုတ်။ ဇော်ရှိသည့်အရပ်သည် မီးပုံတစ်ပုံ ဖြစ်နေမည်ဆိုလည်း သူက ပိုးဖလံတစ်ကောင်ကို ရှူးရှူးမိုက်မိုက် ခုန်ချပစ်မှာပင်။ လောင်းကျွမ်းရမည်ကိုမကြောက်။ ဇော်နှင့်ဝေးရမည် ကိုပဲ ကြောက်မိသည်။

ထို့ကြောင့် သူ့ဆုံးဖြတ်ချက်နှင့် အစီအစဉ်ကို စာရေးပြီး မျိုးကိုကတစ်ဆင့် ဇော့်ဆီ ပေးထားပြီးပြီ။ သူလိုက်လာမည့် နေရက် အတိအကျကို မပြောထားသော်လည်း သူလိုက်လာမည့် အကြောင်းကို စာထဲမှာ ပြည့်ပြည့်စုံစုံ ရေးထားသည်မို့ ဇော်သိနှင့်လောက်ပါပြီ။

"ဘာလို့ ဇော်ကို အဲ့လောက်ချစ်ရတာလဲ"

သတိုးအမေးကြောင့် ချယ်ရီတွေးလက်စအတွေးတွေ ပြတ် တောက်သွားသည်။ သတိုးက ကားမောင်းနေရင်း သူ့အဖြေကို စောင့် နေ၏။ ချယ်ရီ .... လက်သူကြွယ်တွင် ဝတ်ဆင်ထားသော လက် စွပ်လေးကို ငုံ့ကြည့်ပြီး ပြုံးနေမိသည်။

"ဘာကြောင့် အဲ့လောက်ချစ်မိသွားလဲ သေချာတော့ မပြော တတ်ပါဘူး .... ငါသိတာကတော့ သူရောငါရော တစ်ယောက်ကို တစ်ယောက် အရမ်းချစ်ကြတယ်လေ .... နှစ်ယောက်လုံးချစ်ရက်နဲ့ ဘာလို့ဝေးရမှာလဲ .... နီးစပ်ဖို့ပဲ ကြိုးစားသင့်တာ မဟုတ်ဘူး လား...."

"အင်း .... ဟုတ်ပါတယ်"

ထပ်မေးစရာမရှိအောင် အဖြေက ရှင်းနေပြီမို့ သတိုး ငြိမ်ငြိမ်လေးပဲ ကားမောင်းလိုက်လာခဲ့သည်။

"အိမ်ပြန်ရောက်လို့ ငါပြန်ပါမလာလို့ အမေမေးရင် နင်ဘယ်လိုဖြေမလဲ"



ချယ်ရီအမေးကြောင့် သတိုးဟက်ခနဲထရယ်လိုက်သည်။

"ဒီလိုပဲ ဖြေရမှာပေါ့ .... အိမ်သာသွားမယ်ဆိုပြီး ကျွန်တော့်ကို ဈေးထဲမှာ ထားခဲ့တာလို့ .... ဈေးအိမ်သာကြွင်းထဲ ပြုတ်ကျသွားတာ ဖြစ်မယ်လို့ပေါ့ ...."

"ထွီး .... ညစ်ပတ်တာ ...."

"ဟား ဟား"

သူ့စကားကြောင့် သဘောကျစွာရယ်မောနေသော ချယ်ရီကို သတိုးမှင်သက်စွာ ငေးကြည့်နေမိသည်။

ချယ်ရီ အမြဲပျော်ရွှင်နေသည်ကိုပဲ သူမြင်ချင်မိသည်။ ထို့ ကြောင့် သူ့နှလုံးသွေးကို ဖောက်ပြီး ဒီခရီးကို ထွက်ခဲ့ခြင်းပင်။ အိမ်ပြန်ရောက်ရင် အမေတို့ကို ဘယ်လိုဖြေရမလဲသူမသိ။ အဲ့လောက် ထိလည်း မစဉ်းစားထားပေ။ ချယ်ရီမပါဘဲ ဒီခရီးကို ဘယ်လိုပြန်ရ မလဲတောင် မစဉ်းစားခဲ့ပေ။

အဓိကက ချယ်ရီဖြစ်ချင်တာမှန်သမျှ သူလုပ်ပေးချင်သည်။ ချယ်ရီသာ ပျော်မည်ဆိုလျှင် .... သူ ဘာပဲလုပ်ပေးရရ လုပ်ပေး မှာပင်။ ထိုသို့ ချယ်ရီကိုချစ်ခဲ့သည်။ ချယ်ရီဆီမှ တုံ့ပြန်မှုမရခဲ့ သော်လည်း .... သူကတော့ အစွမ်းကုန်ချစ်ခဲ့ပါသည်။

***

စက်သံ လူသံများဆူညံနေသော ဆောက်လုပ်ရေးခွင် တစ်ခု ဖြစ်သည်။

"ဇော်ရေ .... ဧည့်သည်ရောက်နေတယ်ဟေ့"

အထက်မြင့်မှာ အလုပ်လုပ်နေသော ဇော့်ကို အလုပ်သမား ခေါင်းဆောင်ဖြစ်သူ ဦးသန်းစိုးက အော်ခေါ်နေသည်။

ဇော်တအံ့တသြနှင့် အောက်သို့ငုံ့ကြည့်ချိန်တွင် ဦးသန်းစိုး၏ ဘေးတွင် ရပ်နေသော ချယ်ရီကို တွေ့လိုက်ရသည်။

"ချယ်ရီ"

ရုတ်တရက်ကိုယ့်မျက်လုံးကိုယ် မယုံနိုင်အောင် ထိတ်ထိတ်ပျာပျာဖြစ်သွားမိသည်။ သဲတွေဖုန်တွေ အလိမ်းလိမ်း တက်နေသော သူတို့ဆောက်လုပ်ရေးခွင်ထဲတွင် နတ်သမီးလေးတစ်ပါး ဆင်းသက်လာသည်အလား ချယ်ရီပုံရိပ်က ထင်းခနဲပေါ်နေသည်။

"ချယ်ရီ"

ခေါ်သံနှင့်အတူ ဝမ်းသာအားရ တရှိန်ထိုး ပြေးဆင်းလာခဲ့သည်။

"ချယ်ရီ"

ချယ်ရီက သူ့အသံကြားသည်နှင့် ချာခနဲ လှည့်ကြည့်သည်။

"ဇော်"

သူ့နာမည်ခေါ်ပြီး အနားသို့ ပြေးလာသည့်တိုင် ချယ်ရီကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မယုံကြည်နိုင်ဖြစ်နေမိသည်။

"ဒီထိတောင် ဘာလို့လာရတာလဲ အန္တရာယ် များရများနဲ့ ...."

"နင်မှ မလာတာ .... ငါက လာရတာပေါ့"

အပြစ်တင်စကား မကျတကျပြောသော ချယ်ရီစကားကြောင့် သူယဲ့ယဲ့လေး ပြုံးနေမိသည်။ စိတ်ထဲလည်း မကောင်းဖြစ်မိသည်။ တစ်ကယ်ဆို ဒီလိုမျိုးပုံစံနှင့် ချယ်ရီကို မတွေ့ချင်မိ။ ဘာအရောင်မှန်း သေချာမသဲကွဲတော့သည့် တီရှပ်အနွမ်းနှင့် ဂျင်းဘောင်ဘီခပ်စုတ်စုတ်ကို



ဝတ်ဆင်ထားသော သူ့ပုံစံက ချယ်ရီရှေ့မှာ စုတ်ပြတ်နံ့ချာနေမည်ကို တွေးပြီး အားငယ်နေမိသည်။

ထို့ကြောင့် .... ဆီမလိမ်းထားသော ဆံပင်ခပ်ပွပွကို အဆင်ပြေသလို ဖိသပ်လိုက်ပြီး မျက်နှာမှချွေးနှင့်ဖုန်မှုန့်တွေကိုလည်း အင်္ကျီစနှင့်ပဲ ခပ်မြန်မြန် ဆွဲပွတ်လိုက်မိသည်။ တစ်နေကုန် အလုပ်လုပ်ထား၍ ချွေးစော်နံနေမည်စိုးကာ ချစ်သူအနားမကပ်ရဲလောက်အောင် အားနာနေမိ၏။ ဒါကို ချယ်ရီကမသိ။ သူ့ အနားသို့ တိုးကပ်ကာ

"ဒီအဆောက်အဦးကြီးတစ်ခုလုံးကို နင်တို့ဆောက်တာပေါ့ ဟုတ်လား ဇော် ...."

"အင်း .... အင်ဂျင်နီယာတွေ ညွှန်ကြားသမျှ လုပ်ရတာပေါ့ .... ခဏလေးပဲချယ်ရီ .... ငါခေါင်းဆောင်ကို သွားပြောလိုက်အုန်းမယ် ...."

"အင်း .... ရတယ်"

လှည့်ထွက်ခါနီးမှ ပါးချိုင့်လေးပေါ်အောင် ပြုံးနေသော ချယ်ရီကို ဇော် ဘုဆတ်ဆတ်ပြန်ကြည့်လိုက်သည်။

"ပြုံးမနေနဲ့ .... ခပ်တည်တည်နေ .... ဒီကကောင်တွေက အာချောင်ရချောင်နဲ့ ...."

"ဟင်"

"နေအုန်း .... နင် အပြင်ထွက်နေ"

" ဟမ် ဘာလို့"

"ထွက်နေဆို .... လာ"

လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတွေကြား ချယ်ရီကို ထားစရာနေရာမရှိအောင် ဇော် သဝန်တိုမိသည်။ ထို့ကြောင့် အဆောက်အဦးနှင့်

ခပ်လှမ်းလှမ်းကို အရင်ခေါ်သွားသည်။

"ဘာလို့လဲ .... နင့်အကြောင်းကို ဖော်မှာ ပြောမှာစိုး လို့လား"

"ငါ့အကြောင်းက ကိစ္စမရှိဘူး .... ဒီကကောင်တွေက မိန်းမလှလှမြင်မူးတာမဟုတ်ဘူး .... နင့်ကို ခြေဆုံးခေါင်းဆုံး ကြည့်တာ ငါမခံနိုင်ဘူး"

ဖော့်စကားကြောင့် ချယ်ရီမှာ သဘောကျကာ တခစ်ခစ်ရယ် နေမိသည်။

"ဒါဆို ငါက လှတယ်ပေါ့ အဲ့လိုလား"

"တည်တည်နေဆို ...."

"အင်းပါ .... သွားပြောမယ်ဆို .... သွား"

"အင်း ခဏစောင့်"

အလုပ်သမားခေါင်းဆောင်ရှိရာသို့ ဖော်ကပျာကယာပြေးပြီး နေ့တစ်ဝက်ခွင့်ပေးဖို့ ခွင့်တောင်းလိုက်သည်။ ခေါင်းဆောင် ခွင့်ပြုသည် နှင့် ချယ်ရီဆီပြေးလာခဲ့သည်။ ဒါတောင် သူငယ်ချင်းတွေက သူတို့ နှစ်ယောက်နောက်လိုက်ကာ စသေးသည်။

"သာပါတယ် .... သားကြီးရာ .... ငါတို့ကိုလည်း ဆေးကောင်းလေးရှိရင် ပေးပါအုန်းကွ"

"ဟေ့ကောင် ငါ ဟိုနေ့က တွေ့တာ ဒီကောင်မလေး မဟုတ်ပါဘူး .... ကိုကိုလို့ခေါ်တဲ့တစ်ယောက် ဘယ်အနား သွားထားလဲ"

တစ်ယောက်တစ်ပေါက် စနောက်သံများကို မသိဟန်ဆောင် ကာ ချယ်ရီလက်ကိုဆွဲပြီး ထွက်လာခဲ့သည်။



"ကိုကိုလို့ခေါ်တာ ဘယ်သူလဲ .... ဘယ်က ကောင်မ လေးလဲ"

"စနေတာပါကွာ .... အရေးမလုပ်နဲ့ .... သူတို့တစ်နေ ကုန်နေလို့ အကောင်းတစ်ခွန်းပြောတဲ့လူတွေ မဟုတ်ဘူး .... သူတို့စကားကိုယုံရင် ရူးသွားလိမ့်မယ်"

ဒါတောင် ချယ်ရီက မကျေနပ်သေး။ မျက်စောင်းခဲ့ပြီး ကြည့်နေသေး၏။

"သေချာတယ်နော် .... ရှုပ်မယ် မကြံနဲ့ ...."

"ဘာမှမကြံရပါဘူး သခင်မရယ် .... ဒါနဲ့ ဘယ်လိုဖြစ် လို့ ဆိုင်းမဆင့် ဘုံမဆင့် ရောက်လာတာလဲ"

"ဆိုင်းနဲ့ဘုံနဲ့လာရင် အသံကြားပြီး နင်ကထွက်ပြေးမှာပေါ့ .... အခုတော့ ထွက်ပြေးလို့မရတော့ဘူးလေ .... ငါက နင်ပြေး လို့မရအောင် လျှောက်လိုက်နေမှာ ...."

ချယ်ရီပြောသမျှ ရယ်ကျဲကျဲနားထောင်ရင်း အပြင်သို့ လျှောက်လာကြသည်။

"အခု ဘယ်သွားမှာလဲ .... ဖော်"

ချယ်ရီက သူ့လက်မောင်းကို မူနွဲ့နွဲ့ တွဲခိုကာ လိုက်ရင်း ဆိုသည်။

"ကားငှားမယ်လေ .... ဒီနားမှာ ကော်ဖီဆိုင်ရှိတယ် ချောကလက်ကိတ်လည်းရတယ် .... စားမယ် မဟုတ်လား"

"အင်း စားမယ်"

"အစားအသောက်ဆို ဘယ်တော့မှ နှစ်ခါမခေါ်ရဘူး အစားပုတ်လေး"

ဇော် ခေါင်းပုတ်ကာ ဆိုတော့ ချယ်ရီက ကလေးလေးလို ဇတ်လေးပုကာ လျှာထုတ်ပြ၏။

"ဘယ်သူနဲ့လာတာလဲ .... နင်တစ်ယောက်တည်းလား"

"ဟင်အင်း .... သတိုးနဲ့လာတာ ....ဟိုမှာလေ"

ကားဘေးတွင်ရပ်စောင့်နေသော သတိုးကို လက်ညှိုးထိုးပြသည်။

"သတိုးနဲ့ နှစ်ယောက်တည်းလာတာလား"

"အင်းလေ .... သူမပါရင် ထွက်လို့မှမရတာ .... စိတ်မပူပါနဲ့ ....သူက ငါတို့အကြောင်းအကုန်သိပြီးသား"

"စိတ်မပူလို့ရမလား .... အခုနေ ပြန်ရင်တောင် မိုးတော်တော်ချုပ်နေမှာ .... ဘာလို့နှစ်ယောက်တည်းလာရတာလဲ"

"မပြန်တော့ဘူးလေ ဘာလို့ပြန်ရမှာလဲ"

"ဟေ"

သူ အထိတ်တလန့်ထအော်တော့ ချယ်ရီက သဘောကျကာ တခစ်ခစ်ရယ်နေ၏။

သတိုးအနားရောက်တော့ သတိုးက သူတို့ကို ကြည့်ပြီး မျက်နှာတော့မကောင်း။

"ငါပြန်ရတော့မလား .... ချယ်ရီ"

မချိအပြုံးလေးပြုံးကာ မေးနေသော သတိုးကို ကြည့်ပြီး ချယ်ရီလည်း အားနာနေမိသည်။

"နင် အဆင်ပြေပါ့မလား သတိုး"

"ရပါတယ် .... ငါကြည့်လုပ်လိုက်မယ် .... နင်သာ ပျော်အောင်နေ .... ကိုဇော် .... ကျွန်တော်သူ့ကို အပ်ခဲ့မယ်နော်"



ဇော် သူတို့နှစ်ယောက်ကို ကြည့်ရင်း ဘာကိုမှ နားမလည်တော့။

"အပ်ခဲ့မယ်ဆိုတော့ .... ချယ်ရီက ...."

"မပြန်တော့ပါဘူးဆို"

"အဓိပ္ပာယ်မရှိတာ .... ချယ်ရီ နင်ဘာတွေ လျှောက်လုပ်နေတာလဲ"

ဇော်က သူ့လက်ကို အထိတ်တလန့် ဆွဲဖြုတ်ကာ ထအော်လိုက်သောကြောင့် ချယ်ရီပါးစပ်အဟောင်းသား ဖြစ်သွားမိသည်။

"မပြန်တော့ဘူး ပြောတာလေ .... နင်က ဘာလို့လန့်သွားတာလဲ ...."

"နင် နောက်နေတာလား ချယ်ရီ .... ဒါနောက်စရာမဟုတ်ဘူးနော် ...."

"ဘာကို နောက်ရမှာလဲ .... ငါမိဘတွေက သတိုးနဲ့ ဒီနေ့မှာ စေ့စပ်ပေးတော့မှာ .... ငါမယူချင်လို့နင့်ဆီလာခဲ့တာ .... နေပါအုန်း အဲ့ဒီအကြောင်းတွေကို မျိုးကိုကို နောက်ဆုံးပေးလိုက်တဲ့စာထဲမှာ ရေးထားတယ်လေ .... နင်ကဘာလို့ မသိချင်ယောင်ဆောင်နေရတာလဲ"

ဇော်က ပါးစပ်အဟောင်းသားနှင့် တအံ့တဩဖြစ်နေ၏။

"ဘာစာလဲ ... မျိုးကို လာဆီမလာတာ ဘယ်လောက်ကြာပြီလဲ .... သူဆိုင်ကယ်မှောက်လို့ ခြေထောက်ကျိုးထားတယ်လေ"

"ဟာ"

ကြားလိုက်ရသည့်စကားကြောင့် ချယ်ရီခေါင်းတွေ ချာချာ

လည်ဖြစ်သွားရသည်။ အလွဲကြီးလွဲပြီ ထင်ပါရဲ့ ....။ ဒါကြောင့် ဖော်ကဘာဆိုဘာမှ မသိဖြစ်နေတာ ....”

“အဲ့ဒီစာထဲမှာ .... ငါ့ကို သတိုးနဲ့ပေးစားတော့မဲ့အကြောင်းနဲ့ ငါကတော့ နင့်ကိုပဲယူမဲ့အကြောင်း နောက်ဆုံးအတင်းစီစဉ်ရင်တော့ နင့်နောက်လိုက်ခဲ့မယ်လို့ ရေးထားတာ”

ချယ်ရီပြောနေရင်း မျက်ရည်တွေဝဲလာမိသည်။ ယောက်ျားနှစ်ယောက်ကြား ကိုယ့်အထုပ်ကိုယ်ဖြည်ရတာလောက် ရှက်စရာကောင်းတာဘယ်ရှိမလဲ ....။ ဖော်က ခေါင်းကို ဖြေးဖြေးခါကာ ....

“ငါ အဲ့ဒီစာကို မရဘူး ....”

“ဒါပေမဲ့ ဖော်ရယ် .... အဲ့ဒီစာကို မရလည်းပဲ ငါတို့နီးရမဲ့အရေးပဲ မဟုတ်လား .... ငါတောင်လာရဲသေးတာပဲ .... နင်ကမခေါ်ရဲဘူးလား”

“ချယ်ရီအမေးကို သူချက်ချင်းမဖြေနိုင်။ ခေါင်းမီးတောက်မတတ် ထူပူနေမိသည်။ ဒါ ရွှေကောက်ရတာလား .... မြွေပေါက်မိတာလား မသဲကွဲတော့ ....”

“ဟင် .... ဖော် ငါမေးတာဖြေလေ .... နင်ဘာလို့မဖြေရတာလဲ”

ချယ်ရီက အားမလိုအားမရနှင့် သူ့အင်္ကျီကို ဆွဲဆောင့်ကာ မေးပြန်သည်။

“ဒီအချိန်မှာတော့ မဖြစ်နိုင်သေးဘူး ချယ်ရီ ငါ.... ငါ့ဘက်မှာ ....”

“ဖော်”

မိမိထင်ထားသမျှ တက်တက်စင်လွဲသွားသည့် စကားမို့



ချယ်ရီမခံမရပ်နိုင် ထအော်လိုက်သည်။ ဖော်ကတော့ ဘယ်လောက်အော်အော် ကျော့ကွင်းမှာ အမိခံရသည့်သားကောင်နှယ် စိတ်ပျက်လက်ပျက် ခေါင်းငိုက်စိုက်ကျနေ၏။

“ဟို ချယ်ရီ .... နင်တို့တွေ စကားပြောကြအုန်းနော် .... ငါ့သူငယ်ချင်းက ဒီကိုလာရင် လာလည်ဖို့ အလည်ခေါ်ထားတာ .... ငါ သူ့ဆီကို သွားလိုက်အုန်းမယ် .... ငါ ပြန်ရင်ဒီကိုလာနှုတ်ဆယ်မယ်နော်”

သတိုးရှောင်ပေးမှန်းသိ၍ နှစ်ယောက်စလုံး ခေါင်းညိတ်ပြရုံမှတစ်ပါး ဘာမှပြန်မပြောမိကြ။ သတိုးမောင်းထွက်သွားသည့် ကားကိုပဲ အဓိပ္ပာယ်မဲ့ငေးစိုက်ကြည့်နေကြသည်။ ဖော်က Taxi ငှားပြီးကော်ဖီဆိုင်သို့ ခေါ်လာခဲ့သည်။ ထိုကော်ဖီဆိုင်မှ စားချင်စဖွယ်ချောကလက်ကိတ်မှာကာ ကျွေးသော်လည်း ချယ်ရီစားချင်စိတ်မရှိမိ။

“စားလေ .... ချယ်ရီ”

ချယ်ရီ ခေါင်းကို ခါယမ်းလိုက်သည်။

“မစားချင်ဘူး”

“စားပါဟာ .... ငါတို့ကိစ္စကို အေးအေးဆွေးနွေး တာပေါ့”

“ဘာကိုဆွေးနွေးရမှာလဲ .... ဒီအချိန်က ဆွေးနွေးရမှာ မဟုတ်ဘူး ....ဆုံးဖြတ်ချက်ချရမှာ ဖော်ရဲ့ ငါက .... ငါလာရင် နင်အရမ်းပျော်သွားမှာပဲလို့ တွေးထားတာ ....”

“ငါ ပျော်ပါတယ် ချယ်ရီရယ် .... မပျော်တာတော့ မဟုတ်ပါဘူး .... ဒါပေမဲ့”

"မဟုတ်ဘူး နင်ညာတာ ... နင်မပျော်ဘူး .... ငါသိနေတယ် .... ငါ့ကို လာမညာနဲ့"

ဇော် သူ့လက်နှစ်ဖက်ကို အုပ်မိုးကာ ဆုပ်ကိုင်ထားသည်။

"ချယ်ရီရာ .... ငါ့စိတ်ကို နင်အသိဆုံးပါ .... ငါဘယ်လောက် နင့်ကို တန်ဖိုးထားလဲဆိုတာလဲ နင်သိပါတယ် .... ဒါပေမဲ့ အံ့ခုဟာက"

"တော်ပြီ ဇော် .... ငါ .... အဲ့ဒါတွေ မကြားချင်တော့ဘူး .... ငါတို့ဝေးနေသမျှ အဲ့လိုအနှောင့်အယှက်တွေ တပုံတပင် ရှိလာအုန်းမှာပဲ ... ဒီလိုနဲ့ပဲ ငါတို့တွေ တကယ်အဝေးကြီးကို ဝေးသွားရင် ဘယ်လိုလုပ်မလဲ ...."

ဇော်က မျက်ရည်တွေဝဲကာ သူ့လက်ကို တင်းတင်းဆုပ်ကိုင်ထား၏။

"ငါလည်းနင်နဲ့ ဘယ်ဝေးချင်ပါ့မလဲ ...."

"အေးလေ မဝေးချင်ရင် နီးဖို့ ကြိုးစားရမှာပေါ့ .... ငါသတိုးကိုယူရတော့မှာ .... အားလုံးက နင်နဲ့ကြိုက်နေမှန်းသိရက်နဲ့ ပေးစားနေကြတာ .... ငါမယူနိုင်ဘူး .... ငါ့မှာချစ်တဲ့သူရှိရက်သားနဲ့ သူစိမ်းယောကျ်ားတစ်ယောက်ကို ငါလက်မထပ်နိုင်ဘူး ဒါကြောင့် ငါဆုံးဖြတ်ပြီးလာခဲ့တာ .... ကျောင်းလဲဆက်မတော့ဘူး .... သူနာပြုသင်တန်းတက်ပြီး ဒီမှာပဲ နေတော့မယ် နင့်ကို လွမ်းနေရမဲ့အတူတူ နင့်ရဲ့ဒုက္ခတွေ အတူထမ်းပြီး နင်နဲ့ပဲ အတူနေမယ် .... ဘာပဲဖြစ်ဖြစ် အတူရင်ဆိုင်ကြမယ်လေ ဇော်ရယ် နော်"

"ငါလက်မခံနိုင်ဘူး ချယ်ရီ .... ငါ့အတွက်နဲ့ နင့်တက်လမ်းကို ...."



"ဇော်"

ချယ်ရီက သူ့ဆုပ်ကိုင်ထားသော လက်ကိုဆွဲဖြုတ်ကာ ခုံကို ပြင်းပြင်းပုတ်သည်။

"ငါက မိန်းကလေးပါ .... ငါက ကာယကံရှင်ပါ ဇော်ရယ် .... ငါတောင် အဲ့ဒါတွေ မတွေးဘဲ ...."

"မဟုတ်ဘူး .... မတွေးလို့မရဘူး .... ချယ်ရီ နင်အဲ့လောက် မမိုက်စမ်းပါနဲ့ ...."

သူ့စကားကြောင့် ချယ်ရီ ခနိုးခနဲ့ ထရယ်ပစ်လိုက်သည်။

"ငါ့ကို မိုက်တယ်တဲ့လား .... ဇော် .... အဲ့ဒီစကားကို တလောကလုံးပြောနေရင်တောင် နင်ကမပြောသင့်ဘူးလေ .... ဒါ ငါတို့အတွက် ရွေးခဲ့တဲ့လမ်း .... ငါတို့မဝေးဖို့ ရွေးခဲ့တဲ့လမ်းလေ နင်က ငါ့ကိုမိုက်တယ်ပြောတော့ ငါကဘာလုပ်ရမှာလဲ .... ငါဘာလုပ်ရမှာလဲ ပြောစမ်းပါ"

ဇော်က ဆံပင်တွေထိုးဖွကာ စဉ်းစားရခက်သည့်ပုံနှင့် ငြိမ်နေ၏။

"နင်သတ္တိမရှိဘူး မဟုတ်လား .... မိန်းမတစ်ယောက်ကို တင့်တောင်းတင့်တယ် မထားနိုင်ဘူးဆိုပြီး သူ့ရဲဘောကြောင်နေတာ မဟုတ်လား ...."

အထင်သေးသည်အကြည့်နှင့်ရွဲ့တဲ့တဲ့ပြောသည့်စကားသည် အရိုက်ထိကာ ယောကျ်ားမာနကို ထိပါးစေသော်လည်း ဇော်ဘာမှ ခွန့်တုံ့မပြန်မိ။ ဒီအချိန်သည် သူလုံးဝ သူ့ရဲကောင်းဆန်လို့မရသည့် အခြေအနေမှန်း အလိုလိုနားလည်နေမိသည်။

"ငါ့ဘဝက နင်ထင်ထားသလောက် မလွယ်ဘူး ချယ်ရီ .... မီးဟုန်းဟုန်းတောက်နေတဲ့အထဲ နင်က ခုန်ဆင်းရဲပေမဲ့ ငါကလက်ယပ်မခေါ်ရက်ဘူး .... ငါ့အတွက်နဲ့ နင့်ကို ဒုက္ခမရောက်စေချင်ဘူး .... အခုဆို .... နင့်အနာဂတ်က လှပနေပြီ .... ငါ့ဆီလာရင် .... နင်ကြိုးစားထားသမျှ အလကားဖြစ်နေမှာ"

"အဲ့ဒါတွေ နင်မတွေးစမ်းပါနဲ့ .... ငါတောင်မတွေးဘူး ဘာမှလည်း မနှမြောဘူး .... နင် ပွင့်ပွင့်လင်းလင်းပြော ဇော် .... နင်ကငါ့ဘဝကို ပွန်းပဲ့မှာစိုးတာလား .... ငါ့ကိုမယူချင်တာလား"

ဇော် သက်ပြင်းကိုဟင်းခနဲချကာ ဆံပင်တွေထိုးဖွနေ၏။

"ငါမသိဘူး .... အခုချိန် ငါဘာမှ မဆုံးဖြတ်လို့မရဘူး ချယ်ရီ .... မေမေက နေမကောင်းဘူး .... ငါနင့်ကို ခေါ်ထားလို့မဖြစ်သေးဘူး .... အခုချိန်က"

ဇော်ထပ်ပြောမည့်စကားများကို ချယ်ရီ လက်လေးကာကာတားလိုက်သည်။

"ငါသိပြီဇော် .... ထပ်မပြောနဲ့တော့ .... ငါရှက်လွန်းလို့ထပ်မပြောပါနဲ့တော့ဟာ .... နင့်ကို ငါတစ်ခွန်းပဲ မေးမယ် အဲ့ဒါကိုတော့ နင်အတိအကျဖြေပေးပါ"

ဇော်က မျက်ရည်အဝဲသားနှင့် ခေါင်းညိတ်ပြသည်။ ချယ်ရီက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး

"ငါ .... သတိုးကိုယူလိုက်ရမလား .... နင်ဖြေပေးပါ"

"ဟင်"

ဇော် သူ့ကိုမျက်နှာလွှဲကာ အဝေးကို ငေးကြည့်နေ၏။



ပါးပြင်ပေါ်သို့ မျက်ရည်တွေဗိုးဗိုးပေါက်ပေါက်ကျလို့နေ၏။ ချယ်ရီကတော့ သူ့အမူအရာမှန်သမျှ မျက်တောင်မခတ်စိုက်ကြည့်ပြီး သူ့အဖြေကို စောင့်နေ၏။

"ဖြေလေ .... ဇော် .... ငါ ဘာလုပ်ရမလဲ ...."

အချိန်တွေကြာသွားသည်။ ကော်ဖီတွေလည်းမသောက်ဖြစ်။ ချောကလက်ကိတ်လည်း မစားဖြစ်ဘဲ နှစ်ယောက်လုံးမျက်ရည်ကျကာ တိတ်ဆိတ်နေသည်။

အချိန်တော်ကြာ စောင့်ပြီးသည့်နောက် ချယ်ရီထိုင်ခုံမှ ဖြည်းညှင်းစွာ ထရပ်လိုက်သည်။

"နင်မဖြေဘူးနော် .... ဇော် .... တိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းလို့ပဲသတ်မှတ်လိုက်မယ် .... နင်က သူရဲကောင်းဖြစ်ချင်မှတော့ ငါက ပါရမီဖြည့်ရမှာပေါ့ .... နင်နောင်တရစေရမယ်ဇော် .... နင်ဘယ်လောက်ဆုံးရှုံးသွားလဲဆိုတာ သိသာလောက်တဲ့နောင်တတစ်ခု ရကိုရစေရမယ်"

"ချယ်ရီ"

ချယ်ရီ၏ နာနာကြည်းကြည်းစကားကို ဇော် ပါးစပ်အဟောင်းနှင့် နားထောင်နေမိသည်။ ချယ်ရီ လက်စွပ်ကို ဆွဲချွတ်ကာ .... စားပွဲခုံပေါ်သို့ ချလိုက်သည်။

"ငါ့ကို သံပတ်ပေးစရာ မလိုတော့ဘူး ဇော် နင်ငါ့ဆီလည်း လာစရာမလိုတော့ဘူး ...."

ပြုံမလိုငိုမလိုဖြစ်နေသည့် ဇော့်မျက်နှာကို စိတ်နာနာနှင့်ပဲ ကျောခိုင်းပစ်ခဲ့သည်။

"ချယ်ရီ"

ဇော်၏ ခေါ်သံကို ကြားနေရသည်။ ရှေ့ဆက်လျှောက် နေသော်လည်း ဇော်များ ပြေးလိုက်လာမလားဟု တွေးကာ ခြေလှမ်းတွေ တုံ့ဆိုင်းနေမိသည်။ ဇော့်ကို ပြေးလိုက်လာစေချင်သည်။ ထွက်မသွားဖို့ တားစေချင်သည်။ ဘာပဲဖြစ်ဖြစ် သူ့လက်ကို ဆွဲပြီး ရင်ဆိုင်မည်ဆိုသည့် သတ္တိတွေ ဇော့်မှာရှိစေချင်သည်။ သို့သော် သူခပ်ဝေးဝေး ရောက်လာသည်နှင့်အမျှ ဇော့်အသံကလည်း အဝေးဆုံးမှာ ကျန်နေခဲ့သည်။

နင်မလိုက်လာဘူးပေါ့နော် .... ငါ့ကို ယူရမှာအဲ့လောက် တောင်ဝန်လေးနေလား။ ငါ့ကနင့်အတွက် ဝန်ထုပ်ဝန်ပိုး တစ်ခုထက် မပိုဘူးလား ဇော်ရယ် .... ငါက အများကြီး စွန့်လွှတ်ဖို့ ပြင်ဆင်ထားတာပါ ငါအများကြီး မျှော်လင့်ခဲ့မိတာ အခုတော့လည်း ဒီလောက်နဲ့ပဲ ရပ်တန့်လိုက်ရပြီ .... ငါမထင်ထားခဲ့ဘူး .... ဇော် .... နင်သွေးအဲ့လောက်ကြောင်လိမ့်မယ်လို့ကို မထင်ခဲ့တာ။ အရမ်းချစ်တယ်လို့ပြောပြီး အမြဲအတူနေချင်ပါတယ်လို့ ပြောပြီး ငါ့အချစ်ကိုရော မာနကိုပါ တစ်ခါတည်း ချနင်းလိုက်တာ ငါရှက်လိုက်တာ ဇော်ရယ် နင်တော်တော် ရက်စက်တာပဲ ....

ဆိုင်နှင့်ဝေးရာလျှောက်လာရင်း ဘယ်သွား၍ ဘယ်ရောက်နေမှန်းမသိတော့။ အိမ်ကိုလည်း မပြန်ချင်သလို ဒီမြို့မှာလည်း ဆက်မနေချင်တော့။ ရောက်ချင်ရာရောက်ဆိုသည့်စိတ်နှင့်ပဲ ဆက်လျှောက်ရင်း ငိုပဲငိုနေမိသည်။ ထိုအချိန်ထိလည်း ဇော်က နောက်က လိုက်မလာခဲ့ပါ မကျွမ်းကျင်သည့် နယ်မြေတစ်ခုတွင် ခြေဦးတည့်ရာ လျှောက်သွားနေသည့်သူ့ကို ဇော် စိတ်မပူဘဲ အပိုင်ချည် ခံရမည်ကိုပဲ



တွေးကြောက်နေပုံရသည်။ တွေးမိလေ ရင်နာမိလေပင်။ ထိုအချိန် ကားလမ်းတစ်ဖက်မှ ကားဟွန်းသံအဆက်မပြတ် ထွက်လာ၏။

"တီတီတီ"

ထိုအသံသည် ချယ်ရီအတွေးများကို မဖုံးလွှမ်းနိုင်ခဲ့။

"ချယ်ရီ"

"ချယ်ရီ"

ခေါ်သံအကြားမှာတော့ ချယ်ရီ ငိုနေရင်းမှ အယောင်ယောင် မှားမှားနှင့် ကားလမ်းတစ်ဖက်ကို လှည့်ကြည့်လိုက်သည်။ သတိုးသည် တစ်ဖက်ကားလမ်းတွင် ကားကိုထိုးရပ်ပြီး သူ့နာမည်ကို စိုးရိမ်တကြီး အော် ခေါ်နေသည်။ ကားလမ်းကို ကူးကာ သူ့ဆီအပြေးလာနေသော သတိုး ကိုမြင်တော့ ချယ်ရီ နေရာမှာပင် ငုတ်တုတ်ထိုင်ချကာ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ရှိုက်ကြီးတငင်ငိုချလိုက်သည်။

နင်သိလား ဇော် .... ဒီတစ်ခါ သူငါ့ဆီပြေးလာရင်

ငါသူ့ ကို တွန်းဖယ်လို့မရတော့ဘူး .... ပြိုင်ပွဲတစ်ခုမှာ အရည်အချင်း ရှိတဲ့လူက အနိုင်ရတာမဟုတ်ဘူး .... ဇော် .... ဘယ်လောက်လဲလဲ အရှုံးမပေးဘဲ ပြန်ထတတ်တဲ့လူက အနိုင်ရတာပါ။

ငါ .... နင့်ကိုချစ်ပါတယ်ဇော် .... ဒါပေမဲ့ ငါ.... သူ့ကို အနိုင်ပေးရတော့မယ် ....

နင့်ကို နောင်တရစေချင်တဲ့ အကြောင်းပြချက်တစ်ခုနဲ့ သူ့ကို အနိုင်ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ ဇော် ....

ချယ်ရီနောက်သို့ ပြေးလိုက်ခဲ့သော်လည်း လိုက်ခေါ်ဖို့ အင်အားတွေ သူ့မှာမရှိသည့်အခါ တိတ်တဆိတ်ပဲ နောက်ကလိုက် လာခဲ့သည်။ နောက်ဆုံးချယ်ရီကို သတိုးက ဖေးမတွဲခေါ်သွားပြီး

သူတို့ကားလေး ဒီမြို့လေးမှ ထွက်ခွာသွားသည်အထိ သူတိတ်တဆိတ် လိုက်ကြည့်မိသည်။

ငါက သူရဲဘောကြောင်တဲ့ကောင်ပါ ချယ်ရီ .... ငါ့မှာ သတ္တိတွေ မရှိဘူး ....

အမေ့ဆေးဖိုးအပြင် စားဖို့ အနိုင်နိုင်ဖြစ်နေတဲ့ဘဝထဲ .... ညီနဲ့ ညီမကို တာဝန်ယူရမဲ့ဘဝထဲ .... တစ်နေ့ဝင်ငွေနဲ့ ထွက်ငွေ .... ထပ်မတူမျှတဲ့ ဘဝထဲကို လက်ယပ်ခေါ်ဖို့ ငါ့မှာသတ္တိတွေမ ရှိပါဘူး ....

ဆရာဝန်ဂုဏ်ပုဒ်စွန့်ပြီး ငါ့ဆီလာရလောက်အောင် ငါက အဲ့လောက်အရည်အချင်းရှိတဲ့သူ မဟုတ်ပါဘူး ချယ်ရီရယ် .... ငါ နောင်တရတာ အရေးမကြီးပါဘူး နင်နောင်တရမှာပဲစိုးတာပါ....

ထိုနေ့ညက အမေကလည်း ချောင်းတွေဆိုးကာ သွေးတွေ အန်သည်။ သူကလည်း အဲ့ဒါကို ကြည့်ပြီး ဟန်မဆောင်နိုင်ဘဲ မျက်ရည်တွေကျနေမိသည်။

"သား .... အမေ့သားလေး ဘာဝမ်းနည်းစရာရှိလို့လဲ"

အမေက သူ့ခေါင်းကိုပုတ်ပြီး မျက်ရည်တွေဝဲကာဆိုသည်။ သူ ခေါင်းတွေခါယမ်းပြီး အမေ့ရင်ခွင်ထဲတိုးကာ အားရပါရ ငိုချလိုက်သည်။

"မငိုပါနဲ့သားရယ် .... သားငိုတော့ အမေက ဘယ်စိတ်ကောင်းပါ့မလဲ .... အမေ့ကိုပြောပါ .... သား ဘာကို ဝမ်းနည်းနေလဲ အမေ့ကိုပြောပြ"

သူဘာမှမဖြေဘဲ .... မေမေ့ကိုသာ ကျစ်ကျစ်ပါအောင် ဖက်ထားမိသည်။ အမေကလည်း သူ့ကိုဖက်ပြီး ပါးတိုက်ငိုနေ၏။



ကြာတော့ အမေရောဂါဆိုးမည်စိုး၍ သူ့စိတ်ကိုပဲ တင်းကာ မျက်ရည်တွေသုတ်ရသည်။

"သား ဘာမှမဖြစ်ဘူးနော် အမေ .... အမေခံစားနေရတာ မကြည့်ရက်လို့ စိတ်မကောင်းလို့ ငိုမိတာပါ .... နော် အမေ .... သား ဘာမှမဖြစ်ဘူး .... မငိုနဲ့တော့နော်"

"မဟုတ်ဘူး .... သားညာနေတာ .... အမေ့သားလေး ဝမ်းနည်းနေတာ အမေသိတာပေါ့ ...."

"ဝမ်းမနည်းပါဘူး အမေရယ် .... အမေရှိရင် .... သားမှာ အားတွေရှိပါတယ် .... ဒါကြောင့် အမေနေကောင်းအောင်ပဲနေနော် .... အိပ်တော့နော်"

မေမေက သူ့ကိုကြည့်ကာ တော်တော်နှင့်မအိပ်။ သူလည်း ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်မိသည်။ နေမကောင်းနေသည့် အမေကိုမှ စိတ်ဆင်းရဲစေခဲ့မိသည်။ မေမေ့ရောဂါအခြေနေက အိမ်ပြန်ပြီး စိတ်ချမ်းသာအောင် နေရမည့်အခြေအနေ။ အခုတော့ မေမေ့မှာ သူကြောင့် စိတ်ထိခိုက်နေရရှာသည်။ အမေ့ကို တော်တော်ချော့သိပ်မှ အိပ်ပျော်၍ သွားသည်။ သူကတော့ အိပ်မပျော်သေး။ အိပ်ရလောက်အောင်လည်း သူ့စိတ်တွေ မငြိမ်းချမ်း။ ယောကျ်ားဆိုပေမဲ့လည်း အသဲနှင့်အောင် ခံစားရသည့်အခါ ဘာကိုတွေးတွေး မျက်ရည်ကျချင်မိသည်။

ငါ့ကို မုန်းပါ ချယ်ရီရယ် ....

ငါက နင့်အချစ်နဲ့ မထိုက် တန်တဲ့သူလို့တွေးပြီးမုန်းပါ တကယ်တော့ ငါက ကြီးကြီးကျယ်ကျယ် ကဗျာတွေရွတ်ပြီး နင့်ဖြစ်ချင်တာ ဘာမှမလုပ်နိုင်ခဲ့ဘူး။

လက်ကိုင်ပုဝါ ထုတ်ကြည့်တော့လည်း ငိုချင်စရာ။ ဒိုင်ယာရီလေး ဖွင့်ကြည့်တော့လည်း ရင်နာစရာအပြည့်ပင် ....။ လက်စွပ်လေးကို လက်ကိုင်ပုဝါလေးနှင့် အတူသိမ်းထားခဲ့သည်။ ဒါတွေသည် သူ့ဆုံးရှုံးခဲ့ရသည့် သက်သေများအဖြစ် သူ့ကိုအမြဲခြောက်လှန့်မည့် အရာများပင်။

***အချစ်က မီးတောက်တစ်ခုလို***
***ပူးပြင်းနေပါစေ ....***
***အဲဒီမီးတောက် ပွင့်အန်ချတဲ့နေရာက***
***နင့်ရဲ့ဘဝမဖြစ် စေရဘူး***
***ငါ့ရဲ့အချစ်က နင့်တောင်ပံကိုချိုးမဲ့***
***လက်တစ်စုံမဖြစ် စေရဘူး***
***ငါ့ရဲ့အချစ်က နင့်ဘဝရဲ့ ဆူးညောင့်ခလုတ် မဖြစ်စေရဘူး***
***ငါ့ဘဝနွေးဖို့အရေး***
***နင့်ဘဝကို ချုနင်း မီးမလှုံခဲ့ဘူး***
***ကတိပေးတယ် .... ငါပြာကျသွားပါစေ***
***နင့်ရဲ့ဘဝမလောက်မြိုက်စေရဘူး***

စာတွေချရေးနေရင်း မျက်ရည်က စာအုပ်ထက် ပိုးပိုးပေါက်ပေါက် ကျလို့နေ၏။

အားမတန်လို့ မာန်လျှော့ခဲ့ရပေမဲ့ နင့်ကို အသဲနှင့်အောင် ချစ်ခဲ့သော အမှန်ပါ ချယ်ရီ .... ငါနင့်ကို အရမ်းချစ်ပါတယ် ....

ဒီစကားတွေ သူ ချယ်ရီသိအောင် ဘယ်လိုမှ ပြောခွင့်ကြုံတော့မည်မဟုတ်ကြောင်းလည်း သူ့စိတ်ထဲ အလိုလိုသိနေပါသည်။



# အပိုင်း(၁၀)

နောက်နှစ်လအကျော်မှာတော့ အဆုတ်ကင်ဆာဖြင့် ဖော့အမေဆုံးပါးသွားခဲ့သည်။

'အမိမဲ့သား ရေနည်းငါး'ဆိုသကဲ့သို့ ဖော်တို့မောင်နှမ သုံးယောက်လုံး၏ အနာဂတ်တစ်ခုလုံး ပြိန်းပြိန်းပျောက်နေသည့် ကာလတစ်ခုသို့ ရောက်လာခဲ့သည်။

ဘဝဟာ ဟင်းလင်းပြင်ကြီးတစ်ခုလို ကွက်လပ်ပေါင်း များစွာနှင့် လစ်ဟာကျန်ရစ်ခဲ့ရသည်ဟု ဖော်ခံစားမိသည်။ မေမေ ကတော့ သူ့သားသမီးတွေ ဗလာလူးအောင် အော်ဟစ်ငိုကြွေးနေကြလည်း မျက်လုံးစုံမှိတ် စိတ်ချသွားခဲ့ပြီဖြစ်သည်။

လူမမယ်လည်းမဟုတ် လူကြီးလည်းမဟုတ်သေးသည့် တိုးနှင့်မိုးက သူ့ကိုဖက်ပြီး အမေ့နာမည်ကိုအော်ခေါ်ကာငိုကြသည်။

သူ့မှာ စိတ်ဓာတ်ရေ အင်အားပါ ယိုင်နဲ့နဲ့ဖြစ်နေသော်လည်း ညီနှင့်ညီမ ဖက်တွယ်ထားသည့်အတွက် မာကျောချင်ယောင်ဆောင်ပေးရသည်။ အနည်းဆုံး အစ်ကိုရှိသေးတယ်ဆိုသည့်စိတ်နှင့် ညီနှင့်ညီမလေး ကို ခွန်အားပေးချင်မိသည်။

ရက်လည်မှာတော့ ချယ်ရီမှလွဲ၍ သူငယ်ချင်းများအားလုံး တစုတဝေးတည်း ရောက်လာကြသည်။ သူနှင့်ချယ်ရီအကြောင်းလည်း

သိနေ၍ ထင်သည်။ သူ့ကိုကြည့်ပြီး အားလုံးမျက်စိမျက်နှာ ပျက်နေကြသည်။

"ဒီအချိန်မှာ ဒီစကားတော့မပြောချင်ပါဘူးကွာ ဇော် မင်းတို့ငါ့ကြောင့်လွဲရတာဆို"

မျိုးကိုက ချယ်ရီပေးထားသောစာလေးကို ထုတ်ပေးရင်း ဆို့ဆို့နင့်နင့် ဆိုသည်။ ထိုစာကို ဖွင့်ဖောက်ဖက်ဖို့ သူ့မှာ အားမရှိတော့ပါ။ တကယ်ဆို ဖွင့်ဖောက်ကြည့်စရာလည်း မလိုတော့ပါ။ ထို့ကြောင့် စာလေးကို တုန်တုန်ရီရီ လှမ်းယူရင်း ငိုင်နေမိသည်။

"ငါလဲအဲ့ဒါပဲပြောနေတာဇော် .... မျိုးကိုကလည်းလေ.... သူ့ဆီမှာစာရောက်နေရင်လည်း ငါ့ကိုပြောပေါ့ .... ငါသွားပေးလို့ရတာပဲကိုး"

မိဇာကလည်း တဗျစ်တောက်တောက်နှင့် စိတ်မကောင်းဖြစ်နေသည့်ပုံပင်။

"ငါလည်း ဒီလိုရေးထားမှန်း မသိလို့ပါကွာ .... အရင်ကလိုပဲဆိုပြီး ...."

"မင်းနဲ့မဆိုင်ပါဘူးကွာ .... ငါဘဝက မင်းတို့မြင်တဲ့အတိုင်းပဲ .... ဒီပုံစံနဲ့ သူ့ကိုစိတ်မဆင်းရဲစေချင်ဘူး .... ဒီစာကိုရလည်း သူမလာဖို့ ငါတားမိမှာပဲ ...."

"စိတ်မကောင်းလိုက်တာဟယ် .... ဘယ်သူဘက်ကလိုက်ပြီး ပြောပေးရမှန်း မသိတော့ဘူး ဇော်ရယ် .... အခုချယ်ရီကသတိုးကို လက်ထပ်ဖို့ သူ့မိဘတွေကို ပြောလိုက်ပြီ"

သူကြိုတွေးပြီးသားဆိုသော်လည်း ရင်ထဲနာနာကျင်ကျင်ဖူးအောင့်သွားရသည်။



"နင်ကလဲ ....ဘာလို့ပြောလိုက်တာလဲ သူစိတ်မကောင်းဖြစ်အောင်"

သွယ်သွယ်က သူဇာကို အပြစ်တင်စကားဆိုသည်။ အားလုံးက မျက်ရည်တွေ ရစ်သီးနေသည့် ဇော့်မျက်နှာကိုပဲ အရိပ်လိုကြည့်ကာ စိတ်မကောင်းဖြစ်ရှုနေကြသည်။

"မပြောလို့မရဘူး .... သွယ် .... ချယ်ရီက အခုဇော့်ကိုရွံနေတာ .... ဇော် တားမှဖြစ်မှာ .... ငါကတော့ သိပ်ချစ်ကြတဲ့သူတွေကို မကွဲစေချင်ဘူး .... ဇော် .... နင်က ချယ်ရီစိတ်ကိုအသိဆုံးပါဟာ ချယ်ရီက နင့်ကိုသိပ်ချစ်တာ .... နင်သာခေါ်ရင်"

"ဟ .... အဲ့လိုတော့ ကောင်းပါ့မလား ဝက်မရဲ့ .... အားလုံးအရှုက်တကွဲအကျိုးနည်းဖြစ်ကုန်မှာပေါ့ စေ့စပ်တာလဲမဟုတ်ဘူး .... တစ်ခါတည်း လက်ထပ်မှာတဲ့ .... ရက်တောင်ရွေးပြီးတဲ့ဟာကို"

"ဟာ"

တိုးဝေစကားကြောင့် ဇော် ရင်တစ်ခု ပွင့်ထွက်သွားသလိုခံစားရသည်။

"လက်တောင်ထပ်တော့မှာလား .... မြန်လိုက်တာ .... ဘယ်တော့လက်ထပ်မှာတဲ့လဲ"

သူ့အမေးကို ဘယ်သူမှ မဖြေ။ သူ့မျက်နှာကိုပဲ ညှိုးညှိုးငယ်ငယ်ထိုင်ကြည့်နေကြသည်။

"ဘာလို့မပြောတာလဲ .... ချယ်ရီက ဘယ်နေ့လက်ထပ်မှာမို့လိုလဲ ပြောလေ .... ဘာလို့လဲ"

"ဖေဖော်ဝါရီ ၁၄ရက်နေ့ လက်ထပ်မှာတဲ့ ...."

ထိုစကားကြားကြားချင်း သူ ဆောက်တည်ရာ ထိုင်နေရာမှ ဝုန်းခနဲ ကုန်းထလိုက်သည်။ အသဲစိုင်တစ်ခုလုံး ကြွေမွသွားသလို ခံစားလိုက်ရသည်။

"အားးး ရက်စက်လိုက်တာ ...."

"ရက်စက်လိုက်တာ .... ချယ်ရီ ရက်စက်လိုက်တာကွာ အဲ့ဒီနေ့တော့ ဘာနေ့လဲသူသိရက်နဲ့ .... အဲ့ဒီနေ့က .... ငါနဲ့သူနဲ့ တန်ဖိုးထားရတဲ့ ရက်လေးကွ .... သူကွာ .... သူ အဲ့လောက်တော့ မလုပ်သင့်ပါဘူးကွာ"

သူ အရူးလိုပင် တတွတ်တွတ်ပြောနေမိသည်။

"ဖော်ရယ် .... ငါတို့စိတ်မကောင်းပါဘူးဟာ"

"မဟုတ်ဘူး .... အဲ့လောက်ကတော့ မဖြစ်သင့်ဘူးကွာ ငါ့ကို သတ်လိုက်တာမှ တော်အုန်းမယ်"

သူ့ဆံပင်တွေကို ခပ်တင်းတင်းဆုပ်ကိုင်ထားမိသည်။ ရင်တစ်ခုလုံးလည်း မီးဟုန်းဟုန်းတောက်နေသလို ပူလောင်နေပြီ ဖြစ်သည်။

"ရက်စက်လိုက်တာ ချယ်ရီရာ နင်မကျေနပ်ရင် ငါ့ကိုလာသတ်ပါ .... လာသတ်စမ်းပါ .... အဲ့နေ့တော့ မလုပ်ပါနဲ့ .... တောင်းပန်ပါတယ် .... ငါတောင်းပန်ပါတယ်ကွာ ...."

ဆောက်တည်ရာမရပြောပြီး နံရံကို နာနာကြဉ်းကြဉ်း ပိတ်ထိုးလိုက်မိသည်။

"ဒုန်း ဒုန်း ဒုန်း"

"ဖော် .... မလုပ်ပါနဲ့ .... ဟဲ့ ဆွဲပါအုန်းဟ ...."

"ဖော် မင်းကွာ .... စိတ်ထိန်းပါအုန်း"

သူငယ်ချင်းများ ဝိုင်းဆွဲကာ တားကြသည်။



"ချယ်ရီ ရက်စက်တယ်ကွာ ...."

မျက်ဝန်းမှ မျက်ရည်တွေ စီးကျနေသလို သူ့လက်မှ သွေးတွေလည်း တစက်စက်စီးကျနေ၏။ သူငယ်ချင်းတွေ သူ့အနာကို အရက်ပျံနှင့်ဆေးပြီး ဆေးတွေထည့်ပေးသော်လည်း နည်းနည်းမှ မတွန့်မိ။ သူမနာပါဘူး··· သူ့ရင်ထဲက ဒဏ်ရာလောက် မနာကျင်ခဲ့။ ချယ်ရီပေးသည့် ဒဏ်ရာသည် ပိုနာကျင်သည်။ ဘာလို့ အဲ့ဒီနေ့ကိုမှ လက်ထပ်ချင်ရတာလဲ။ ရက်တွေအများကြီးထဲမှ အဲ့ဒီနေ့မှဖြစ်မှာလား။ ငါ့ကို နာကျင်စေချင်လို့လား ချယ်ရီ .... ငါ့စိတ်ကို မသိဘူးလားကွာ .... ငါ့အချစ်ကို မသိဘူးလား .... ငါ့ဘက်ကိုလည်း ကြည့်ပါအုန်း ချယ်ရီရာ ငါက မင်းကို မချစ်ခဲ့လို့လား .... ငါက မင်းနဲ့အတူမနေချင်ဘူးများ ထင်နေလို့လား .... ငါလည်းမင်းကိုအရမ်းချစ်ခဲ့တာပါ .... မင်းကိုချစ်လွန်းလို့ ဒီလိုလုပ်ခဲ့တာ မသိလို့လားကွာ ....

သူနာနာကျင်ကျင်တွေးပြီး မျက်ရည်တွေပေါက်ပေါက် ကျတော့ သူငယ်ချင်းတွေကလည်း သူ့ကိုဖက်ပြီး ငိုကြသည်။ သူသေသွားသလိုမျိုး .... ငိုကြသည်။ မှန်ပါသည် ····အဲ့ဒီနေ့က သူ့စိတ်တွေ သေဆုံးသွားခဲ့သည်။ အမှတ်တရများစွာရှိသည့် နေ့ရက်လေးမှာ ချယ်ရီလက်ထပ်တော့မည်ဆိုသည့် သတင်းကြားရုံနှင့် ဒဏ်ရာများစွာနှင့် သူ့အချစ်တွေ သေဆုံးသွားခဲ့သည်။

***

"သူငိုတာ ငါက ဘာလုပ်ရမှာလဲ .... သူ ခုနေ ဘိုင်းခနဲ လဲသေပြမယ်ဆိုရင်တောင် ငါ···သူ့ကို သနားမှာ မဟုတ်ဘူး ...."

ပြောသာပြောသည်။ ချယ်ရီ ရင်တွေတဆစ်ဆစ်နာကာ မျက်ရည်တွေကျနေမိသည်။ သူ့အမေ ဆုံးပါးသွားသည့် သတင်းကို ကြားကတည်းက ဇော် ငြင်းရသည့်အကြောင်းအရင်းကို နားလည်ခဲ့သည်။ သို့သော် ဇော်က မပွင့်လင်းခဲ့။ သူရဲကောင်းဆန်ဆန် စွန့်လွှတ်ခဲ့သည်။ အခုချိန်မှာတော့ ဇော့်သတင်းတွေကို နားမထောင်ချင်တော့။ အားလုံးက စီစဉ်ပြီးသားမို့ ဘာဆိုဘာမှ မတတ်နိုင်တော့ပေ။

"နင် ဘာမှ လုပ်လို့မရတာ သိပါတယ် ချယ်ရီရယ် .... ငါတို့ ဇော့်ကိုသနားလွန်းလို့ပါ ....ဖြစ်နိုင်ရင် ဖေဖော်ဝါရီ ၁၄ ရက်မှာ တော့ မင်္ဂလာမဆောင်ပါနဲ့လားဟယ်"

ချယ်ရီ ခေါင်းကို သွင်သွင်ခါကာ ငြင်းလိုက်သည်။

"ဟင်အင်း .... အဲ့ဒီနေ့က သူရောငါရော ပျော်ခဲ့တဲ့နေ့ .... သူရောငါရော နာကျင်ရတဲ့နေ .... ငါတို့နှစ်ယောက်စလုံးရဲ့ ဒဏ်ရာ ရှိတဲ့နေ့ပဲ ...."

"ချယ်ရီရယ် .... ဘယ်သူမှ မပျော်ရဘဲ နင်ဘာလို့ လျှောက်လုပ်နေရတာလဲ ...."

"သူရွေးတဲ့လမ်းပါ သူဇာရယ် .... ငါက အစွမ်းကုန်မိုက်ပြခဲ့ပြီးသားပါ .... သူက မခေါ်တာပါ .... ငါက ထပ်အရှက်ကွဲခံရအုန်းမှာလား .... အခုချိန် ငါသွားရင်ရော သူခေါ်မယ်ထင်လား .... သူက အရုပ်လေးတစ်ရုပ်ပေးလိုက်သလိုမျိုး ငါ့ကို ပေးပစ်လိုက်တာ .... နည်းနည်းမှ မနှမြောဘဲ ပေးပစ်လိုက်တာပါ ...."

"ငါတော့ သေသာသေလိုက်ချင်တော့တယ် ချယ်ရီရယ် .... ဇော့်စိတ်ကိုလည်း သိတယ် .... နင့်စိတ်ကိုလည်း သိတယ် .... ဘာလို့များ အဲ့လိုဖြစ်သွားရတာလဲဟာ"



သူဇာက ချယ်ရီကို ဖက်ပြီး ငိုနေ၏။ ချယ်ရီလည်း သူဇာကို ပြန်ဖက်ပြီး ရှိုက်ကြီးတငင် ငိုနေမိသည်။ ဒါကို သတိုးက မြင်တော့ မျက်နှာမကောင်း။ သူဇာ ပြန်သွားသည့်တိုင် တရှုံ့ရှုံ့ငိုနေသော သူ့အနားသို့ ရောက်လာ၏။

"နင်ပင်ပန်းနေရင်လည်း နောက်ဆုတ်လိုက်ပါ ချယ်ရီရာ .... ငါနင့်ကို မကြည့်ရက်တော့ဘူး ...."

"ဟင်အင်း ငါနောက်မဆုတ်ဘူး သတိုး .... ငါနင့်ကိုပဲ လက်ထပ်မယ် .... ငါ့ကိုအထွာကြီးတဲ့မိန်းမလို့နင်ပြောချင်ပြော .... ငါ .... ဘယ်သူ့ကိုမှ မချစ်ချင်တော့ဘူး ငါ့ကိုချစ်ခင်တဲ့သူနဲ့ပဲ ငါ့ဘဝကို ဖြတ်သန်းတော့မယ်"

ချယ်ရီ မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ကာ ပြတ်ပြတ်သားသား ပြောလိုက်သည်။ သတိုးကတော့ ပင့်သက်ကိုရှိုက်ကာ စိတ်မောလူမော ဖြစ်နေ၏။

"နင် ငါ့ကို မချစ်ဘူး မဟုတ်လား .... အချစ်မပါဘဲ အိမ်ထောင်တစ်ခုကို ဘယ်လိုတည်ဆောက်မလဲ .... အခုချိန်က ပြင်လို့ရသေးတယ် .... နင်နောက်ဆုတ်မယ်ဆိုလည်း နောက်ဆုတ်လိုက် .... နင်မပျော်ဘူးဆို .... ငါလည်း ပျော်မှာ မဟုတ်ဘူး ချယ်ရီ .... ငါကနင့်ကိုအမြဲ ပျော်စေချင်တဲ့သူပါ"

"ပျော်မယ် မပျော်ဘူးဆိုတာ ငါလဲသေချာမသိဘူး ဒါပေမဲ့ ငါဘယ်တော့မှ ဇော့်ဆီမသွားတော့ဘူးသတိုး .... ငါသူ့ကို မေ့ချင်တယ် .... သူမရှိဘဲ ငါ့ဘဝကို ရှေ့ဆက်မယ် ...."

"ချယ်ရီ"

အေးစက်နေသည့် ချယ်ရီလက်လေးနှစ်ဖက်ကို ဆွဲယူကိုင်ပြီးခါတော့ ချယ်ရီက တအံ့တဩ သူ့ကိုမော့ကြည့်သည်။

"နင်သူ့ကိုတကယ်မေ့မှာလား"

"အင်း"

"ဒါဆို အခုချိန်ကစပြီး ငါ့ကိုပဲကြည့်ပါ ငါ့ရင်ခွင်ထဲမှာငိုပြီး ငါ့ရင်ခွင်ထဲမှာ ရယ်ပါ .... ငါနင့်ကို အရင်ကထက် အများကြီးပိုချစ်ပေးပါ့မယ် .... နင်သာ သူ့ကို မေ့ဖို့ကြိုးစားရမယ်နော်"

"အင်း .... ကြိုးစားမယ် .... ငါမေ့နိုင်မှာပါ .... ငါသူ့ကို တကယ်မေ့နိုင်မှာပါ ...."

ပြောရင်းရှိုက်ငိုနေသော ချယ်ရီကို နွေးနွေးထွေးထွေးထွေးပွေ့ထားမိသည်။ ချယ်ရီက သူ့ရင်ခွင်မှာ မျက်နှာအပ်ပြီး အားရပါးရ ငိုနေ၏။

***

ငွေရောင် လက်ထပ်ဖိတ်စာလေးထက်က ချစ်သူ့နာမည်လေးကို သေချာစာလုံးပေါင်းဖတ်နေရသည်။

'ငါစာမတတ်ခဲ့ရင် ကောင်းသား .... ဒါမှမဟုတ်အမေမဟုတ်ဘဲ ငါသေခဲ့ရင်လည်း ကောင်းသားချယ်ရီ ....ဒီဖိတ်စာဟာ နင်နဲ့ငါလုံးဝမပတ်သတ်တော့ ပါကြောင်း ပြောထားတဲ့သေမိန့်ပြန်တဲ့စာပဲ ....။ ငါ ဘယ်လို နေရပါ့မလဲ ....

ဖေဖော်ဝါရီ ၁၄ရက်နေ့ကို ငါဘယ်လိုကျော်ဖြတ်ရပါ့မလဲ ....ချယ်ရီရယ် နင့်အတွက် ချောကလက်ဝယ်ပေးနေကျ .... နင်ပေးတဲ့ လက်ကိုင်ပုဝါလေး ယူနေကျ .... နင်ရှိတဲ့နေရာကို ရောက်အောင်လာနေကျနေ့ကိုမှ နင်က မင်္ဂလာနှစ်ပတ်လည်နေ့ ဖြစ်ချင်ခဲ့တာလား



နောင်တတွေနဲ့ တသက်လုံးသေရတော့မဲ့ ကောင်ပါ ....ချယ်ရီ ....နင်ပျော်ပါနော် ....ငါနောင်တရနေပြီမို့ နင်ပျော်ပါတော့'

သူ့စိတ်ထဲကနေ ချယ်ရီကို စကားတွေအများကြီး ပြောနေမိသည်။ အပြင်မှာလည်း တစ်ခါလောက်တွေ့ပြီး ခံစားရသမျှ ရင်ဖွင့်ချင်ပါသည်။ သို့သော် သူ့ဆန္ဒတွေက အကျိုးမဝင်တော့။ ရွှေရွှေချင်းထပ်၍ မြတ်သည့်ပွဲတွင် သူ၏အချစ်ကအရောင်ထွက်မည်မဟုတ်။

ထို့ကြောင့် မင်္ဂလာဆောင်သို့မသွားဘဲ မိုးကုတ်ဘက်ကိုထွက်လာခဲ့သည်။ မင်္ဂလာလက်ဖွဲ့အဖြစ် ချောကလက်ကိတ်တစ်လုံးကြီးမှာကာ ပါဆယ်ပို့ပေးခဲ့သည်။ ဆိုင်ကြီး ဆိုင်ကောင်းက မှာထား၍ချယ်ရီကြိုက်လောက်မှာပါ .... ဒါဟာ သူ့၏အသဲနှလုံး သို့မဟုတ်သူတို့၏ မင်္ဂလာကိတ်ပဲ ဖြစ်ချင်ဖြစ်မှာပါ ....

မိုးကုတ်ကို ရောက်တော့ ဆရာဖြစ်သူ ဦးမြတ်သူရကိုရင်ဖွင့်ဖြစ်သည်။ သူကတော့ ရင့်ကျက်သူပီပီ သူ့ခံစားချက်ကိုအကောင်းဆုံးဖေးမစကားပြောသည်။

"နာကျင်မှုကို အရောင်လှအောင် ဆေးခြယ်နိုင်တဲ့သူကအောင်မြင်တာပဲ.... ဖော် .... မင်းဝတ္ထုတစ်ပုဒ်ရေးကြည့်စမ်း ....မင်းက ပါရမီရှိပြီးသားမို့ လုပ်နိုင်လောက်တယ်.... မင်းခံစား ရသမျှအစွမ်းကုန်ဖောက်ထုတ်ပြီးရေးလိုက် .... ဆရာအားပေးမယ် ...."

ဆရာအားပေးမှုကြောင့် ဝတ္ထုတစ်ပုဒ်ရေးဖို့ အာသီသဖြစ်မိသည်။ ထိုနေ့တစ်နေ့လုံး ဆရာ့တိုက်ခန်းမှာနေပြီး "လက်ကိုင်ပုဝါလေးငိုနေပြီ" ဆိုသည့်ခေါင်းစဉ်နှင့် ဝတ္ထုတစ်ပုဒ်ကို သူအသက်သွင်းခဲ့သည်။

ဒါခံစားမှုတစ်ခုကို ခုတုံးလုပ်ခြင်းမဟုတ်ကြောင်း သူသေချာ

သိပါသည်။ ဒီလိုမှ ဖောက်မထွက်ရင် သူရူးသွားမှာ သေချာသလောက်ပင်။

သူ့စိတ်တွေအကုန်လုံး ထိုဝတ္ထုထဲတွင် မြှုပ်နှံထားခဲ့သည်။ ထိုဇာတ်ကောင်တွေအတိုင်း သူငိုခဲ့သည်။ ရယ်ခဲ့သည်…ရင်တစ်ခုလုံး နာကျင်ခံစားခဲ့ရသည့် နှလုံးသွေးကို စကားလုံးအဖြစ် ဖောက်ထုတ်ပစ်ခဲ့သည်။

သူမပေးခဲ့သော စာများ လက်ကိုင်ပုဝါများ ဘေးတွင်ချပြီး တစ်နေ့လုံး စာထိုင်ရေးနေမိသည်။ ထိုဇာတ်လမ်းလေးကို သူတို့နှစ်ယောက်၏ ဇာတ်ကြောင်းကို အခြေခံပြီး ရေးဖွဲ့ခဲ့သည်။ သူတို့နှစ်ယောက်လိုပင် ထိုဇာတ်လမ်းထဲမှ မင်းသားနှင့်မင်းသမီးသည် သိပ်ချစ်ခဲ့ကြသည်။ ဘာအကြောင်းနှင့်မှ မခွဲဘူးဟု ကတိတွေပေးခဲ့ကြသည်။ သို့သော် ကံကြမ္မာအလှည့်အပြောင်းက သူတို့အချစ်တွေကို အဝေးကြီးကို တွန်းပို့ပစ်လိုက်သည်။ ကိုယ်တိုင်ပြုပြင်မရသည့်အခါ ကံကြမ္မာစီမံရာအတိုင်း လက်ခံလိုက်ရသည်။ ထိုဇာတ်လေးထဲမှ မင်းသားနှင့် မင်းသမီးသည်လည်း ရင်နာနာနှင့် လမ်းခွဲခဲ့ကြသည်။

ထိုအခန်းကို ရေးနေသည့်အချိန်တွင် နေရောင်ပျောက်ကွယ်ပြီး လပင်ထိန်ထိန်သာနေ၏။ သူ့လက်တွေ လှုပ်ဖို့ပင် အားမရှိတော့။ မျက်ရည်တွေစီးကျနေရင်း ခေါင်းမထူနိုင်အောင် ကိုက်ခဲနေသည်။ ဒီနေ့တစ်နေ့လုံး သူသောက်နေသည့် အရက်ပုလင်းပေါင်းမနည်း။ သောက်ပြီး ထိုးချေထားသည့် ဆေးလိပ်တိုပေါင်းတွေလည်း မွစာကျဲနေသည်။

ချယ်ရီအကြောင်း မတွေးဘူးဟု မေ့ဖျောက်နေရင်းမှ သူမအကြောင်းပဲ ခေါင်းထဲရောက်ရောက်လာသည်။ ဒီအချိန်ဆို ….



ချယ်ရီသည် သူမဟုတ်တဲ့ ရင်ခွင်ထဲမှာ အိပ်မောကျနေလောက်သည်။ ထိုအတွေးသည် သူ့ရင်ကိုခွဲပြီး ဆားနှင့်ပက်သလို ဖျတ်ဖျတ်လူး နာကျင်စေသည်။

နင် သိလား ချယ်ရီ ဒီနေ့ကစပြီး နင်နဲ့ငါ ချစ်လို့မရတော့ဘူး …. နင့်ကို ချစ်လို့မဖြစ်တော့ဘူး ချယ်ရီရယ် …. ငါတို့ရဲ့ အမှတ်တရနေ့လေးဟာ …. ဒဏ်ရာတွေအပြည့်နဲ့ ဖြစ်သွားပြီ ဒီလက်ကိုင်ပုဝါတွေကို ငါမျက်ရည်သုတ်ဖို့ပေးခဲ့တာလား ချယ်ရီ ငါငိုကြွေးဖို့အတွက်များ နင်တမင်တကာပေးခဲ့တာများလား …. နင်ကျေနပ်ပါစေ …. နင်တို့ရဲ့နှစ်ပတ်လည်နေ့ဟာ ငါ့နှလုံးသားသေဆုံးတဲ့ နှစ်ပတ်လည်နေ့နဲ့ အတူတူပါပဲ ….

ငါ့နဖူးမှာ မပါခဲ့တဲ့ နင့်နာမည်ကို နှလုံးသားထဲမှာပဲ ထာဝရ သိမ်းထားလိုက်ပါပြီ …. ချယ်ရီ ….

***

*➢ နာကျင်လေသော နှလုံးသားမှာ ခံစားချက်တို့ ရှိပြီကွယ် ရွှေအိမ်စံငွေမင်းသမီးရယ် …. ရင်နာစရာ အဖြစ်ဆိုးလေးနောက်မှာကွယ် …. ရယူပြီး ပြန်ပေးလိုက်ရတာရယ် ….*

*မရထိုက်လို့ ကိုယ်ယူဆပါ့မယ် ….*

*ဟိုတစ်ချိန်အချစ်ရူးလေးအသည်းမှာ …. ရည်မှန်းချက်တို့ ရှိပါတယ် …. တိမ်လွှာတွေ လေနဲ့ပျောက်ကွယ် …. ပျော်စရာတုံ ….ငြော် ပျောက်ခဲ့ရပါတယ် …. လျှပ်တပြက်အတွင်းမှာ အသဲကွဲသွားတာရယ် ကွဲထိုက်လို့ ကိုယ်ယူဆပါ့မယ် ….*

*မောင့်မျက်ရည်ဝိုင်း …. မောင့်မျက်ရည်ဝိုင်း …. တွေးမိလေတိုင်းငိုချင်တယ် …. မောင့်မျက်ရည်ဝိုင်း ….*

*မောင့်မျက်ရည်ဝိုင်း .... ပြန်ပြောင်းကာ အတိတ်အကြောင်းကို*
*မစဉ်းစားချင် တယ် .... အလွှာခြားလေတဲ့ အို အချစ်ဦးရေ .... ➢*
*အရမ်းချစ်ပြီးတောင် ကွဲခဲ့ရတာရယ် ....*
*မပေါင်းထိုက် လို့ ကိုယ်ယူဆပါ့မယ် ➢*

သီချင်းစာသားလေးသည် သူ့အတိတ်က ဒဏ်ရာကို နာနာကျင်ကျင် တူးဆွလို့နေ၏။ အချိန်ကာလတစ်ခုကြာအောင် မေ့ဖျောက်ထားခဲ့သော်လည်း သူမနှင့်တွေ့ရတော့မည်ဆိုသည့်စိတ်နှင့် သူ့စိတ်တွေ လှုပ်ရှားနေမိသည်။

"ဆရာ"

"ဟင်"

အနားကိုကပ်ကာ ခေါ်သော ကိုအောင်လေးအသံကြောင့် သူလန့်ဖျက်ကာ ကြောင်တောင်တောင် လှည့်ကြည့်မိသည်။

"ဆရာဘာတွေ တွေးနေတာလဲ .... ဟာ ဆရာ ငိုနေတာလား"

ကိုအောင်လေးက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ပြောသည်။ ပါးပြင်မှ ပူနွေးစိုစွတ်သော အရာတစ်ခုကို သူယောင်ယောင်မှားမှားစမ်းပြီး သုတ်သွားမိသည်။

ဒါ သူကိုယ်တိုင်တောင်မသိသည့် လှုံ့ဆော်မှုတစ်ခုပါ .... အမေဆုံးပါးသွားပြီး ချယ်ရီနှင့် ကွဲပြီးကတည်းက မျက်ရည်ခမ်းအောင် ငိုပြီးပြီမို့ သူမျက်ရည်မကျဖြစ်ခဲ့။ သို့သော် အခုတော့ .... မရင့်ကျက်သည့် သူ့အဖြစ်ကို ပြန်တွေးရင်း ရှက်နေမိ၏။

"ကိုထွန်းမြ .... ခင်ဗျားကလဲ ခင်ဗျားဗျာ .... အသဲကွဲသီချင်းတွေပဲ တမင်တကာ ရွေးဖွင့်နေတော့တာပဲ .... ဒီမှာ



ကျွန်တော့်ဆရာ မခံစားနိုင်တော့ဘူး ...."

ကိုအောင်လေးစကားကြောင့် ကိုထွန်းမြက ကက်ဆက်ကို ပျာပျာသလဲပိတ်ပေးသည်။

"ဟာ ရပါတယ် မဆိုင်ပါဘူး .... ကျွန်တော်ဘာမှ မဖြစ်ပါဘူး .... ဟော... ရောက်တောင်ရောက်တော့မှာပဲကိုး" သူအပြင်သို့ လှမ်းကြည့်ရင်း စကားလမ်းကြောင်း လွှဲလိုက်သည်။

"ကျွန်တော်လဲ အဲ့ဒါပဲမေးနေတာ ....ဆရာ ဘယ်မှာတည်းမှာလဲလို့ .... ဆရာက အတွေးလွန်နေတာကိုး .... တစ်လမ်းလုံးလဲ စကားဟဟတောင်မပြောဘူး ....ဘယ်လိုနေလဲဆရာ .... လက်ကိုင်ပုဝါပိုင်ရှင်နဲ့ မတွေ့ခင် ကြိုမျက်ရည်ကျနေတာလား ...."

"မဟုတ်ပါဘူးဗျာ .... သူနဲ့မဆိုင်ပါဘူး .... ငယ်တော့တဲ့အရွယ်လဲ မဟုတ်တော့ဘူးလေ .... ဖြစ်နိုင်ရင် ကိုအောင်လေးရာ အစမဖော်ပါနဲ့ ကျွန်တော် အဲ့ဒါလေးတော့ .... မေတ္တာရပ်ခံချင်တယ်"

သူ့စကားကြောင့် ဆရာအောင်လေးက အလိုက်တသိ ငြိမ်သက်သွား၏။

"ကိုထွန်းမြ ခင်ဗျား ကားမောင်းတာ ဘယ်ဆိုးလို့လဲဗျ .... မြန်သားပဲ ကျွန်တော်က မိုးချုပ်မှ ရောက်မယ်ထင်တာ ....အခု နေတောင်မဝင်သေးပါလား"

"ဟုတ် .... ဆရာ လမ်းမှာပဲ သိပ်မနားခဲ့လို့ပါ ပြီးတော့ ဆရာပင်ပန်းနေပြီထင်လို့ မြန်မြန်လေးမောင်းပေးလာတာ"

သူရယ်နေမိသည်။ လူကြီးရှက်တော့ ရယ်သည့် အရယ်မျိုးနှင့် ရယ်နေမိသည်။

မွေးရပ်မြေသို့ ရောက်ရှိနေပြီဖြစ်သည်။ သူတို့ အမြဲသွားနေကျ ထင်းရှူးလမ်းလေးအတိုင်းဖြတ်ကာ ကားလေးမောင်း နှင်နေသည်။

''ကိုထွန်းမြ ....ကားခဏရပ်ဗျာ.... ကျွန်တော် လမ်းဆင်းလျှောက်ချင်တယ်''

''ဗျာ''

''ဒီလမ်းကို မလျှောက်ဖြစ်တာ ကြာပြီ .... ဒီလိုလုပ်ပါ ခင်ဗျားတို့သွားနှင့် ကျွန်တော်နောက်မှ အေးဆေးလိုက်ခဲ့မယ် .... ခင်ဗျား .... မျိုးကို အိမ်ကိုသိတယ်မဟုတ်လား''

ကိုထွန်းမြက ကားကို လမ်းဘေးချရပ်ရင်း သူ့ကို လှည့်ကြည့်သည်။

''သိတယ် .... ဆရာ .... ဒါပေမဲ့ ရပါတယ် .... ကျွန်တော် ဟိုးရှေ့မှာ စောင့်နေမယ် .... ဆရာ အေးဆေးလိုက်ခဲ့ ....''

''OK .... ဒါဆိုလဲ ပြီးတာပဲလေ''

''ကျွန်တော်လည်း ကားထဲမှာပဲ စောင့်နေမယ် ဆရာ.... အေးဆေးသာ လျှောက်ခဲ့''

ဆရာ အောင်လေးကို ပြုံးပြလိုက်ရင်း ကားပေါ်မှာ ဆင်းနေခဲ့သည်။

ညနေဆည်းဆာနှင့် ထင်းရှူးလမ်လေးသည် ပန်းတင့်ဈွာလှပနေတုန်းပင်။ မြေနီလမ်းလေးမှ ကွန်ကရစ်လမ်းသို့ ပြောင်းလဲသွားသော်လည်း အတိတ်မှရနံ့များ မွှေးပျံ့သစ်လွင်နေတုန်းပင်။

ဟိုအရင်ကလို စက်ဘီးနှင့်သွားလာသူတွေ မရှိတော့ ....



မြင်မြင်သမျှ ကားတွေပဲ များလွန်းသည်။ လမ်းဘေးတစ်ဖက်တစ်ချပ်တွင် ကားများ စီစီရီရီ ရပ်ထားသည်။ ထိုကားထဲမှ တစ်ချို့အတွဲတွေ တစ်ချို့မိသားစုတွေ ရှိနေ၏။

သူတွေးကာငေးကာကြည့်ရင်း လမ်းမထက် ဖြေးဖြေးချင်းလျှောက်လာခဲ့သည်။

''ဖော်''

ယောင်ယောင်မှားမှားနှင့် အသံကြားရာဆီသို့ ချာခနဲနေအောင် သူလှည့်ကြည့်မိသည်။ ဘယ်သူမှ ရှိမနေ။ သို့သော် သူ့မျက်ဝန်းထဲ အတိတ်က ပုံရိပ်တစ်ချို့ကို ပြန်မြင်ယောင်နေမိသည်။

''ငါတောင်းပန်ပါတယ်ဟာ .... နောက်ဆို နင်ပြောသမျှ ငါနားထောင်ပါမယ် .... ငါ့ဆီလာပါ''

''မလာဘူး ....နောက်နေ့မျိုးကို ဘီးပဲစီးတော့မယ်''

စုပုတ်ပုတ်ကောင်မလေးတစ်ယောက်ကို လိုက်ချော့နေသောကောင်လေးတစ်ဦး၏ ပုံရိပ်များ။

''ဟားဟားး အဲ့ဒီမှာ နှစ်ယောက်သား သတ်သတ်သေသေ .... ငါတော့ သွားပြီ ....''

''ဝတ်ပုတ်မ ....ထုတ်ထိုးမ .... နင်ငါနဲ့တွေ့မယ် ....''

အလိုမကျ ခြေလေးဆောင့်ကာ ဒေါသထွက်နေသောကောင်မလေးတစ်ဦး၏ ပုံရိပ်များ။

''ချစ်သူများနေ့ရောက်တိုင်း နင်ကချောကလက်ကျွေး ငါကနင့်လက်မှာ ဒီလိုချည်ပေးမယ် .... ဘယ်လိုလဲ သဘောတူလား''

နှစ်ဦးသား မျက်နှာချင်းဆိုင်ကာ ပြောနေသော ပုံရိပ်လေးများ .... မြင်ယောင်သည့်အခါ စိတ်ထဲကဗျာတစ်ပုဒ် အလိုလို ရွတ်နေမိသည်။

***"နင်သွားတဲ့လမ်း ....***
***ပန်းဖြစ်ပါ့မယ် မရည်ညွှန်းဘူး ....***
***လက်ညွှန်းညွှန်ရာ ....***
***စမ်းဖြစ်အောင်လည်း မစွမ်းသာဘူး ....***
***သို့သော် ချစ်သူ ....***
***နင်သာ ညွှန်းရင် ....***
***ဒီလူ့ရင့်မှာ ပန်းဆိုပန်း .... စမ်းဆိုစမ်းဖြစ်စေရမယ် ...."***

အချိန်တော်ကြာပြီဖြစ်သော်လည်း သူ့မှတ်ဉာဏ်သည် ဘာကိုမှ မမေ့လျော့ဘဲ အားလုံးကို မှတ်မိနေ၏။

ချယ်ရီ ....ဒီအတိုင်းဆို နင့်ရှေ့မှာ ဟန်ဆောင်နိုင်ပါ့အုန်းမလား .... ငါဟာရင့်ကျက်တည်ငြိမ်တဲ့ ယောကျ်ားတစ်ယောက်အဖြစ်နဲ့ လူပုံအလယ်မှာ ရပ်တည်နိုင်ခဲ့ပေမဲ့ နင့်ရှေ့မှာတော့ အတောင်ကျိုးတဲ့ငှက်ပဲ ချယ်ရီ နင်နဲ့ဝေးဝေးထပ်ဖို့ ငါ့မှာ အင်အားတွေမရှိဘူး .... တကယ်ဆို အချိန်အတော်ကြာအောင် ကြိုးစားတည် ဆောက်ထားခဲ့ရတာပါ ....ဒဏ်ရာတစ်ခု ကျက်လောက်သည့် ကာလတစ်ခုကိုလည်း ဖြတ်သန်းခဲ့ပြီးပြီပဲ .... ဒါပေမဲ့ ဒဏ်ရာက သွေးမတိတ်ခဲ့ဘူး ....ငါ့ရင်ထဲမှာ အခုထိ နာနေတုန်းပဲ .... ချယ်ရီ အခုချိန်ထိပါ

***

ပေါင်ပေါ်မှာ အိပ်မောကျနေသော သားလေး၏ ဆံပင်တွေကို ပွတ်သပ်ရင်း ချယ်ရီအပြင်သို့ငေးကြည့်မိသည်။

အရင်ကဆို ဒီထင်းရှူးလမ်းလေးကို ဖြတ်မောင်းတိုင်း မျက်လုံးစုံမှိတ် အိမ်ချင်ယောင်ဆောင်နေခဲ့သည်ကများသည်။ အခုတော့လည်း အိပ်ချင်ယောင်ဆောင်စရာမလိုတော့။ အသက်အရွယ်



သည် နာရင်နာတယ်မှတ်ရမည့် အရွယ်သို့ရောက်နေပြီဖြစ်သည်။

ဇော်သည်လည်း ရေးတတ် ဖွဲ့တတ် စကားအရာမှာ ကျွမ်းကျင်သည့် စာရေးဆရာတစ်ယောက်ဖြစ်နေသလို ကိုယ်ကလည်း ဒဏ်ရာမှန်သမျှ သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာဝန်တစ်ဦးဖြစ်နေခဲ့ပြီမဟုတ်လား ....

သူပြောခဲ့သည့် စကားအတိုင်း ပြည်သူချစ် စာရေးဆရာဖြစ်အောင် လုပ်ပြခဲ့သည့် ဇော့်ကိုကြိတ်ချီးကျူးမိသည်။

ဒီပွဲမှာ ငါမနိုင်ခဲ့ပါဘူး ဇော်ရယ် .... နင့်ကို နောင်တတွေနဲ့ ပိတ်လှောင်မွန်းကျပ်စေတဲ့အချိန်မှာ ငါ့မှာလည်း နင်ပစ်ခွင်းလိုက်တဲ့ စကားလုံးတွေကြား အတုံးအရုံးလဲကျခဲ့ရတာပဲ

ပြောင်မြောက်အောင် ရေးဖွဲ့တတ်တော့ ဒဏ်ရာရတာချင်းအတူတူ နင့်ဒဏ်ရာက ပိုများတယ် ထင်ရတာပေါ့ .... တစ်နိုင်ငံလုံးက နင့်နာကျင်မှုကို စာနာသနားနေကြတဲ့အချိန်မှာ အဲ့ဒီစာသားတွေရဲ့ နောက်ကွယ်ဟာ ရည်ညွှန်းခံနေရတဲ့ လူတစ်ယောက်ရဲ့ အသံတိတ်ချောင်ပိတ်ငိုနေရတဲ့အဖြစ်ကို ဘယ်သူက သိနိုင်မှာလဲ ....

"လက်ကိုင်ပုဝါလေးငိုနေပြီ" ဆိုသည့်စာအုပ်ကိုဖတ်သည့် လူတော်တော်များများ မျက်ရည်ကျရသည်တဲ့။ ဇော်က အဲ့လောက်ထိ လူတွေ စာဖတ်ပရိတ်သတ်အသဲနှလုံးကို ကိုင်လှုပ်ဆွဲဆောင်နိုင်ခဲ့သည်။

သူလက်ထပ်ပြီး သုံးလလောက်အကြာတွင် ထိုစာအုပ်လေးထွက်လာ၏။ ထိုစာအုပ်၏ အောင်မြင်မှုသည် ဇော့်ဘဝကို တမှုဟုတ်ချင်း ပြောင်းလဲသွားစေသည်။ ဇော်ဆိုသည့် ကလောင်နာမည်ကို လူတော်တော်များများ သိသွားကြသည်။ သူရေးဖွဲ့ထားသည့် စကားလုံးတွေကို လူငယ်တွေတသွင်သွင် ပါးစပ်ကမချ နှစ်ခြိုက်စွာ

ပြောကြသည်။ ထိုဝတ္ထုကို ရုပ်ရှင်တွေရိုက် ရုံတင်ပြသကြသည်။ သူအောင်မြင်မှုမှတ်တိုင်စိုက်နိုင်ခဲ့သည့် ရုပ်ရှင်လေးအဖြစ် လူတွေ တသသပြောဆိုကြသည်။

မင်္ဂလာဖိတ်စာပြမှ အသဲခွဲနိုင်တာမဟုတ်ဘူးဖော် နင်က အဲ့ဒီစာအုပ်တစ်အုပ်နဲ့ ငါ့အသဲကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် လုပ်နိုင်ခဲ့တယ် .... နင်တော်ပါတယ် ဖော် .... နင်တကယ်တော် ပါတယ် ....

အပြင်သို့ငေးကာ တွေးနေရင်း ရင်ဘတ်ထဲမှာ နာနာကျင်ကျင် စူးအောင့်မိသည်။ ထိုအချိန် သူ့မြင်ကွင်းထဲ ပုံရိပ်တစ်ခုကို သဲသဲကွဲကွဲ လှမ်းမြင်နေရသည်။

"ဟင်"

သူ့ခန္ဓာကိုယ်လေး မတ်ခနဲဖြစ်သွားပြီး အပြင်သို့ သေသေ ချာချာ လှမ်းကြည့်လိုက်သည်။ လက်လေးနှစ်ဖက်နောက်ပစ်ကာ တွေတွေငေးငေး လမ်းလျှောက်နေသော အသက်သုံးဆယ်အရွယ် အမျိုးသားတစ်ဦး၏ ပုံရိပ်သည် သူ့အသဲနှလုံးကို ဆွဲခါသလို တုန်ရီစေ သည်။

"ဖော်"

သူ့နာမည်ကို တိုးတိုးရွတ်ရင်း ရင်ထဲလှိုက်ခနဲ ဝမ်းနည်း မိသည်။ အရင်ကစိတ်နှင့်ဆို သူကြားအောင် အော်လျှင်အော် ....မအော်လျှင်လည်း သူ့ဆီ အပြေးသွားခဲ့မိမှာ။

သို့သော် အခုတော့ ....ကားပေါ်မှနေ၍ ထိုပုံရိပ်လေးကို လည်ပြန်လိုက်ကြည့်ရင်း မျက်ရည်တွေဝဲနေမိသည်။ သူ့ပုံရိပ်ကို မြင်ကတည်းက သူ့ရင်ထဲမှာ ဘယ်လောက်ခံစားနေရမလဲ .... ခံစားပေးလို့ရပါသည်။



ဖော် .... ဖော်ရယ် .... အချိန်တွေလည်း ကြာခဲ့ပြီပဲဟာ .... ဒီခံစားမှုတွေဆီကနေ နင့်ကိုလွတ်မြောက်စေချင်ပါပြီ ကြင်နာ မြတ်နိုးတတ်တဲ့ ခင်ပွန်းရဲ့ အရိပ်အာဝါသအောက်မှာ ငါ့နာကျင်မှုတွေ အနည်ထိုင်ခဲ့ရသလို နင့်ကိုလည်း နွေးထွေးတဲ့ မိသားစုတစ်ခုနဲ့ သာယာပျော်ရွှင်စေချင်ပါပြီ ....

အပြင်ကနေ အကြည့်ကိုလွှဲပြီး အိပ်ပျော်နေသောသားလေးကို ငုံ့ကြည့်မိသည်။ ဒီကိုလာခါနီး သားကိုကြည့်ပြီး မှာနေသည့် ယောကျ်ားဖြစ်သူစကားကို ပြန်ကြားယောင်မိသည်။

"မငိုရဘူးနော် ချယ်ရီ .... ငိုချင်ရင် မောင့်ကို ပြေးမြင်လိုက် ....သားကိုဖက်ပြီး အားတင်းထား .... ကြားလား"

အလုပ်ကိစ္စနှင့် လိုက်မလာနိုင်သော်လည်း မရင့်ကျက် သေးသည့် ဇနီးဖြစ်သူ၏ စိတ်ကို အမြဲအားပေးပြီး အရိပ်လိုစောင့် ရှောက်ခဲ့သည့် ခင်ပွန်းရယ်ပါ။

သူ၏ နားလည်မှုနှင့် နွေးထွေးကြင်နာမှုများကြောင့် အိမ်ထောင် ရေးသည် အဖုအထစ်များမရှိဘဲ ပျော်ရွှင်လုံခြုံခဲ့ရသည်။

ချယ်ရီ မငိုပါဘူး မောင် .... အသံထွက်ငိုနေရမဲ့ အရွယ်တွေ မဟုတ်တော့ဘဲ ချယ်ရီ အကောင်းဆုံးရင်ဆိုင်ပါ့မယ် .... တကယ်ပါ မောင် .... ဒီတစ်ခါတော့ မောင့်ကို အားနာလွန်းလို့ တကယ်မငို တော့ပါဘူး ....

အိပ်ပျော်နေသော သားကို ရင်ခွင်ထဲထည့်ကာ ပွေ့ဖက်ပြီး မောင့်ကို ပြေးမြင်မိပါသော်လည်း စိတ်ထဲမှာတော့ ဝမ်းနည်းနေမိ ပြန်ပါသည်။

## အပိုင်း(၁၁)
## ဓာတ်သိမ်းပိုင်း

"ဆရာ့ကား လာပြီဟေ့" ဇော်တို့ကား ခြံဝန်းထဲရပ်လိုက်သည်နှင့် အိမ်ထဲမှ လူတစ်ချို့ အော်ကာ ပြေးထွက်လာကြသည်။

"ဆရာလာမယ်ဆိုလို့ စောင့်နေတာ တော်တော်ကြာနေပြီ .... ကျွန်တော်က ဆရာရဲ့ အမာခံ ပရိတ်သတ်ပါ"

"ဆရာ့ကို အပြင်မှာ တစ်ခေါက်လောက်တွေ့ချင်နေတာ .... အခုမှပဲ တွေ့ဖူးတော့တယ် ...."

ဇော်ဆင်းလာသည်နှင့် သူထက်ငါ အလုအယက်ပြောသောစကားများက ဆီးကြိုနေသည်။ ဇော့်မှာ ဘာမှမပြောနိုင်သေးဘဲ သူ့ကိုဝိုင်းအုံနေသည့် လူငယ်အဖွဲ့ကို ကြောင်အအ ငေးကြည့်နေမိသည်။

"ငါဖွထားတာ ဇော် .... မင်းလာမဲ့အကြောင်း အော်တိုလည်း ထိုးပေးမဲ့အကြောင်း အမှတ်တရဓာတ်ပုံရိုက်လို့ရတဲ့ အကြောင်း .... ငါသတင်းဖျန့်ထားတာ .... ဒါတောင် ဒီမြို့ပဲ ရှိသေးတယ်နော် .... ကြည့်စမ်း .... မင်းပရိတ်သတ်တွေ အများကြီးပဲနော် ပျော်စရာကြီး"

တိုးဝေက သူ့ပဖုံးကိုဖက်ကာ ပြုံးဖြီးဖြီးဆိုသည်။ သူ့မှာ မချိသွားဖြဲနှင့် ထမင်းရှင်ပရိတ်သတ်တွေကြား စကားအလိုက်သင့် ပြန်ပြောနေရသည်။

"ကြည့်စမ်း .... သူဇာ .... လူတစ်ယောက်ရဲ့ စန်းက ဘယ်လောက်ကြောက်ဖို့ကောင်းလဲ .... ငါတော့ ငါ့သူငယ်ချင်းကို အရမ်းဂုဏ်ယူမိတာပဲ"

တိုးဝေက သူဇာဆီသွားကာ ဝမ်းသာအားရပြောသော်လည်း သူဇာက သူ့ကို စိတ်ပျက်လက်ပျက်ကြည့်နေ၏။

"နင့်ကိုအဲ့ဒါတွေ အမြင်ကတ်တာသိလား အလိုက်ကန်းဆိုးလည်း နားမလည်ဘူး ဦးနှောက်မရှိဘူးလို့ပြောရင်လည်း လက်မခံဘူး .... တစ်ခါတစ်လေမှ ဆုံရတာ အေးအေးလူလူလေး ဆုံချင်တာပေါ့ .... ဒါစာအုပ်မိတ်ဆက်ပွဲမှမဟုတ်ဘဲ ...."

"ဟ .... အောင်မြင်တဲ့အနုပညာရှင်ဆိုတာ ဘယ်နေရာရောက်ရောက် အားပေးတဲ့သူကရှိမှာပဲလေ နင်သာ မနာလို မရှုစိမ့်ဖြစ်နေတာ"

"ဟဲ့ ဘာကိုမနာလိုရမှာလဲ... ငါက ဇော့်ကို နင့်ထက်တောင် ခင်သေးတယ် သိလား... နင်သာ အခြောက်စိတ်နဲ့ စိတ်က အတည်တကျမရှိတာ"

"အဟက်ဟက် ဘူးသီးမှ အရိုးလာတော်ချင်သေးတာများ ဝက်မ နင့်အကြောင်း မသိရင် ခက်မယ် သိလား"

"ကြည့်စမ်း ကြည့်စမ်း မိုက်ရိုင်းတာ... တိုးဝေ နင်... စကားကို ပြန်ပြင်ပြောလိုက် ငါ့သံယောဇဉ်ကို စော်ကားရင် သည်းခံမှာ မဟုတ်ဘူးနော်"



သူဇာ... ခါးကိုထောက်ကာ ဒေါကြီးမောကြီးထပြောသည်။ တိုးဝေကလည်း သူဇာကို ဒေါသထွက်အောင် အတည်ပေါက်နှင့် အမျိုးမျိုးစနေတော့သည်။

"ငါပြောတာ မဟုတ်လို့လား... နင် ဟုတ်လို့ နာနေတာပေါ့..."

"တိုးဝေ...နင် မိန်းမလို မိန်းမရ မပြောနဲ့နော်...ငါလုပ်မှာ"

"ကဲ တော်ကြပါတော့... နင်တို့ကလည်းဘယ်လိုဖြစ်နေကြတာလဲ... လူကြားလို့တောင် မကောင်းဘူး"

နားထဲဖျတ်ခနဲ ကြားလိုက် ရသည့်အသံကြောင့် ဇော့် ရင်ထဲ ဒိန်းခနဲဖြစ်သွားမိသည်။ စကားပြောနေရင်းမှ အသံကြားရာဘက်သို့ ချာခနဲလှည့် ကြည့်မိလိုက်သည်။ သူ့ဘေးမှ တစ်ယောက်တစ်ပေါက် ပြောသံတွေ နားထဲမရောက်တော့...။ ထိုအသံပိုင်ရှင်ကိုပဲ သတိလက်လွှတ် ငေးကြည့်နေမိသည်။

ချယ်ရီ... ချယ်ရီပါလား...။ သူ့ရင်ထဲ ခပ်တိုးတိုးလေး... ခေါ်နေမိ၏။ ချယ်ရီက သူငေးကြည့်နေသည်ကို မသိဘဲ... တိုးဝေနှင့် သူဇာတိုင်တောသမျှ ရှုပုတ်ပုတ်နားထောင်နေ၏။

အရင်အတိုင်းပဲ... ဆယ်စုနှစ်တစ်ခုသာ ကြာသွားသည်...။

နောက်တွဲဆံထုံးလေးထုံးပြီး လူကြီးပုံဖမ်းထားသောလည်း သူမ၏ စိုပြေသော အသားအရည်နှင့် နုပျိုသော မျက်နှာက အရင်အတိုင်းလှပနေဆဲပင်။

စိတ်ဆိုးလျှင် အလိုမကျ မျက်မှောင်ကြုံ့ပြီး နှုတ်ခမ်းစူတတ်တုန်း။ တိုးဝေနှင့်သူဇာ ရန်ဖြစ်တိုင်း ဘေးက ဖျန်ဖြေပေးနေတတ်တုန်းပင်။ ချယ်ရီကသူဇာတို့နှင့် စကားပြောနေရင်းမှ သူ့ဘက်ကို

ဖျတ်ခနဲကြည့်သည်။ လျှပ်တပြက် ကြည့်လိုက်သည်ဆိုသော်လည်း သူ့ကိုတွေ့သည့်အခါ မျက်နှာမလွှဲဘဲ တွေတွေလေးပြန်ငေးကြည့်နေသည်။

ထိုအခိုက်အတန့်တွင်... ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသယောင်...။ လှုပ်ရှားနေသည့် အရာမှန်သမျှ တိခနဲ ရပ်တန့်သွားသယောင် ထင်ရလောက်အောင် နှစ်ယောက်သားသတိလက်လွတ်ငေးကြည့်မိကြသည်။

"ဇော်"

နှုတ်ကထုတ်မခေါ်သော်လည်း သူ့မျက်ဝန်း အကြည့်နှင့်တင် သူ့နာမည်ကို ခေါ်နေကြောင်း ခံစားမိသည်။

"ဟုတ်တယ်...ချယ်ရီ...ငါ...ဇော်ပါ"

ရင်ထဲစူးစူးနင့်နင့် ပြန်ပြောနေမိသည်။

သူမမျက်ဝန်းထဲတွင် မျက်ရည်ကြည်များဝေ့ဝဲနေသည်ကို မြင်လိုက်ရ၍ အသဲကိုဆွဲခါသလို နာကျင်မိသည်။ ဆယ်နှစ်ကျော်ကျော် ဝေးသွားခဲ့သော်လည်း ခံစားမှုသည် မပြောင်းမလဲ သစ်လွင်နေဆဲပင်။

"မေမေ... အဟင့် အဟင့်"

ထိုအချိန် သုံးနှစ်သားအရွယ် ကလေးငယ်တစ်ဦးက ချယ်ရီကို ပြေးဖက်ပြီးငိုသည်။

"သား... ဘာဖြစ်လို့လဲ"

ချယ်ရီက ထိုကလေးကို ဖွေ့ခနဲ ကောက်ချီကာ ထိတ်ထိတ်ပျာပျာ မေးတော့... ကလေးငယ်က မျက်ရည်မျက်ပေါက်ကျကာ သူမလည်ပင်းကို ဖက်ထား၏။

ကလေးကိုချီကာ ချော့မြူနေသော ချယ်ရီကိုမြင်တော့ ဇော်



နာနာကျင်ကျင်ပဲ မျက်နှာလွှဲပစ်လိုက်သည်။ ဝမ်းနည်းစိတ် ရှက်စိတ်နှင့် မျက်နှာ ဘယ်နားထားရမှန်းမသိအောင် နေရခက်မိသည်။ သူ့အတွက်တော့ ချောကလက်တွေပေး စာတွေရေးပြီး ချစ်ခဲ့ရသည်မှာ မနေ့ကတစ်နေ့ကလို ခံစားနေရသော်လည်း ချယ်ရီကတော့ ဆယ်စုနှစ်တစ်ခုတွင် ဘဝတစ်ခုကို လှလှပပ တည်ဆောက်နိုင်နေပြီဖြစ်သည်။ သူနှလုံးသွေးနှင့် စိုက်ပျိုးခဲ့သည့်ပန်းသည် တခြားရင်ခွင်ထဲတွင် အသီးအပွင့်ဝေဝေဆာဆာ ပွင့်လန်းနေသည်။

ဒါသူ့အစွဲအလမ်းတရားကို ချွတ်တဲ့ တရားတစ်ပုဒ်... ရင်တွေ ဘယ်လောက်နာနာ လက်ကို လက်ခံရမည့် အမှန်တရားတစ်ခုဟု ဇော် နားလည်ထားလိုက်သည်။

သူ့ပရိတ်သတ်တွေ ပြန်သွားသည့်အချိန်တွင် စိတ်ပင်ပန်းလူပင်ပန်းစွာနှင့် အိမ်ထဲသို့ဝင်လာခဲ့သည်။

"ဟာဟား နာမည်ကျော်စာရေးဆရာကြီးနဲ့ သူငယ်ချင်းဖြစ်ရတာတော့ ဂုဏ်ယူမိတယ်ကွာ"

မျိုးကိုက သူ့လည်ပင်းကို ဖက်ကာဆိုသည်။

"တိုးဝေ...လျှောက်လုပ်နေတာပါကွာ ငါအဲ့ဒါတွေ မကြိုက်ပါဘူး"

"ဩော် မကြိုက်လို့ရမလား... အောင်မြင်မှုက ကိုယ့်အနောက်လိုက်လာချိန်မှာ... ဒီလိုပဲ အလိုက်သင့်နေရမှာပေါ့..."

တိုးဝေက အရင်အတိုင်း ခြေပုတ်လက်ပုတ် မှုန့်နှံ့နှင့်ဆိုသည်။

"ထိုင်ကွာ... ဧည့်သည်တွေလဲ လာ...ထိုင်လေအစ်ကို"

မျိုးကိုက ကိုအောင်လေးနှင့် ကိုထွန်းမြကိုပါ ဖော်ဖော်ရွေရွေနှုတ်ဆက်ကာ ခေါ်သည်။

"ကိုအောင်လေး…ဒါကျွန်တော်ပြောပြောနေကျ သူငယ်ချင်းတွေလေ…"

"ဟုတ်တွေ့ရတာဝမ်းသာပါတယ်ဗျ… ကျွန်တော်နာမည် အောင်လေးပါ…"

"ဟုတ် ဝမ်းသာပါတယ်ဗျာ… ဓော့်မိတ်ဆွေဆိုတော့ ကျွန်တော်တို့ မိတ်ဆွေပဲပေါ့… ခင်ခင်မင်မင် ပြောဆိုပါ"

"ဟုတ်ကဲ့ပါ ဗျာ…"

အားလုံးရင်းရင်းနှီးနှီးမိတ်ဆက်ပြီးသည်နှင့် မျိုးကိုက အနောက်ဘက်ကို လှမ်းအော်ကာ ခေါ်၏။

"မိန်းမရေ… ဓော် လာပြီဟ"

"အမယ်လေး…သိပါတယ်…ထွက်လာလို့ကိုမရဘူး … နင့်သားနှစ်ကောင်နဲ့…အလုပ်ကိုရှုပ်နေတာပဲ…"

မိဇာက ကလေးတစ်ယောက်ကိုချီ တစ်ယောက်ကို လက်က ဆွဲလျှက် ဖိုသီဖတ်သီ ထွက်လာ၏။

"ဟားဟား…မနည်းပါလားကွ…မင်းတို့တွေ တော်တော် စုမိဆောင်းမိနေပြီပဲ…"

"ဩော် စုမိဆောင်းမိတာတော့ မပြောနဲ့ ဓော်ရေ ကလေး ရရင် စီးပွားတက်မယ်ဆိုလို့ ကလေးချည်းပဲ လိုမ့်မွေးနေတာ… ဟာဟား… အခုတော့ မျောက်တွေအတိုင်းပဲကွာ… နည်းနည်းမှ အငြိမ်မနေဘူး…"

"ဟုတ်ပ…ဓော်ရယ်…စီးပွားတက်မတက်တော့ မသိဘူး … သူတို့ကို ထိန်းကျောင်းနေရတာနဲ့ ငါသေချင်တာပဲ သိတယ်"

"အမယ်လေး သေတော့မသေပါနဲ့ မိန်းမရယ်… ကလေး



ဝိုင်းထိန်းဆို ဝိုင်းထိန်းပါ့မယ်"

"ပြောတာပဲ…အဲ့ဒီလူကြီးက ပိုဆိုးတယ်"

"ဟားဟား"

မျိုးကိုနှင့် မိဇာကိုကြည့်ကာ အားလုံးပွဲကျနေသည်။ သူငယ်ချင်းအချင်းချင်းယှူလိုက်တော့လည်း ပြောမနာ ဆိုမနာ ရင်းရင်းနှီးနှီး ရှိကြသည်။ သူအားကျမိသည့်အတွဲတွေထဲတွင် မျိုးကိုတို့အတွဲလည်း ပါသည်မို့ ဓော့်မှာ ကြည့်ရင်း သဘောတွေကျနေမိသည်။

"အားကျနေတာလား ဓော်…ငါ့ကြောင့်သာ မဟုတ်ရင် မင်းလဲ ဒီလို ဖြစ်ချင်ဖြစ်နေမှာ…"

သူယဲ့ယဲ့လေးပြုံးပြတော့ မျိုးကိုက သူ့ကိုကြည့်ကာ သက်ပြင်းချသည်။

"အစွဲအလမ်းတွေလျှော့ပြီး မင်းလည်းမင်းဘဝအတွက် စဉ်းစားတော့ဓော်… မင်းလည်းမြင်တဲ့အတိုင်းပဲ… အားလုံးမိသားစု ကိုယ်စီနဲ့ဖြစ်နေကြပြီ"

သူခေါင်းကိုဆတ်ခနဲညိတ်ပြပြီး အိမ်ထဲကို ဝေ့ဝဲကြည့်မိသည်။ ချယ်ရီကို မတွေ့မိ။

"ချယ်ရီ အခန်းထဲမှာ သူ့ကလေး သိပ်နေတယ်"

"ဩော်"

သူမမေးသော်လည်း သိနေသည့်အလား သူဇာက ထဖြေသည်။

"တိုးနဲ့ မိုးပါ ခေါ်ခဲ့ရမှာ သူတို့ဘာလုပ်နေကြလဲ"

"တိုးက သင်္ဘောတက်သွားပြီ… မိုးကတော့ နေပြည်တော်မှာပဲ ဆယ်တန်းကလေးတွေ စာပြနေတော့ လိုက်မလာနိုင်ဘူး"

"ဟုတ်လား…နင်ကတော့စံပဲ ဖော်ရယ်… နင့်ညီတွေ ညီမတွေကို တကယ့်ပညာတတ်အောင် ထားပေးနိုင်တာပဲ"

သွယ်သွယ်စကားကို သူကျေနပ်စွာ ပြုံးနေမိသည်။

"ကဲ ထမင်းစားရအောင်လေ… ဗိုက်ဆာနေရောပေါ့…"

ဖော် ဗိုက်မဆာသော်လည်း ဧည့်သည်တွေလဲ ပါသည့်အခါ ဦးဆောင်ပြီး ထမင်းစားဝိုင်းထဲ ဝင်ရသည်။

"ချယ်ရီ… ထမင်းစားတော့လေ… နင့်သား မအိပ်သေးရင် ငါထိန်းပေးမယ်"

သူဇာကပြောရင်း အခန်းထဲဝင်လာသည်။ အိပ်မောကျနေသော ကလေးဘေးတွင် ဒူးလေးပိုက်ကာ ငိုင်တိုင်တိုင်ထိုင်နေသော ချယ်ရီကို ကြည့်ပြီး သူဇာ တအံ့တဩ ဖြစ်သွားသည်။

"နင် ဘာထိုင်လုပ်နေတာလဲ… ထမင်းမစားဘူးလား"

"ခဏနေမှ ထွက်လာမယ်ဟာ… ငါမဆာသေးဘူး"

"နင် ရှောင်နေတာလား ချယ်ရီ"

ချယ်ရီခေါင်းကို ခါယမ်းလိုက်သည်။

"မရှောင်ပါဘူး သားသား အိပ်မောမကျသေးလို့ စောင့်နေတာ…"

သူဘယ်လိုပြောပြော သူဇာက သူ့မျက်နှာရိပ် မျက်နှာကဲကို သိနေ၏။

"နင် ရှောင်နေရုံနဲ့ မပြီးဘူးနော် ချယ်ရီ"

ချယ်ရီခေါင်းကိုဆတ်ခနဲ ညိတ်ပြလိုက်သည်။ မရှောင်ပါဘူး … ရှောင်ချင်ရင် ဒီလမ်းကို လာခဲ့မည်မဟုတ်။ ရင့်ကျက်သင့်သလောက် ရင့်ကျက်ပြီဟု ယူဆပြီး ဒီလမ်းကို လာခဲ့ခြင်းပါ။



သို့သော် သူ့ကိုမြင်တိုင်းနှလုံးသားတစ်ခုလုံး ဆွဲစုတ်ခံရသလို နာနာကျင်ကျင်ဖြစ်ပြီး မျက်ရည်ဝဲချင်လာသည်။

"အေးဟာ… နင်တို့နှစ်ယောက် မြင်တိုင်း တကယ်စိတ်မကောင်းဘူး…ဘာပဲဖြစ်ဖြစ် အချိန်တွေကြာခဲ့ပြီပဲ…ပြီးတာတွေလည်း ပြီးပါစေတော့"

"အင်းပါ ငါသိပါတယ် သူဇာရယ်"

"အေးပါဟာ… ဒါဆိုလဲ နောက်မှအေးဆေး ထွက်လာခဲ့တော့… ငါသွားဝိုင်းလုပ်ပေးလိုက်ဦးမယ်"

သူဇာ… သက်ပြင်းဟင်းခနဲချပြီး ထွက်သွား၏။ စိတ်ထဲမှာ ဘာကိုဝမ်းနည်းမှန်းမသိ ဝမ်းနည်းမိသည်။ ဖုန်းကိုဖွင့်ကြည့်မိတော့ ဖုန်းစခရင်တွင် မောင်နှင့်သားသား ပြုံးပျော်နေသည့်ပုံကို အထင်းသား မြင်နေရသည်။

ဟုတ်တယ် ချယ်ရီ… နင့်ခေါင်းထဲမှာ ရှိသင့်တာ သူတို့နှစ်ယောက်ပဲ အရေးမပါတဲ့ ခံစားချက်တွေထုတ်ပြီး သူတို့ နှစ်ယောက်ကိုပဲ နင့်စိတ်ထဲ ထားစမ်းပါ…

ကိုယ့်ကိုကိုယ် အကြိမ်ကြိမ်သတိပေးဆုံးမနေမိသည်။ ခဏကြာအောင် နေပြီးသည့်နောက် စိတ်ကိုတင်းကာ အခန်းအပြင်သို့ ထွက်လာခဲ့သည်။

ထိုအခန်းထဲမှ ထွက်သည်နှင့် မီးဖိုခန်း ရောက်သည်မို့ အခန်းထဲမှ ထွက်ထွက်ချင်း ထမင်းစားပွဲမှ ထလာသော ဖော်နှင့်မျက်နှာချင်းဆိုင် တွေ့ရသည်။

ဖော်က သူနှင့် နှစ်လုမ်းအကွာလောက်မှာရပ်ပြီး ယဲ့ယဲ့လေး ပြုံးပြ၏။

"ထမင်းစားလေ…ချယ်ရီ"

"ဟင့်အင်း…ငါစားထားပြီးပြီ"

မျက်နှာလွှဲကာ ခေါင်းငုံ့ဖြေနေသော ချယ်ရီကိုကြည့်ပြီး ဇော်ပင့်သက်ရှိုက်ချမိသည်။

ထိုအချိန်…

"ဟားဟား အတော်ဆုံး ဓားသမားဆိုတာငါပဲကွ… မင်းတို့တွေကို တစ်ချက်တည်းနဲ့ အလဲထိုးလို့ရတယ် ချွမ်း…ချွမ်း…ချွမ်း"

သိုင်းသမားပုံဖမ်းကာ ဓားတစ်လက်နှင့် ဆော့နေသော မျိုးကိုသားလေးကို တွေ့လိုက်ရ၍ ဇော်နှင့်ချယ်ရီ မျက်လုံးပြူး မျက်ဆံပြူးဖြစ်လို့သွားသည်။

ကလေးသည် တရုတ်သိုင်းကားထဲကအတိုင်း သစ်သီးလှီးသည့်ဓားကို ဟန်ပါပါ ဝှေ့ယမ်းပြီး ပါးစပ်မှလည်း ဓားသံတချွမ်းချွမ်းအော်ကာပြောပြီးပြေးလွှားနေသည်။

"အန်တီနဲ့သားနဲ့တော့တွေ့ပြီ… ယား… သားရဲ့ ဓားချက်ကိုရအောင်ရှောင်အန်တီ …ဟိတ်…. ချွမ်း… ချွမ်း… ချွမ်း"

ကလေးက ဟန်ပါပါ ဆော့ချင်သည့်စိတ်ပဲ ရှိသည်မို့ဘာကိုမှ တွေးမပူဘဲ ဓားကို ဝှေ့ယမ်းပြီး ချယ်ရီအနားကို ကပ်လာ၏။

"ချယ်ရီ"

ဇော် စိုးရိမ်တကြီးနှင့် ချယ်ရီလက်ကို လှမ်းဆွဲလိုက်သည်။ ထို့ကြောင့် ဓားက ဇော့်လက်ကို ဖတ်ခနဲ ထိသွား၏။

"အား"

"ဇော်"

ဇော်လက်ကောက်ဝတ်မှ သွေးများဖြာခနဲ ကျလာ၏။



"ဟော့ကောင်"

မျိုးကို ထမင်းပလုတ်ပလောင်းသံနှင့်ထအော်ပြီး မိဇာကလဲ ပျာပျာသလဲ သူ့သားကိုလှမ်းတား၏။

"အမယ်လေးလေး လူမိုက် လူမိုက် ဓားနဲ့ဆော့နေတယ်ဟုတ်လား… ငါနည်းနည်းမှ မျက်နှာလွှဲလို့မရပါလား… မျိုးမင်းရယ်… ငါရိုက်သတ်ရင်တော့ နင်သေတော့မယ်"

ပြောရင်း ကလေးကျောကို တဘုန်းဘုန်းထု၏။

"ဟီး…ဟီး"

ကလေးက အာခေါင်ခြစ် အော်ငိုတော့သည်။

"နင်ကလဲ ကလေးကို ဘာလို့ဓားပေးရတာလဲ"

"ဘာကိုစွဓားပေးရမှာလဲ…နင့်သားက မျောက်ရှုံးအောင်ဆော့နေတာလေ…တကယ်တည်း ငါသေသာသေလိုက်ချင်တော့တယ်"

"တောက်! ငါ ဆောင့်ကန်လိုက်ရရင်တော့ကွာ သွားသွားမင်းသားကိုငါ့ရှေ့က ခေါ်သွား ငါလုပ်ရင် သေမှာ"

"လာ… သေမယ်… နင်တော့… နင်တော့…"

"အီဟီး…ဟီး"

ကလေးကို ထုရိုက်ကာ အပြင်သို့ဆွဲခေါ်သွား၏။

"အဲ့လောက် မရိုက်ပါနဲ့ကွာ… ကလေးပဲကို"

"မရိုက်လို့မရဘူး မင်းမြင်ပြီမဟုတ်လား… တောက်! ဘာလို့ ငါ့သားသမီးတွေ တအားဆိုးနေရတာလဲ မသိဘူးကွာ…"

မျိုးကိုက ဒေါ်သည်တွေရှေ့မို့ ဒေါသကို တော်တော်မျိုသိပ်ထားပုံရသည်။

"ဇော် နင့်လက်…"

ကလေးကိုငေးကြည့်နေရင်း သတိလက်လွတ်ဆုပ်ကိုင်ထားသော ချယ်ရီလက်ကို ဇော်ဆတ်ခနဲ လွှတ်ပေးလိုက်မိသည်။

"သွေးတွေပါလား… လက်ထိသွားတာလား"

ချယ်ရီက သူ့လက်ကို ကောက်ကိုင်ကာ ကြည့်၏။

"ရတယ်… ရှပ်ထိသွားတာ"

ဇော်က ခပ်ပေါ့ပေါ့ပြောသော်လည်း ချယ်ရီက သူ့လက်ကို စိုးရိမ်တကြီးကြည့်နေ၏။

"သွေးထွက်လွန်သွားမယ်… လက်ကောက်ဝတ်ကို ထိသွားတာကိုး…"

"ဟုတ်သားပဲ ရှပ်ထိတာရော ဟုတ်ပါ့မလား သွေးက မနည်းပါလား…"

သူ့ဇာကပါ စိတ်ပူပန်စွာ ပြောနေ၏။

"အေး ဟုတ်တယ် ဇော်…… နေဦး ဆေးရှိတယ်… ငါရှာဦးမယ်"

မျိုးကိုက လက်ကိုဆေးကာ ဆေးဗူးကို အပြေးအလွှာသွားရှာပေးသည်။ ချယ်ရီက သူ့လက်မှဆွဲကာ ရေဘုံဘိုင်ဆီသို့ သွားပြီး အနာကို ရေနှင့်ဆေးပေး၏။

သူ့ရှေ့မှာ ခေါင်းလေးငုံ့ကာ ဂရုတစိုက် လုပ်ပေးနေသော ချယ်ရီကိုပဲ ဇော်မျက်တောင်မခတ် လိုက်ကြည့်နေမိသည်။

"ဒီလို ပြုစုကောင်းတဲ့ ဆရာမရဲ့ ယုယမှုအောက်မှာ ဘယ်အနာက သွေးစိမ်းရှင်ရှင် ထွက်ရဲပါ့မလဲ။ သေချာတာပေါ့ ချယ်ရီ… ငါ့ကိုယူရင် ဒီလိုဆရာဝန်ဘယ်ဖြစ်ပါ့မလဲ… အခု နင့်ပုံစံက



အရမ်းကြည့်ကောင်းတယ်… နင့်ရွေးချယ်မှု မှန်ပါတယ် ချယ်ရီ"

ဟု စိတ်ထဲတွေးနေမိသည်။

"ဆေးဗူးနဲ့ ဂွမ်းရှိတယ်ကွ… ပတ်တီးတော့ မတွေ့ဘူး…"

"ပေး…ဒီကို…"

မျိုးကိုထံမှ ဆေးဗူးကို မြန်မြန်ဆန်ဆန်ယူကာ သူ့အနာထဲ ဆေးထည့်ပေး၏။ ဟက်တက်ပြဲသွားသည့် ဒဏ်ရာထဲကို ဆေးထည့်တာတောင် နည်းနည်းမှ မတွန့်။ ချယ်ရီက သူနာနေမလားဆိုပြီး မျက်နှာလေးမဲ့ကာ မော့ကြည့်သည်။ ဇော် ခပ်အေးအေး ပြုံးပြတော့ သက်ပြင်းကိုချကာ ခေါင်းပြန်ငုံ့သွား၏။

"စည်းထားဖို့ အဝတ်လိုလား… ငါရှာပေးမယ်"

ပြောပြောဆိုဆို အဝတ်ထရှာတော့မည့် သွယ်သွယ်ကို ဇော် လှမ်းတားလိုက်သည်။

"မရှာနဲ့… သွယ်သွယ်… စည်းမဲ့အဝတ်ကို ချယ်ရီ ပေးလိမ့်မယ်"

"ဟင်"

ဇော့်စကားကြောင့် ချယ်ရီ တအံ့တသြ မော့ကြည့်လိုက်သည်။ ဇော်က သူ့ကို ဆွေးဆွေးမြေ့မြေ့စိုက်ကြည့်နေသည်။

"နောက်ဆုံးလက်ဆောင်လို့ သဘောထားပြီး ငါ့ဒဏ်ရာကို လက်ကိုင်ပုဝါနဲ့ စည်းပေးပါလား"

"ဇော်ရယ်…"

ဇော့်ကိုကြည့်ရင်း လှိုက်ခနဲ ဝမ်းနည်းစိတ်ဖြစ်သွားမိသည်။ တဆတ်ဆတ်တုန်ရီနေသော နှုတ်ခမ်းကို ခပ်တင်းတင်းစေ့ရင်း

ခေါင်းကိုငုံ့ချလိုက်တော့ ပါးပြင်မှ မျက်ရည်သည် ဖော့လက်ပေါ်သို့ ပေါက်ခနဲကျသွားသည်။

"ဒါ နောက်ဆုံးပါပဲဟာ… နောက်မစည်းခိုင်းတော့ပါဘူး … ငါ့ကို စည်းပေးပါနော်"

ချယ်ရီ ခေါင်းကိုညိတ်ပြပြီး အခန်းထဲသို့ပြေးဝင်လာခဲ့သည်။ ပိုက်ဆံ အိတ်ထဲမှ လက်ကိုင်ပုဝါလေးကို ထုတ်ရင်း မျက်ရည်ကျမိသည်။

ဟုတ်တယ်… နင်ပြောသလို ဒါနောက်ဆုံးပါပဲ ဒီလက်ကိုင်ပုဝါလေးပေးပြီးရင် ငါဘယ်တော့မှ လက်ကိုင်ပုဝါမဆောင်တော့ဘူး ဖော်… ဒီလက်ကိုင်ပုဝါက နင့်ဒဏ်ရာကိုပျောက်မဲ့ အရာလေးပဲဖြစ်ပါစေတော့ ဖော်ရယ် ….

မျက်ရည်တွေသုတ်ပြီး အပြင်ထွက်လာတော့ ဖော်က သူ့လက်ထဲမှာ ပါလာသည့် လက်ကိုင်ပုဝါကို ကြည့်ပြီးပြုံးနေ၏။ အားလုံးကလည်း သူတို့နှစ်ယောက်စလုံးကို ကရုဏာသက်စွာ ငေးကြည့်နေကြသည်။

ဖော်က လက်ကလေးကို သူ့ရှေ့သို့လှမ်းပေးပြီး စည်းပေးရန် မေးငေါ့ပြသည်။ ချယ်ရီ ဒဏ်ရာရနေသော ဖော့လက်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေမိသည်။ ပါးစပ်ကိုပိတ် အံကို တင်းတင်းကြိတ်ထားသော်လည်း ဝမ်းနည်းစိတ်ကြောင့် တစ်ကိုယ်လုံး တုန်ရီနေ၏။ မျက်ရည်မကျရုံတမယ် ပြည့်လျှံနေသော ဖော့ကို မော့ကြည့်ရင်း ရင်ထဲလှိုက်တက်ကာ အားရပါးရ ငိုချင်စိတ်ပင်ပေါက်မိသည်။

"တော်တော်နာနေပြီ… မြန်မြန်စည်းပေး"



လက်ကိုင်ပုဝါလေးကိုကိုင်ကာ သူ့လက်တွင် တုန်တုန်ရီရီ စည်းပေးလိုက်သည်။

"နင်ပေးသမျှတွေထဲမှာ ဒီလက်ကိုင်ပုဝါ အသုံးဝင်ဆုံးပဲ"

ဖော်က သူ့လက်ကို ထောင်ပြရင်း မျက်ရည်တွေဝဲကာ ဆိုသည်။ အားလုံးက သူ့ကိုကြည့်ကာ မျက်နှာမကောင်းကြ။ ဖော်ကတော့ ဘာမှမဖြစ်သလို အားလုံးကိုရယ်ပြရင်း

"အိမ်ထဲက ပူတယ်ကွ… အပြင်မှာ လေညှင်းခံလိုက်ဦးမယ် …ကိုအောင်လေးတို့ အေးဆေးနေကြဦးနော်"

ပြောပြောဆိုဆို ချာကနဲ လှည့်ထွက်သွားသော ဖော့ကို လိုက်ကြည့်ရင်း အားလုံးစိတ်မကောင်းဖြစ်နေကြသည်။

"ကျွန်တော့်ဆရာ ခံစားနေရတာ ဒါကြောင့်ကိုး…"

ဆရာအောင်လေးက ဖော့ကျောပြင်ကို ငေးကြည့်ရင်း ဝမ်းနည်းစွာဆိုနေသည်။ အားလုံးသက်ပြင်းကိုယ်စီချကာ ငြိမ်နေ၏။

"သူဇာ သားကိုဇကြည့်ပေးထားနော်"

"ဟင်…ဪ အေးအေး"

ချယ်ရီ သူဇာကို မှာပြီးသည်နှင့် ခြံထဲသို့ ထွက်လာခဲ့မိသည်။

❐

လက်ကောက်ဝတ်မှာ စည်းထားသော လက်ကိုင်ပုဝါလေးကို ကြည့်ပြီး မျက်ရည်ကျမိသည်။ ဘယ်တော့မှ မရတော့ဘူး ထင်သည့် လက်ကိုင်ပုဝါလေးတစ်ထည် ထပ်ရ၍ ပျော်မိသလို ဝမ်းလည်းနည်းမိသည်။ တကယ်ဆို ဒီလောက်မဖြစ်သင့်ခဲ့။ ဘာမဟုတ်သည့် မားဒဏ်ရာလေးကနေ နောက်ထပ်သေရာပါမည့် အမှတ်တရ တစ်ခုကို မဖန်တီးလိုက်သင့်ပေ။

အခုမှ ဒဏ်ရာက တကယ်နာတာ ချယ်ရီ… လက်ကောက်ဝတ်က ဒဏ်ရာက နှလုံးသားထိ စူးစူးနစ်နစ် နာနေတယ် ချယ်ရီရယ်…။

နင့်ရှေ့မှာ တည်တည်ငြိမ်ငြိမ်နေဖို့ ကြိုးစားခဲ့တာပါ… ငါ့ကိုယ်ငါ ရင့်ကျက်အောင် အချိန်တွေ အကြာကြီးတည်ဆောက်လာတဲ့ ခံကောင်ပါကွာ…

ဘာလို့ အခုချိန်ထိ အဲ့ဒီစိတ်က ပျောက်လို့မရသေးလဲ… ဘာတွေများ မျှော်လင့်စရာရှိသေးလို့ နင့်ကိုမြင်တိုင်း ငါ့နှလုံးသားက နာကျင်နေရတာလဲ မသိတော့ဘူး…

စိတ်ထဲမွန်းကြပ်လာသည့်အခါ ကဗျာတစ်ပုဒ်ရွတ်ဖို့ စိတ်ကူးမိသည်။ ဒါဟာ သူ၏အကောင်းဆုံး စိတ်ဖြေနည်းတစ်နည်းပင်။

လက်ကိုင်ပုဝါစည်းထားသော လက်ကို ကျန်လက်တစ်ဖက်နှင့် ဆုပ်ကိုင်ရင်း အသက်ကို ပြင်းပြင်းရှူပစ်လိုက်သည်။ ခပ်ဝေးဝေးကို ငေးကြည့်ကာ… ကဗျာတစ်ပုဒ်ကို စတင်ရွတ်လိုက်သည်။

*ရုပ်ကို အဖန်ဖန်သစ်အောင် ပြောင်းလဲနေလည်း*
*နွမ်းလျတဲ့ စိတ်ကတော့ နုလံထူမလာဘူး ….*
*လှလှပပ ပြုံးပြခဲ့ပေမဲ့*
*မာန်ထည်ကြီးလွန်းတဲ့ နေမင်းကတော့*
*ပူလောင်မှုကိုပဲ ပေးတယ် ….*
*ကျေးဇူးပြုပြီး သူ့အကြောင်းပါတဲ့*
*လေပြေလေညှင်းတွေ ငါ့စိတ်ထဲ မတိုက်ခတ်ပါနဲ့လား ….*
*မေ့ရခက်တဲ့စိတ်နဲ့*
*ငါ့ကိုယ်ငါပဲ အလုံပိတ် အကျဉ်းချထားပါရစေ ….*



*အစွဲအလမ်းဟာ မီးတစ်စဖြစ်ခဲ့ရင်…*
*အဲ့ဒီမီးဟာ နင့်ကို မကူးဘဲ ငါ့ကိုယ်ငါ ရှို့နေတဲ့မီးပါ…*
*ရွှေးရွှေးမိုက်မိုက်ပဲ လောင်ကျွမ်းခံလိုက်တယ်*
*ကိုယ်ကချစ်ရတဲ့ ဒုက္ခတွေ မြန်မြန်ပြာကျပါစေတော့…*

ကဗျာကို ဆွေးဆွေးမြေ့မြေ့ရွတ်နေရင်း ရင်ထဲ နာကျင်နေမိသည်။

"ငါလည်း ဆုတောင်းပေးပါတယ်…ဇော်… နင့်ရဲ့ ဒုက္ခတွေ မြန်မြန်ပြာကျပါစေတော့…"

"ဟင်"

ရုတ်တရက် ကြားလိုက်ရသည့် အသံကြောင့် ဇော် ဆတ်ခနဲ တုန်သွားသည်။ လှည့်ကြည့်တော့ ချယ်ရီက သူ့ရဲ့မလှမ်းမကမ်းမှာ ရပ်ပြီးကြည့်နေ၏။

"ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"နင် ကဗျာစရွတ်ကတည်းက ရောက်နေတာ"

ချယ်ရီက သူထိုင်နေသည့် ကွပ်ပျစ် အစွန်းတစ်ဖက်တွင် ဝင်ထိုင်ပြီး ငြိမ်နေသည်။ ဇော်သည်လည်း သူ့လက်ကလေးကို ငုံ့ကြည့်ပြီး တိတ်ဆိတ်နေသည်။

"ငါ့ကို မေ့လိုက်ပါတော့ဇော်ရယ် .. နင့်ကို ဒီပုံစံနဲ့ မကြည့်ချင် မမြင်ချင်တော့ဘူး"

တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သော ချယ်ရီ၏စကားသည် သူ့ကို အကျွတ်တရားတစ်ပုဒ် ဟောနေသည်အလား ဇော်ခံစားမိသည်။

"ဘာလို့လဲ… ငါ့ကြောင့် နေရခက်လို့လား"

"မဟုတ်ပါဘူး…နင့်ကို အလွမ်းအဆွေးတွေနဲ့ မရှင်သန်စေ

ချင်လို့ပါဇော်ရယ်… ပြီးတာတွေလည်း ပြီးပါစေတော့''

ဇော်က ထိုင်နေရာမှ ထရပ်လိုက်ပြီး ခြောက်ကပ်ကပ်ရယ်နေသည်။

''ငါ့ကို ဒီပုံစံနဲ့ နင်မြင်ချင်တာ မဟုတ်ဘူးလား နှောင်တတွေ အလွမ်းတွေနဲ့ ချောင်ပိတ်မိနေတဲ့ ပုံစံမျိုးလေ…''

ချယ်ရီက ခေါင်းကို လေးပင်စွာ ခါယမ်းနေ၏။

''မီးနဲ့ပစ်ရင်…ပစ်တဲ့သူက အရင်ပူရတာပါ ဇော်ရယ်… ငါ့စိတ်ကို နင်အသိဆုံးပါ ငါတို့အသက်တွေက ခံစားချက်နောက်လိုက်ရမဲ့ အရွယ်မဟုတ်တော့ဘူး ဇော်… နင်လဲ သာယာတဲ့မိသားစုတစ်ခု ထူထောင်ပြီး ပျော်ပျော်ရွှင်ရွှင်နေပါတော့ ….''

'' မလိုပါဘူးဟာ နင့်ဘဝကိုပဲ ကောင်းအောင်တည်ဆောက်ပါ ငါ့အတွက် မပူပါနဲ့… ငါ့ကြောင့်နင့်ကိုမခံစားစေချင်ဘူး နင်ပဲပျော်အောင်နေပါ ….''

''ငါဘယ်လိုလုပ် ပျော်မှာလဲ… နင့်ကိုမြင်ရတာ ငါဘယ်လိုမှ စိတ်မချမ်းသာဘူး''

ပြောရင်း ရှိုက်ငိုချသည့်အခါ ဇော်မှာ ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်သွားသည်။

''ဘာလို့လဲ… မငိုပါနဲ့ဟာ… ငါဘာလုပ်ပေးရမလဲ… ငါဘာလုပ်ပေးရင် နင်ပျော်မှာလဲ''

ချယ်ရီက ငိုနေရင်း ခေါင်းပဲခါယမ်းနေ၏။

''ငါ နင်စိတ်ဆင်းရဲအောင် တမင်တကာ လုပ်ပြနေတာ မဟုတ်ပါဘူးဟာ… ငါလည်း ရင့်ကျက်အောင် ကြိုးစားတည်ဆောက်ခဲ့တာပါ…ဒါပေမဲ့''



''ငါသိပါတယ်…ဇော်ရယ် ငါက နင့်ကို အထိနာစေခဲ့တာပါ…ငါ နင့်အပေါ် မတရားခဲ့ဘူး… ငါ့ခံစားချက်ကို ဦးစားပေးပြီး နင့်ခံစားချက်တွေကို ထည့်မတွက်ခဲ့ဘူး… ငါ့ကြောင့် နင်နာကျင်နေရတာ''

''ငါနှောင်တမရပါဘူးဟာ…ပြီးတော့ နင်အပြစ်လဲ မဟုတ်ပါဘူး…ငါ့ဘဝ ကံကိုက နည်းခဲ့တာပါ''

သူ့စကားကြောင့် ချယ်ရီက မျက်နှာကိုလက်ဝါးနဲ့ အုပ်ကာအားရပါးရငိုနေ၏။ ဇော်… ချီတုံချတုံနှင့်ပဲ ချယ်ရီ ပခုံးလက်ကိုလက်နှင့် ဖွဖွလေးဆုပ်ကိုင်ကာ အားပေးမိသည်။

''အသက်တွေမငယ်တော့ဘူးဆို… ဘာလို့ငိုနေရတာလဲဟာ … မငိုပါနဲ့တော့… မျက်ရည်ကျနေရုံနဲ့ မပြီးတဲ့ကိစ္စတွေ အများကြီးပါ နင်က မေ့စေချင်ရင် ငါမေ့ပါမယ်… ဒါကြောင့် မငိုပါနဲ့တော့…''

''ဇော်ရယ်…''

မျက်ရည်တွေနှင့် ချယ်ရီကိုမကြည့်ရက်တော့သည့်အခါ ခြံအပြင်သို့ထွက်လာခဲ့သည်။

နင်နဲ့တစ်မိုးအောက်မှာနေဖို့ မလွယ်ပါဘူး။ ချယ်ရီရာ… ငါတို့တွေက ဘယ်တော့မှ မကျက်တော့မဲ့ အနာတွေကို ပိုင်ဆိုင်ထားတဲ့သူတွေပါ …။ မြင်တိုင်း အမြဲနာကျင်နေရမှာ… ဒါကြောင့် ငါတို့တွေ ဝေးဝေးမှာ နေတာပဲ ကောင်းပါတယ်။

* * *

အခန်းထဲဝင်ပြီး မျက်ရည်ကျနေချိန်တွင် မောင့်ဆီမှ တိုက်ဆိုင်စွာ ဖုန်းဝင်လာသည်။

ငိုပါရစေတော့ မောင်… ဇော့်ကို သနားလွန်းလို့ ချယ်ရီ ငိုပါရစေတော့…

တသွင်သွင်ကျနေသော မျက်ရည်က သုတ်မနိုင်ဖြစ်နေသည့်အခါ ဖုန်းလည်းမကိုင်နိုင်သေး။ ဖုန်းကလည်း မကိုင်မချင်းခေါ်နေသောအခါ စိတ်ကိုတင်းကာ ကိုင်လိုက်မိသည်။

''ဟဲလို…မောင်''

ငိုသံပေါက်နေသည့် သူ့အသံကို ကြားသည်နှင့် မောင်က သက်ပြင်းကို ဟင်းခနဲချ၏။

''ငိုနေပြန်ပြီလား…''

''အင်း…''

''အချိန်တွေဘယ်လောက်ကြာအောင် ကုစားကုစား မင်းဒဏ်ရာက အနာမကျက်ပါလား ချယ်ရီရာ''

မောင့်အသံကြားတော့လဲ ရင်ထဲဆို့နင့်မိသည်။

''ချယ်ရီကို ခွင့်လွှတ်ပါ မောင်ရယ်…. ချယ်ရီ မငိုဘဲ မနေနိုင်ခဲ့ဘူး… သူ့ကိုတွေ့ရင်…သူ့ကိုတွေ့ရင်…ရင်ထဲမှာ နာလွန်းလို့ပါ…ဟီး''

စကားတွေ ဆက်မပြောနိုင်ဘဲ ရှိုက်ကာငိုချလိုက်မိသည်။

''မောင် တွေးပြီးသားပါကွာ… မငိုရင် မောင့်မိန်းမဘယ်ပီသပါ့မလဲ…တိတ်တော့…ခေါင်းကိုက်နေမယ် မနက်ဖြန် မောင်လာခေါ်မယ်…အလုပ်တွေ ဘယ်လောက်များများ မောင်ရအောင်လာခေါ်ပါ့မယ်''

မျက်ရည်တွေကြားမှ ခေါင်းညိတ်ပြမိ၏။ မောင့်ကိုလည်း အားနာမိသလို အခုချိန်ထိ မရင့်ကျက်နိုင်သည့် ကိုယ့်ကိုကိုယ် ဒေါသထွက်မိသည်။ ထိုညက သူငယ်ချင်းစုံညီကာ စကားပြောပြီး အတူတူအိပ်မယ် တွေးထားသော်လည်း စိတ်ထဲ ညစ်နွမ်းနေသည့်အခါ



သားကိုခေါ်ပြီး အမေ့အိမ်မှာပဲ ပြန်အိပ်ခဲ့သည်။

ဒီခံစားချက်တွေ ဘယ်တော့မှများ အဆုံးသတ်လေမလဲ မသိ။ သံယောဇဉ်ကန္တလို ရုန်းလေနစ်လေများ ဖြစ်နေတာလား…

ဒါပေမဲ့…ဇော်ရယ် ငါတို့အဆုံးသတ်သင့်ပြီဆိုတာတော့ သေချာပါတယ်… ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ဒီနေရာမှာတော့ ရပ်လိုက်သင့်ပြီ မဟုတ်ဘူးလား။ ရပ်တန့်မှလည်း ဖြစ်တော့မှာပါဇော်ရယ်

* * *

သူငယ်ချင်းခုနစ်ယောက်လုံး ရေစက်ခွက် ကိုယ်စီကိုင်ကာ ကျောင်းဆောင်အသစ်လေးကို ရေစက်ချ လှူဒါန်းခဲ့သည်။

''နောက်လထဲမှာ မြေစိုက်ဘုရားတစ်ဆူ တည်ဆောက်ဖို့ရှိတယ်… ဒကာ ဒကာမကြီးတို့ တတ်နိုင်သလောက် လှူဒါန်းလို့လည်းရတယ် ကိုယ်တိုင်လုပ်အား ပါဝင်လို့လည်းရတယ်… ဦးဇင်း ဖိတ်ပါတယ်… ဒီလိုပဲ သူငယ်ချင်းတွေ စုစုရုံးရုံးလာလှူဒါန်းကြပါဦးနော်….''

''တင်ပါ့ဘုရား… တပည့်တော်တို့လာနိုင်အောင် ကြိုးစားပါ့မယ်''

''အေး…ငယ်ငယ်ကတည်းက ခင်လာတဲ့ သူငယ်ချင်းတွေ အခုလိုတစုတဝေးစုပြီး လှူနိုင်ဖို့က တော်ရုံသံယောဇဉ်မဟုတ်ဘူး… ဒကာ ဒကာမတွေ တွေ့ရတာ ဦးဇင်း အရမ်းစိတ်ချမ်းသာတယ်… ကျန်တဲ့သူတွေတော့ မပူပါဘူး… ဒကာကြီး ဇော်ပဲ မလာနိုင်မှာပဲစိုးတာ… သူက အနေဝေးတဲ့အပြင် အလုပ်ကများတယ် မဟုတ်လား…''

ဇော် လက်အုပ်ကလေးချီကာ ပြုံးနေ၏။

"တပည့်တော် မလာနိုင်လောက်ဘူးဘုရား ဒါပေမဲ့ ဘုရား ဌာနပနာထဲကို ပစ္စည်းလေးတစ်ခု လှူဒါန်းခဲ့လို့ရမလား"

အားလုံးက ဇော်ကို တအံ့တသြလှည့်ကြည့်ကြသည်။

"လှူတာပဲ ကောင်းတာပေါ့"

ဆရာတော်ခွင့်ပြုသည်နှင့် ဇော်… အိတ်ကပ်ထဲမှ လက်စွပ်မောင်းကွင်းလေးကို ထုတ်လိုက်သည်။ ထိုလက်စွပ်လေးကိုကိုင်ပြီး ချယ်ရီကို လှမ်းကြည့်တော့ ချယ်ရီက မျက်ရည်အဝဲသားနှင့် ခေါင်းညိတ်ပြနေ၏။

"လှူလိုက်ပါ… ဇော်…ငါ သဘောတူပါတယ်" ဟု ချယ်ရီမျက်ဝန်းတွေမှ ပြောပြနေသည်။

လက်စွပ်လေးကို ဆရာတော် လက်ထဲထည့်ပြီး လှူဒါန်းပြီး ဘဝဆက်တိုင်း ချစ်သောသူနှင့် ကွေကွင်းရသည့် ဒုက္ခဆင်းရဲမှ ကင်းဝေး ရပါလို၏ဆိုသည့် ဆုတောင်းလေးကို ပိုပိုသာသာ ဆုတောင်းခဲ့သည်။

'ဒီဘဝမှာ… နင့်ကို ချစ်ခဲ့သမျှ ရေစက်ချ လှူဒါန်းခဲ့ပါတယ် … ချယ်ရီ… ငါ့ရဲ့ အစွဲအလမ်းတွေကြောင့် နင်ဘယ်တော့မှ နောက်ဆံမတင်းစေပါဘူးဟာ…

အကယ်၍ ဒီဘဝရဲ့ကုသိုလ် နောက်ဘဝအကျိုးပေးခဲ့ရင်… ဒီဘဝရဲ့ ရေစက်တွေအတိုင်း နောက်ဘဝ ထပ်ဆုံခဲ့ရဦးမယ်ဆိုရင်… နင့်ကိုပဲ ချစ်ပါ့မယ်… နင်နဲ့ပဲ မလွဲမသေတွေ့ပြီး ပေါင်းဖက်ချင်ပါတယ် ချယ်ရီရယ်…

နင်လည်း ငါ့လိုပဲ ထပ်တူဖြစ်ပါစေလို့ ဆုတောင်းပါတယ်…'

ထိုနေ့က နှစ်ယောက်စလုံးဝမ်းနည်းစွာ မျက်ရည်ကျမိခဲ့သော်လည်း စိတ်ထဲကျေနပ်နေမိသည်။



ဘုန်းကြီးကျောင်းမှအပြန် သူငယ်ချင်းတွေ ပြန်လည်ခွဲခွာရတော့မည်ဆို၍ စိတ်ထဲမကောင်းကြ။ ကိုယ်စီမျက်ရည်အဝဲသားနှင့် နှုတ်ဆက်စကားဆိုနေကြသည်။

"ဇော်…ငါတို့တွေက ဆုံလို့ရသေးတယ်…နင်ပဲ အဝေးကြီးတာ…ငါတို့နဲ့ မဆက်သွယ်ဘဲ မနေပါနဲ့ဟာ…"

သူဇာက မျက်ရည်တွေဝဲကာနှင့် ပြော၏။

"အေးပါ ဟာ… ငါမကြာခဏ လည်ပါ့မယ်"

"ငါ…မင်းစာအုပ်တွေ အားပေးနေမယ် ဇော် မင်းလို သူငယ်ချင်းရှိတာ ငါတော့ အရမ်းဂုဏ်ယူတယ်"

တိုးဝေက သူ့လည်ပင်းကို သိုင်းဖက်ကာဆို၏။ မျိုးကိုကတော့ သူ့လက်မောင်းကို ဖွဖွလေးထိုးကာ မျက်ရည်ဝဲနေ၏။

"နင် မင်္ဂလာဆောင်ရင် ငါတို့ကို ဖိတ်နော် ဇော်… ဘယ်နေရာဖြစ်ဖြစ် ငါတို့ရောက်အောင် လာခဲ့မယ်"

သွယ်သွယ်စကားကြောင့် သူရယ်နေမိသည်။ ချယ်ရီကို လှမ်းကြည့်တော့ ချယ်ရီက သူ့ကိုကြည့်ကာ ပါးချိုင့်လေးပေါ်အောင် ပြုံးပြနေ၏။

သူလည်း ကျေကျေနပ်နပ် ပြန်ပြုံးပြလိုက်မိသည်။

'ဒီလိုလေးတွေ ပြုံးပြီး တို့တွေ အကောင်းဆုံး ဆက်လက်ရှင်သန်ကြမယ် ချယ်ရီ…။

ဒီပါးချိုင့်လေးအတွက် အမြဲအမှတ်ရနေမှာပါ…' ဟု ချယ်ရီကို ဆွေးဆွေးမြွေကြည့်ကာ စိတ်ထဲက ဆို့နေမိသည်။

"ငါသွားတော့မယ်… ဇော် …နေကောင်းအောင်နေနော်"

ချယ်ရီက သူ့မျက်နှာကို စူးစူးလေးစိုက်ကြည့်ကာ မှာနေ၏။

"အင်း နင်ရောပဲ ချယ်ရီ ... ကျန်းမာရေး ဂရုစိုက်"

ချယ်ရီက ခေါင်းကိုဖြေးညှင်းစွာ ညိတ်ပြပြီး သူ့ရှေ့မှ တလှမ်းချင်းထွက်ခွာသွားသည်။

ခပ်လှမ်းလှမ်းမှာ ကားတံခါးဖွင့်ကာ ကြိုနေသော သတိုးကိုတွေ့နေရသည်။

ဖြစ်သင့်တဲ့အရာမို့ အရင်တစ်ခါလောက်တော့ မနာကျင်တော့ပါဘူး ချယ်ရီ...။

နာကျင်ခဲ့သည်ရှိသော် နင်မသိအောင်ပဲနေပါ့မယ်...။ နင်ပျော်အောင်လုပ်ပေးနိုင်တဲ့အရာက ဒါပဲရှိတာ မဟုတ်လား... ပျော်ရွှင်ပါစေ ချယ်ရီရယ်... ပျော်ပါစေ...

တီးတိုးစကားတွေဆိုရင်း သွေးစွန်းနေသော လက်ကိုင်ပုဝါလေးကိုငုံ့ကြည့်မိသည်။ ယခုတော့ ချယ်ရီနှင့်ပတ်သက်သည့် အမှတ်တရဆို၍ ထိုလက်ကိုင်ပုဝါလေးတွေပဲ ကျန်ခဲ့သည်။

သို့သော် သူကျေနပ်ပါသည်။ သူမကိုချစ်ခဲ့၍ ဘဝသည် အဓိပ္ပါယ်လေးနက်ခဲ့ရသည်... သူမကို ချစ်ခဲ့၍ နှလုံးသားသည် အမြဲနွေးထွေးခဲ့ရသည်။ သူမကိုချစ်ခဲ့၍ ............

တွေးလက်စ အတွေးများကို လက်စသတ်ပြီး ထွက်ခွာသွားသည့် ကားလေးကိုပဲ မျက်စိတဆုံး လိုက်ကြည့်နေမိသည်။

* * *



ချယ်ရီတို့ကားလေးသည် နယ်မြို့လေးမှ တဖြေးဖြေးထွက်ခွာမောင်းနှင်လို့နေသည်။

မောင်က သားကို စနောက်ရင်းပဲ ရယ်ရယ်မောမော စကားတွေပြောလာသည်။ ဇော်နှင့်ပတ်သက်ပြီး မေ့မေ့ပျောက်ပျောက်ထားစေချင်၍တူပါသည်။ ဘာဆိုဘာမှ မမေး။

လူတစ်ယောက်ကိုမေ့ရသည်မှာ ထင်သလောက်တော့ လွယ်ကူသည့် အလုပ်တော့မဟုတ်။ သို့သော် ဒဏ်ရာရှိလည်း ပျောက်အောင်ကုပြီး အမာရွတ်ဖြစ်ကျန်ခဲ့လည်း မေ့မေ့ပျောက်ပျောက်ပဲထားမည်ဟု ချယ်ရီ နှလုံးသွင်းထားခဲ့သည်။

သူ့ဘဝ၏လက်ရှိအရေးပါဆုံး လူသားနှစ်ယောက်အတွက်ပဲ ရှင်သန်ရပ်တည်မည်။ ရယ်ခဲ့သည်ရှိသော် သူတို့အတွက် ရယ်မောပြီး ငိုခဲ့သည်ရှိသော်လည်း သူတို့အတွက်ပဲ ငိုကြွေးမည်ဟု စိတ်ဆုံးဖြတ်ထားလိုက်သည်။

ဇော်... နင်လည်း အလွမ်းထဲက နိုးထပါတော့နော်... ငါ့ကိုမေ့ပြီး သာယာတဲ့မိသားစုတစ်ခုကို ထူထောင်ပါနော် မဖြစ်နိုင်တာတွေ မဖြစ်ခဲ့တာတွေကို စွန့်လွှတ်ပြီး ဖြစ်သင့်တဲ့ ဘဝတစ်ခုအတွက် ငါတို့တွေ အကောင်းဆုံးကြိုးစားကြမယ်။

နင့်လို ကဗျာတစ်ပုဒ်စပ်ပြီး ဝေဒနာကို ဖြေဖျောက်ဖို့လွယ်ရင် ငါလည်း ကဗျာတစ်ပုဒ်စပ်ပြီး ငါ့ဝေဒနာတွေ ဖြေဖျောက်လိုက်ပါပြီ။ ဒီကဗျာ လေးနဲ့ပဲ အလွမ်းတွေကို အဆုံးသတ်လိုက်ပါပြီ ဇော်ရယ်...

*ငါနှင့်ကိုလွမ်းတဲ့နေ့…*
*ငှက်ကလေးတွေကို ကြည့်မယ်…*
*အတောင်ပါလျက် မပျံတတ်တဲ့ ငှက်က*
*နင်ပဲလို့ အောက်မေ့ရင်းနဲ့ ပေါ့…*
*နင် ငါ့ကို လွမ်းတဲ့နေ့…*
*ယုန်းကလေးတွေကို ကြည့်ပါ၊*
*ချစ်သူအလာ မျှော်လင့်တောင့်တ*
*လွမ်းဆွတ်ရတဲ့*
*အပင်မှာနှမ်း အခြောက်လှမ်းခံရတဲ့*
*ယုန်းလေးက ငါပဲလို့*
*သတိရရင်းနဲ့ပေါ့…*
*နင်ရော ငါရော လွမ်းတဲ့ တစ်နေ့*
*တိမ်တိုက်လေးတွေကို ကြည့်မယ်…*
*ပုံသဏ္ဌာန်ပြောင်းလဲ တိမ်စိုင်တိမ်ခဲတွေထဲ*
*အကောင်အထည် မဖော်ခဲ့ရတဲ့*
*ငါတို့အချစ်တွေကို တမ်းတရင်းနဲ့ပေါ့ ဖော်ရယ်*

ကဗျာစာသားတစ်ချို့ကို စိတ်ထဲက ရွတ်ရင်း ကောင်းကင်ကို မော့ကြည့်မိသည်။



တိမ်စိုင်တစ်ချို့ လေနှင်ရာ လွင့်မျောနေသည်ကို ငေးမော နေမိ၏။ သူမ၏ ဘဝတွင်… အချစ်ကြောင့် နေ့ရက်အချို့ ကဗျာ ဆန်ဆန် လှပခဲ့ရပြီး အချစ်ကြောင့်ပဲ နေ့ရက်အချို့… ဒဏ်ရာများစွာ နှင့် နာကျင်ခံစားရခဲ့ဖူးပါသည်။

သို့သော် ဘဝသည် ဒဏ်ရာရနေလည်း ညည်းညူရပ်တန့် ထား၍မရ။ ကြိုးစားလည်ပတ်ပြီး ဆက်လျှောက်လှမ်းရမည်ကို နားလည်ပြီးသည့်နောက်မှာတော့ အမှတ်တရများစွာနှင့် သူ့ကို အတိတ်မှာပဲထားခဲ့ဖို့ ဆုံးဖြတ်လိုက်ပါသည်။

**အားပေးမှုကို အထူးကျေးဇူးတင်လျက်**
**ရွှေငါးလေး**